

Book Sharing

Scanned by CamScanner

# တစ်။

ဖြည်းဖြည်းသွားလည်း သည် ခရီး။

တက်သုတ်ရိုက်သွားလည်း သည် ခရီးပါပဲ။

ဘယ်လိုပဲသွားသွား သည် ခရီးဆီသို့ သွားနေရက်ကနဲ့ ဆက်နိုင်မော်၏ စိတ်တို့ သည် အပြင်း အထန် လှုပ်ရှားနေ၏။

စီးနင်း လိုက်ပါလာသော ကားကိုပင်လျှင် နှေးကွေးလွန်းလှသည် မဟုတ် ထင်နေမိသည် ။

စိတ်ရှိလက်ရှိ လေအလျှင်ကဲ့သို့ မောင်းတက်သွားပစ်လိုက်ချင်သော စိတ်များကို မနည်းကြီး ချုပ်နှိမ်နေရပေသည် ။

ပြင်ဦးလွင်ဆီသို့ အတက်ခရီး။

စိတ်ဆန္ဒတွေ ဘယ်လောက်ပဲ ပြင်းထန်နေနေ ပုံမှန်သာသွားရမည့် ခရီးလမ်းတစ်ခု။

"ဟူး"

ရင်တွင် မောဟိုက်စွာဖြင့် ဆက်နိုင်မော်သည် သူ့နဖူးပြင်ပေါ်သို့ ပြို ကျနေသော ဆံပင်များကို မှုတ်ထုတ်လိုက်သည် ။

သူ၏ ထူထဲနက်မှောင်နေသော မျက်ခုံးတစ်စုံသည် လျော့ပြေမနေဘဲ တွန့်ကြုံ့လာခဲ့သည် ကို သူက သတိထားကောင်းမှ ထားမည်ဖြစ်သော်လည်း သူနှင့် တစ်ကားတည်း စီးနင်းလာသော ခရီး သည် များက

တော့ ကောင်းကောင်း ကြီး သတိထားမိနေကြ၏။

အရပ်မြင့်မြင့် အသားညိုဝင်းဝင်း ကိုယ်လုံး ခုံခုံထည်ထည်နှင့် ဘယ်လိုပဲကြည့်ကြည့် ကြည့်ကောင်း၍ ယောကျ်ားပီသဖြာလှသော သူ့ကို သူနှင့်အတူ တစ်ကားတည်း စီးနင်းသူတွေက ခရီးအစကတည်းက သူ့ကို သတိပြုထားမိနေကြ၏။

အမျိုးသမီးများ မပြောနှင့် အမျိုးသားများ သည် ပင်လျှင် သူ၏ ထူးကဲသော ရုပ်ရည်ကို နှစ်ခါ မကြည့်ဘဲ မနေနိုင်ကြသည် မှာ ဆက်နိုင်မော်၏ မွေးရာပါ ပါရမီထူးကြီး တစ်ခုပင်ဖြစ်ပါသည် ။

ပြင်ဦးလွင်မှ ကြိုဆိုပါ၏ ဟူသော ဆိုင်းဘုတ်ကြီးကို လွန် လာပြီး မကြာမီတွင် ...။

"ဟိုး ဆရာ ဟိုး ... ဆင်းမယ်"

ဆက်နိုင်မော်သည် ကားလုံးဝ အရှိန်မသတ်မီ ဂျစ်ကားနောက်တန်းမှ ခုန်ချလိုက်သည် ။

မဆုံးသေးသော ခရီးဆီသို့ ကားက ဆက်လက်ထွက်ခွာသွားသည် ။

ဆက်နိုင်မော်ကတော့ ကျောပိုးအိတ်ကို ဘုတ်ခနဲ သူ့ကျောပေါ်သို့တင်ကာ တစ်ဟုန်ထိုးပြေး ၍ ကားလမ်းမကြီးဘေးမှ ခွဲထွက်သွားသော မြေနီလမ်းသွယ်ကလေးထဲသို့ ပြေးဝင်သွားသည် ။

ရက္ခမြိုင် ...

ခြံစည်းရိုးတွေ ဖရိုဖရဲနှင့် မသေမသပ် ဖြစ်ချင်တိုင်း ဖြစ်နေသော ခြံဝင်းကျယ်ကြီးတစ်ခုရှေ့ သို့ ရောက်လျှင် ဆက်နိုင်မော်၏ ပြေးနေသော ခြေထောက်များ တုံ့ခနဲ ရပ်ဆိုင်းသွားကြတော့၏။

Scanned by CamScanner

ရင်အုံကြီး နိမ့်တုံ မြင့်တုံဖြင့် အသက်ရှူရင်း သူသည် ဝင်းတံခါးကြီး ပိတ်တစ်ချပ်၊ ပွင့် တစ်ချပ် ဖြစ်နေသော ရက္ခမြိုင်မည်သော ခြံဝင်းကြီး ထဲသို့ စူးစိုက်ကြည့်နေ၏။

သည် ခြံဝင်းကြီးကို ကြည့်ပြီး စိတ်စက် ပြုကွဲနေမှုက သူ့မျက်နှာ ခန့် ခန့်ချောချောကြီးပေါ်တွင် ပီပြင် ပေါ်လွင်စွာ ဖော်ပြနေ၏။

အံကို တင်းတင်း ကြိတ်ထားသဖြင့် သူ၏ မေးကျောများ တင်းမာနေ ၏။

"လုပ်ရက်လိုက်တာ၊ လုပ်ရက်လိုက်တာ လေးလေးသော်ရယ်၊ ကြည့် စမ်းပါဦးဗျာ ပစ်စလက် ခတ် ဖြစ်နေလိုက်တာ၊ ရက္ခမြိုင်ဆိုတာ တစ်ချိန် တုန်းက တာဝတိံသာ နတ်ပြည်က နန္ဒာဥယျာဉ် အလား သာယာချမ်းမြေ့လှပါတယ်ဆိုတာ ကျိန်တွယ် ပြောရမလိုတောင် ဖြစ်နေ ပါပြီကောဗျာ၊ ဝမ်းနည်းစရာ ကောင်းလိုက်ပါဘိတော့"

ဆက်နိုင်မော်၏ မျက်ဝန်းနှစ်ဖက်တွင် ယောကျ်ားကြီးတန်မဲ့ မျက်ရ ည်များ ပင် ဝိုင်းတက်လာ သည် ။

သိမ်သိမ်သည်းသည်း ရှိလှသော မျက်တောင်များကို တဖျတ်ဖျတ်ခ တ်ပြီး ဆက်နိုင်မော်သည် ဝမ်းနည်းစိတ်ကို ထိန်းချုပ်လိုက်သည် ။

ထို့နောက် ...

ရက္ခမြိုင်ခြံဝင်းကြီးထဲသို့ ဦးခေါင်းငိုက်စိုက်ချ၍ ဝင်လာခဲ့သည် ။

ရက္ခမြိုင်အိမ်ကြီးဆီသို့ ဦးတည် ဖောက်လုပ်ထားသော လမ်းကျော ကလေး တစ်လျှောက်ပေါ် ရှိ နှယ်မြက်ရိုင်းတို့ ကို တစ်ချက်တစ်ချက် ဖိ နပ်ဦးဖြင့် ကန်၍ ကန်၍ သွားနေခြင်းက သူ့ရင်ထဲက ခံစားနေရသော ဝေဒနာပြင်းထန်နေကြောင်းကို လှစ်ဟနေသယောင် ထင်ရ၏။

Scanned by CamScanner

ဘယ်ဘက်ကိုယောင်၍ ကြည့်လိုက်လျှင်လည်း တွေ့မြင်ရသည် မြင်ကွင်းကပင် အိုပင်ရိုင်း တွေချည်းသာ …။

ညာဘက်ကို ကြည့်လိုက်လျှင်လည်း ထိုနည်းတူစွာပါပဲ ရက္ခမြိုင်တစ်ခုလုံး သူနှင့်ခွဲခွာနေရ သည့် လေးနှစ်ပတ်လုံးတွင် ပြုပြင်သူက ထိန်းသိမ်းမှုမရှိဘဲ အကွပ်မရှိသော ကြမ်းကဲ့သို့ ဗရမ်းဗတာ ဖြစ်ခဲ့ဟန်တူပါ၏။

"လေးလေးသော်ရယ် … စာထဲမှာ ရေးလိုက်တိုင်း ကွန့်ညွှန့်နေတာပဲ ရက္ခမြိုင်က အလျှင် ကထက်တောင် စိုပြေသာယာသေးတယ် ဘာဘယ်နဲ့ … အဟွန်း၊ လေးလေးသော် သားကို လှည့်စား ရက်တယ် ခုတော့ ရက္ခမြိုင်ဟာ ဖြုတ်စဗျင်းတောင်း ဖြစ်နေရုံသာမကဘူး၊ နောက်နှစ်လဆိုရင် ဦးရုံမိုး လက်ထဲကိုတောင် ဝကွက်အပ်ရမယ့် အခြေအနေတွေဖြစ်ကုန်ပြီး ရင်နာလိုက်တာ၊ ဖေဖေ မေမေတို့ သာ သား ခုမြင်တွေ့နေရသလို ရက္ခမြိုင်ရဲ့ အခြေအနေကို မြင်ကြရရင် ဖြန်းဖြန်းကွဲပြီး သေကြမှာ ပဲ … ဟူး"

ဆက်နိုင်မော်သည် လမ်းကလေးဆုံး၍ နှစ်ဆောင်မြိုင်အိမ်ကြီးရှေ့သို့ ရောက်လျှင် ခြေလှမ်း များကို တန့်ပြီး ဆင်ဝင်အောက်ရှိ အိမ်ဝင်တံခါးမကြီးကို ကြည့်လိုက်သည် ။

ဇရာမ သော့ခလောက်ကြီး ခတ်ထားသော အိမ်တံခါးမကြီးသည် မူလအတိုင်း ရှိသေးသော် လည်း ညစ်ထေးသော ဆေးရောင်တို့ ဖြင့် မသေမသပ် ဖြစ်နေ၏။

ဆက်နိုင်မော်သည် သူဝတ်ထားသော ဘောင်းဘီရှည်၏ နောက်အိတ်ထဲသို့ လက်လျှိုပြီး တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည် ။

သူ့လက်တွင် ပါလာသည် က ကြေးသော့ကြီးတစ်ချောင်း။

Scanned by CamScanner

ထိုသော့ဖြင့် အိမ်ဝင်တံခါးမကြီး၏ သော့ခလောက်ကြီးကို သူ ဖွင့်လိုက်သည် ။

အလွယ်တကူ ပွင့်သွားပါ၏။

တံခါးမကြီးကို သူ တွန်းလိုက်သည် ။

တအိအိပတ်တာ ဆီခြောက်သံမြည်၍ တံခါးမကြီးပွင့်သွားသည် ။

လေးလေးသော် ရန်ကုန်ကိုဆင်း၍ ဆေးရုံတက်နေသည့်ကာလ တစ်လျှောက်လုံး လူသူ ကင်းမဲ့နေသော အိမ်ကြီးသည ပင့်ကူမျှင် ဖုန်မှုန့်အလိမ်းလိမ်းနှင့် သရဲကားရိုက်ရန် ကောင်းလှသော အိမ်ကြီးတစ်ဆောင်၏ အသွင်ကို ဆောင်နေပေသည် ။

ကြွက်ဖောက်ဟန်တူသော အပေါက်များကိုလည်း အိမ်နံရံအနှံ့အပြားတွင် တွေ့ရှိရသည် ။

"ဒါတွေ လေးလေးသော် လက်ချက်လား၊ ဦးရုံမိုးလက်ချက်လားမသိဘူး"

ရင်နာစွာ ဆက်နိုင်မော် တွေးကြည့်လိုက်မိသည် ။

ပါးစပ်က လေတစ်ချက် မှုတ်ထုတ်ပြီး ဆက်နိုင်မော်သည် သူ့လက်ထဲက ကျောပိုးအိတ်ကို ချကာ ဖွင့်၍ အတွင်းကအဝတ်ဟောင်းတစ်စုံကို ဆွဲထုတ်လိုက်သည် ။

ထို့နောက်တွင် တော့ ကာလရှည်ကြာစွာ လူသူကင်းမဲ့၍ ပစ်စလက်ခတ် ဖြစ်နေသော ရုက္ခမြိုင် အိမ်ကြီးကို ဇွဲကောင်းကောင်း ဖြင့် စတင်ရှင်းလင်း လိုက်တော့သည် ။

*****

Scanned by CamScanner

နှစ်။

"ဖိုးဆက် ... ဟေးဖိုးဆက်ရေ ..."

တကြော်ကြော်ခေါ်ရင်း အိမ်သို့ဝင်လာသူကို ဆက်နိုင်မော်သည် မျက်နှာသုတ်ပဝါတစ်ထည် ဖြင့် သူ့ကိုယ်ပေါ်က ရေတွေကို သုတ်ရင်း ထွက်တွေ့လိုက်သည်။

"ဖိုးဆက် ... မင်း ရောက် မရောက် ငါဝင်လာကြည့်တာ မင်းကတော့ ဘသော်တူလို့ ပြော ရမှာ တောင် ခက်သကွာ၊ ကြည့်စမ်း တစ်အိမ်လုံးကို ပြောင်ရှင်းနေတာပဲ"

ဦးရုံမိုးထံသို့ ဆက်နိုင်မော်က ပြုံးမဲ့မဲ့ မျက်နှာကြီးဖြင့် တစ်ချက်ကြည့်လိုက်သည်။

"ဒါနဲ့ ဘသော်မဆုံးခင် မင်းကို ဘာမှာ သွားသေးသလဲ ဖိုးဆက် ဟင်
"

ဦးရုံမိုးသည် သူ့လက်ထဲက စက္ကူလိပ်ကို စားပွဲပေါ်သို့ ဆက်နိုင်မော်မြင်သာအောင်တင်ရင်း မေးလိုက်သည်။

"နောက်နှစ်လနေရင်၊ ရက္ခမြိုင်ကို ခင်ဗျားလက်ကို ဝကွက်အပ်ရမယ်လို့ သေသေချာချာကြီး ပြောသွားပါတယ် ဦးရုံမိုး ခင်ဗျား စာချုပ်ပြန်သိမ်းလိုက်ပါ၊ ဒါတွေ ကျုပ် အခုမှ ဖတ်နေလို့ လဲအပိုပဲ ဗျ"

"အဟင်း ... ဟင်း"

Book Sharing

Scanned by CamScanner

ဦးရုံမိုးက ကွမ်းကြေးတက်နေသော သွားများ ပေါ်အောင် ရယ်သွမ်းသွေးလိုက်သည် ။

"ခင်ဗျား ဒီကိစ္စပြောဖို့ လာတာ မှတ်လား"

"အဟင်း ... ဟုတ်တယ်ကွ၊ မင်းကိုများ မှာ ပြုမသွားဘူးလားလို့လေ၊ မင်းလဲသိတဲ့ အတိုင်းပဲ ဒီအိမ်ထဲမှာ ငါ့ငွေတွေမြုပ်နေတော့ ငါလဲ တခြားစီးပွားရေးကိစ္စတွေ လှုပ်ရှားချင်တာ မလှုပ်ရှားနိုင် အောင် ဖြစ်နေတယ်၊ ခုတောင် လားရှိုးဘက်က လူတွေက ဒီအိမ်ကို ခုရောင်းရင် ခုယူမယ်တကဲကဲ ဖြစ်နေကြတာ ငါက စာချုပ်ပါအတိုင်း မင်းဦးလေးဘသော်ကို ငဲ့နေရလို့ ခု သူမရှိတော့ဘူးဆိုတော့ တာဝန်အရပ်ရပ်က မင်းအပေါ်မှာ ပဲ ရှိနေပြီလေ၊ ဒီတော့ မင်းအပေါ်မှာ လဲ တို့ ကမိတ်ဆွေဟောင်း တစ်ယောက်ပီသစွာနဲ့ စေတနာရှေ့ထားပြီး ဒီအိမ်ကြီးကို ရောင်းပြီးတာနဲ့ ကရုဏာကြေးလေး ဘာလေးပေးဖို့ စိတ်ကူးထားပါတယ်၊ မင်းသာ သဘောတူမယ်ဆိုရင် လားရှိုးကလူတွေ ဒီအပတ် တက်လာရင် အရောင်းအဝယ် လုပ်ကြရအောင်လား ဟင်"

ဦးရုံမိုး၏ မျက်နှာကြီး အချိုပေါ်သကာလောင်းထားသည် ကဲ့သို့ ရှိလှသလောက် ဆက်နိုင်မော် ၏ မျက်နှာမှ တော့ ခက်ထန်မာကျော၍ ညို့မှောင်နေ၏။

ဦးရုံမိုးကို လက်သီးနှစ်ဖက်ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဆက်နိုင်မော်သည် ရူးရှ၍ အရောင်လက်နေသော မျက်လုံးများ ဖြင့် ဆတ်ခနဲကြည့်လိုက်သည် ။

"ဒီမှာ ဦးရုံမိုး၊ ဒီအိမ်မှာ ကျုပ်ဦးလေး အသုံးမကျလို့ ခင်ဗျားလက်ထဲရောက်ရတာ ကျုပ် အသည်းနာလို့ မဆုံးဘူး၊ ခင်ဗျားလက်ကနေ နောက်လူတစ်ဦးတစ်ယောက်ရဲ့ လက်ထဲကို မရောက်ဖို့ ကို ကျုပ် နောက်ဆုံး

Scanned by CamScanner

ထွက်သက်ထွက်ချိန်အထိ ကြိုးစားနေမယ်ဆိုတာ ခင်ဗျားခေါင်းထဲမှာ မြဲမြဲကြီး မှတ်ထားလိုက်စမ်းပါ၊ နောက်နှစ်လမပြည့်မချင်း ခင်ဗျား ကျူပ်ဆီကို လုံးဝမလာပါနဲ့ ဒါပဲ"

"ဟ ... မင်း လူကြီးစေတနာကို တယ်စော်ကားတဲ့ အကောင်ပါလား၊ မင်း ပညာသင်ဖို့ ..."

"ဘာစေတနာလဲ၊ ဘာစေတနာလဲ၊ ခင်ဗျားကြီးဟာ ကျူပ်ဦးလေး ဘသော်နဲ့ သောက်ဖော် သောက်ဖက်၊ အလောင်းအစား ကစားဖက်၊ ကျူပ်ကို ပညာသင်ဖို့ ပံ့ပိုးပေးရလို့ ကုန်တာထက် ခင်ဗျားနဲ့ အဖွဲ့ကျပြီး ဂျင်ဝိုင်းမှာ အရှုံးပေါ်တာကများ လို့ ဒီအိမ်နဲ့ ခြံဝင်းကြီးဟာ ဆုံးရှုံးရတဲ့ ဘဝ ရောက်ရတာ ကျူပ် မသိဘူး မှတ်နေသလားဟင် ဦးရုံမိုး၊ ဘာစေတနာလဲ၊ ခင်ဗျားစေတနာဆိုတာ ဒါလားဗျ ဟင်"

ဦးရုံမိုးသည် စာချုပ်ကို ဆတ်ခနဲကောက်ကိုင်ပြီး ရှူးရှူးရှားရှားဖြင့် ထရပ်လိုက်သည် ။

"အေး ... မင်း ထင်ချင်သလိုထင်၊ နောက်နှစ်လတင်းတင်းပြည့်တာနဲ့ မင်းမျက်နှာကို ငါ လုံးဝမကြည့်ချင်ဘူး၊ မမြင်ချင်ဘူး၊ ဒါပဲ"

"အဲဒီနှစ်လအတွင်း ကျူပ် ရက္ခမြိုင်ကို ပြန်ရွေးနိုင်မယ် ဆိုရင်ကော"

"အဟင်း ... ခုတော့ ငါက ယုံတမ်းစကားကြားလိုက်ရသလိုပါပဲ၊ အေး ... မင်း ပြန်ရွေး နိုင်မယ် ဆိုရင်တော့ ဝမ်းသာစရာပေါ့ကွာ အဟင်း ... ဟင်း ... ဟင်း"

ခနဲ့ တဲ့ တဲ့ ရွဲ့တဲ့ တဲ့ ပြောပြီး ဦးရုံမိုး အိမ်ကြီးထဲက ထွက်ခွာသွားတော့သည် ။

ဆက်နိုင်မော်လည်း စိတ်ရှိလက်ရှိ သူ့ခြေရှေ့ကုလားထိုင်တစ်လုံးကို

Scanned by CamScanner

ဆောင့်ကန်ပစ်လိုက်ရာ ကုလားထိုင် အပိုင်းပိုင်းကျိုးသွားသည် ။

သူ၏ ခြေထောက်လည်း အတော်နာကျင်သွားပါသည် ။

သို့သော် ...

ရင်ထဲက ဝေဒနာကိုတော့ မကျော်လွှားနိုင်ခဲ့ပါ။

မလွှမ်းမိုးနိုင်ခဲ့ပါ။

ရင်မှာ ခံစားနေရသော နာကျင်ချက်က အတုမရှိသည် သို့ပင်။

ဆက်နိုင်မော်သည် သူ၏ ထူထဲနက်မှောင်နေသော ဆံပင်များ သို့ လက်ဆယ်ချောင်းကို ထိုးသွင်းဆုပ်ကိုင်ပြီး ကုလားထိုင်ပေါ်တွင် သူ့ကိုယ်ကြီးကို ပစ်ထိုင်လိုက်သည် ။

နှစ်လ ... နှစ်လ၊ ဒီနှစ်လအတွင်း ငါ ငွေကိုးသောင်း ဘယ်က ရပါမလဲ၊ ဒီလူယုတ်မာကြီး လက်ထဲကို ရက္ခမြိုင်ကြီးကို ငါ ဝကွက်မအပ်နိုင်ဘူး မအပ်နိုင်ဘူး ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ် ရမလဲ။

ဆက်နိုင်မော်သည် ပါးစပ်က အရူးတစ်ယောက်လို ရေရွတ်နေမိရာ၏။

"ဖိုးဆက်"

ဆက်နိုင်မော် ဆတ်ခနဲ ခေါင်းထောင်၍ ကြည့်လိုက်ရာ ခြံချင်းကပ်လျက် ချယ်ရီမြိုင်ခြံတွင် နေထိုင်သော အဘဖိုးလူကို တွေ့လိုက်ရသည် ။

"အဘဖိုးလူ"

"အေးကွ၊ မင်း ရောက်လာတာ အဘ မသိဘူး၊ ခုနက ခြံဝမှာ ရုံမိုးကို တွေ့လိုက်ရမှ သိတာ ကွ"

"လာ အဘဖိုးလူ ထိုင်"

Scanned by CamScanner

ဦးဖိုးလှသည် ဆက်နိုင်မော်နှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

"အင်း ... ဘသော်ဆုံးတာ စိတ်မကောင်းပါဘူးကွာ၊ ဒီလူက တယ်ခက်တဲ့ လူပဲကွ၊ အရက်ကို လျှော့ပါလျှော့ပါပြောတာ လုံးဝ နားမထောင်ဘူးလက်မခံဘူး"

"သူ့မိုက်ပြစ်တွေ သူခံသွားရတာပါ အဘဖိုးလှရာ"

"အင်း ... ဟုတ်တယ်၊ ဘယ်သူမပြု မိမိမှုပေါ့လေ၊ ဒါပေမဲ့ ဒီရက္ခမြိုင်ကြီး ရှုံမိုးလက်ထဲ ဝကွက်အပ်ရမှာ ကိုတော့ ရင်နာသကွာ"

"ဟုတ်တယ် အဘရာ"

"အဘ နားလည်တယ်၊ ဒီကိစ္စအတွက် မင်း ဘယ်လောက်ခံစားရမယ်ဆိုတာ ... ဒါပေမဲ့ အဘတို့ မှာ လဲ တောင်မင်းမြောက်မင်း မကယ်နိုင်ဆိုသလိုဘဲ ဖြစ်နေကြရတယ် မဟုတ်လား၊ ခုတောင် အဘလဲ ချယ်ရီမြိုင်ကနေ ပြောင်းရတော့မှာ "

"ဗျာ ... ဘာဖြစ်လို့ လဲ"

"မင်း အဒေါ် မနှင်း မဆုံးခင် ဆေးကုစရိတ်တွေ နှစ်နဲ့ ချီ အတောင်းခံလိုက်ရလို့ ၊ ချယ်ရီမြိုင် ကို ပြီးခဲ့တဲ့ အပတ်က ရောင်းပစ်လိုက်ရပြီလေ"

"ဖြစ်မှ ဖြစ်ရလေ"

ငိုမယောင်ယောင်ဖြစ်နေသော အဘဖိုးလှ၏ မျက်နှာကြီးကို ဆက်နိုင်မော်က စိတ်လက် မသက်မသာဟန်ဖြင့် ကြည့်နေမိ၏။

"အိမ်ကလဲ မပြုမပြင်ဘဲ နှစ်ရှည်လများ ပစ်ထားရတော့ ပြိုတဲ့ နေ

Scanned by CamScanner

ရာတွေလဲပြီ၊ လဲတဲ့ နေရာ တွေလဲ လဲနဲ့ ပါကွာ၊ အဘမှာ လဲ မင်းအခေါ်မှ မရှိတော့တာပဲ၊ ဘာကိုမှ ခင်တွယ်မက်မောနေစရာ မလိုတော့ဘူးလေ ၊ ရောင်းရတဲ့ ငွေထဲက ဆပ်စရာရှိတဲ့ ကြွေးမြီကလေးတွေ ဆပ်ပြီး စစ်ကိုင်းချောင် မှာ သွားပြီး သာသနာ့ဘောင် ဝင်တော့မလို့ "

"ဘယ်တော့ဝင်မှာ လဲ အဘဖိုးလူ"

"မနက်ဖြန်ကျရင် စစ်ကိုင်းက တူဝမ်းကွဲကလေး အဘကို လာခေါ်မယ်လေ၊ တစ်ခါတည်း လိုက်သွားတော့မယ်"

"ဩော်"

အဘဖိုးလူကို နှစ်သိမ့်စရာစကား ဆက်နိုင်မော်တွင် တစ်လုံးမျှမရှိ။

သူကိုယ်တိုင်မှာ လည်း ငွေကြေး ချို့တဲ့ ကျပ်တည်းခြင်း၏ မဟာဒုက္ခကြီးနှင့် ရင်ဆိုင်ထိတွေ့ နေရလေသည် မဟုတ်ပါလား။

"ဖိုးဆက်ကို အဘတစ်ခုမှာ ခဲ့ချင်လို့ "

"ဟုတ်ကဲ့ပါ ပြောပါအဘ"

"အဘခြံကို ဝယ်သွားတဲ့ လူတွေက ဘယ်တော့ ရောက်လာကြမယ်မသိဘူး ... ဒီတော့ အဘမရှိတုန်း တစ်စေ့တစ်စောင်းကြည့်ထားပေးပါလို့ ပြောချင်ပါတယ်"

"ရပါတယ် အဘရာ"

"ကျေးဇူးပဲ ကျေးဇူးပဲ ဖိုးဆက်ရေ ... မင်းတို့ ငါတို့ မှာ တော့ ဘဝအကျိုးပေးမကောင်းလို့ လူလုံးမလှ သူလုံးမလှဖြစ်ပြီး ကိုယ့်ရှိတာလေးတွေ ထုကြရ ခွဲကြရ၊ ပြည့်စုံကုံလုံတဲ့ လူများကြပြန် တော့လေကံအကျိုးပေး ကောင်းလွန်းလို့ ငွေတွေ ထားစရာမရှိဘူး ထင်ပါရဲ့ ကွာ၊

Book Sharing

Scanned by CamScanner

ခြံတွေဝယ် ကား တွေဝယ် တိုက်တွေဝယ်နဲ့ ခုတစ်လော တို့ ပြင်ဦးလွင်မှာ အိမ်ဈေး မြေဈေးတွေ အဝယ်လိုက်လိုက်တာ မပြောပါနဲ့တော့ကွာ"

"အင်း ... ဒါကြောင့်လဲ ဟိုလူကြီး ငါ့ခြံကို မဟားတရား ရောင်းချင်နေတာ ဖြစ်မှာ ပဲ"

ဦးရုံမိုးကို မုန်းတီးစက်ဆုပ်စွာ ဆက်နိုင်မော်သည် တွေးလိုက်မိ၏။

"မင်း ဒီညစာ အဘနဲ့ လာစားကွ"

"ဟာ နေပါစေ အဘရာ"

"ဘယ်က နေပါစေလဲကွာ၊ အဘလဲ မင်းနဲ့ ခွဲရတော့မှာ အဘဆန္ဒကို မင်းမငြင်းပါနဲ့ "

"ကောင်းပြီလေ၊ ကျွန်တော် ဘယ်အချိန် လာခဲ့ရမလဲ"

"မင်းကြိုက်တဲ့ အချိန်လာ၊ အဘကုန်စုံဆိုင်လေးက ဦးဝင်းကိုလဲ ခေါ်ထားတယ်"

"ဟုတ်လား ... အေးဗျာ၊ ဦးလေးဝင်းကြီးနဲ့ လဲ တွေ့ရအောင် ကျွန်တော်လာခဲ့ပါ့မယ်"

"ကဲ ဒါဆို အဘပြန်မယ်"

"ဟုတ်ကဲ့ အဘ"

ဆက်နိုင်မော်သည် တစ်ဘက်ခြံမှ အဘဖိုးလူကို အိမ်၏ ဆင်ဝင်အောက်အထိ လိုက်လံ ပို့ဆောင်ပေးလိုက်သည် ။

*****

Scanned by CamScanner

# သုံး။

လက်တစ်ဖက်က လက်ဆွဲသားရေအိတ်၊ ကျန်တစ်ဖက်က ပလတ်စတစ် ခြင်းတောင်းနှင့် ကျောတွင် ကျောပိုးအိတ်ကလေးကို လွယ်ထားသော မိန်းမပျိုကလေး ဟင်းလင်းပွင့်နေသော သူ့အိမ် တံခါးမကြီးကိုကြည့်ပြီး မျက်မှောင်ကလေးကိုစုယင်း အိမ်ဆီသို့ လျှောက်ဝင်လာနေ၏။

"အဘိုးကြီး ရှိနေတုန်းပဲနဲ့ တူတယ်"

အိမ်အဝင် တံခါးမကြီးဆီသို့ ရောက်လုလု အချိန်တွင် လက်တစ်ဖက်က သံတစ်ချောင်း၊ လက်တစ်ဖက်က တူကိုကိုင်ထားသော ဂျင်းဘောင်းဘီ အဖာအထေး၊ ချိုင်းပြတ်စွပ်ကျယ်ကို ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ကို ဘွားခနဲ တွေ့မြင်လိုက်ရသည် ။

သူ့ကိုတွေ့လိုက်ရသော လူရွယ်၏ မျက်ခုံးများကလည်း အထက်သို့ မြင့်ချီ၍ တက်သွားကြ ၏။

သိမ်ငယ် သိမ်နုပြီး မွန်ညက်နေအောင် လှသောမိန်းမပျိုကလေးကို ဆက်နိုင်မော် တွေဝေစွာ ပင် ကြည့်နေမိလိုက်သည် ။

"ရှင် ... ရှင် ဘယ်သူလဲ"

"ဆက်နိုင်မော်"

"ရှင့်နာမည်ကို မေးနေတာ မဟုတ်ဘူး ၊ ရှင်ဘယ်သူလဲ၊ ကျွန်မပိုင်

Scanned by CamScanner

ဆိုင်တဲ့ အိမ်ထဲ ဘာဝင်လုပ် နေတာလဲလို့ မေးနေတာရှင့်"

နှုတ်ခမ်းပါးပါးကလေးနှင့် မစွာတေးမကလေးကို ကြည့်ပြီး ဆက်နိုင်မော် ထောင်းခနဲ ဒေါသ တွေ ထွက်သွားသည် ။

"အမိ စွာလှချည့်လား၊ မျက်စေ့ကန်းနေသလား ဒီမှာ တူ ဒီမှာ သံ မြင်တယ်မဟုတ်လား၊ ကျုပ် အလုပ်လုပ်နေတာ အမိသိဖို့ ကောင်းတယ်"

မိန်းမပျိုကလေးသည် အပေါက်ဝမှ အထဲသို့ကဲ၍ ကြည့်လိုက်သည် ။

ညှော်ခန်းမျက်နှာကြက်အချို့ ပြိုကျနေသည် ကို တွေ့ရ၏။

ထောင်ထားသော လှေကားကိုလည်း တွေ့မြင် လိုက်ရသည် ။

မိန်းမပျိုလေး၏ မျက်နှာပေါ်တွင် မာထန်နေသော အကြောများ လျော့ပြေသွားသဖြင့်၊ နုနု ငယ်ငယ် ချစ်စရာအသွင်ကလေး ရုတ်ချည်း ပြန်ပေါ်လာသည် ။

"ဩော် ... ရှင်က လက်သမားလား၊ အဘ ဖိုးလူက ပြင်ဆနိုင်းထားတယ် ထင်ပါရဲ့ အဟင်း"

အရှက်ပြေလေးရယ်ရင်း ပြောလိုက်သည် ။

"ရမ်းကောမနေနဲ့ ကျုပ်ကို ဘယ်သူမှ အပြင်နိုင်းတာ မဟုတ်ဘူး ၊ အဘဖိုးလူလဲ စစ်ကိုင်း ချောင်ကို အပြီးအပိုင်ထွက်သွားတာ တစ်ပတ်ရှိပြီ၊ ကျုပ်က ဟိုဘက် ရက္ခမြို့င်ကလူ၊ ညက ဒုန်းခနဲ အသံကြားလို့ လာကြည့်ပြီး မနေနိုင်တာနဲ့ တက်ပြင်ပေးနေတာ၊ ဒီချယ်ရီမြို့င်ကိုဝယ်တာ မင်းလား"

"ဟုတ်တယ်လေ မေသူ ဝယ်လိုက်တာပေါ့"

"ကျုပ်သွားမယ်"

Scanned by CamScanner

"ဟို နေ ... နေပါဦးရှင့်"

မေသူဆိုသူကလေးက ချာခနဲ လှည့်ထွက်သွားဟန် ပြုလိုက်သော ဆက်နိုင်မော်ကို အလော သုံးဆယ် တားလိုက်သည်။

"ခင်ဗျားရောက် လာပြီပဲ ခင်ဗျားဘာသာ ကြိုက်ရာလက်သမားရှာပြီး ပြင်ပေတော့၊ ကျုပ်မှာ လဲ ကျုပ်အလုပ်တွေက တစ်ပုံကြီး အဘအပ်ခဲ့လို့ သာ ကျုပ် ကြည့်ပေးနေတာ"

"အို ... နေပါဦးရှင် ပြင်လက်စနဲ့ ရှင်ပဲဒီကအစ်ကိုပဲ ဆက်ပြင်ပေးပါနော်၊ ဟိုလေ ... မေသူ က ဒီမှာ မျက်နှာစိမ်းဆိုတော့၊ ဘယ်သူ့ကိုခေါ်ရမှန်းလဲမသိလို့ ပါ၊ ဟို ပြီးတော့လေ မေသူ ... မေသူ တွေ့တွေ့ချင်း စကားပြော မပြေပြစ်တာကိုလဲ အနူးအညွတ် တောင်းပန်ပါတယ်နော်"

ချောချောလှလှ နုနုငယ်ငယ်ကောင်မလေး၏ တောင်းပန်သမှု ပြုလိုက်ပုံကို တွေ့ရလျှင် ဆက်နိုင်မော်၏ တင်းမာနေသော စိတ်ဓာတ်များ သံပတ် လျော့ကုန်ကြတော့သည်။

ဆက်နိုင်မော်သည် ခပ်မှုန်မှုန်မျက်နှာနှင့်ပင် လှေကားပေါ်သို့ ပြန်တက်ပြီး သံရိုက်ရန် ကျန် နေသော မျက်နှာကြက်ပြားများကို ဆက်ရိုက်လိုက်သည်။

မေသူမည်သော မိန်းမပျိုကလေးသည် သူလွယ်ပိုးဆွဲကိုင်ထားသော ပစ္စည်းပစ္စယများကို ဧည့်ခန်းထောင့်တစ်နေရာတွင် ချထားပြီး ချယ်ရီရိပ်မြုံကလေး၏ အခန်းဖွဲ့ပုံ အနေအထားများကို လိုက်လံကြည့်ရှုလိုက်သည်။

ချယ်ရီရိပ်မြုံကလေးသည် အချို့အစိတ်အပိုင်းများ ဟောင်းနွမ်းဆွေးမြည့်နေသော်လည်း နေချင်စဖွယ်ရာအတိဟု မေသူ ထင်မြင်မိသ

Scanned by CamScanner

ည်။

ကျေးငှက်သာရကာတို့ ၏ အသံသာ တိုးညင်လွှမ်းနေသော အိမ်၊ မြေ၊ ဤနေရာကလေးသည် သူ့အတွက် နိဗ္ဗာန်နတ်နန်းကလေးတစ်ခု ဟု လည်း ထင်မြင်မိသည်။

ကူညီမည့်သူကလည်း သူ့အတွက် ရေကန်အသင့် ကြာအသင့်ဆိုသလိုပင် ရှိနေ၏။

နွမ်းပါးသော အဝတ်အစားတွေ ဝတ်ဆင်ထားသော အိမ်ရှေ့ဧည့်ခန်းက လူရွယ်သည် ဥပဓိ ရုပ်က ကောင်းလှသည်။

တည်ကြည်ခန့်ညားသော ယောကျ်ားတစ်ယောက် ဖြစ်ကြောင်းလည်း သူ့မျက်နှာက ဖော်ပြ နေ၏။

တစ်ဖက်ခြံကလူဆိုတော့ သူနှင့်အိမ်နီးနားချင်း။

အားကိုးလောက်သည့် လူတစ်ယောက်။

တစ်ယောက်တည်း ထင်ရာဇွတ်ထွက် လာပြီး အားငယ်စိတ်တွေ ရင်ဝယ် ပွေ့ပိုက်လာခဲ့သည် မှာ ယခုတော့ အချည်းနှီးပင်။

အိမ်ရှေ့က အားကိုးလောက်ဖွယ်သော လူကြီးကို မျှော်လင့်မထားဘဲ သူ ကြုံဆုံနေရလေပြီ။

"အဟင်း"

ပခုံးကလေးကိုတွန့်၍ တစ်ချက်ရယ်ပြီး မေသူ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့သည်။

ဆက်နိုင်မော်သည် ပြင်ဆင်စရာများ ပြင်ဆင်ပြီးသွားပြီဖြစ်၍ ခေါက်လှေကားကလေးကို ခေါက်နေ၏။

Scanned by CamScanner

"ဒီ ... ဒီမှာ နာမည်က အစ်ကိုဆက်နိုင်မော်နော်"

"ဟုတ်တယ်"

မျက်နှာချိုချိုကလေးဖြင့် မေးနေသူကလေးကို ဆက်နိုင်မော်က ခပ်တည်တည်ကြီးကြည့်ကာ ဖြေလိုက်သည်။

"ဟို ... ဟိုလေ ... ဒီကနာမည်က မေ ... မေသူသိလား၊ ဟို ... အိမ်နီးနားချင်းဆိုတော့ သိရတာဝမ်းသာတယ်၊ မေသူ့ကို မိတ်ကောင်းဆွေကောင်းလို ခင်နိုင်ပါတယ်၊ ဟိုလေ မေသူကလဲ ဒီကအစ်ကိုဆက်နိုင်မော်ကို ခင်မင် အားကိုးပါရစေနော်လို့ "

"နေပါဦး မင်းအဖော်တွေကော၊ ခုဒီမှာ နေဖို့ လာတာ မင်း တစ်ယောက်တည်းလား"

မိန်းမပျိုကလေး၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်၍ ဆက်နိုင်မော်က မေးလိုက်သည်။

"ဒီမှာ မေသူ တစ်ယောက်တည်းနေမှာ ပါ အစ်ကို"

"မယုံနိုင်စရာပဲ၊ မင်းလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးတစ်ယောက်မှာ အုပ်ထိန်းသူ လူကြီး မိဘ မရှိဘူးလား"

မေသူ၏ မျက်နှာလည်း နေထိပန်းလို နွမ်းကျသွားသည်။

ဦးခေါင်းလုံးလုံးကလေးလည်း ငုံ့လျှိုသွားသဖြင့် ခါးလယ်အထိ ရှည်လျားသောဆံပင်တွေ သည် ဘေးတစ်ဖက် တစ်ချက်ဆီမှ ခွဲထွက်၍ ရှေ့သို့ ကျလာကုန်၏။

"မေ ... မေသူက တစ်ကောင်ကြွက်ပါ အစ်ကိုရယ်"

မေသူ၏ အသံကလေးက သနားဖွယ်ရာ။

Scanned by CamScanner

မူဟန်ကလေးကလည်း ကရုဏာသက်ဖွယ်ရာ။

"မင်းမှာ ဆွေမျိုးတစ်ယောက်ဆို တစ်ယောက်မှ မရှိဘူး ဟုတ်လား၊ ငါတော့ မင်းစကားကို သိပ်မယုံချင်ဘူးကွာ"

"ဆွေမျိုးဆိုတာ ရှေးရှိမှ အမျိုးတော်ချင်ကြသူတွေပါ အစ်ကို၊ ဒါ မေသူရဲ့ ခံယူချက်၊ ခု မေသူ့ အမေဆုံးသွားလို့ ပထွေးနဲ့ မနေချင်တာနဲ့ ရှိတဲ့ ပစ္စည်းကလေးတွေထုခွဲပြီး ပြင်ဦးလွင်ကို စွန့်ထွက်ခဲ့ တာပါ၊ ပြင်ဦးလွင်မ ၂၁ မေသူဘဝရဲ့ ငြိမ်းချမ်းရာ ကမ္ဘာလေးတစ်ခုပါ၊ မေသူ ပြင်ဦးလွင်ကိုချစ်တယ်၊ မြတ်နိုးတယ်၊ မေသူရဲ့ ခွန်နဲ့ အားနဲ့ ပြင်ဦးလွင်မြေကို ထွန်ယက်ပြီး စိုက်ပျိုးရေးတွေလုပ်ပြီး မေသူ ဘဝကို ပျိုးထောင်မယ်၊ အဟင်း အစ်ကို့အနေနဲ့ ကတော့ ဒီကောင်မလေး စိတ်ကူးယဉ်သမားကလေး ပဲလို့ ထင်ကောင်းထင်မှာ ပဲ၊ မေသူကတော့လေ နိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့ ဒီမှာ အသက်ဆက်ဖို့ ထွက်လာတာ အစ်ကို"

"မင်း ဘယ်ကလာတာလဲ"

"အဟင်း ... အစ်ကိုရယ် သူများကိုယ်ရေးကိုယ်တာကိစ္စကို မနေမဖြစ်လို့ ဒီနေရာကို လာနေ ရပါတယ်ဆိုတဲ့ အကြောင်းလောက်အထိပဲ အသိပေးတာကို ကျေနပ်ပါနော်၊ မေသူ ပြည်ဖုံးကားချ ထားတဲ့ အကြောင်းတွေကို မပြောပါရစေနဲ့ ရှင်၊ သိလဲ မသိချင်ပါနဲ့ "

"ဆောရီးပဲကွာ တို့ မှားသွားတယ်"

ဆက်နိုင်မော်က တောင်းပန်လိုက်သည်။

"ရပါတယ် အစ်ကိုရာ၊ ဒါနဲ့ အစ်ကိုကကော ဟိုဘက်ခြံကြီးထဲမှာ မိသားစုနဲ့ ပေါ့နော်၊ ပျော်စရာကြီးနေမှာ ပဲ"

"မထင်နဲ့ "

Scanned by CamScanner

"ရှင်"

မေသူ၏ မျက်လုံးကလေးများ ဝိုင်းခနဲဖြစ်သွား၏။

"တို့ ကလဲ တစ်ကောင်ကြွက်သမား"

"အို"

မေသူ၏ နှုတ်ခမ်းပါးပါးကလေးနှစ်လွှာသည် ဝလုံးကလေးလို ဝိုင်းသွား၏။

မေသူတစ်ယောက် ဟန်ဆောင်ခြင်းကင်းမဲ့စွာ အံ့ဩသွားခြင်းပါ။

"ကဲ ... မင်းလဲနားဦး၊ တို့ လဲ လုပ်စရာတွေရှိလို့ ပြန်ဦးမယ်"

"ဟို ... ဟို အစ်ကိုဆက်နိုင်မော်"

ဆက်နိုင်မော်သည် တံခါးမကြီးဆီမှ နောက်သို့ သမင်လည်ပြန်ကြည့်လိုက်သည် ။

"ဒီည ညစာ မေသူ့ဆီမှာ လာစားပါနော်၊ ဖိတ်ပါတယ်၊ ခုလို အကူအညီပေးတာတွေအတွက် လဲ မေသူ ကျေးဇူးအနန္တတင်ရှိပါတယ်လို့ "

"နောက်နေ့တွေ ရှိပါသေးတယ်လေ၊ တို့ ဒီနေ့မအားဘူး"

သူ့စကားအဆုံးတွင် ဆက်နိုင်မော် လှည့်ထွက်သွားသည် ။

မေသူတစ်ယောက် ကြောင်တက်တက်အမူအရာကလေးဖြင့် ကျန်ရစ်၏။

ဆက်နိုင်မော်သည် လက်တစ်ဖက်တွင် တူကိုကိုင် ပခုံးတစ်ဖက်ပေါ်တွင် လှေကားကိုထမ်းပြီး ရက္ခမြိုင်ဘက်ဆီသို့ ထွက်ခွာလာခဲ့သည် ။

သူ့ခြေသည် ရက္ခမြိုင်ဘက်ဆီသို့ လှမ်းနေပေမယ့်လည်း သူ့စိတ်က

Scanned by CamScanner

တော့ ပဟောဌ်ဆန်လှသော အရှယ်လှလှမိန်းမပျိုကလေးဆီသို့သာ ဘက်ဆုတ်သွားနေ၏။

အချိန်တိုတိုကလေးသာ တွေ့ဆုံလိုက်ရသော မိန်းကလေး၏ အကြောင်းများ သည် သူ့ အတွက် တွေးတောစရာတွေ တစ်ပုံတပင်ကြီး ဖြစ်နေ၏။

"ဒီကောင်မလေး တစ်ခုခုကို လျှို့ဝှက်ထားတာတော့ သေချာတယ်၊ အင်း ... သူတစ်ပါး မသိ စေလိုတဲ့ အကြောင်းကိစ္စတစ်ခုကို အတင်းမေးရင် ရိုင်းရာကျမှာ ပေါ့၊ ရှိပါစေတော့လေ၊ သူ့ပုံပန်း ကလေးကို အကဲခတ်ရတာတော့ ပေါ့ပေါ့ပျက်ပျက် မိန်းမစားမျိုးထဲကတော့ ဟုတ်ဟန်မတူပါဘူး၊ သူ့မျက်နှာကလေးက အပြစ်ကင်းစင်ပြီး ကြည်လင်အေးမြနေတာပဲ ၊ ဒီလိုရုပ်ရည်မျိုးကလေး ငါ့ တစ်သက်မှာ ဒီတစ်ခါပဲမြင်ဖူးပါတယ်၊ ဩော် ... ပဟောဌ်ဆန်တဲ့ မိန်းကလေးရယ်၊ မင်း ဘယ်ကမ္ဘာ ကနေ ပြင်ဦးလွင်ကို ရောက်လာရတာလဲကွယ်၊ ဟူး ..."

ရင်ထဲတွင် လိုက်မောသွားဟန်ဖြင့် ဆက်နိုင်မော်တစ်ယောက် လေပူတစ်ချက် မှုတ်ထုတ်ပစ် လိုက်သည် ။

*****

Scanned by CamScanner

လေး။

မေသူသည် ဆက်နိုင်မော်ကို မှန်ပြတင်းပေါက်ကလေးနားတွင် ရပ်၍ ကြည့်နေသည်။

သူ့မြင်ကွင်းမှ ဆက်နိုင်မော်တစ်ယောက် လုံးဝပျောက်ကွယ်သွားတော့မှ ပြတင်းပေါက်ကို ကျောခိုင်း၍ မှီရပ်လိုက်သည်။

"ရက္ခမြို့င်တဲ့ ၊ ခြံကြီးက မျက်စိတစ်ဆုံး ကျယ်ဝန်းလှတဲ့ ခြံကြီးပဲ၊ ဒီခြံကြီးထဲမှာ သူ တစ်ယောက်တည်းတဲ့၊ သူက ပိုင်ရှင်လား၊ ခြံဝင်းစောင့်လား၊ အင်း ... ခြံဝင်းစောင့်ဖြစ်ဖို့ များ ပါ တယ်လေ၊ ဘယ်ခြံရှင်သူဌေးတစ်ယောက်က ကိုယ့်လှေကား ကိုယ်ထမ်းပြီး သူများ တကာရဲ့ နေအိမ်အဆောက်အဦးကို ပြင်လိမ့်မလဲ၊ ဝေးပါသေးတယ်၊ အဟင်း ... ဘာပဲဖြစ်ဖြစ်လေ ဒီလူကတော့ လူဖြောင့်သလို သဘောမနောလဲ ဖြောင့်ပုံရတယ်၊ အိမ်နီးနားချင်းကောင်း တစ်ယောက်အဖြစ်ထားပြီး သူ့ကိုတော့ ငါ ပေါင်းရမှာ ပဲ"

မေသူက ဦးခေါင်းကလေးကို ဆတ်ခနဲ ညိတ်လိုက်ပြီး ပြတင်းပေါက်မှ ခွာကာ နေအိမ် သန့်ရှင်းရေးလုပ်ငန်းကို စတင်လိုက်တော့သည်။

အစဉ်အမြဲ သွက်လက်ချက်ချာစွာ လုပ်တတ်ကိုင်တတ်နေတတ်မှုကြောင့် မေသူ့အတွက် အချိန်များ စွာ မကုန်ဆုံးဘဲ ချယ်ရီမြိုင်အိမ်ဂေဟာကလေးသည် နေချင်စဖွယ်ရာအသွင်သို့ ပြောင်းလဲ သွား

Book Sharing

Scanned by CamScanner

တော့သည်။

"ဟာ ... စိတ်ချမ်းသာစရာ ကောင်းလိုက်တာ၊ ဆန္ဒပြင်းပြင်းနဲ့ ငါ တောင့်တအချိန်တစ်ခုကို ငါရခဲ့ပြီပဲ၊ အားလုံးကိုမေ့ပြီး ငါပျော်ပျော်ကြီး နေလိုက်မယ်၊ ငါ့ဘဝကို အခွင့်အရေးရတုန်းရခိုက်မှာ ဟောဒီ ချယ်ရီမြို င်စံအိမ်ကလေးထဲမှာ မြှုပ်နှံထားလိုက်မယ်"

မေသူသည် စိတ်ဝမ်းချမ်းမြေ့လှသော အသွင်ကလေးဖြင့် ကိုယ်လုံး ကလေးကို တစ်ပတ် ချာခနဲ လှည့်ပစ်လိုက်သည်။

သူ့ကေသာ မည်းမည်းနက်နက်ကလေးသည် လေတွင် ပျံ့ဝဲသွား၏။

အလွန့်အလွန်ကို ကြည်လင်ရွှင်ပျစွာဖြင့် အိမ်ခန်းသို့ သူသည် ခုန်စွခု န်စွကလေး ပြေးဝင်သွား လိုက်သည်။

အဘဖိုးလူဆိုသူ၏ တစ်ယောက်အိပ်နိုးပါးကြီးသော သစ်သားကွပ်ပျ စ်ကလေးပေါ်တွင် သူ့ အတွက် အိပ်ရာကလေးသည် လည်း သန့်ရှင်းသ ပ်ရပ်စွာ ခင်းကျင်းပြီးဖြစ်နေသည်။

ထိုအိပ်ရာပေါ်တွင် ချထားသော ကျောပိုးအိတ်ထဲမှ ဝေ့မင်းစတီရိယို ကက်ဆက် နီနီကလေး ကို ထုတ်ယူပြီး၊ မေသူက ခလုတ်ကလေးကို နှိပ် ချလိုက်သည်။

"လိုချင်ပါတယ် သူရဲကောင်းတစ်ယောက် ... အချစ်အတွက် ရဲရင့် တဲ့ သူရဲကောင်းလိုတယ် ... ကောင်းကင်ကြီးထဲမှာ မပျံ့နိုင်လည်း ... န တ်သားများ လို တန်ခိုးမရှိစေ ... အချစ်အတွက် လုံခြုံ စေသူရယ် ... သူ ရဲကောင်းတစ်ယောက်လိုမျိုးထင်တယ် ... ချစ်သူ စောင့်ရှောက်ကာကွ ယ်ဖို့ ... လှတဲ့ အချစ်ကမ္ဘာလေး ... ငြိမ်းချမ်းရေးအတွက် လိုချင်တယ် ... အနမ်းများ နဲ့ သူရဲကောင်း တစ်ယောက်ပေါ့"

Scanned by CamScanner

"ဒေါက် ..."

ဟောမာနေဝင်း၏ သူရဲကောင်းသီချင်းကလေး မဆုံးသေးခင် တုံ့ခနဲ ရပ်တန့်သွားသည် ။

"အဟာင်း ..."

လက်ကလေးပိုက်၊ ကိုယ်ကလေးကျုံ့ပြီး မေသူရယ်လိုက်သည် ။

သူသိပ်ကြိုက်တဲ့ သီချင်းကလေး၊

ပြီးတော့ ...

ရုတ်တရက် မျက်စိထဲဝင်လာသူ ...။

တည်တည်တံ့တံ့ ခန့်ခန့်ချောချောကြီးနှင့် အားကိုးထိုက်သူတစ်ယောက် ...။

ဆက်နိုင်မော်တဲ့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့သူ တစ်ဦး။

မြူးကြွသော အသွင်ကလေးဖြင့် နောက်ဖေးပေါက်မှ ခြံထဲသို့ ပြေးဆင်းခဲ့သည် ။ ထင်းရှူးပင်၊ ချယ်ရီပင် ထောပတ်သီးပင်တွေပိုင်ရှင်၏ ပြုစုယုယမှု ကင်းကွာနေသော်လည်း ဖူးစဲ၊ ပွင့်စဲ၊ ဝေစဲ၊ မြိုင်စဲရှိသော ပန်းမာလာ ကလေးများ ...။

"အို ... ငါ ထင်တာထက်တောင် ချယ်ရီမြိုင်က ပြည့်စုံနေသေးတယ်၊ လှလိုက်တာ အေးချမ်းလိုက်တာ၊ သာယာလိုက်တာ ပျော်စရာ ကြည်နူးစရာ ကောင်းလိုက်တာ ကျေးဇူးတင်လိုက် တာ နေခြည်ရယ်"

မေသူသည် ဒေလီယာပန်း ခရမ်းရောင်ကြီးတစ်ပွင့်ကို ချိုးယူပြီး ရိုးတံကလေးမှ ကိုင်ကာ လေတွင် ဆော့ကစားနေရင်း အိမ်ခြံကို တစ်ပတ်ပတ်လိုက်သည် ။

Scanned by CamScanner

အိမ်ခေါင်းရင်းဘက် ဝင်းရိုးဆီသို့လျှောက်လျှင်တော့ သီးပင်ဝါးပင်ကြီးများ ဖြင့် ပြည့်ပြွမ်းနေ သော် ရက္ခမြိုင်ခြံကြီးထဲသို့ ခြေဖျားကလေးထောက်၍ လှမ်းမျှော်ကြည့်လိုက်မိသည် ။

လူသူကင်းရှင်းနေသည် ။

ကျေးငှက်တို့ ၏ အသံသာများကသာ စီစီညံနေ၏။

လုံးဝမဟုတ်ဘဲ တစ်ဝက်တစ်ပျက်သာ တွေ့မြင်နေရသော ရက္ခမြိုင်အိမ်ကြီးသည် ရဲတိုက် ကြီးယောင်ယောင် ထင်ရ၏။

"ဒီရက္ခမြိုင်ခြံကြီးနဲ့ အိမ်ကြီးကို ငါ စိတ်ဝင်စားလိုက်တာ"

အချိန်အတော်ကြာအောင် ခြံကြီးကိုလေ့လာ ကြည့်ရှုနေသော်လည်းဆက်နိုင်မော်၏ အရိပ် အယောင်ကို မမြင်မတွေ့ရဘဲ ဖြစ်နေသည် ။

အိပ်တန်းတက်သော ငှက်ကလေးများ ၏ အသံသည် ပို၍ ညံစီလာသည် ။

မေသူသည် သစ်ပင်ကြီးများ ပေါ်သို့လည်း တမော့မော့ဖြင့်ကြည့်ရင်း မိမိ၏ နေအိမ်ကလေး ထဲသို့ ပြန်ဝင်လာခဲ့သည် ။

အိမ်ကလေးထဲတွင် မှောင်စပြုနေပြီဖြစ်သည် ။

အသင့် ထည့်ယူလာသော ဝါဆို ဖယောင်းတိုင်ကြီးများ ထဲမှ တစ်တိုင်ကိုထုတ်ယူကာ ထမင်း စား စားပွဲအဖြစ် ပြင်ဆင်ထားသော စားပွဲခုံကလေးပေါ်တွင် ထွန်းညှိထားလိုက်သည် ။

ဖယောင်းတိုင်မီး၏ အလင်းရောင်အောက်တွင် ချယ်ရီမြိုင်အိမ်ကလေးသည် နေချင်စဖွယ်ရာ ဖြစ်နေ၏။

"အင်း ... သေသေချာချာသန့်စင်ပြီး အကောင်းစား ဆေးတွေ သုတ်

Scanned by CamScanner

လိုက်ရင် အိမ်ကလေးကို လင်းထင်းသွားမှာ ပဲ၊ အို ... ငါစိတ်ရှိတိုင်းလုပ်လို့ မရပါဘူးလေ မရပါဘူး၊ လက်ရှိအခြေအနေလေးနဲ့ ပဲ ဖြစ်အောင်နေမှ ဖြစ်မယ်"

မေသူသည် စိတ်ထိန်းလိုက်ပြီး သူ့အတွက် ညစာပြင်ဆင်ရန် တစ်လုံးချိုင့်ကလေးကို ရေဖြည့် ၍ မီးဖိုတွင် တည်လိုက်သည် ။ ရေနွေးအိုးတည်နေစဉ် ပေါင်မုန့်၊ ငပိကြော်ပုလင်း၊ သရက်သီးသနပ် ပုလင်း၊ စည်သွတ် စားစရာဘူးများကို လက်ဆွဲခြင်းမှ ထုတ်၍ စားပွဲပေါ်သို့ တင်ထားလိုက်သည် ။

အိုးခွက်ပန်းကန် မစုံလင်သေးသဖြင့် သည် ညစာအတွက်ကိုတော့ နေခြည်စီစဉ်ပေးလိုက် သည့်အတိုင်း ဗိုလ်စာပဲစားရတော့မည်ဖြစ်သည် ။

ကော်ဖီကြမ်း၊ ပေါင်မုန့် အသားညှပ်နှင့် ဘီစကွတ်မုန့်အချို့ကို ပြင်ဆင်ပြီးသည့်အခါတွင် တော့ မေသူသည် စားပွဲတွင် အကျအနထိုင်ပြီး ညစာကို စားသောက်လိုက်သည် ။

*****

Scanned by CamScanner

ငါး။

အဖာအထေး မြောက်မြားစွာရှိသော ဂျင်းဘောင်းဘီကို ခြေသလုံးတွင် ခေါက်လိပ်ဝတ်ဆင်၍ ကိုယ်အထက်ပိုင်း ဗလာသက်သက်ဖြင့် ဆက်နိုင်မော်သည် ခုတ်လှဲထားသော သစ်ပင်ကြီးတစ်ပင်ကို ပုဆိန်တစ်လက်ဖြင့် ဖြတ်တောက်နေ၏။

ကျစ်လစ်သန်မာသော ကြွက်သား အဖုအထစ်တို့ ဖြင့် ဖွဲ့စည်းနေသော သူ့ကိုယ်ပေါ်တွင် ချွေးသံတွေက ရွှဲရွှဲစိုလို့ နေသည် ။

"ဟူး" ဆက်နိုင်မော်သည် လက်ထဲက ပုဆိန်ကိုချပြီး ပင်စည်ကြီးပေါ်တွင် ထိုင်ချကာ ဖြတ်တောက်ပြီးစီးသွားသော ထင်းများကို ကြည့်လိုက်သည် ။

ထင်းတွေ သူ့အတွက် လိုတာထက် ပိုလျှံနေသည် ။

သူ့မျက်စေ့ထဲတွင် တစ်ဖက်ခြံက ကောင်မလေး၏ မျက်နှာကလေးကို မြင်ယောင်လာသည် ။

"အဘဦးဖိုးလူရဲ့ မီးဖိုခန်းထဲမှာ မီးစိုက်ဖို့ ထင်းနည်းနည်းပါးပါးပဲ ငါတွေ့ခဲ့တယ်၊ ကောင်မလေးတော့ ထင်းလိုမှာ ပဲ၊ သူလိုအပ်တယ် ဆိုရင်တော့ ငါမျှလိုက်မယ်၊ ဟ ... နေစမ်းပါဦး၊ သူ့အတွက် ငါဘာများ ပူစရာလိုလို့ လဲ၊ သူ့ကို ငါသိတာ တစ်နေ့ခင်းပဲ ရှိသေးတယ်၊ ဘာမှ မဆိုင်တဲ့ လူ တစ်ယောက်အတွက် ငါဘာများ ပူပင်စရာလိုလို့ လဲ၊ အစကတည်း

Book Sharing

Scanned by CamScanner

က မိန်းမနဲ့ ကင်းကင်းနေတာ၊ ဆက်ပြီး ကင်းကင်းနေတာပဲ ကောင်းပါတယ်လေ"

ဆက်နိုင်မော်သည် ခေါင်းကို ခါထုတ်လိုက်ပြီး သူ့ပုဆိန်ကို ပြန်ကောက်ကိုင်လိုက်သည်။

"တဒုတ် ဒုတ်" အသံများ အချက်ပေါင်းများ စွာသည် ထင်းပုံကြီးကို မို့မောက်၍ နေစေ၏။

အတော်ကလေး နေစောင်းသွားတော့မှ ထင်းခုတ်ခြင်းအလုပ်ကို ရပ်တန့်လိုက်ပြီး ဆက်နိုင် မော်သည် ရေမိုးချိုးလိုက်သည်။

အမှောင်ကိုခွင်းရန် အောက်လင်းမီးအိမ်ကလေးကို ထွန်းညှိနေစဉ် ဝမ်းထဲက တကြုတ် ကြုတ် မြည်လာသည်။

ဆာလောင်မွတ်သိပ်မှုက သည် နေ့တွင် ပိုမိုပြင်းထန်နေသည်။

ဘာကြောင့်များ လဲဟု စဉ်းစားကြည့်လိုက်တော့မှ မနက်စာထမင်းကို ဆယ်နာရီလောက်က စားပြီးကတည်းက တစ်ဖက်ခြံဆီသို့ ကူးသွားကာ တစ်ဖက်ခြံဆီသို့သွားပြီး မျက်နှာကြက်ကို ပြင်ဆင်ခဲ့သည်။

သူ့အတွက် အဖိုးတန်လှသော အချိန်လေးငါးနာရီကို သူသည် ချယ်ရီ မြိုင်ကို ပြင်ဆင်မှု အတွက် အသုံးချခဲ့သည်။

နေ့လယ်စာ စားသောက်ရန်ကိုလည်း မေ့လျော့ခဲ့မိသည်။

ကိုယ့်ခြံထဲ ကိုယ်ပြန်ရောက်လာပြန်တော့လည်း ခုတ်လှဲထားသော သစ်ပင်ကြီးကို ထင်းခုတ် ရန်အတွက် လုပ်ငန်းခွင် ဝင်လိုက်မိသည်။

သည် တော့ မောလည်း မော ဆာလည်း ဆာ ဖြစ်နေသည် မှာ မဆန်းတော့။

Scanned by CamScanner

ဆက်နိုင်မော်သည် ကြိမ်အုပ်ဆောင်းကလေးဖြင့် အုပ်ထားသော ထမင်းစားဝိုင်းတွင် ဝင်ထိုင် လိုက်သည် ။

မနက်ကတည်းက တည်ထားသော ထမင်းဇလုံနှင့်တစ်ဝက် ဝက်သားကြော် နည်းနည်းနှင့် မနက်က ဦးလေးဝင်းပေးလိုက်သော မှူစ်ချဉ်ဟင်းကလဲ ချိုင့်တစ်ဝက်နီးပါးရှိနေ၏။ ငပိကြော် ပုလင်းကလေးကိုပါဖွင့်ပြီး အားပါးတရ စားပစ်လိုက်သည် ။

ထမင်းတွေ အကုန်ပြောင်သွားသည် ကဲ့သို့ အကြမ်းခပ်ပြင်းပြင်းဝါဝါ တစ်အိုးလည်း ပြောင် သလင်းခါသွားတော့သည် ။

ဆေးစရာကြောစရာများ ဆေးကြောပြီးလျှင် ဝမ်းလေးနေမှု လျော့သွားရန် ခြံထဲဆင်းခဲ့ သည် ။

တဖြည်းဖြည်းလမ်းလျှောက်ရင်း ခြံဝင်းဆီသို့အသွား လမ်းခုလတ်တွင် တစ်ဖက်ခြံဆီသို့ မျက်စိရောက်သွားမိ၏။

ပိတ်ထားသော တံခါး၏ မှန်ကြည်များမှ အတွင်းက ထွန်းထားသော ဝါဆိုဖယောင်းတိုင်ကြီး ကို လှမ်းတွေ့ရသည် ။

"သြော် ... သူ့မှာ ထွန်းစရာမီးအိမ်မရှိဘူးထင်ပါရဲ့ "

ဆက်နိုင်မော်က တွေတွေကြီးကြည့်၍ စဉ်းစားနေစဉ် ညဝတ်အင်္ကျီဖြူဖြူကလေးနှင့် ဆံပင် နက်နက်ကလေးကို ဖားလျားချထားသော မေသူ ဆိုသူကလေး သူ့မြင်ကွင်းထဲသို့ ရောက်ရှိလာသည် ။

သည် မိန်းကလေး၏ အလှသည် သန့်စင်ဝင်းမွတ်နေ၏။

တစ်ခုချင်းလှနေသော မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ် ဝါဝင်းသော အသားအရေတို့ ဖြင့် ဖွဲ့စည်းထားသော မျက်နှာကလေးသည် ရက်ရက်

စက်စက် လှသည် ကဲ့သို့ ကြော့ရှင်းသော လည်တိုင် မို့ဝန်းသော ရွှေရင်၊ သေးကျင်သောခါး ပြည့်တင်းသော တင်တို့ ဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်အလှ သည် လည်း လက်ရာမြောက်လှသည့် ပန်းပုရုပ်ကလေးအလား ရှိလှပါ၏။

ဘဝဆုတောင်းကောင်းသူကလေးပါပေ။

သိပ်လှတဲ့ မိန်းကလေးရယ်၊ မင်းကို တို့ နားမလည်နိုင်ပါလား၊ ဘယ်အရပ် ဘယ်အကြောင်း တွေနဲ့ မင်းတစ်ယောက်တည်း ပြင်ဦးလွင်ကို ရောက်လာခဲ့တာလဲကွယ်၊ အန္တရာယ်များ မြောင်လှတဲ့ လောကကြီးထဲမှာ မင်းလို နုနုငယ်ငယ် မိန်းမလှလေး တစ်ဦးတစ်ယောက်ထီးတည်း ရှိမနေသင့်ဘူး ကွာ၊ ဟူး … မဟုတ်သေးဘူး မဟုတ်သေးဘူး၊ သူ့အတွက် ငါဘာလို့ စိုးရိမ်နေတာလဲ၊ သူနဲ့ ငါ ဘာ ဆိုင်လို့ လဲ၊ ဦးခေါင်းကို ယမ်းခါပြီး ဆက်နိုင်မော်သည် သူ့ခြေဦးကို အိမ်ဘက်သို့ ပြန်လှည့်လိုက် သည် ။

ဆက်နိုင်မော်သည် မည်သည့်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမျှ သံယောဇဉ် မတွယ်မိလို့ ပါ။ မချစ်လိုပါ။ ကိုယ့်ခြေထောက်ပေါ်ကို မားမားမတ်မတ်ကြီး ရပ်တည်နိုင်ပြီး ကိုယ်ချစ်မြတ်နိုး သည့် တင့်တောင့်တင့်တယ်ပြည့်စုံကုံလုံစွာ မထားနိုင်သေးသရွေ့ ချစ်သူလည်း မရှာလိုပါ၊ အိမ်ယာ လည်း မထူထောင်လိုပါ၊ ဆက်နိုင်မော်သည် အင်မတန် ခံယူချက်ကြီးမားပြီး ယောကျ်ားမာန်ကြီးမား သူတစ်ယောက်၊ လောလောဆယ်တွင် လည်း သူ့စိတ်ကို စိုးမိုးနေသည့် အကြောင်းမှာ ရက္ခမြိုင် ။

မိမွေ့ ဘမွေ့ဖြစ်သော မိမိမြတ်နိုးသော ဤမြေဤအိမ်ကြီးကို မလိမ္မာသူ ဦးလေးတစ်ဦး တစ်ယောက်အတွက်နှင့် လက်လွှတ် ဆုံးရှုံးရတော့မ

Scanned by CamScanner

ည့်အခြေအနေဆိုး ရောက်ရှိနေ၏။

ဦးလေးဖြစ်သူက လွှဲပြောင်းပေးရန် ကတိကဝတ်ပြုထားသည့် အချိ န်ကလည်း နီးကပ်နေ လေပြီ။

နှစ်လဆိုသည့်အချိန်မှာ ဘာမျှမရှိ။

တစ်ရက်တစ်ရက် လျင်မြန်စွာ ကုန်ဆုံးနေသည် ။ သည် နေ့သည် အ ချိန်အထိ ကူမည့်ကယ်မည့် သူမှာ လည်း လုံးဝကို ရှာမရဘဲ ဖြစ်နေသ ည် ။

ရက္ခမြိုင်ကြီးအကြောင်း စဉ်းစားမိတိုင်း သူ့သွေးခုန်နှုန်းတွေ မြန် လာသည် ။

အသက်ရှူခြင်းလည်း မွန်းကျပ်လာရသည် ။

အံကို တင်းတင်းကြိတ်မိလွန်းခြင်းကြောင့်လည်း သူ့အံသွားများ သွားဖုံးအတွင်းသို့ နစ်မြုပ် ဝင်ကုန်လေမလားဟု ထင်မှတ်ရ၏။

ယခုလည်း သူသည် အံကိုတင်းတင်းကြိတ်ပြီး ခါးတွင် လက်နှစ်ဖက် ထောက်ကာ ကြယ်ရောင်အောက်တွင် ထီးထီးမားမား မတ်မတ်ကြီးရှိ နေသော ရက္ခမြိုင်အိမ်ကြီးကို ကြည့်နေ သည် ။

သူ့မျက်လုံးအစုံသည် အရောင်တွေ လက်လက်ပြောင်နေသည် ။

သူ့မျက်စေ့ထဲတွင် သေမင်းခေါ်ရာနောက်သို့ ကောက်ကောက်ပါ အောင် လိုက်ရတော့မည့်၊ သူချစ်လှသော ဖခင်ကြီး၏ အသွင်ကို မြင် ယောင်လာ၏။

နောက်ဆုံး ထွက်သက် ရောက်လုလုအချိန် ဇောခုနှစ်တန်ပျံနေသည့်ကြားက အားယူ၍ ပြော သွားသော စကားများ

Scanned by CamScanner

ကို နားဖြင့်ဆက်ဆက် ကြားသည် ကဲ့သို့ ကြားလာရ၏။

"သားသားဖိုးဆက် ရက္ခမြိုင်ကို စောင့်စောင့်ရှောက်ပါ သူ သူများ လက်ထဲ ဘယ် ... ဘယ်တော့မှ မပါစေနဲ့၊ မင်း ... မင်းအတွက် မွေ မင်း မင်း ဘွားဘွားကြီးက မင်းအတွက် အမွေထား ထားခဲ့တာ က ... ကတိ ပေး ပေးပါ အဘ့"

"ကတိပေးပါတယ် အဖေရယ်၊ ကတိပေးပါတယ် သားကတိပေးသံကို အဖေကြားလိုက်ရပေ မယ့်၊ ဒီနေ့အထိလဲ သားကတိပေးစဲပါပဲအဖေ၊ ဒီအိမ်ကြီးနဲ့ ပတ်သက်လို့ သား မဆုံးရှုံးရအောင် နောက်ဆုံးထွက်သက်အထိသာ ကြိုးစားသွားမှာ ပါ"

*****

Book Sharing

Scanned by CamScanner

# ခြောက်။

အိမ်ဂျယ် အလှကုန်လုပ်ငန်း၏ ရုံးခန်းသည် ဘားလမ်းအထက်ဘလောက်တွင် တည်ရှိနေ သည်။

လေအေးစက် ခေတ်မီအသုံးအဆောင်ပစ္စည်းတို့ ဖြင့် ပြင်ဆင်မွမ်းမံထားသဖြင့် ရုံးခန်းသည် အပြတ်သားနားနေ၏။

အိမ်ဂျယ်မှ ထုတ်လုပ်သော မိတ်ကပ်၊ စနိုး အလှဆီ၊ ခေါင်းလိမ်းဆီ၊ ပေါင်ဒါနှင့် ရေမွှေးများ သည် နိုင်ငံခြားစံချိန်မီသဖြင့် မြန်မာပြည်တွင်းသာမက ယိုးဒယား၊ မလေးရှား၊ ပီနံတို့ ပင် အရောင်း အဝယ် တွင် ကျယ်လျက်ရှိပေသည်။

လက်ရှိပိုင်ရှင်မှာ အသက်နှစ်ဆယ်သာသာကလေးသာ ရှိသေးသော မိန်းမပျိုကလေးတစ်ဦး ဖြစ်သည်။

ဝင်ငွေအလွန်ကောင်း၍ ကျယ်ပြန့်ကြီးမားသော ဤလုပ်ငန်းကြီးကို သူဌေးမကလေး မေသူ မိုးလွင်သည် သူ့ဖခင်ရှိစဉ်က ထားရှိခဲ့သော မန်နေဂျာနေစိုး၊ တွဲဘက်မန်နေဂျာ ဦးလှခင် အတွင်း ရေးမှူးနေခြည်တို့ ဖြင့် ပံ့ပိုးကူညီမှုဖြင့် ဆက်လက်ရပ်တည်နိုင်အောင် အစွမ်းကုန်ကြိုးစားခဲ့ပေသည်။

လုပ်ငန်းသည် ဖခင်ကြီးရှိစဉ်ကထက်ပင် ပိုမိုကျယ်ပြန့်၍ လာနေသည်။

Scanned by CamScanner

ငွေကြေးဥစ္စာ ဒီရေအလား တိုးပွားလာသည်။

နေ့နေ့ညည လုပ်ငန်းကိစ္စ၊ ငွေကြေးကိစ္စများ နှင့်သာ လုံးရပန်းများသောအခါ ငယ်ရွယ်နုပျိုပြီး လွတ်လပ်ငြိမ်းချမ်းစွာနေလိုသော မေသူမိုးလွင်တစ်ယောက် စိတ်ကျဉ်းကြပ်မှုတွေ့ရှိနေရတော့သည်။

အားလုံးကို စွန့်ပစ်ပြီးဝေးရာကို ထွက်ပြေးချင်စိတ်များ မေသူမိုးလွင်ကို စိုးမိုးလွှမ်းနေသည်။

ထို့ကြောင့်လည်း ...။

***

နေခြည်သည် လျှပ်စစ် လက်နှိပ်စက်ကလေးဖြင့် စာရင်းဇယားများကို ရိုက်နှိပ်နေစဉ် ရုံးခန်း ထဲသို့ ဝင်လာသော ခြေသံပြင်းပြင်းကို ကြားလိုက်ရသည်။

ဘယ်သူ့ခြေသံဆိုသည် ကို လှည့်မကြည့်ဘဲနှင့် နေခြည်ကောင်းစွာ သိရှိနေပါသည်။

ခြေသံသည် သူ့ဆီသို့ တန်းတန်းမတ်မတ် ရောက်ရှိ လာပြီး ရပ်တန့်သွားသည်။

နေခြည်သည် စားပွဲနားတွင် ရပ်တန့်သွားသော သူကို မော့မကြည့်ပဲ သူ့အလုပ်ကို ဆက်လုပ် နေလိုက်သည်။

"နေခြည် ..."

"အောင်မလေး ... နားကွဲတော့မှာ ပဲ ဖြည်းဖြည်းပြောပါ၊ ဘယ်လိုဖြစ်တာလဲရှင့်"

နေခြည်က မျက်နှာမှုန်မှုန်ကလေးဖြင့် ဆတ်ခနဲမော့ကြည့်ပြီး ခေါ်လိုက်သူကို ရန်ထောင် လိုက်သည် ။

"မေသူ ဘယ်သွားလဲ"

"အို ... ဘယ်သိမှာ လဲ ဒီက မေသူ့အထိန်းတော်မှ မဟုတ်တာ ... တာပဲ ကိုစိုးရဲ့ "

ကိုစိုးခေါ် ကိုနေစိုး၏ ဖြူဝင်းမျက်နှာသည် ရဲတွတ်နေ၏။

နေခြည်က သူ့ကို ညာပြောနေမှန်း နေစိုးကောင်းကောင်း သိဟန်တူသည် ။

"ဒီမှာ နေခြည်"

နေစိုးက နေခြည်၏ လက်နှိပ်စက်ပေါ်တွင် ရိုက်မရအောင် သူ့လက်ကို တင်ထားလိုက်သည် ။

"ကိုစိုး ဒီမှာ အလုပ်တွေ အများကြီးမပြီးရင် ဦးလေးလှခင်နေခြည်ကို ဆူနေမှာ "

"အို ... ဆူဆူကွာ၊ ကိုယ်သိချင်တာကိုတော့ သိရမှ ဖြစ်မယ်"

"ဟင်း ... ခက်တာပဲကိုစိုးရယ် မေသူမိုးလွင် ဘယ်သွားတယ်ဆိုတာ နေခြည်မှ မသိတာဘဲ ခက်လိုက်တာနော်"

စိတ်ရှုပ်ထွေးလှဟန်ဖြင့် နေခြည်က သူ့ခေါင်း လုံးလုံးကလေးက ဆံပင်တွေကို တဗျင်းဗျင်း ကုပ်ပစ်လိုက်သည် ။

"ဒီမှာ နေခြည်၊ ကိုယ် မေသူအတွက် ဘယ်လောက်စိုးရိမ်နေတယ်ဆိုတာ ရင်ခွဲပြလိုက်ချင် တယ် သိလား၊ သူ့အရွယ် သူ့အခြေအနေမျိုးနဲ့ ဒီလိုစိတ်ထင်တိုင်း ထွက်ထွက်သွားသင့်သလား စဉ်းစားပဲကြည့်"

Scanned by CamScanner

"အို ... အဲဒါ နေခြည်ကို ပြောနေလို့ အပိုပဲ ကိုစိုး သူကို တွေ့တော့ပြော"

"ပြောတာပဲ၊ ပြောနေတာမှ ဟောဒီအာကြီး ပေါက်မတတ်ဘဲ၊ ဒီဟာ မလေး နားကိုးမထောင် ဘူး၊ ဟိုလကပဲ ထွက်သွားလိုက်တာ ဘာမှ မပြောမဆိုနဲ့ ဒီက လူကိုရှာလိုက်ရတာ ဒေါင်းတောက်နေ တာပဲ"

နေခြည်သည် ပါးစပ်ကို လက်ကလေးဖြင့်ပိတ်ပြီး ခွီးခနဲ တစ်ချက် ရယ်လိုက်မိသည် ။

"ဘာရယ်တာလဲဟ"

နေစိုးက မျက်နှာထား တင်းတင်းကြီးဖြင့် နေခြည်ကို မကြည်သလို ကြည့်လိုက်သည် ။

"အဟင်း ... ဟုတ်ပါဘူး"

နေခြည်သည် မျက်နှာပိုးသတ်လိုက်သည် ။

"နင့်အကူအညီမပါရင် မေသူ ဘာမှ မလုပ်နိုင်ဘူး နင်မသိဘူးဆိုတာ ငါမယုံဘူး နေခြည်"

"ရော ခက်နေပါပြီ"

နေစိုးသည် နေခြည်ကို ခပ်စူးစူး တစ်ချက်ကြည့်ပြီး သူ့လက်ထဲက စာအိတ်ရှည်ကြီးတစ်ခုကို သူ့စားပွဲပေါ်သို့ ပစ်တင်လိုက်သည် ။

"စက်ဘ်ပုက မစ္စတာဟူးဆီက ပြန်စာ လာပြီ၊ ခု ငါ ဘာလုပ်ရမလဲ နေခြည် ပြောစမ်း ငါ ဘာလုပ်ရမလဲ ရှားတယ် ငွေကိုရသမျှ ကျုံးယူပြီး စီးပွားရေးသမားတွေ မိုးကောင်းတုန်းရေခံလုပ်နေ ကြတာ မေသူမိုးလွှင်ကတော့ ရှားတယ် တကယ့်ကိုး ရှားမှ ရှားပဲ"

Scanned by CamScanner

"အဲဒါတွေ ခက်နေတာပေါ့၊ ကိုစိုးတို့ က ရလေလိုလေလို တစ္ဆေ ဆိုတာမျိုးလို ဖြစ်နေတာကို မေသူက စိတ်ကုန်ခန်းနေတာ သိလား"

"ဟာ ..."

နေစိုးက ခါးထောက်၍ မျက်လုံးကြီးများ ပြူးကာ နေခြည်ကိုကြည့်လိုက်သည် ။

"ဟုတ်တယ်လေ မေသူက လူငယ်တစ်ယောက် တစ်နေ့တစ်နေ့ ဒီငွေကြေး ကိစ္စတွေချည်းပဲ လုံးပန်းနေရတာ၊ ကြားနေရတာကို မကြိုက်ဘူး၊ သူ့မှာ လဲ တစ်သက်စားမကုန်အောင် ရှိနေပြီပဲ၊ ပုံမှန် အလုပ်ဖြစ်နေရင်လဲ ပြီးတာပါပဲ ကိုစိုးရာ"

နေစိုးက နေခြည်ကို ကြည့်ပြီး သူ့ဦးခေါင်းကို တယမ်းယမ်းပြုလုပ်နေ၏။

ဟုတ်လည်း ဟုတ်သည် ။ ပိုင်ရှင်ထက် နေစိုးကပို၍ လောဘဇောတိုက်နေ၏။

အရာရာတွင် လူတွင် ကျယ်လည်း လုပ်ချင်သူဖြစ်သည် ။

မေသူမိုးလွင်၏ ဖခင်ကြီးရှိစဉ်က မန်နေဂျာအဖြစ် မြှောက်စားထားရုံသာမက တစ်နေ့တွင် လည်း သမီးဖြစ်သူနှင့် ရှေ့လက်တွဲပေးရန် ရည်ရွယ်ထားခဲ့သူဖြစ်သည် ။

ဒါတွေကို သိထားသော နေစိုးသည် အခွင့်အရေး အပြည့်အဝကြီးကို ယူကာ မေသူမိုးလွင်ကို သာမက အိမ်ဂျယ် အလှကုန်ထုတ်လုပ်ရေး လုပ်ငန်းကြီးကိုပါ ကြိုးကိုင်ခြယ်လှယ်နေချင်သူ ဖြစ်သည် ။

မေသူမိုးလွင်ကတော့ လုပ်ငန်းတွင် ဝိုင်းဝန်းလုပ်ဆောင်နေသူ တစ်ဦးအဖြစ်သာ နေစိုးကို သတ်မှတ်ထားသည် ။ ထို့ထက် အဆင့်ပို၍ ခင်ပွ

Book Sharing

Scanned by CamScanner

န်းအဖြစ် လက်ခံဖို့ ကိုတော့ လုံးဝလက်မခံနိုင်ဘဲ ဖြစ်နေသည်။

နေစိုးကတော့ ပြောင်သည်၊ မေသူမိုးလွင် သူ့အပေါ် ဘယ်လိုပဲ သဘောထားထား၊ သူ့ဘက်က ရာနိုင်နှုန်း တစ်ရာကျိန်းသေနေသည်။

တစ်နေ့ အိမ်ဂျယ် အလှကုန်လုပ်ငန်းကြီးကို ပိုင်ဆိုင်ရမည်ဟု။

သူ့ကိုကြည့်ပြီး နေခြည်မှာ စိတ်မောနေရသည်။

ဝမ်းလည်း ဝမ်းနည်းမိသည်။

သူ့ဘာကြောင့်များ လောဘကြီးနေတာပါလိမ့်။

ပြီးတော့ ...

မေသူမိုးလွင်သာ တစ်လောကလုံးတွင် တစ်ယောက်တည်းရှိသည် မဟုတ်။

နေခြည်ဆိုတာလည်း ရွက်ကြမ်း ရေကျိုထက် ရုပ်ရည်သာသော မိန်းမလှကလေး တစ်ဦးပါ လားဟု သိရကောင်းမှန်းမသိ။

နေခြည်သည် ရှုးရှုးရှားရှားနှင့် အလုပ်စားပွဲတွင် ထိုင်ချလိုက်သော နေစိုးကို ကြည့်ပြီး မျက်လွှာကလေး ပြန်ချထားလိုက်သည်။

"ကိုစိုးရယ် ရှင်က ကိုယ့်ကိုယ်ကိုယ် ဝေဒနာပေးတဲ့ လူတစ်ယောက်ဖြစ်သလို နေခြည် ကလည်း ကိုယ့်ကိုယ်ကိုယ် ဝေဒနာ ပေးနေမိတဲ့ သူပါပဲ"

ဝေ့ခနဲ ရစ်ဝဲ၍ တက်လာသော မျက်ရည်တို့ ကို အချိန်မီတားဆီးလိုက်ပြီး နေခြည်သည် သူ့ လုပ်ငန်းကို ဆက်၍ လုပ်ကိုင်နေလိုက်သည်။

*****

Scanned by CamScanner

ခုနစ်။

"အားလုံး ဘယ်လောက်ကျပါသလဲရှင်"

မေသူက သူဝယ်ခြမ်းပြီးသော ပစ္စည်းများ စုပုံထားသည် ကို လက်ညှိုးထိုးပြပြီး ဆိုင်ရှင်ကို မေးလိုက်သည်။

"ပစ္စည်းဆယ့်တစ်မျိုး အားလုံးသုံးရာနှစ်ဆယ် ကျပါတယ် မိန်းကလေး"

မေသူက ပိုက်ဆံများ ရေတွက် ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"ဦးကိုလဲ ကျေးဇူးတင်ပါတယ်၊ လိုသမျှပစ္စည်း ဈေးမသွားပဲ ဦးဆိုင်မှာ ဝယ်လို့ ရနေလို့ လေ ပစ္စည်းစုံ တင်ထားတော့ ဦးရောင်းကောင်းမှာပဲနော်"

"အင်း ... ဒီနားမှာ အခြားအလားတူဆိုင်မရှိတော့ ဦးဆိုင်က ရောင်းပန်း ဝယ်ပန်း လှပါ တယ် မိန်းကလေးရဲ့ ၊ ဒါနဲ့ အဖော် မပါဘူးလား၊ ဒီပစ္စည်းတွေ တစ်ယောက်တည်း သယ်လို့ ဘယ်ဖြစ် ပါ့မလဲ"

"နှစ်ခေါက် သယ်မယ်လေ"

"ဘယ်မှာ နေလို့ လဲ"

"ဟိုလမ်းချိုးကလေးက ချယ်ရီမြိုင်မှာ ပါ"

Scanned by CamScanner

"ဩော် ... ရက္ခမြိုင်ဘေးက ဦးဖိုးလူရဲ့ ခြံကိုဝယ်တာ မိန်းကလေး လား"

"ဟုတ်ပါတယ်"

"ဖိုးလူရဲ့ အိမ်ကလေးက မပြင်မဆင်နိုင်လို့ ယိုးယွင်းနေပေမယ့် သူ့ခြံကသာယာတယ်၊ ဆိတ်ငြိမ်မှုလဲသိပ်ရှိတယ်၊ တစ်ဘက်က ရက္ခမြိုင်ကြီးနဲ့ ကပ်နေတော့ ပိုငြိမ်းချမ်းတာပေါ့ကွယ်"

"ဟုတ်ပါတယ် ခြံကြီးက စိတ်ဝင်စားစရာကြီး သူ့ဘက်က ကြည့်လိုက်ရရင် တကယ့်ကို တောကြီးတောင်ကြီးထဲ ရောက်သွားသလိုပါပဲ"

"ဦးတို့ ငယ်ငယ်ကဆိုရင် ရက္ခမြိုင်က ခုလိုတောကြီးမျက်မည်းပုံစံမျိုး မဟုတ်ဘူး ၊ စားပင် သီးပင်တွေ၊ သစ်ပင်ပန်းမာန်မာတွေနဲ့ အင်မတန် နေချင်စဖွယ်ရာ ကောင်းတဲ့ ဥယျာဉ်ကြီး တစ်ခုလိုပဲ ပိုင်ရှင်တွေဟာ သူတို့ ခြံကြီးကို သိပ်မြတ်နိုးပြီး သိပ်ယုယကြတယ်၊ အင်း ... ခုတော့ ဆက်ခံတဲ့ လူ မကောင်းလို့ အမြင်မသာယာရုံတင်မကတော့ဘူး သူများ လက်ကိုပါ မကြာခင် ဝကွက်အပ်ရတော့ မယ့် အခြေအနေတွေ ဖြစ်ကုန်ပြီ ဟောဟိုမှာ ပြောရင်းဆိုရင်း ဖိုးဆက်လာ နေပြီ"

မေသူက နောက်သို့ ချာခနဲလှည့်ကြည့်လိုက်ရာ လက်တွင် ပုလင်းကလေးတစ်လုံးကိုင်၍ ဦးခေါင်းငိုက်စိုက်ချ၍ လျှောက်လာနေသူ တစ်ဦးကိုတွေ့လိုက်ရသည် ။

သူသည် ရက္ခမြိုင်က ဆက်နိုင်မော် ဆိုင်ထဲလှမ်းဝင်လာသော ဆက်နိုင်မော်သည် မေသူကို တွေ့မြင်သွား၏။

"ဩော် မင်း ဒီရောက်နေတာကိုး ဘာတွေဝယ်လဲ"

Scanned by CamScanner

"စုံလို့ ပဲ ..."

မေသူက ပြုံးပြုံးကလေး ပြောလိုက်သည်။

"အတော်ပဲ ဖိုးဆက်ရေ ကလေးမလေး တစ်ယောက်တည်း ကူသယ်မယ့်လူ မရှိဖြစ်နေတာနဲ့ ..."

ဆိုင်ရှင်က ဝင်ပြောလိုက်သည်။

"ဘာတွေလဲ များ လှချည့်လား"

ဆက်နိုင်မော်က စုပုံထားသည့် ပစ္စည်းများကို မျက်လုံးတစ်ချက် ဝေ့ခနဲကြည့်ပြီး ပြောလိုက် သည်။

"စုံလို့ ပါလေ အိုးခွက်ပန်းကန်ကအစ အားလုံးအဲလိုချည်းပဲ မဟုတ်လား၊ ဒါတောင် ထင်း ဘယ်မှာ ဝယ်ရမှန်းမသိလို့ မီးလင်းဖို့ သုံးဖို့ အတွက် ခက်နေတယ်"

"ထင်းကရပါတယ် တို့ ခြံမှာ အများကြီး"

"အို ... အားနာပါတယ်"

"ဟေ့ အားမနာနဲ့ ဖိုးဆက်ဆီမှာ တစ်ပင်လုံးလိုချင်သလား ရနိုင်တယ်"

"ဦးလေးဝင်းကတော့ လုပ်ပြီ၊ ကဲ ... ဆီ လေးဆယ်သားချိန်ဗျာ"

ဆက်နိုင်မော်က သူ့လက်ထဲက ဆီပုလင်းကို ဆိုင်ရှင်ဦးဝင်းအား လှမ်းပေးလိုက်သည်။

"ဘာချက်မလို့ လဲကွ"

"ထမင်းကြော်မလို့ ဆီကုန်နေလို့ ဦးလေးရ"

Scanned by CamScanner

"မနေ့က မျှစ်ချဉ်ဟင်း ကောင်းလား"

"ကောင်းတာတော့ မပြောနဲ့ မနက်ညဆန်လေးလုံးပြောင်တာပဲ အဟင်း ... ဟင်း ... ဟင်း"

သွားစေ့၍ သူရယ်လိုက်ပုံက ကြည့်ကောင်းလွန်းလှသည် ဟု မေသူ ထင်မိသည်။

"ငါ အမဲနှပ်လုပ်ထားတယ်၊ ညနေပို့ပေးလိုက်မယ်"

"နေပါစေ ဦးလေးဝင်းရယ်၊ နေ့တိုင်းပဲ ပေးနေတာ အားနာလှပါပြီ"

"ဘယ်ဟုတ်မလဲကွာ တို့ များက မိတ်ဟောင်း ဆွေဟောင်းတွေပဲ၊ တစ်ယောက်ကို တစ်ယောက် ကြည့်ရမယ့် တာဝန်တွေရှိတယ်၊ မင်းမိဘတွေရှိစဉ်က မင်းကို ဘယ်လိုကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်ဆိုတာ တို့ အသိပဲ ညကတောင်မသိန်းခင်နဲ့ တိုင်ပင်နေသေးတယ်၊ ဒီကပဲချက်ပြီး မနက်ညမင်းကို ထမင်းပို့မလားလို့ "

"ဟာ မလုပ်ပါနဲ့ ဦးလေးဝင်းရာ၊ ကျွန်တော်လက်မခံဘူး၊ ကျွန်တော်ဖြစ်သလို စားတတ် နေတတ်ပါတယ်၊ မပို့နဲ့ နော် ဦးလေးဝင်း ပို့ရင်စိတ်ဆိုးမှာ ပဲ"

"အေးပါကွာ ဒါနဲ့ မနက်က ရုံမိုးငါ့ဆီလာသွားသေးတယ်"

"ဟုတ်လား ဘာတွေပြောသွားသေးလဲ"

ဆက်နိုင်မော်၏ မျက်နှာကြီးရုတ်ချည်း တည်သွားပြီး၊ မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"မင်းများ ငါနဲ့ ဘာလာတိုင်ပင်သေး သလဲတဲ့ ကွာ"

"အဲဒီတော့ ဦးလေးဝင်းက ဘာပြောလိုက်သလဲ ဟင်"

Scanned by CamScanner

"ဖိုးဆက်ဆိုတဲ့ ကောင်က အင်မတန်မာနကြီးတဲ့ ကောင် ကျုပ်ဆီက အကူအညီတောင်းလိမ့် မယ်လို့ ခင်ဗျားထင်သလားလို့ ငါပိတ်ပြောပစ် လိုက်တယ်"

"ကောင်းတယ် အဲသလိုသာပြော ကျွန်တော်တော့ ကြည့်မရတော့ ဘူး ဆွဲထိုးပစ်ချင်စိတ် ပေါက်နေပြီဗျ"

"ဒီလိုတော့ ကိုယ်ထိလက်ရောက် မလုပ်ပါနဲ့ ကွာ ဦးလေး မင်း တောင်းပန်ပါတယ်၊ မင်း စိတ် ကိုလဲ နည်းနည်းပြင်စေချင်တယ်ကွာ မင်းလိုအချိန်မရွေး တို့ များကူညီချင်ပါတယ်၊ ကူလဲ ကူညီနိုင်ပါ တယ် ဟိုတုန်းက ဘသော်ကို အမြင်ကတ်တာနဲ့ တို့ ဝင်မပါပဲ နေခဲ့တာ ကဲပါ လေ ... အေးအေး ဆေးဆေး စကားပြောရအောင် ညဘက် မင်းလာခဲ့ပါ လား၊ ဒါမှ မဟုတ်မင်းဆီ ဦးလေးဝင်း လာခဲ့ရ မလား"

"ကျွန်တော်လာခဲ့မယ်၊ ဦးလေးမလာနဲ့၊ ကဲ ... သွားမယ်"

ဦးလေးဝင်းနှင့်သူ့ကို ခပ်ငေးငေးကလေး ကြည့်နေသော မိန်းက လေးဘက်သို့ ဆက်နိုင်မော် လှည့်လိုက်သည်။

"နေဦး၊ ဒါတွေ ဘယ်လိုသယ်ရမလဲ"

ဆက်နိုင်မော်က သူ့နောက်စေ့က ဆံပင်တွေကို ကုပ်၍ စုပုံထား သော ပစ္စည်းများကိုကြည့်ကာ ပြောလိုက်သည်။

"ဟော့ ... ဖိုးဆက် ငါ့ဘီးယူသွားလိုက်ပါလား၊ မီးသွေးခြင်းရော ကျန် တာတွေရော တစ်ပါ တည်း ရောက်သွားနိုင်တာပေါ့"

"ဟာ ဟုတ်တယ် ဦးလေးဝင်း၊ ကဲ ... ကဲ မင်း ဟို ပလတ်စတစ်ခြင်း ကိုယူပြီး ရှေ့ကသွားနှင့် ကျန်တာတွေ တို့ စက်ဘီးနဲ့ သယ်လာခဲ့မယ်"

"အားနာလိုက်တာ"

Scanned by CamScanner

"အားမနာနဲ့ အားမနာနဲ့၊ ဒါတွေက ဖိုးဆက်အတွက် အသေးအဖွဲပဲ ... အဟဲ ... ဟဲ"

မေသူသည် အပေါ်ပါးဆုံးသော လက်ဆွဲခြင်းတောင်းကလေးကိုသယ်ကာ ဆိုင်တွင်းမှ ထွက်ခွာသွားတော့သည်။

× × ×

"ကောင်မလေးက မင်းနဲ့ အဖွဲ့ကျသွားပြီလား ဟေ့၊ ဖိုးဆက်"

"ဟာ ... ဘယ်က အဖွဲ့ကျရမှာ လဲ ဦးလေးဝင်းရ"

"သိပါဘူးဗျာ၊ ကောင်မလေးက ချောချောလှလှကလေးဆိုတော့ အဟဲ ... ဟဲ"

"ဘယ်လောက်ချောချော စိတ်မဝင်စားပါဘူးဗျာ၊ ကျွန်တော့်မှာ ကျွန်တော့်ဒုက္ခနဲ့ ကျွန်တော်"

"မင်းကလဲ ခေါင်းမာတယ်၊ ငါ ကူညီပါ့မယ်ဆိုတာ ပြောမရဘူး"

"ကျွန်တော့်ဘာသာ ကျွန်တော် ကြိုးစားကြည့်ချင်သေးလို့ ပါ"

"အင်း ... မင်းအဘွားငွေရောင်ရဲ့ စိန်ထည်တွေ ပြန်တွေ့ရင်လဲ အကောင်းသား၊ မင်း သူပြော ခဲ့တဲ့ နေရာကို နည်းနည်းကလေးမှ မမှတ်မိဘူးလား ဖိုးဆက် ဟင်"

"မမှတ်မိဘူး ဦးလေးဝင်းရာ၊ ကျွန်တော်လဲ မှတ်မိအောင် ကြိုးစားနေတာပဲ၊ ကျွန်တော် သစ်ပင်ပေါ်က လိမ့်ကျပြီး ခေါင်းထိပြီး သတိမေ့သွားတဲ့ အရာတွေထဲမှာ အဲဒီတစ်ခုပါနေတာ သိပ် စိုးတယ်၊

Scanned by CamScanner

ဘွားငွေရောင် သူ့ပစ္စည်းတွေ မြှုပ်ခဲ့တဲ့ နေရာကိုသာမှတ်မိရင် ခု ပျက်စီးနေတဲ့ ရက္ခမြိုင်ကို လေ အလျင်ကလို သာယာလှပတဲ့ ရက္ခမြိုင်ကြီးဖြစ်အောင် ကျွန်တော်အချိန်တိုကလေးနဲ့ ပြန်လုပ်ယူ နိုင်တယ်ဗျာ"

"အင်း ... ဒေါ်ငွေရောင်ကလဲ မင်းကလွဲလို့ သူ့သားနှစ်ယောက်ကို မယုံတော့ လုပ်မိလုပ်ရာ လုပ်သွားခဲ့တာနေမှာ ပဲ၊ ငါလဲ ဆုတောင်းနေပါတယ်၊ မင်းအဘွားရဲ့ ပစ္စည်းတွေ အချိန်မီပြန်ရှာလို့ တွေ့ပါစေလို့ ကဲ ... ကဲ ... သွားတော့ သွားတော့ ဟိုကောင်မလေးတောင် အိမ်ရောက်လုရောပေါ့"

ဆက်နိုင်မော်သည် တောင်းကြီးတစ်လုံးထဲတွင် စုထည့်ထားသော ပစ္စည်းများ နှင့် မိးသွေး အိတ်ကို စက်ဘီးပေါ်တွင် တင်ပြီး ဦးဝင်း၏ ဆိုင်အတွင်းမှ တွန်းထွက်လိုက်သည် ။

*****

ရှစ်။

မေသူသည် သူ့ခြင်းတံခါးလေးကိုကိုင်ပြီး ဦးဝင်း၏ ဆိုင်ဘက်ဆီသို့ ငေးမျှော်ကြည့်နေမိ၏။

သူ့စိတ်ထဲတွင် တော့ ဦးဝင်းနှင့် ဆက်နိုင်မော်တို့ အချီအချပြောခဲ့သော စကားများကို ကြား ယောင်၍ နေမိသည် ။

ရက္ခမြိုင်နှင့်ပတ်သက်၍ ဆက်နိုင်မော်တွင် ဘယ်လို အခက်အခဲတွေ ရှိနေသည် ကို ပြည့်ပြည့် စုံစုံကြီး သူ သိချင်နေသည် ။

တစ်ဦးကိုတစ်ဦး သိကြသည် မှာ နှစ်ဆယ့်လေးနာရီပင် မပြည့်မတတ်သေးသောကြောင့် မေးမြန်းရမည်မှာ ခက်နေ၏။

"ရက္ခမြိုင်ကို ဆက်ခံတဲ့ လူတစ်ဦးတစ်ယောက် မကောင်းလို့ ဆိုတာ ဘယ်သူပါလိမ့်၊ သူများ လက်ကို ဝကွက်အပ်ရတော့မယ်ဆိုတာ ဘယ်လိုအကြောင်းတွေကြောင့်ပါလိမ့်၊ အစ်ကိုဆက်နိုင်မော် ကိုကြည့်ရတာ ရက္ခမြိုင်ကို သိပ်ခင်တွယ်နေတဲ့ ပုံပဲ၊ အင်း သူ ဘယ်လိုဒုက္ခတွေ ရောက်နေတာပါလိမ့်၊ သူ့ကိုငါ ကူညီနိုင်မလား၊ အို ... ငါ့အကူအညီကိုမပြောနဲ့ သူတို့ ရဲ့ မိတ်ဟောင်းဆွေဟောင်း ဦးလေး ဝင်းရဲ့ အကူအညီတောင် သူက ငြင်းဆန်နေတာဆိုတော့ ဟင်း ... ခက်လိုက်တာနော်"

"နောက်ဖေးဘက် တစ်ခါတည်း ယူသွားလိုက်မယ်"

ဆက်နိုင်မော် ရောက်ရှိလာသဖြင့် မေသူ၏ စဉ်းစားခန်း ပြတ်တော

Scanned by CamScanner

က်သွား၏။

"ဪ ... ဟုတ် ... ဟုတ်ကဲ့"

ဆက်နိုင်မော်သည် အိပ်ကိုပတ်၍ နောက်ဖေးမီးဖိုချောင်ဘက်ဆီသို့ စက်ဘီးကို တွန်းယူသွား ခဲ့သည် ။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရာ၊ နို့မို့ဆို မေသူ တစ်ယောက်တည်း ဘာလုပ်ရမှန်း သိမှာ မဟုတ်ဘူး "

"အိမ်နီးနားချင်းပဲ ဒီလောက်တော့ ကူညီရမှာ ပေါ့"

ဆက်နိုင်မော်က မီးဖိုခုံပေါ်တွင် မီးသွေး မီးဖိုကလေးကို တင်ပေးရင်း ပြောလိုက်သည် ။

ဒန်အိုးကလေးနှစ်လုံး၊ ဒယ်အိုးကလေးတစ်လုံး၊ ဆန်၊ ဆီ၊ ဆား ငရုတ် ကြက်သွန် အစရှိ သည် များ ၊ အခြောက်အခြမ်း ဟင်းချက်စရာများကို မေသူက ပြည့်ပြည့်စုံစုံ ဝယ်ခြမ်းလာခြင်းဖြစ် သည် ။

"ဦးလေးဝင်းဆိုင်က ပစ္စည်းလဲစုံတယ်၊ ဝယ်လို့ လဲကောင်းတယ်နော် "

"ဦးလေးဝင်းတို့ က ကုန်စုံဆိုင် တည်ထားတာ တို့ ငယ်ငယ်ကလေး တည်းကပဲ၊ အပြောလဲချို လက်လဲမတိုတော့ ရောင်းသူရော ဝယ်သူရော စိတ်ချမ်းသာရတယ်လေ၊ ကဲ စိတ်ချမ်းသာပြီလား ဘာ ကူညီရဦးမလဲပြော"

"ဟို ... အစ်ကို ဆက်နိုင်မော်ခြံမှာ ခြည်ပုပ်တဲ့ ကတ်ကြေးကြီးရှိလား"

"ရှိတယ် ဘာလုပ်မလို့ လဲ"

"ခြံစည်းရိုးက ပုဏ္ဏရိပ်ပင်တွေကို ဖြတ်ချင်လို့ ပါ"

Book Sharing

Scanned by CamScanner

"မင်း ဘယ်လုပ်နိုင်မလဲ"

ဖြေး ဖြေး ... ဖြေး ဖြေး တစ်နေ့ နည်းနည်း လုပ်သွားရင်တော့ ဖြစ်မှာ ပါ

"တို့ အားရင် လာလုပ်ပေးမယ်"

"အားနာတယ်"

"မလိုပါဘူးကွာ"

"ဒါဖြင့် ဒီလိုလုပ်လေ မနက်စာ ဒီမှာ စား မေသူ ချက်ထားလိုက်မယ် "

တို့ က အစားကြီးတယ်၊ မင်းထမင်းအိုး တို့ တစ်လုတ်စာပဲရှိမယ်

"အဟင်း ... မပူပါနဲ့ အဝစားနိုင်အောင် မေသူချက်ပြုပ်မယ် ဒါပဲ နော် ဆက်ဆက်လာစားရ မယ်၊ မလာရင် မေသူလိုက် ခေါ်မှာ ပဲ"

ဆက်နိုင်မော်က မျက်နှာကြီး ပြုးတုံ့တုံ့ဖြင့် ဦးခေါင်းကို ဆတ်ခနဲညိတ်ကာ စက်ဘီးကလေး ကို လျင်မြန်စွာစီး၍ ထွက်ခွာသွားတော့သည် ။

***

မေသူသည် အိုးခွက်ကလေးများကို ဆေးကြောလိုက်ပြီး ထမင်းကို နို့ဆီဘူးနှစ်လုံး နှစ်ခါပြန် ချက်၍ လှယ်ထားလိုက်သည် ။

ပဲနီလေးနှင့် ဂျုံကြာဆံကို မပျစ်မကျဲလေး တစ်ခွက်ချက်ပြီး နေခြည်ထည့်ပေးလိုက်သော ဝက်သားလုံးကို ဆယ်လုံးယူ၍ ကြော်လိုက်သည် ။

ငါးသေတ္တာတစ်ဘူးကို ဖောက်၍ ကြော်ပြီး ကြက်သွန်နီကလေး ပါး ပါးလှီးထားကာ သုပ်စား ဖို့ စားပွဲပေါ်တွင် အသင့်ပြင်ထားလိုက်သည် ။

Scanned by CamScanner

မေသူတစ်ယောက် နံနက်စာအတွက် မီးဖိုထဲတွင် လုံးပန်းနေစဉ် ဆက်နိုင်မော်သည် ကတ်ကြေးကြီး တစ်လက်ဖြင့် အိမ်ရှေ့ဘက်ကစ၍ ချုံနွယ်ပင်များကို ရှင်းလင်းပြီး ရှည်ထွက်နေ သော ပုဏ္ဏရိပ်ပင်များကို ဖြတ်တောက်၍ ညှိကာ ညီနေအောင် ပြုလုပ်နေသည်။

"ဟူး လူကို မောသွားတာပဲ"

စားသောက်ဖွယ်ရာများ စားပွဲပေါ်တွင် စိတ်တိုင်းကျ ပြင်ဆင်ပြီးသောအခါ နံပူးတွင် စို့ထွက် နေသော ချွေးဥကလေးများကို မေသူက သုတ်လိုက်သည်။

"အိမ်မှုကိစ္စ ဗာဟိရဆိုသည် မှာ လည်း လုပ်စမရှိတော့ အမောသား"

ချွေးကလေးတွေကို လက်ကိုင်ပဝါကလေးဖြင့် တတို့ တို့ သုတ်ရင်း အိမ်ရှေ့သို့ ထွက်လာသည့် အခါတွင် ရှင်းလင်းသပ်ရပ်၍ လှပနေသော အိမ်ရှေ့မျက်နှာစာကို စိတ်ကြည်နူးဖွယ်ရာ တွေ့မြင်လိုက် ရသည်။

"ဟယ်ကြည့်စမ်း၊ သူ ဘယ်အချိန်ထဲကရောက်ပြီး လုပ်နေတယ် မသိဘူး၊ တော်တော်တောင် ပြီးသွားပြီပဲ"

မေသူသည် အိမ်ရှေ့တံခါးမကြီးကိုဖွင့်ကာ ခြံဝင်းထဲသို့ ဆင်းလိုက်သည်။

"ဘယ်လိုလဲ သဘောကျရဲ့ လား"

"အို ... ဘယ့်နှယ်ပြောပါလိမ့်၊ ကောင်းမှ ကောင်း"

ဆက်နိုင်မော်သည် ကောင်မလေး၏ အပြောကို သဘောကျကာ ပြုံးလိုက်သည်။

"အစ်ကို ဆက်နိုင်မော် နားတော့လေ၊ ဒီနေ့ ဒီလောက်ဆိုရင် တော်ပါ

Scanned by CamScanner

ပြီ၊ ထမင်းလဲ အဆင် သင့်ဖြစ်နေပြီ၊ စားကြရအောင်လေ"

"နေဦး ဒါလေး နည်းနည်းကျန်တာ ရှင်းပြီးရင် နားလိုက်တော့မယ်"

မေသူသည် ဖြတ်ချထားသော နွယ်ပင်နှင့် အမှိုက်များကို နောက်ဖေးဘက်သို့ သယ်ယူရန် ကုန်းကောက်လိုက်သည်။

"ထား လိုက်လေ ဒီလို သယ်လို့ ဘယ်ပြီးမလဲ၊ ဟိုမှာ လက်တွန်းလှည်းယူလာတယ် တို့ ပဲ သိမ်းလိုက်ပါ့မယ်၊ ဒီအလုပ်တွေ မင်းမလုပ်နိုင်ပါဘူး"

"လုပ်နိုင်အောင် လေ့ကျင့်ရမှာ ပေါ့"

"တို့ မရှိတဲ့ အချိန်မှာ လုပ် တို့ ရှေ့မှာ မလုပ်နဲ့ "

မျက်နှာထား တည်တည်ကြီး ပြောလိုက်သဖြင့် မေသူ၏ လက်ကလေး တွန့်ခနဲ ဖြစ်သွားပြီး ထရပ်လိုက်သည်။

ဆက်နိုင်မော်သည် ခြံစည်းရိုးကို တစ်ကန့်ဖြတ်ပြီး သွားသောအခါ သံတွန်းလှည်းကလေး ပေါ်တွင် အမှိုက်သရိုက်များကို စုတင်ကာ အိမ်နောက်ဖေး ကွက်လပ်တစ်ခုတွင် စုပုံထားလိုက်သည်။

"ခြောက်တော့ မီးရှို့ပစ်လိုက်ပေါ့"

"အင်း ..."

"တို့ ရေချိုးပြီးမှ ပြန်လာခဲ့မယ်"

ဆက်နိုင်မော်သည် ကတ်ကြေးနှင့် လက်တွန်းလှည်းကို မေသူ၏ အိမ်နောက်ဖေး စတိုခန်း တွင် ထားသိုခဲ့ပြီး သူ့ခြံဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားသည်။

ထိုအချိန်အတွင်း မေသူလည်း ကပျာကယာ ရေမိုးချိုး အဝတ်အစား

Scanned by CamScanner

လဲလှယ်ပြီး ထမင်းပွဲကို အသင့်ပြင်ဆင်ကာ ဆက်နိုင်မော်ကို စောင့်နေလိုက်သည် ။

ဖားဖားဝေနေသော ဆံပင်ကို ဘီးကုပ်ဖြူဖြူကလေးဖြင့် ပင့်တင်၍ ထားနေသော မေသူ၏ အသွင်သည် ပုံပြင်ထဲက နတ်သမီးကလေး တစ်ပါးကဲ့သို့ လှလွန်းနေ၏။

ပစ်မျိုးမှ ညှိမထင် မွတ်စင်အောင် လှသောသူကလေးများ ရှိမှန်းကိုတော့ ဆက်နိုင်မော်သိ သည် ၊ သို့သော် နဖူးတွေ့ဒူးတွေ့တစ်သက်နှင့်တစ်ကိုယ်တွင် သည် တစ်ကြိမ်သာ တွေ့ဖူးမြင်ဖူးပါ၏။

ဘယ်တုန်းကမှ လဲ သည် လို တွေ့ဆုံ ကြုံကြိုက်လာမည်ဟု မထင်မိခဲ့။

ခုတော့ မေသူမည်သည့် ဘုံကြိုးပြတ် နတ်မိမယ်ကလေးသည် သူ့ရှေ့မှောက်သို့ ရောက်နေပြီ ဖြစ်သည် ။

"လာအစ်ကို ဆက်နိုင်မော်"

လက်စည်းစပို့ရှပ် ခပ်နွမ်းနွမ်းကလေးနှင့် ကွပ်စိပ်ပုဆိုးအရောင်မွဲမွဲကလေးကို ဝတ်ဆင်ထား သော ဆက်နိုင်မော်သည် ထမင်းစားပွဲထိပ်တစ်ဘက်တွင် ဝင်ထိုင်လိုက်သည် ။

"ဘယ်ဆိုးလို့ လဲ ဘုရားစင်တွေ ဘုရားအိုးတွေ အလှပန်းအိုးတွေနဲ့ပါလား"

ဆက်နိုင်မော်က သပ်ရပ်နေသော အပြင်အဆင်များကိုကြည့်ကာ ကျေနပ်လှဟန်ဖြင့် ပြောလိုက်သည် ။

"အဟင်း ... မေသူက အလှပန်းအိုးထိုးတာ သိပ်ဝါသနာပါတယ်လေ ၊ ပြီးတော့ အိမ်ဆိုတာ ဘုရားရှိရတယ် မဟုတ်လား၊ မေသူ သွားလေရာ

Scanned by CamScanner

ရာ အမြဲပင့်သွားတတ်တဲ့ ချောင်းဝဘုန်းဘုန်းရဲ့ မဟာသိဒ္ဓိရှင် ပြဒါးဓာတ်သား မြတ်စွာဘုရားပုံတော်လေးလေ ဖူးဘူးသလား"

"တို့ ဒီတစ်ခါပဲ ဖူးဖူးသေးတယ်၊ တို့ အိမ်မှာ ကတော့ ဘွားငွေရောင် ကိုးကွယ်ခဲ့တဲ့ မဟာမြတ် မုနိ ကြေးဆင်းတုတော်ကြီးတစ်ဆူပဲ ရှိတယ်"

"ဟုတ်လား တစ်ခေါက်လောက်တော့ လာဖူးချင်တယ်"

"ကြိုက်တဲ့ နေ့ လာခဲ့လေ"

"ရက္ခမြိုင်အိမ်ကြီးက အကြီးကြီးပဲ နေမှာ ပဲနော်"

"ဟုတ်တယ် အထပ်သုံးထပ်ရှိပြီး တစ်အိမ်လုံးမှာ အိပ်ခန်းပေါင်းဆယ်ခန်းရှိတယ်၊ ဆင်ဝင် သုံးဘက်ရှိတယ်၊ အားတဲ့ နေ့လာကြည့်လေ ကိုယ်တိုင်မြင်ရတော့ ကောင်းတာပေါ့"

"ဟုတ်ကဲ့"

မေသူက ထမင်းပန်းကန်ကို ဆက်နိုင်မော်၏ ရှေ့တွင် ချပေးရင်း ပြောလိုက်သည်။

"ထမင်းတွေ များ လှချည်လား၊ အိုး သေးသေးလေးနဲ့ ဘယ်လိုချက်သလဲ"

"နို့ဆိုဘူး နှစ်လုံးချက်၊ နှစ်ခါချက်တယ်လေ"

"အားနာစရာတော့ ဖြစ်ကုန်ပြီ"

"အားနာရမှာ က မေသူပါ မေသူအလုပ်တွေကို အစ်ကိုက အလုပ်အပျက်ခံပြီး လာလုပ်ပေး နေရတာ"

"တို့ က တစ်နေ့တစ်နေ့ ခြံထဲမှာ အလုပ်မရှိ အလုပ်ရှာလုပ်နေတာပါ ၊ ဩော် ဒါနဲ့ တို့ လှဲထားတဲ့ သစ်ပင်ကြီး ခုတ်နေတာ ပြီးလုပြီ မင်းအတွ

Book Sharing
Scanned by CamScanner

က် ထင်းမပူနဲ့ တို့ ပေးမယ်၊ ဦးလေးဝင်းကိုလဲ ပေးဖို့ စိတ်ကူးထားတယ်
။

"ကျေးဇူးကမ္ဘာပါပဲ ဟင်းတွေ ထည့်စားနော်၊ ဒါက ငါးသေတ္တာသုပ်၊ ဟောဒီပုလင်းထဲက ငပိကြော်၊ ဒါက ကြာဆံနဲ့ ပဲနီလေး"

"အဲဒါကကော"

"အဲဒါဝက်သားလုံးကြော်လေ၊ အရသာက ဝက်အူချောင်းအတိုင်းပဲ၊ ရောစားကြည့်အစ်ကို ဆက်နိုင်မော်"

"အား ... အား သိပ်မထည့်နဲ့ တော်ပြီ များ နေပြီ"

"အိုစားစမ်းပါ ... ကိုယ်စားနေကျအတိုင်းသာစား မေသူ့ကို အားမနာနဲ့ မရှက်နဲ့ "

"တို့ က ရှက်လဲမရှက်တတ်ဘူး၊ အားလဲမနာတတ်ပါဘူး"

"ဒါမျိုးမှ မေသူကကြိုက်တာ အဲ ..."

လွှတ်ခနဲပြောပြီးမှ ရှက်သွားဟန်ဖြင့် မေသူ၏ မျက်နှာ ဖွေးဖွေးကလေး ရဲခနဲဖြစ်သွား၏။

ဆက်နိုင်မော်၏ ရင်ထဲတွင် လည်း ဒိန်းခနဲ ခုန်သွားသည် ။ သို့သော် မသိဟန်ဆောင်နေလိုက် သည် ။

"ဟို ... ငါးသေတ္တာသုပ် ကောင်းလားဟင်"

"သိပ်ကောင်းပါတယ်၊ ပဲဟင်းလဲကောင်းတာပဲ၊ မင်းဒီမနက် စီစဉ်ထားတဲ့ ဟင်းလျာတွေက လိုက်တယ်"

"မေသူ ဈေးလဲမသွားတတ်သေးတော့ ရှိတာလေးတွေနဲ့ ပဲ စီစဉ်ပြီးချက်လိုက်ရတာ နောက်မှ ဟင်း စုံစုံလင်လင်ကလေး ချက်ပြီး

Scanned by CamScanner

ကျွေးရဦးမယ်"

"အားနာစရာတွေတော့ ဖြစ်ကုန်တော့မှာ ပဲ"

"အဟင်း ... ဟင်း ... ဟင်း"

မေသူက ပုလဲသွယ်ကဲ့သို့သော သွားဖွေးဖွေး သန့်သန့်ကလေးများ ပေါ်အောင် ရယ်မောလိုက် သည် ။

"တို့ အိမ်လာလည်ရင်တော့ မင်း ရေနွေးကြမ်းနဲ့ ဆိတ်သားခြောက်ကြော်လောက်ပဲ စားရ မယ်"

"ဖြစ်ပါတယ်၊ မေသူက ဆိတ်သား သိပ်ကြိုက်တာ ဒါနဲ့ အစ်ကိုဆက်နိုင်မော် ကိုယ့်ဘာသာ ကိုယ် ချက်ပြုတ်စားရတာပေါ့နော်"

"တစ်အိမ်လုံးမှာ တစ်ယောက်တည်းပဲရှိတာ ကိုယ့်ဘာသာကိုယ် ချက်မစားရင် ငတ်သွားမှာ ပေါ့၊ ဦးလေးဝင်းကတော့ တို့ ပြန်ရောက်လာကတည်းက ဟင်းတွေ ခဏခဏ ချက်ပို့ပေးနေတာပဲ မပို့နဲ့ ဆိုလဲမရဘူး ၊ သိပ်အားနာနေပြီ"

"တို့ ပြန်ရောက်ကတည်းကဆိုတော့ အစက အစ်ကိုက ဘယ်မှာ သွားနေနေလို့ လဲ"

ဆက်နိုင်မော်၏ မျက်နှာကို မျက်လုံးလေးတစ်ချက် လှမ်း၍ မေသူက ကြည့်လိုက်သည် ။

"ရန်ကုန်မှာ လေ"

"ရန်ကုန်မှာ "

မေသူ၏ မျက်ဝန်းလှလှကလေး ဝင့်ခနဲ ဖြစ်သွားသည် ။

"ဟုတ်တယ်"

Scanned by CamScanner

"အ လုပ်သွားလုပ်တာလားဟင်"

"မဟုတ်ဘူး ... ကျောင်းသွားတက်တာ"

"အစ်ကိုဆက်နိုင်မော်က ဘာတက်နေတာလဲ"

"အာအိုင်တီ"

"ပြီးပြီလား"

"ဒီနှစ်ပဲပြီးတာ ဗိုင်နယ်စာမေးပွဲနားနီးမှ ဒီမှာ အိမ်စောင့်နေခဲ့တဲ့ တို့ ဦးလေး အဆုတ် ကင်ဆာဖြစ်ပြီး ရန်ကုန်ကိုရောက်လာတယ်"

"ခုကောဟင် သူရှိသေးလား"

"ဆုံးသွားပြီ ဒါကြောင့် စာမေးပွဲဖြေပြီးပြီးချင်း တို့ ရက္ခမြို့ကို ပြန်လာတာ"

"ဒီမှာ အစ်ကိုတစ်ယောက်တည်းလား"

"တစ်ယောက်တည်းပဲ"

"ဆွေမျိုးတွေ မရှိဘူးလား"

"မရှိဘူး တစ်လောကလုံးမှာ တို့ တစ်ယောက်တည်း"

မေသူသည် ညှိုးသွားသော သူ့မျက်နှာကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိသည်။

"သူလဲငှါလိုပါပဲလား"

"ကဲ ... စားလို့ သိပ်ကောင်းပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်"

"အို မေသူကသာ ကျေးဇူးတင်ရမှာ ပါ၊ မေသူမလုပ်နိုင်တဲ့ အလုပ်တွေကို အစ်ကိုက လာလုပ် ပေးနေတာပဲ"

Scanned by CamScanner

"ကဲ ... ရပါတယ် မလုပ်နိုင်တဲ့ အလုပ်မှန်သမျှ ချန်သာထား ထမင်းကျွေးရင် တော်ပြီ လာလုပ်ပေးမယ်"

"တစ်ကယ်နော်၊ ဒီက နေ့တိုင်း ကြက်သား၊ ဝက်သားနဲ့ ကျွေးဖို့ အဆင်သင့်သိလား"

"မလိုပါဘူး ဒီနေ့ ဟင်းမျိုးလောက်ဆိုရင်ပဲ မဆိုးပါဘူး၊ ကဲ ... ပြောပြောဆိုဆိုပဲ သွားလိုက် ဦးမယ် ဂေါ်ရခါးရှာဘက် ခဏလောက်သွားမလို့ "

မေသူက ဦးခေါင်းကလေးကို ဆတ်ခနဲညိတ်ပြလိုက်သည်။

*****

Scanned by CamScanner

ကို။

ဆက်နိုင်မော်သည် ဦးဝင်း၏ စက်ဘီးကလေးနှင့် ထွက်လာခဲ့သည် ။ နဂိုစိတ်ကူးက ဂေါ်ရခါး ရွာက ဦးစံဘဆီသွားလည်ဖြစ်သော်လည်း သွားရင်းသွားရင်း စိတ်တွေ ထွေပြားလာသဖြင့် လမ်းခု လတ်ရောက်သည့်အခါတွင် တော့ စိတ်ပြောင်းသွားပြီး ပွဲကောက်ရေတံခွန်ဘက်သို့ ထွက်ခဲ့သည် ။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မဟုတ်ဘဲ ကြားရက်ဖြစ်သဖြင့် ရေတံခွန်တစ်ဝိုက်တွင် လူသူ နည်းပါး၍ နေသည် ။

အရိပ်ကောင်းကောင်း တစ်နေရာတွင် ဆက်နိုင်မော်သည် စက်ဘီးကလေးကို လဲချလိုက်ပြီး သက်သောင့်သက်သာ နေပစ်လိုက်သည် ။

လက်နှစ်ဖက်ယှက်၍ ဦးခေါင်းကိုတင်ကာ မျက်စေ့ကို မှိတ်လိုက်သည့် တစ်ခဏတွင် ဆံကေ သာ မည်းနက်နက်ကလေးနှင့် ဖွေးသန့်နေသော မေသူ၏ မျက်နှာကို သူ့မျက်စေ့ထဲတွင် မြင်ယောင် လာမိ၏။

"မင်း တို့ ဘဝထဲကိုဘာဖြစ်လို့ ဝင်လာရတာလဲ မိန်းကလေးရယ်"

ဆက်နိုင်မော်သည် ရင်ထဲတွင် မွန်းကျပ်သွားသည် ။

အလုပ်အကိုင်မရှိသည့်အပြင် ရက္ခမြိုင်အတွက် ကျဉ်းထဲကျပ်ထဲရောက်ချိန်တွင် သူ့အချစ်ကို မရှာလိုပေ။

Scanned by CamScanner

သို့သော် အချစ်စိတ်ကို မလာပါနဲ့ ဟု တားလို့ ရမည်လား။

အချစ်စိတ်ကို လာပါဟု ခေါ်ချင်တိုင်း ခေါ်လို့ ကောရမည်လား။

အကောင်အထည် လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ အင်မတန် သိမ်မွေ့နူးညံ့စွာဖြင့် အသည်း နှလုံးထဲမှ ပေါ်ထွက်လာတတ်သော အချစ်စိတ်သည် ဆန်းကြယ်၍ အံ့ဩစရာ ကောင်းလှပါဘိသည် ။

"အချစ်တို့ အနားကို မလာနဲ့ ကွာ၊ မလာပါနဲ့ အချစ်ကို တို့ လက်မခံနိုင်ဘူး၊ အချစ်ကို လက်ခံ နိုင်လောက်တဲ့ အခြေအနေ တို့ မှာ မရှိဘူး၊ တို့ဟာ ချောက်ကမ္ဘာထဲကျနေတဲ့ လူတစ်ယောက် ဒုက္ခပြွန်း တဲ့ ခရီးကြမ်းကို လျှောက်နေရတဲ့ လူတစ်ယောက် ဟား ... အချစ်ရယ် မင်းနဲ့ မဆုံမိကြရင် အကောင်း သား"

ဆက်နိုင်မော်သည် မျက်လုံးအစုံကို တင်းကျပ်စွာ မှိတ်ထားလိုက်သည် ။

"ဘွားငွေရောင် ဘွားငွေရောင်"

ဆက်နိုင်မော်သည် ဘွားငွေရောင်ကို အသံများ ထွက်၍ တမ်းတလိုက်မိသည် အထိ ဖြစ်သွား သည် ။

"ဘွားငွေရောင်ရယ် သား ဒုက္ခရောက်နေပြီဗျာ၊ သားမေ့နေတာတွေကို ဘွားငွေရောင် သတိရ အောင် လုပ်ပေးရင် သားဒုက္ခတွေ ငြိမ်းအေးသွားမှာ ပဲ ဘွားငွေရောင်တို့ ဖေဖေတို့ အင်မတန်မြတ်နိုး လှတဲ့ ရက္ခမြို့င်ကြီးကို သားလက်လွတ်ဆုံးရှုံးမခံနိုင်ဘူးဗျာ၊ ဘွားနဲ့ သား ရတနာတွေကို ဝှက်ထားတဲ့ နေရာကို သား သတိပြန်ရချင်လိုက်တာ သတိပြန်ရချင်လိုက်တာ သား တမ်းတနေတာသိရင် ဘွားငွေရောင် သားဆီကို လာပြီး ပြောလိုက်စမ်းပါဗျာ ရတနာတွေ ဘယ်မှာ ရှိတယ်ဆိုတာ ပြောလိုက် စ

Scanned by CamScanner

မ်းပါ"

ဆက်နိုင်မော်၏ တစ်အားမှိုတ်ထားသော မျက်လုံးအိမ်နှစ်ဘက်မှ မျက်ရည်များ ပင် စီးကျလာ သည် ။

ကိုယ့်ကိုယ်ကိုယ် မချင့်မရဲဖြစ်ကာ ဒေါသစိတ်တွေ ရုတ်ချည်းဝင်လာပြီး ဆက်နိုင်မော်သည် ဝုန်းခနဲထရပ်လိုက်သည် ။

ထို့နောက် ...

စက်ဘီးကလေးကို ဆွဲထောင်ကာ လွှားခနဲတက်ပြီး ရက္ခမြိုင်ဆီသို့ အားကုန်နင်း၍ ပြန်လာခဲ့ သည် ။

သူ့မျက်နှာကြီးသည် သုန်မှုန်လွန်းနေ၏။

***

မေသူသည် ခြံဝင်းထဲတွင် အပန်းဖြေနားနေ နေရင်း အမှတ်မထင်ဘဲ စက်ဘီးကို အသားကုန် နင်းသွားသော ဆက်နိုင်မော်ကို တွေ့မြင်လိုက်ရသည် ။

ဆက်နိုင်မော်၏ မျက်နှာသည် ခက်ထန်တင်းမာနေ၏။

"အို ... သူဘာတွေဖြစ်လာသလဲ၊ သူ့အကြောင်းတွေ ငါ သိချင်လိုက်တာ၊ သူ့ဒုက္ခတွေ ငါမျှဝေခံစားချင်လိုက်တာ"

မေသူသည် ခြေဖျားကလေးထောက် မျက်နှာကလေး မော့၍ တစ်ဘက်ခြံဆီသို့ ကဲကြည့်လိုက် သည် ။

ဆက်နိုင်မော်သည် ရက္ခမြိုင် ခြံဝင်းကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီ ဖြစ်တော့သည် ။

Scanned by CamScanner

"ဒုန်း … ဒုန်း … ဒုန်း …"

မကြာမီ ရုက္ခမြိုင်ကြီးထဲမှ တဒုန်း ဒုန်း အဆက်မပြတ် ထုနက်သံများ ထွက်ပေါ်လာသံကို မေသူကြားလိုက်ရသည်။

"အိုး … ဘာတွေ ဖြစ်ကုန်ပြီလဲ၊ သူ ဘာတွေများ ထုနေတာပါလိမ့်"

သိချင်စိတ်တွေ တားဆီးမရသဖြင့် မေသူသည် တစ်ဘက်ခြံဆီသို့ သွက်လျင်သော ခြေလှမ်း များ ဖြင့် ဝင်ရောက်ခဲ့မိတော့သည်။

အိမ်ရှေ့တံခါးမကြီး ဟင်းလင်းပွင့်နေသည်။

"ဒုန်း …"

"ဒုန်း …"

"ဒုန်း ကဲဟာ …"

"ဒုန်း …"

"အို … အစ်ကို ဘာတွေလျှောက်လုပ်နေတာလဲ"

မေသူ တူကြီးကို မြှောက်ခနဲနေအောင် လေတွင် မြှောက်တင်လိုက်သော ဆက်နိုင်မော်၏ လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဟင် … မင်း … မင်း ဘာဖြစ်လို့ ဒီအိမ်ထဲ ဝင်လာတာလဲ၊ သွား ခု ထွက်သွား"

မေသူ့ကို စူးစူးရဲရဲကြီးကြည့်ပြီး အော်ပစ်လိုက်သည်။

သူ့စိတ်နှင့်သူ့ကိုယ်မှ ဟုတ်ပါလေစ။

"အို …"

မေသူသည် မျက်နှာကို လက်ကလေးနှစ်ဖက်ဖြင့် အုပ်ကိုင်ရင်း ထိ

Scanned by CamScanner

တ်လန့်ပြူးကျယ်နေသော မျက်လုံးများ ဖြင့် ဆက်နိုင်မော်ကို ကြည့်လိုက်သည် ။

အတော် တုန်လှုပ်ချောက်ချားသွား၏။

ဆက်နိုင်မော်၏ မျက်နှာသည် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် တင်းမာ ခက်ထန် နေသည် မဟုတ်ပါလား။

"ဟာ: ..."

ဆက်နိုင်မော်သည် စူးရဲစွာ မေသူကို ကြည့်နေရာမှ ပင့်သက်ရှိုက်၍ မျက်လုံးများကို မှိတ်ရင်း အရုပ်ကြိုးပြတ်သလို ထိုင်ချလိုက်သည် ။

သူ့ဦးခေါင်းကြီးသည် ကြမ်းတွင် စိုက်လုမတတ် ဖြစ်နေ၏။

တူကို မလွှတ်စတမ်း ဆုပ်ကိုင်ထားသော သူ့လက်သည် အကြောပြိုင်းပြိုင်း ထ၍ နေသည် ။

မေသူသည် သူ့နံဘေးတွင် ထိုင်ချလိုက်ပြီး သူ့လက်ကလေးကို ဆက်နိုင်မော်၏ လက်ပေါ် တွင် အုပ်မိုး၍ ကိုင်လိုက်သည် ။

ဘာကြောင့် သည် လို လုပ်လိုက်မိမှန်း ကိုယ့်ကိုယ်ကိုယ် မသိတော့။

"အစ်ကိုရယ် ဘာတွေဖြစ်နေတာလဲဟင်၊ မေသူ မသိရဘူးလား"

"မင်း ... မင်း သိလို့ ကော ဘာထူးမှာ လဲကွာ"

စိတ်ပျက်ဝမ်းနည်းသံကြီးဖြင့် ဆက်နိုင်မော်က သူ့မျက်နှာကို မကြည့်ဘဲ ပြောလိုက်သည် ။

"ဖြစ်နေတဲ့ ပြဿနာကို ခေါင်းတစ်လုံးထဲ စဉ်းစားတာထက် ခေါင်းနှစ်လုံးစဉ်းစားရင် ပိုကောင်းမယ်လို့ မေသူ ထင်ပါတယ် အစ်ကို"

"မင်းတို့ နဲ့ ဘာဖြစ်လို့ ပတ်သက်ချင်ရတာလဲကွာ"

Scanned by CamScanner

"ခင်လို့ ပေါ့ အစ်ကိုဆက်နိုင်မော်ရယ် ခင်လို့ ပေါ့၊ အစ်ကိုနဲ့ မေသူ မနေ့ကမှ သိခဲ့ကြပေမယ့် မေသူ့စိတ်ထဲမှာ နှစ်ပေါင်းများစွာကတည်းက ခင်မင်တွယ်တာလာတဲ့ လူတစ်ယောက်လို့ မှတ်ထင်နေ မိတယ်၊ မေသူဟာ တစ်ကောင်ကြွက်ပါ အစ်ကို ခင်မင်စရာကောင်းတဲ့ အစ်ကို့ကို မေသူ ခင်မင်ပါရ စေ၊ ဘယ်ပြဿနာမျိုးပဲရှိရှိ ဝေမျှပါရစေလို့"

"အဟင်း ... ဟင်း ... ဟင်း ... မင်းကိုယ်မင်းတောင် အနိုင်နိုင်ပါကွာ၊ မင်းတို့ ကို မကူညီနိုင် တဲ့ ကိစ္စမျိုး တို့ မှာ ကြုံတွေ့နေရတယ်"

"အစ်ကို ဆက်နိုင်မော်ကလဲ ဖွင့်ဖြင့် မပြောသေးဘဲနဲ့ "

မေသူက ဆက်နိုင်မော်၏ ပခုံးကို တစ်ချက်တွန်းပြီး စူတူကလေး ပြောလိုက်သည်။

"ဒီမှာ မေသူ မင်းက တို့ အခက်အခဲကို ကူညီနိုင်တဲ့ သူ ဖြစ်လာရင်တောင် မင်းအကူအညီကို တို့ လုံးဝလက်မခံဘူးသိလား၊ ဆက်နိုင်မော်ဆိုတဲ့ ကောင်ဟာ ဘယ်တော့မှ မိန်းကလေးတစ်ယောက် ဆီက အကူအညီကို လက်ဖြန့်မတောင်းဘူး၊ အဲဒါ မင်းမြဲမြဲမှတ်ထားလိုက်"

ရုတ်တရက် ရှူးရှူးရှားရှားကြီး ဖြစ်လာပြန်ပြီး ထန်ထန်မာမာစကားများကို ဆက်နိုင်မော်က ပြောချလိုက်သည်။

မေသူ ဝမ်းနည်းသွားသည်။

ဝမ်းနည်းစိတ်က မေသူ မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်ကြည်တို့ ကို ဝေ့ဝဲ ပြည့်အိုင်လာစေ၏။

ရုတ်တရက် မေသူ ထရပ်လိုက်သည်။

Book Sharing

Scanned by CamScanner

ဟင့်ခနဲ ရှိုက်သံတစ်ချက် သူကလေးထံမှ ထွက်ပေါ်သွား၏။

"မေသူ"

ချာခနဲ လှည့်ထွက်သွားသော မေသူ့ကို ရုတ်တရက် လှမ်းဆွဲလိုက်ရာ၊ ထဘီစလေးကို ဆက်နိုင်မော် ဆွဲမိလျက်သား ဖြစ်သွားသည်။

မေသူက မျက်ရည်ရစ်ဝဲနေသော မျက်လုံးရွဲကြီးများ ဖြင့် ဆက်နိုင်မော်၏ မျက်နှာကို ကြည့် လိုက်သည်။

ဆက်နိုင်မော်သည် သူ့လက်ကို ပြန်ရုပ်လိုက်ပြီး တုန်ယင် အက်ကွဲနေသော အသံကြီးဖြင့် တောင်းပန်လိုက်ရှာသည်။

"မေ ... မေသူ တို့ ... တို့ သိပ်မှားသွားတယ်ကွ၊ တို့ ကို တို့ ကို ခွင့်လွှတ်ပါလို့ ပဲ ပြောပါရစေ ကွာ ..."

"မေသူ ခွင့်လွှတ်ပါတယ် အစ်ကိုရယ်"

မေသူသည် ဆက်နိုင်မော်၏ နံဘေးတွင် အသာ ထိုင်ချရင်း ပြောလိုက်သည်။

ဆက်နိုင်မော်သည် ပဲ့ကြွေကုန်သော အုတ်စများကို လက်ထဲကတူဖြင့်ရိုက်ခတ် ထုတ်ပစ်ရင်း၊ သက်မကြီး ချလိုက်သည်။

"ဟင်း"

"အစ်ကို ဆက်နိုင်မော်ရယ် ... ဘာဖြစ်လို့၊ သံမံတလင်းအကောင်းတွေကို ထုနှက် ဖျက်ဆီး ပစ်ရတာလဲ ... အိမ်ကြီးက အကောင်းကြီးရှိသေးတယ်၊ နမြောစရာ ကောင်းလိုက်တာ"

မေသူက ခိုင်မာ တောင့်တင်းလျက်ရှိစဲသော အိမ်ကြီးကို ကြည့်ရှုလိုက်ရင်း ပြောလိုက်သည်။

Scanned by CamScanner

"တို့ လဲ နှမြောတာပေါ့၊ တို့ အသက်နဲ့ ထပ်တူလဲ ဒီအိမ်ကြီးကို မြတ်နိုးတယ်၊ ဒါပေမဲ့ ဒီလို နည်းနည်းပါးပါး ဖျက်ဆီးပြီးရှာတာကို မခံနိုင်ရင် ရက္ခမြိုင်ကြီး တစ်ခုလုံးကို သူများ လက်ကို ဝကွက် အပ်ရတော့မှာ အို့ ဒါတွေကို မင်း မသိပါဘူးကွာ"

"နေပါဦး အစ်ကိုရယ် ရှာတယ်ဆိုတာ ဘာကိုရှာနေတာလဲ"

"ရတနာကွာ ... ရတနာ ... တို့ အဘွားတို့ နဲ့ အတူ ဒီအိမ်ကြီးထဲမှာ ရတနာတွေ သိုဝှက်ထား ခဲ့တယ်၊ အဲဒါကို ရှာနေတာ"

"ဟင်း အစ်ကို ဆက်နိုင်မော်ကလဲ အစ်ကိုနဲ့ အတူ ဝှက်ကြတာဆိုရင် အစ်ကို သိရမှာ ပေါ့၊ ဘယ်လိုကြီးလဲ"

"အဟင်း ဟုတ်တယ် ... ဟုတ်တယ် တို့ သိသင့်တာပေါ့၊ ဒါပေမဲ့ တို့ မသိဘူး၊ လုံးဝမသိဘူး"

"ဟင် ..."

ဝိုင်းစက်သွားသော မျက်လုံးကလေးများ ဖြင့် မေသူသည် ဆက်နိုင်မော်ကို အံ့အားသင့်စွာ ကြည့်လိုက်သည် ။

သူ စိတ်မှ နှံ့ပါလေစဟု မေသူ ထင်မိသည် ။

"ပဟေဠိ ဖြစ်သွားသလား အဟင်း အကြောင်းစုံ မသိတဲ့ လူအတွက်တော့ ပဟေဠိပဲ ဖြစ်နေ မှာ ပေါ့၊ တို့ အတွက်ကတော့ တွေးလိုက်တိုင်း မချင့်မရဲ ဖြစ်ချင်စရာကြီးကွာ ... တကယ်ပါ၊ တို့ မေ့နေ တဲ့ အချို့အကြောင်းတွေထဲမှာ ဘာဖြစ်လို့ ဒီအဓိကကျတဲ့ အကြောင်းကြီးက ပါနေတာလဲ တောက်တို့ စဉ်းစားလို့ ကိုမရ ဖြစ်နေတယ်"

တကယ်ပဲ မချင့်မရဲဖြစ်လှဟန်သည် ဆက်နိုင်မော်၏ မျက်နှာပေါ်တွင် ပီပြင် ထင်ရှားစွာ ပေါ်လွင်နေ၏။

Scanned by CamScanner

ဆက်နိုင်မော်သည် လက်ထဲက တူကြီးကို ဆုပ်ကိုင်လျက်ကပင် အိမ်နံရံကိုမှီကာ မျက်လုံး များကို မှိတ်ထားလိုက်သည် ။

သူ့ရင်အုံကြီးသည် လှိုင်းထသည် ကဲ့သို့ဖြစ်နေ၏။

"အစ်ကို ဆက်နိုင်မော်"

"ဟင်"

သူ့လက်မောင်းကို ညင်သာစွာ ဆုပ်ကိုင်လာသော မေသူ၏ လက်ကို ကြည့်ရာမှ တဖြည်း ဖြည်း မေသူ့မျက်နှာ သနဲ့သနဲ့စင်စင်ကလေးဆီသို့ သူ့မျက်လုံးအစုံသည် ရွေ့လျားသွားပြီး၊ ရပ်တန့် သွားသည် ။

"မင်း ဘာမေးမလို့ လဲ"

"ဟို ... မနက်က ဦးလေးဝင်းဆိုင်ကိုသွားတော့လဲ ဒီရကွမ်မြိုင်ကြီးဟာ အုပ်ထိန်းတဲ့ လူ တစ်ယောက် မကောင်းတဲ့ အတွက် သူများ လက်ထဲ ကျရတော့မယ်လို့ ပြောတာ ကြားခဲ့မိတယ်၊ ခုလဲ အစ်ကိုက ပြောပြန်ပြီ ... အဲဒီအကြောင်း မေသူ သိချင်တယ် အစ်ကို ပြောပြမလား ဟင်"

"အဟင်း ... မင်းက မင်းအကြောင်းကျတော့ သူများ မသိစေချင်တာကို မေးရင် ရိုင်းရာကျ မှာ ပေါ့လို့ ပြောခဲ့တယ်နော်၊ တို့ အကြောင်းကျတော့ မင်းဘာဖြစ်လို့ သိချင်ရတာလဲ"

"ဟာ အစ်ကိုက အဲလိုကြေးလား၊ အေးလေ ဒါဆိုလဲ မပြောဘဲ နေနိုင်ပါတယ်"

မေသူ ဆတ်ခနဲ ထရပ်လိုက်သည် ။

သူ့အကြောင်းကိုတော့ ဘယ်အသိခံလို့ ဖြစ်ပါ့မလဲ။

Scanned by CamScanner

"နေဦး"

ဆက်နိုင်မော်က လှမ်းဆွဲလိုက်သည်။

သည် တစ်ခါတော့ နူးညံ့အိစက်သော လက်ကောက်ဝတ်ဖောင်းဖော င်းကလေးကို အမိအရ ဆုပ်ကိုင်ထားမိနေသည်။

"မင်း စိတ်ဆိုးသွားတာလား"

"စိတ်မဆိုးပါဘူး မပြောချင်ပါဘူးဆိုတဲ့ အကြောင်းတစ်ခုကို အတင်းအကျပ် မမေးချင်တော့ လို့ ပါ"

"တို့ မပြောနိုင်ပါဘူးလို့ မင်းကို မပြောရသေးပါဘူး၊ လာပါ ထိုင်ပါဦးလေ"

"ဒုက္ခပါပဲ၊ ဘယ်လိုကြီးလဲ သူ့ကို ဆက်ဆံရတာ စိတ်မနှံ့တဲ့ လူနဲ့ ဆက်ဆံနေရသလိုပါပဲ လား"

"မင်းတို့ ကို ဘယ်လိုထင်သလဲ၊ အရူးအနှမ်းလို့ များ ထင်နေသလား"

သူ့ အကင်းပါးလွန်းလှသည်။

"အို မဟုတ် ဟုတ်"

"မင်း ထင်နေပါတယ်လေ တို့ က ကျပ်မပြည့်ဘူးလို့ ... တို့ လူအကောင်းပါကွာ ... လာတို့ ပြ မယ်"

ဆက်နိုင်မော် သူ့လက်ကလေးကို ပိုင်စိုးပိုင်နင်းကိုင်ပြီး ... ထိုင်ရာမှ ထလိုက်သည်။

ခုထိုင် - ခုထနှင့် မေသူလည်း ရူးချင်လာ၏။

ဆက်နိုင်မော်သည် မေသူ့ကို အိမ်နောက်ဖေးတံခါးကို ဖွင့်၍ ခြံဝင်းကြီးထဲသို့ ထွက်ခဲ့သည်။

Scanned by CamScanner

"တွေ့လား ဟိုသစ်ပင်ကြီး ..."

"အင်း တွေ့တယ်"

"တို့ အဲဒီသစ်ပင်ကြီးပေါ်ကနေ လိမ့်ကျဖူးတယ်၊ တို့ ခေါင်းကွဲသွားတယ် ..."

"ဟင် ... ဟုတ်လား၊ မသေကောင်း မပျောက်ကောင်း ဘယ်တုန်းက ကျတာလဲဟင်"

"လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်ကလေး အဲဒီပေါ်ကကျပြီး တို့ ခေါင်းကို ထိသွားတဲ့ ဒဏ်ရာ ကြောင့် တချို့အကြောင်းတွေကို တို့ လုံးဝမေ့သွားတယ်၊ ဆရာဝန်တွေကတော့ တို့ ကိုပါရှယ်အမ်မနေ ဆီးရာ၊ (တချို့တဝက်အတိတ်မေ့) ရောဂါစွဲကပ်သွားတယ်လို့ ပြောတာပဲ"

"အစ်ကိုကလဲ ကြဲကြဲဖန်ဖန် ဒီသစ်ပင်ပေါ်ကို ဘာတက်လုပ်ရတာလဲ လို့"

"ငှက်သိုက်ကလေး တစ်သိုက် ပြုတ်ကျလာတာကို သူ့အမေငှက်မလေးက တောင်ပြေး မြောက်ပြေးနဲ့ တစာစာအော်နေလို့ သနားတာနဲ့ တက်တင်ပေးလိုက်တာလေ"

"ဩော် ... ဖြစ်မှ ဖြစ်ရလေ"

"အဟင်း ဖြစ်ချင်တော့ တို့ အပင်ပေါ်တက်တာကို အိမ်ကထွက်လာတဲ့ ဘွားငွေရောင်က တွေ့ သွားတော့ မိုးတွင်းကြီး သစ်ပင်တွေ ချောနေတာ တက်ရကောင်းလားလို့ အောက်ကနေ စိတ်ပူပြီး အော်ပါလေရော အစက အကောင်းသား သူ့အော်ကာမှ စိတ်လှုပ်ရှားပြီး ပြန်အဆင်းမှာ တို့ လိမ့်ကျ တော့တာပဲ"

Scanned by CamScanner

"အို ..."

"တို့ ... တို့ အဲသလိုလိမ့်ကျတာ တို့ အဘွားကို တို့ သတ်လိုက်သလို ဖြစ်သွားတယ်"

"ဟင်..."

"တို့ ဘွားငွေရောင်မှာ နှလုံးရောဂါရှိတယ်၊ တို့ ဘွားငွေရောင်က တို့ ကိုသိပ်ချစ်တယ်၊ တို့ ခေါင်းက သွေးတွေကိုတွေ့ပြီး ဘွားငွေရောင် ပုံကျသွားတာပဲ၊ နေရာမှာ တင် အသက်ထွက်သွားခဲ့ တယ်ကွာ"

"ဖြစ်ရလေ အစ်ကိုရယ်"

"ဘွားငွေရောင် သိပ်သနားစရာကောင်းတယ်၊ အဲဒီသေမယ့်နေ့မနက်မှာ ပဲ တို့ ဦးလေးအငယ် က အမွေခွဲခိုင်းပြီး သူစုဆောင်းထားတဲ့ ရတနာတွေကို ရန်ဖြစ်တောင်းလို့ ဘွားငွေရောင်ဟာ လေးလေးသော် အလစ်မှာ တို့ ကိုခေါ်ပြီး ရတနာတွေကို စိတ်ချရတဲ့ နေရာရှာပြီး မြှုပ်ခဲ့တယ်ကွာ၊ သူ ပြောတာ တို့ မှတ်မိတယ် သူ့ရတနာတွေကို လူမိုက်လက်ထဲ အရောက်မခံနိုင်ဘူးတဲ့ တို့ အိမ်ထောင် ရက်သားပြုတဲ့ နေ့မှ ထုတ်ယူတဲ့ တို့ အတွက် သူ့ရဲ့ အမွေလို့ ပြောသွားခဲ့တယ်"

"အစ်ကိုတို့ မြေးအဘွားအဖြစ်ကလဲ ဆိုးဝါးလိုက်တာနော်"

"ဟုတ်တယ်၊ အဘွားဆုံးပြီး တို့ ကလဲရတနာဝှက်တဲ့ နေရာမေ့သွားတော့ ဒီအိမ်မှာ တို့ အနေနဲ့ သူညီ လေးလေးသော်ဟာ နေ့တိုင်းရန်ပွဲ ဆင်နေကြတော့တာပဲ၊ ဖေဖေက မသိပေမယ့် လေးလေး သော်က သိတယ်၊ ဒီရတနာတွေကို ဘွားငွေရောင်က တို့ ကိုလက်သိပ်ထိုး ပေးသွားမယ်ဆိုတာ အဟွန်း ..."

"နောက်တော့ကော ဘာဖြစ်သွားသေးသလဲဟင်"

Scanned by CamScanner

မေသူက စိတ်ဝင်စားနေမှုကို အပြတ်အတောက် မခံနိုင်သဖြင့် မေးလိုက်သည် ။

"တို့ ကျောင်းပြန်တက်တယ်လေ၊ ရန်ကုန်ကိုဆင်းသွားတာပေါ့ အလျှင်က ရက္ခမြိုင်မှာ သိပ် ပျော်ပြီး တစ်စက်ကလေးမှ မခွဲချင်တဲ့ တို့ က နေ့တိုင်း စိတ်မချမ်းသာစရာတွေကို ကြားနေရတော့ ရက္ခမြိုင်နဲ့ ဝေးရာမှာ ပဲ နေချင်လာတယ်၊ ကျောင်းပိတ်ရင်လဲ မပြန်တော့ဘူး၊ အဖေပဲတို့ဆီကို လိုက် လိုက်လာတယ်၊ အဖေလဲကံဆိုးတယ် ဘွားငွေရောင်ဆုံးပြီး တစ်နှစ်မပြည့်ခင်မှာ လေးလေးသော်ရဲ့ ရန်ဖြစ်ရင်း ဒေါသအတွက် လွန်ပြီးတော့ ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးခဲ့တယ်၊ အကုသိုလ် ကတော့ တို့ မိသားစုအပေါ် အလုံးအရင်းနဲ့ ကို ဝင်လာတာပဲကွာ"

"ဖြစ်မှ ဖြစ်ရလေ အစ်ကိုရယ်၊ ကြားရတာ ရင်နာစရာကြီး"

"အေး ... ဟုတ်တယ်၊ မင်းတောင် အဲသလိုခံစားရရင် ကာယကံရှင်ငါဆို ဘယ်လိုနေမလဲ စဉ်းစားကြည့်"

"ဒါနဲ့ အစ်ကိုဆက်နိုင်မော်ရဲ့ မေမေကကော"

"မေမေလား၊ မေမေဆိုတာ တို့ မြင်တောင်မမြင်ဖူးလိုက်ဘူး၊ တို့ မီးတွင်းမှာ မေမေဆုံးသွား တာ"

"အို ... အစ်ကိုရယ်"

မေသူ၏ ရင်ထဲတွင် ဆို့နင့်မွန်းကျပ်သွားသည် ။

"တို့ အဖေက တော်တယ်သိလား မေသူ တို့ အမေဆုံးတုန်းက သူဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သန်သန်မြန်မြန် အရွယ်ပဲရှိသေးတယ်၊ ဒါပေမဲ့ တို့ ကို ဘယ်လောက်ချစ်သလဲဆိုရင် နောက် အိမ်ထောင် ထူထောင်ဖို့ လုံးဝစိတ်မကူးခဲ့ဘူး၊ ဘွားငွေရောင်နဲ့ အတူ တို့ ကို ကြီးပြင်းအောင် ပြုစု

Scanned by CamScanner

ကျေးမွေးစောင့်ရှောက်လာခဲ့တဲ့ တို့ ရဲ့ ကျေးဇူးရှင် ဖခင်ကြီးကွာ"

"အစ်ကိုဆက်နိုင်မော်ရဲ့ ဦးလေးသော့်က ဆိုးလိုက်တာနော်"

"ဟုတ်တယ် ကမ်းကုန်အောင်ဆိုးတဲ့ လူတစ်ယောက်၊ ဒါပေမဲ့ အဖေ ဆုံးပြီးတဲ့ နောက်ပိုင်းမှာ တော့ တို့ ကိုအတော်ဂရုစိုက်ရှာတယ်၊ ကျောင်းပဲ အတင်းဆက်တက်နိုင်းပြီးတော့ အပ်တဲ့ ငွေကို လတိုင်း ပို့ပေးတယ် ဆိုးအတူကောင်းအတူဆိုလို့ ဒီနှစ်ယောက်ပဲကျန်တော့ တို့ လဲ လေးလေးသော်ကို ခွင့်လွှတ်နိုင်အောင် ကြိုးစားခဲ့ရတာပဲ၊ ဒါပေမဲ့ ခု တော့ ခွင့်မလွှတ်နိုင်ဘူး ခွင့်မလွှတ်နိုင်ဘူး၊ လေးလေးသော်ဟာ သေသည် အထိ မိုက်လုံးကြီးတဲ့ လူ ဒီရက္ခမြိုင်ကြီးကို သူ ထင်သလိုသုံးဖြုန်းဖို့ အတွက် ဦးရုံမိုးဆီမှာ ပေါင်ခဲ့တယ်၊ တို့ ကို အဖျားအနားလောက်ပဲ သုံးဖို့ ပေးခဲ့တယ် ခုတော့ အတိုး တွေတက်ပြီး လက်လွှတ်ဆုံးရှုံးရခါနီးမှ ပဲ ဒီ အကြောင်းတွေကို တို့ သိရတော့တယ်၊ ဒီကိစ္စအတွက် တို့ သိပ်ခံစားနေရတယ် မေသူ၊ သိပ်ခံစားနေရတယ်၊ လောကကြီးမှာ ငွေမရှိတဲ့ လူရဲ့ ဘဝဟာ တပန်းရှုံး တာပဲ တို့ အတွက် ငွေဟာ လိုက်လေဝေးလေ ပြေးလေဖြစ်နေတယ်"

မေသူသည် အသက်တစ်ချက် ပြင်းစွာရှူရှိုက်သွင်းလိုက်ပြီး မျက်လုံးအစုံကို တင်းကျပ်စွာ မှိတ်ထားလိုက်မိသည် ။

ငွေ ... ငွေ ... ငွေ ... ပေါ်သူမှာ အလျှံအပယ်ပေါ်များ ပြီး ရှားသူမှာ အဘယ့်ကြောင့် ခြူး တစ်ပြားသော်မှ ခက်ခဲနေပါလေသနည်း။

အဘယ်ကြောင့်ငွေသည် နည်းရာမှ များ ရာသို့ စုစည်းသက်ဆင်းနေပါလေသနည်း။

"အစ်ကို ဆက်နိုင်မော်"

Scanned by CamScanner

"ပြော ..."

"ရက္ခမြိုင်ကို ဘယ်လောက်နဲ့ ပြန်ရွေးရမှာ လဲဟင်"

"အတိုးနဲ့ အရင်းပေါင်းရင် တစ်သိန်းကျော်မှာ ပေါ့"

မေသူသည် ငေးငိုင်စွာဖြင့် ဟိုအဝေးဆီသို့ ကြည့်နေ၏။

"ဘယ်နှယ့်လဲ မေသူ၊ တို့ ရောဂါတွေ မင်းကို ကူးစက်သွားပြီလားဟ င်"

မေသူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ဆက်နိုင်မော်က မေးလိုက်သည် ။

"မေသူ စဉ်းစားနေတယ်"

"ဘာကိုလဲ"

ထူထဲမည်းနက်သော မျက်ခုံးကြီးတစ်ဘက်ကို မြင့်ချီ၍ မေသူကို စေ့ စေ့ကြည့်ကာ ဆက်နိုင် မော်က မေးလိုက်သည် ။

"အစ်ကိုဆက်နိုင်မော်ကို ကူညီဖို့ ပေါ့"

"အဟား ... ဟား ... ဟား ... ဟား"

ဆက်နိုင်မော်က ရုတ်တရက်ကြီး ဟားတိုက် ရယ်ချလိုက်ပါသည် ။

မေသူ ကြောင်တက်တက်ကလေးဖြစ်ကာ မျက်လုံးကလေးများ ဝိုင်း လည်၍ နေသည် ။

"မင်းဆီက အကူအညီကို တို့ ယူမယ်လို့ မင်း ထင်နေသလားဟင်"

ရုတ်တရက် မျက်နှာကြီးမည်းခနဲ မှောင်သွားပြီး ထန်ထန်မာမာကြီး မေသူ့ကိုကြည့်ကာ ဆက်နိုင်မော်က ပြောလိုက်သည် ။

"မေသူ ... မေသူက စေတနာ"

Scanned by CamScanner

"တော် ... တော်ကွာ၊ မင်းဆီက ဘာစေတနာမှ တို့ လက်မခံနိုင်ဘူး၊ တို့ ကို ဘယ်လို ယောက်ျားမျိုးများ မင်းမှတ်နေသလဲဟင်၊ မိန်းမထဘီ နားခိုစားတတ်တဲ့ ယောက်ျားမျိုးများ မင်း ထင်နေသလားဟင်"

"အို ... မ မဟုတ်ပါဘူး၊ မေသူက အို ... အဟင့်"

မေသူသည် ဝမ်းနည်းစိတ်တွေ တိမ်မည်းညိုတွေ ပြိုကျလာသည် ကဲ့သို့ ခံစားရကာ နေရာမှ တစ်ဟုန်ထိုး မျက်နှာကလေးအုပ်၍ ထွက်ပြေး ပါလေတော့သည် ။

သည် တစ်ခါတွင် တော့ ဆက်နိုင်မော်ကလည်း သူ့ကို တားဆီးခြင်း မပြုတော့ပါ။

"ဟား ..."

ဆက်နိုင်မော်သည် သူ့ဦးခေါင်းက ဆံပင်များကြားထဲသို့ လက်ဆယ် ချောင်းကို ထိုးသွင်းကာ တင်းတင်းကျပ်ကျပ်ကြီး ဆွဲဆုပ်ကိုင်ပြီး သစ်ပ င်ကြီးတစ်ပင်၏ ပင်စည်ကို မှီလိုက်သည် ။

သူ့တွင် အားအင်တွေ ကုန်ခန်းသွားသည် ကဲ့သို့ဖြစ်နေ၏။

ရီဝေနေသော သူ့မျက်လုံးများ ၏ မြင်ကွင်းသည် ဝါးဝေ၍ နေသည် ။

"မချော့ဘူး မိန်းကလေးရယ် မင်းကို တို့ မချော့ဘူး၊ မင်းနဲ့ တို့ ဆက် ဆံရေးကျဲလေ ကောင်းလေပဲလို့ တို့ ယူဆတယ်"

"တို့ အတွက်ကြောင့်နဲ့ မင်းမျက်ရည်တွေကျရတာကို စိတ်မကောင်း ဘူး၊ သိပ်စိတ်မကောင်း ဘူးကွာ"

*****

BookSharing

Scanned by CamScanner

တစ်ဆယ်။

မေသူသည် သူ့အိမ်ကလေးဆီသို့ တစ်ဟုန်ထိုး ပြေးလာပြီး ခုတင်ပေါ်တွင် ပစ်မှောက်ချကာ နစ်နစ်နည်းနည်းကြီး ငိုချလိုက်မိသည်။

ငိုနေရာမှ ဆတ်ခနဲထကာ သူထိုင်လိုက်သည်။

သူ့ပါးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး သူသည် အလွန်အမင်း အံ့အားသင့်သော အသွင်ကို ဆောင်နေ၏။

"အို ... ဘယ်လိုလဲ၊ မနေ့ကမှ သိကျွမ်းရတဲ့ လူတစ်ယောက်အတွက် ငါ ရှိုက်ကြီးတငင်နဲ့ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ငိုနေတယ်၊ သူ ... သူနဲ့ ငါ ဘာဆိုင်လို့ လဲ၊ ဘာဆိုင်လို့ လဲ၊ ငါ့တစ်သက် မှာ ငါ ဒီလိုမျက်ရည်ပေါက်ကြီးငယ်ကျပြီး ငိုတဲ့ နေ့ဟာ ဖေဖေဆုံးတဲ့ နေ့တစ်နေ့ပဲရှိတယ်၊ ဖေဖေ့ အတွက်ပဲ ငါ မျက်ရည်ကျဖူးတယ်၊ သူနဲ့ ငါ ဘာဆိုင်လို့ လဲ၊ သူ သူ့အတွက် ငါ ငါဘာလို့ ငိုရမှာ လဲ၊ မငိုဘူး မငိုဘူး အဟင့် ... ဟင့် ... ဟင့်"

ပါးစပ်က မငိုဘူး မငိုဘူးဟု ဗလုံးဗထွေး ပြောရင်းကပင် အဆက်မပြတ် မျက်ရည်တွေက မျက်လုံးအိမ်နှစ်ဘက်မှ စီးကျလာနေ၏ ။

မေသူသည် လက်ဖမိုးကလေးဖြင့် ပါးအိုးမို့မို့ နှစ်ဖက်ပေါ်သို့ စီးကျလာသော မျက်ရည်များကို ပွတ်သုတ်ချလိုက်ပြီး အိပ်ရာပေါ်မှ ထလိုက်

Scanned by CamScanner

သည်။

သူ့ခြေထောက်များက သူ့ကို ရက္ခမြိုင်ဆီသို့ လှမ်းမြင်နေရသော ပြတင်းပေါက်ဆီသို့ သယ် ဆောင်သွားကြသည်။

ကျေးငှက်တို့ မြူးနေသော ခြံဝင်းကြီးထဲသို့ စူးစိုက်နက်ရှိုင်းစွာ အချိန်ကြာမြင့်အောင် ကြည့် နေပြီးမှ ...

မနက်ကမှ အခြေကျနေအောင် ပြင်ဆင်ထားသော အိမ်ခန်းကလေးကို ကြည့်လိုက်သည်။ ထို့နောက် ခုတင်ဘေးတွင် ချိတ်ထားသော ကျောပိုးအိတ်ကလေးကို ဖြုတ်ယူလိုက်သည်။

ဆုံးဖြတ်ချက်တစ်ခုကို သူကျိတ်၍ ပိုင်ပိုင်နိုင်နိုင်ကြီး ချမှတ်လိုက်ပြီဖြစ်သည်။

မဆုံးမဖြစ်သောပစ္စည်းနှင့် အဝတ်တစ်စုံကို ကျောပိုးအိတ်ထဲသို့ ထည့်သွင်းပြီးသည် နှင့် တစ်ပြိုင်နက် အိမ်ကလေး၏ တံခါးများ ပြတင်းပေါက်များကို မေသူသည် အလျင်အမြန် လိုက်ပိတ် ပြီး အိမ်တံခါးမကြီးကို သော့ပိတ်ကာ ချယ်ရီမြိုင် ခြံဝင်းထဲမှ ထွက်ခဲ့သည်။

"နေရစ်ခဲ့ပေဦးတော့ အစ်ကိုဆက်နိုင်မော်"

မကြာမီ မေသူသည် တောင်ပေါ်မှ ဆင်းသော အငှားဂျစ်ကားတစ်စီးပေါ်တွင် လိုက်ပါသွားနေ ပြီဖြစ်တော့သည်။

လူက တောင်ပေါ်မြေနှင့် တရွေ့ရွေ့ ဝေးကွာနေပြီဖြစ်သော်လည်း စိတ်ကတော့ ရက္ခမြိုင်ကြီး တွင် ရှိနေသော ဆက်နိုင်မော်၏ အနီးတွင်သာ တရစ်ဝဲဝဲဖြစ်၍ နေသည်။

မိမိ၏ ဘဝတွင် ဇွတ်နှင်၍ ထွက်လာသော ခရီးတစ်ခု၌ မမျှော်လင့်ဘဲ အသည်းတံခါးလေး ဖွင့်ဟသွားသည် ကို မေသူသည် ထိထိမိမိ ခံစား

Scanned by CamScanner

နေရပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ကောင်းကောင်း ကြီး သိရှိနားလည်လိုက်သည်။

ချစ်ခြင်းမေတ္တာ၏ ဆန်းကြယ်ပုံကိုလည်း အံ့ဩမဆုံး ဖြစ်ရသည်။

တည်ကြည်ခန့်ညား၍ ချောမောလှသော ဆက်နိုင်မော်၏ မျက်နှာကြီးသည် သူကြည့်လေရာ ရာ မြင်ကွင်းတွင် ရှေ့က ကာဆီး၍ ပေါ်လာနေသည်။

"သိပ် မာနကြီးတာပဲ ရှင်ရယ်၊ မေသူ ရှင့်ကို ဘယ်လိုမေ့နိုင်မှာ လဲ၊ မေသူကို ရှင် သိပ်စိုးမိုး လွှမ်းနေပြီ၊ အို ... သိပ်ကို စိုးမိုးလွှမ်းနေပါပြီရှင်။"

တသသစွဲလမ်းသော စိတ်တွေကို ရင်တွင် ထွေးပိုက်ရင်း မေသူတစ်ယောက် သွားလိုသော ခရီးတစ်ခုဆီသို့ ဆိုက်ရောက်ခဲ့သည်။

ခရီးရောက်မဆိုက်ဘဲ မေသူသည် အငှားဖုန်းတစ်လုံးမှ နံပါတ်တစ်ခုဆီသို့ ဆက်သွယ်လိုက် သည်။

"ဟဲလို ..."

"ဟဲလို ... အို ... မေသူလား"

"ဟုတ်တယ်၊ ဒီမှာ ..."

"အို ... နေဦး ... နေဦး မေသူဖုန်းဆက်တာ ဘုရားမတာပဲ၊ ရန်ကုန်မှာ အရေးကြီးနေတယ် မေသူဖုန်းဆက်တာ အတော်ပဲ"

"ဘာတွေလဲ ဘာအရေးကြီးတာလဲ ရှုပ်လိုက်တာဟယ်"

"အို ... မေသူကလဲ ရှုပ်မနေနဲ့၊ စက်ာပူက မစွတာဟူးဆီက ပြန်စာရောက်လာလို့ ကိုစိုးကြီး မေသူကို မြေလှန်ရှာနေတယ်"

Scanned by CamScanner

"ဟင် … ပြန်စာ ရောက် လာပြီ၊ ဒါဆို ဘယ်လိုလုပ်မလဲဟင်"

"ပြန်လာခဲ့ပါ ရန်ကုန်ကို အမြန်ဆုံး ပြန်လာခဲ့ပါ၊ ပြီးမှ သွားချင်တဲ့ နေရာကို ပြန်လစ်သွား ပေါ့၊ ဒီကိစ္စက အရေးကြီးတယ် မှတ်လား နောက်အပတ်ထဲ မစွတာဟူး ရန်ကုန်ရောက်မယ် မေသူ ရဲ့ "

"ဟင်း … ခက်တာပဲ … အင်းပါလေ မနက်ဖြန်အရောက် ပြန်လာခဲ့မယ်"

"ဆက်ဆက်နော်"

"အင်းပါဆိုနေမှ …"

"ဘာနဲ့ လာမှာ လဲ"

"ရရာလေယာဉ်နဲ့ "

မေသူသည် စိတ်ထဲတွင် ကသိကအောက်ကြီးဖြစ်သွားပြီး ဖုန်းကိုပင် စောင့်ချလိုက်မိသည် ။

ဖုန်းရှင်၏ မျက်နှာထားတင်းတင်းကြီးကို တွေ့လိုက်ရတော့မှ သူ့အများကို သူသတိရပြီး ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားရာ၏။

ကျသင့်သည် ထက် ဖုန်းဆက်ခကို ပို၍ ရှင်းပေးခဲ့ပြီး စတိုးဆိုင်ကလေးထဲမှ တစ်ချိုးတည်း လစ်ပြေးခဲ့ပါတော့သည် ။

တစ်ညတာ တည်းခိုဖို့ အတွက် လပ်ကီးဟိုတယ်ကို မေသူ ရွေးချယ်လိုက်သည် ။

လေယာဉ်လက်မှတ် စီစဉ်ပြီးသည် နှင့် တစ်ပြိုင်နက် ညစာအတွက် ဝမ်းကိုဖြည့်ပြီး ဟိုတယ် သို့ပြန်ကာ ဘယ်မှ မထွက်တော့ဘဲ အနားယူလိုက်တော့သည် ။

Scanned by CamScanner

ခုတင်ပေါ်တွင် သက်သောင့်သက်သာလှဲရင်း ဆက်နိုင်မော်၏ အကြောင်းများကို စဉ်းစား လိုက်မိသည်။

သူ့ကို ခင်သည် ...

သူ့ကို သနားသည် ...

သူ့ကို ဖေးမကူညီချင်သည် ...

သို့သော် ...

သူသည် မာန်မာနကြီးသော သူတစ်ယောက်။

ဖွဲနမဲကြီးသူတစ်ယောက် ...

ပစ္စည်းမဲ့ ဒေါသများ နေသူတစ်ယောက် ...

သည် လိုလူမျိုးကို ဖေးမကူညီဖို့ ရန် ခက်ခဲလှသည် ...

"အစ်ကိုရယ် အစ်ကိုနဲ့ မေသူ ဝေးမနေချင်ပါဘူး၊ စိမ်းမနေချင်ပါဘူး၊ အစ်ကိုရဲ့ ခင်မင်မှု အရိပ်အောက်မှာ မေသူ တစ်ဖဝါးမှ မခွာဘဲ သိပ်နေချင်တယ် အစ်ကို၊ မေသ ဘယ်လိုလုပ်ရမလဲရှင် အစ်ကိုစိမ်းနိုင်ပေမယ့် မေသူက မစိမ်းနိုင်ဘူး၊ မေသူ့ဘဝမှာ အလိုချင်ဆုံး၊ အတောင့်တဆုံးအရာကို မေသူ ပြင်ဦးလွင်မှာ တွေ့ခဲ့ရတယ်၊ ဒါပေမဲ့ ဒီအရာကို မေသူ တွေ့သာတွေ့ရတယ်၊ မပိုင်ဆိုင်ရဘူး၊ ဒီစကားတွေများ အစ်ကိုကြားရင် မြင်းကမလှုပ် ခုံကလှုပ်တယ်လို့ အစ်ကို မေသူ့ကို မျက်လုံးစိမ်း ကြီးတွေနဲ့ ကြည့်ပြီး လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ ရက်ရက်စက်စက် စကားတွေပြောဦးမှာ သေချာပါတယ်၊ အို ... အစ်ကို ဘယ်လိုထင်ထင်၊ ဘာပဲပြောပြော မေသူ တစ်စက်ကလေးမှ စိတ် မကွက်ပါဘူးရှင်၊ စိတ်မကွက်ပါဘူး၊ အစ်ကို့ကို မေသူက အကြွင်းမဲ့ ခင်တွယ်နေသူတစ်ယောက်ပါ"

Book Sharing

Scanned by CamScanner

မေသူ၏ မျက်လုံးအိမ်နှစ်ဘက်တွင် မျက်ရည်ဥကလေးများ တွဲရွဲခိုနေ၏။

အသက်ပြင်းပြင်းရှူပြီး မျက်လုံးများ တင်းကျပ်စွာ မှိတ်လိုက်သည့်အခါတွင် တော့ တွဲရွဲခိုနေ သော မျက်ရည်ဥကလေးများ ဖြုတ်ခနဲ ဖြုတ်ခနဲ ကြွေကျလာကြတော့သည်။

မိမိ ကြေကွဲဝမ်းနည်း ဖြစ်နေခြင်းကို တစ်ဦးတစ်ယောက်အား သိစေချင်လှန်းလှပါဘိ။

*****

Scanned by CamScanner

## တစ်ဆယ့်တစ်။

ဆက်နိုင်မော်သည် သူ့ကိုယ်သူ မချင့်မရဲကြီးဖြစ်ပြီး လက်သီးဆုပ်ကာ သစ်ပင်ကြီး၏ ပင်စည် ကို တအား ထိုးပစ်လိုက်သည် ။

အသွေးအသား အကြောတို့ ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော လက်သည် ရုတ်ချည်း ညိုမည်းဖူးယောင်သွားသော်လည်း စိတ်ဇာတ်က ပြင်းထန်နေသောကြောင့် နာရကောင်း ကျင်ရ ကောင်းမှန်းမသိ ဖြစ်နေ၏ ။

ကိုယ့်ကိုယ်ကိုယ် ဘာတွေအလိုမကျဖြစ်ပြီး ဘာတွေကို ဒီလောက် ဒေါသထွက်နေမှန်းလည်း မသိတော့ ...

"ဟေး ဖိုးဆက် ... ဖိုးဆက်ရေ၊ ရှိလားကွ"

အိမ်ရှေ့ဘက်ဆီမှ ကုန်စုံဆိုင်ပိုင်ရှင် ဦးလေးဝင်းကြီး၏ ကျယ်လောင်သော အသံကြီးက ဗလောင်ဆူဝေနေသော သူ့စိတ်ကို ခေတ္တချုပ်ငြိမ်းသွားစေသည် ။

"ဟေး ... ငါ့ကောင်ကလဲ ငါဒီလောက် အာကျယ်တာကိုတောင် မကြားဘဲဖြစ်နေတာ ဘာ အကြောင်းတွေ ရှိနေလို့ လဲကွ အဟား ... ဟား ... ဟား"

"မဟုတ်ပါဘူး ဦးလေးဝင်းရာ"

Scanned by CamScanner

ဆက်နိုင်မော်သည် ရက်ဝဲဝဲကြီး တစ်ချက်ပြုံးလိုက်သည် ။

"ဒီမှာ ကွ မင်းအဒေါ်က ဟင်းပို့ပေးခိုင်းလို့ "

"ဟာဗျာ ... သိပ်အားနာတယ်"

ဆက်နိုင်မော်က အလွန် အားတုံ့အားနာ ရှိလှဟန်ဖြင့် ဦးဝင်းကိုအလှည့် သူ့လက်ထဲက ခုတစ်လုံး ချိုင့်ကလေးတစ်လှည့်ကြည့်နေ၏။

"ရော့ ယူစမ်းပါကွာ၊ မင်းနဲ့ ဦးလေးတို့ ကြားမှာ အားနာတယ်ဆိုတဲ့ စကားမရှိသင့်ပါဘူး၊ တို့ များက ခုမှ သိလာကြတာ မဟုတ်ဘူး ကွ"

ဦးဝင်းက အတွင်းထိုးပေးနေသဖြင့် ဆက်နိုင်မော်လည်း ချိုင့်ကို ယူလိုက်ရသည် ။

"ဘာဟင်းလဲ ဦးလေးဝင်း"

"ဝက်သနီချက်ကွ"

"ဟာ ... အများကြီးဗျာ"

ဆက်နိုင်မော်က ချိုင့်အဖုံးကို ဖွင့်ကြည့်ပြီးပြောလိုက်သည် ။

"ထားစားလို့ ရတယ်လေကွာ၊ မင်းအဒေါ်က ထမင်းချက်ပေးလိုက်တာ ဒါနဲ့ ဟိုဘက်အိမ်က ကောင်မလေး ဘယ်သွားတာလဲ"

"ဘယ်မှ သွားမယ် မထင်ပါဘူး၊ ခုနကတောင် ဒီလာသွားသေးတယ် "

" မဟုတ်ဘူး ကွ၊ ထွက်သွားတာ ဦးလေးဝင်း လှမ်းတွေ့လိုက်တယ်၊ ကျောပိုးအိတ်ကလေး တစ်လုံးနဲ့ ခု သူ့အိမ်ရှေ့ရောက်တော့လဲ သော့ကြီးခတ်ထားတာ တွေ့ခဲ့ရတယ်"

"အိမ်သော့ခတ်ထားတယ်"

Scanned by CamScanner

ဆက်နိုင်မော်၏ ထူထဲနက်မှောင်သော မျက်ခုံးနှစ်ဖက်ကျုံ့ဝင်သွား၏။

"ဟုတ်တယ်"

"ဟာ ..."

ဆက်နိုင်မော်၏ ရင်ထဲတွင် တုန်ခါသွားသည်။

"နေဦး ဦးလေး ... ရော့ ..."

သူ့လက်ထဲ ပြန်ထိုးထည့်ခဲ့သော ချိုင့်ကိုကိုင်ကာ ဦးဝင်းသည် အံ့အားသင့်၍ ကျန်ရစ်ခဲ့သည်။

ဆက်နိုင်မော်ကတော့ တစ်ဘက်ခြံဆီသို့ ခြေကုန်သုတ်၍ ပြေးလေပြီ ...

ချယ်ရီမြိုင် အိမ်ကလေး၏ တံခါးမကြီးတွင် ခတ်ထားသော သော့ခလောက်ကြီးကို တွေ့မြင် လိုက်ရသည့်အခါတွင် ရင်ထဲတွင် ဆို့ကျပ်သွားပြီး ဆက်နိုင်မော်သည် အုတ်လှေကားထစ်လေးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"သွားပြီ ... သူသွားပြီ ... ငါ့အချစ်ကလေးသွားပြီ ငါ့ကြောင့် ငါ့ကြောင့် ဟူး ... ငါ ဘာလုပ် ရမလဲ ငါဘာလုပ်ရမလဲ"

ခေါင်းတစ်လုံး ထူပူပြီး ဆောက်တည်ရာမရ ဖြစ်နေ၏။

"ဟေး ... ဟေး ဖိုးဆက် ဘာဖြစ်တာလဲကွာ၊ ဟင်"

ဦးလေးဝင်းကြီးသည် သူ့ကိုယ်လုံးကြီး လိမ့်လိမ့် လိမ့်လိမ့်နှင့် ဆက်နိုင်မော်ဆီသို့ အပြေး အလွှားလိုက်လာကာ အမောတကောကြီး မေးလိုက်သည်။

Scanned by CamScanner

"သူ … သူမရှိတော့ဘူး ဦးလေး သူမရှိတော့ဘူး၊ သူကျွန်တော့်ကြောင့် ထွက်သွားပြီ"

ကြေကွဲဝမ်းနည်းလှစွာ ဆက်နိုင်မော်က ပြောလိုက်သည်။

"ဟင် … မင်းကြောင့် ဟုတ်လား ဖိုးဆက်"

ဦးလေးဝင်းသည် ဆက်နိုင်မော်၏ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

"နေပါဦး ငါ့တူရယ်၊ သူကဘယ်သူလဲဟင် ဖိုးဆက်"

"သူ ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး ဦးလေးဝင်း၊ သူ့နာမည် မေသူဆိုတာ တစ်ခုထဲ ကျွန်တော်သိတယ်"

"ဘယ်ကလာတာတဲ့ လဲ၊ သူ့မှာ မိဘ မောင်နှမကော မရှိဘူးလား"

"သူ ဘယ်ကလာတယ်ဆိုတာ မသိချင်ပါနဲ့ တဲ့ သူပြင်ဦးလွင်ကို ရောက်လာတာ မအေသေပြီး ပထွေးနဲ့ ဆက်မနေချင်တော့လို့ ပဲ ကျွန်တော့်ကို ပြောပြဖူးတယ်"

"အင်းဆန်းတယ် မိန်းကလေးက အရွယ် ငယ်ငယ်ကလေး၊ ရုပ်ကလဲ သနားကမားနဲ့ တစ်ယောက်တည်း နေရဲထိုင်ရဲတဲ့ သတ္တိကတော့ ချီးကျူးစရာပဲ၊ နေပါဦး မင်းက ဘာပြောလိုက်လို့ ကောင်မကလေးက ရုတ်တရက် ခုလိုကြီးထွက်သွားရတာလဲဟင် ဖိုးဆက်"

"သူနဲ့ ကျွန်တော် စကားပြောရင်းနဲ့ ရက္ခမြိုင်အကြောင်းကို ရောက်သွားတယ် ဦးလေးဝင်းရာ၊ အကြောင်းစုံကိုသိတော့ သူက ကျွန်တော့်ဒုက္ခကို ဝင်ကူညီပါရစေလို့ ပြောလာတယ်၊ ဦးလေးဝင်းတို့ ဆီက အကူအညီကိုတောင် ကျွန်တော်လက်မခံတာ သူလိုမိန်းမသားတစ်ယောက်ဆီက လက်ခံပါ့ မလား၊ ကျဲသားပဲ အဲဒါကို ဒေါပွပြီး ကျွန်တော် စွပ်စက် ဟောက်ပစ်လိုက်တာနဲ့ ငိုပြီးထွက်ပြေးသွား တာပဲ"

Scanned by CamScanner

"မင်းဆိုတဲ့ ကောင်က တယ်ခက်ပါလားကွာ"

"သူ ဒီလောက် စိတ်ထိခိုက်လိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူး"

"နုနုနယ်နယ် မိန်းမသားကလေး တစ်ယောက်ပဲကွာ၊ သူ့ခမျာ စိတ်ထိခိုက်လွယ်မှာ ပေါ့၊ မင်းဟာလေ ကိုယ့်ကိုယ်ကိုယ် အလိုမကျတိုင်း တယ်ရမ်းတဲ့ ကောင်ကိုး၊ တို့ က အကြောင်းလား ဘာပြောပြော တစ်ဦးကို တစ်ဦး ခွင့်လွှတ်နိုင်ကြတယ်၊ အတွင်းသိ အဆင်းသိတွေ ဟိုခမျာမှာ ကမျက်နှာစိမ်းကလေး၊ ပြီးတော့ သူပြောတဲ့ အတိုင်း ဘဝနာပြီး ကိုယ်လွတ်ရုန်းလာတဲ့ သူဆိုတော့ မင်းကို အားကိုးအားထားပြုချင်စိတ် ရှိချင်ရှိနေမှာ ပေါ့၊ ခုလိုကြီး မင်းပြောလိုက်တော့ ကလေးမက သိပ်ဝမ်းနည်းသွားရှာမယ်"

အနာပေါ် တုတ်ကျနေပါသည် ဆိုနေမှ ဦးလေးဝင်း၏ စကားများက ထပ်ဆင့်၍ နာနာရိုက်နေ သည် သို့ ရှိနေ၏။

"ဟုတ်တယ် ... ဟုတ်တယ်၊ သူ ကျွန်တော့်ကို အားကိုးရှာတယ် သိပ် အားကိုးရှာတယ်၊ ကျွန် ကျွန်တော် ဘာလုပ်ရမလဲဟင် ဦးလေး ဘာလုပ်ရမလဲ၊ ကျွန်တော်သိပ် စိတ်ထိခိုက်နေပြီဗျာ"

ဦးဝင်းက ဆက်နိုင်မော်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ဦးခေါင်းကို လေးတွဲစွာ ယမ်းခါလိုက် သည် ။

"မင်း ... မင်း ကောင်မလေးကို သံယောဇဉ်တွယ်သွားပြီ မှတ်လားဟင် ဖိုးဆက်"

ဆက်နိုင်မော်သည် ဦးဝင်း၏ မျက်လုံးများကို ရင်ဆိုင်ကြည့်နေရာမှ ဦးခေါင်းကြီး ငုပ်လျှိုး ကျသွားတော့သည် ။

"ဦးလေးဝင်း မေးတာ ဖြေစမ်းပါဦးကွ ဖိုးဆက်"

Scanned by CamScanner

"ကိုယ့်ကိုယ်ကိုယ်တောင် ကျွန်တော် မနည်းရပ်တည်နေရတဲ့ အပြင် ရက္ခမြိုင်အတွက် ဒုက္ခက ကြီးမားနေတာ ဦးလေးဝင်း အသိပါဗျာ"

"သံယောဇဉ်ရှိတာနဲ့ အဲဒါနဲ့ ဘာဆိုင်သလဲကွ မင်းဟာက မဟုတ်သေးပါဘူး"

"ကျွန်တော် သူ့ကို သံယောဇဉ်မရှိချင်ဘူး၊ အို မရှိချင်ဘူးဗျာ"

"ဖိုးဆက် ဖိုးဆက် မင်းစိတ်ကို ဦးလေးသိတယ်၊ မင်းကိုယ့်ကိုယ်ကိုယ် ညာလို့ မရဘူးနော် ဖိုးဆက် မရဘူး၊ မင်းဟန်တွေကို နည်းနည်းလောက် လျှော့ချဖို့ ကောင်းနေပြီ။"

"ကျွန်တော် ယောကျ်ားဗျ၊ ကျွန်တော် ယောကျ်ား၊ ကိုယ့်ဘဝကိုယ် ပိပိပြင်ပြင် မဆောက် တည်နိုင်ဘဲ ဘယ်မိန်းမကိုမှ သံယောဇဉ် မတွယ်ချင်ဘူး၊ ကျွန်တော် သံယောဇဉ်တွယ်မိတဲ့ မိန်းမ ဟာလဲ ကျွန်တော်နဲ့ ရာသက်ပန် လက်တွဲရမယ့် မိန်းမပဲဖြစ်ရမယ်၊ ဒီ ... ဒီ ... အခြေအနေတွေမှာ ကျွန်တော် သူ့ ... သူ့ကို ဘယ်လို"

လည်ချောင်းထဲတွင် စို့နင့်ကာ အသံများ တိမ်ဝင်သွားတော့သည် ။

ဦးလေးဝင်းက သူတူသားလို ခင်တွယ်ခဲ့ရသော ဆက်နိုင်မော်ကို ကြည့်ပြီး ပင့်သက်ချကာ ဦးခေါင်းကို လေးတွဲစွာ ခါးရမ်းလိုက်သည် ။

"ကဲပါလေ ... ဒီအပိုင်းကို အသာထားပါဦး မိန်းကလေး စိတ်ညစ်ညစ်နဲ့ ထင်တိုင်း လျှောက် သွားနေတာကိုတော့ ဘယ်လျစ်လျူရှုထားလို့ ဖြစ်မလဲ ရှာဦးမှ ပေါ့"

"ဟုတ်တယ် သူ့ကိုရှာမယ်၊ သူ့ကိုရှာရမယ် မတွေ့တွေ့အောင် ကမ္ဘာကုန်ကျယ်သရွေ့ မြေလှန်ရှာရမယ်"

ဆက်နိုင်မော်သည် ရင်ထဲကကျိတ်၍ ကြိမ်းဝါးပြီး။

Scanned by CamScanner

"ဟေး ... ဟေး ... ဖိုးဆက် ဟာ တယ်ခက်တဲ့ ကောင်ကြီးပါလား"

ဆက်နိုင်မော်သည် ထိုင်ရာမှ ဖြုန်းခနဲထကာ ခြေလှမ်းကြဲကြီးများဖြင့် မေသူကိုရှာရန် ထွက်ခွာသွားတော့သည်။

သူ့နောက်က တကြော်ကြော် ခေါ်နေသော ဦးဝင်း၏ အသံကို မကြားမိဘဲ ရှိနေတော့သည်။

***

ဘယ်သွားလို့ ဘယ်လာမှန်းမသိသော သူတစ်ယောက်ကို ခြေဦးတည့်ရာ လိုက်၍ ရှာနေ သော ဆက်နိုင်မော်သည် အချိန် လူပင်ပန်းပြီး အချည်းအနှီးသာ ဖြစ်ခဲ့ရသည်။

နွမ်းချည့်သောရင် ...

နုံးချွေသော လှုပ်ရှားမှုများ ဖြင့် ဦးခေါင်းကြီး ငိုက်စိုက်ချကာ ဆက်နိုင်မော်သည် မိမိ၏ နေအိမ် ဆီသို့သာ တစ်ခေါက်ပြန်ခဲ့ရတော့သည်။

"ဟေး ဖိုးဆက်"

ကုန်စုံဆိုင်ရှင် ဦးဝင်းသည် သူ့ကို တမင်စောင့်ဆိုင်းနေဟန်တူသည်။

ဆက်နိုင်မော်သည် လှမ်းနေသော ခြေလှမ်းကိုရပ်တန့်လိုက်ပြီး သူ့ဆီသို့ လာနေသော ဦးလေး ဝင်းကို ရီဝေမှုန်မှိုင်းနေသော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"မတွေ့ခဲ့ဘူးလား"

ဆက်နိုင်မော်က မျက်နှာအိုအိုကြီးဖြင့် ခေါင်းကို ယမ်းပြလိုက်သည်

Scanned by CamScanner

။

"ဒါဆို ဆင်းသွားပြီနဲ့ တူတယ်"

"မပြောတတ်ပါဘူး ဦးလေးဝင်းရာ"

"ဟင်း ကဲပါလေ မင်းလဲပင်ပန်းနေပြီ ရေမိုးချိုး ထမင်းစားပြီး အနားယူလိုက်တော့၊ ဦးလေး ဝင်း မင်းထမင်းစားပွဲပေါ်က အုပ်ဆောင်းထဲမှာ ဟင်းလုပ်ပြီး ထားပစ်ခဲ့တယ်၊ ဟောဒီမှာ မင်းအိမ် သော့၊ စိတ်ချရအောင်လို့ သော့ပါခတ်ခဲ့တာ"

"ကျေးဇူးပဲဗျာ"

ဆက်နိုင်မော်သည် အိမ်သော့ကိုယူလိုက်ပြီး လေးပင်နေသောခြေများကို မသယ်ချင့်သယ်ချင် ဖြင့် လမ်းကာ ဆက်နိုင်မော် သူ့အိမ်ဆီသို့ လျှောက်ခဲ့သည် ။

ချယ်ရီမြိုင်ရှေ့သို့ ရောက်လျှင် နေဝင်မိုးချုပ်စ အတွင်းက မှောင်မည်းနေသော ပိုင်ရှင်မဲ့ အိမ် ကလေးကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်လိုက်ရသည် ။

မနေ့က ဝါဆို ဖယောင်းတိုင်ကြီး၏ အလင်းရောင်ဖြင့် လှလွန်းနေသော မိန်းကလေး ခုတော့ ဘယ်သောင်ဘယ်ကမ်းရောက်လို့ နေလေပြီနည်း။

"ပြန်လာခဲ့ပါ မေသူရယ်၊ မင်းရဲ့ ချယ်ရီမြိုင် ရိပ်မြုံကလေးကို အမြန်ပြန်လာခဲ့ပါ၊ တို့ မင်းလေး စိတ်ဆင်းရဲအောင် မချေမင်မပြေမပြစ် ဆက်ဆံလိုက်မိတာကို မင်းလေး ကျေနပ်သည် အထိ တောင်းပန်ချင်လှပါတယ်၊ အချစ်ကလေးရယ် မင်းမရှိတော့မှ တို့ ကိုယ်တို့ လှည့်စားခဲ့သမှု ပေါ်ခဲ့ပါ ပြီ၊ တို့ အသည်းနှလုံးထဲမှာ ဆောက်တည်ရာမရ ဖြစ်နေပါပြီ၊

Scanned by CamScanner

ချစ်ကလေးရယ် မင်းလေး ပြန်မလာရင် တို့ ရူးသွားနိုင်တယ် တို့ ရူးသွား နိုင်တယ်ကွာ ဟား"

ဦးခေါင်းက ဆံပင်တွေကို လက်နှစ်ဖက်ဖြင့် နောက်သို့သပ်ချလိုက်ပြီး ဆက်နိုင်မော်သည် ရုက္ခမြိုင်ဆီသို့ ဆက်လျှောက်သွားတော့သည်။

*****

Book Sharing

Scanned by CamScanner

## တစ်ဆယ့်နှစ်။

"ကြီးတင် ..."

"ဟယ် ကလေး ပြန် လာပြီ"

ကြီးတင်သည် သံပန်းတံခါးဆီသို့ ဝမ်းသာအားရ ပြေး လာပြီး သော့ ကို ဖွင့်ပေးလိုက်သည်။

"ကလေးရယ်၊ ဘယ်သူ့မှ မပြောနဲ့ ၊ ဘယ်မှ လိုက်မရှာနဲ့ လို့ ပြောပြီး ပျောက်သွားလိုက်တာ၊ ကြီးတင်ဖြင့် စိတ်ပူလွန်းလို့ ရင်ထဲကိုး ဖြောင်း ဆန်နေတာပဲ မောင်နေစိုးကလဲ ဖုန်းဆက်လိုက်တာ ခဏ ခဏပဲ"

"အဟင်း ... စိတ်လဲ မပူပါနဲ့ လို့ မှာ ခဲ့သားပဲ ကြီးတင်ရဲ့ အဟင်း ဟင်း ဟင်း"

မေသူခေါ် မေသူမိုးလွင်ကတော့ ပေါ့ပေါ့ကလေး ပြောပြီး ရယ်မျှား ပင် ရယ်နေလိုက်သေး တော့သည်။

ကြီးတင်က မေသူမိုးလွင်ကိုကြည့်ပြီး ပင့်သက်ကြီး ကျိတ်ချလိုက်သ ည်။

"ကြီးတင် နေခြည် ဖုန်းဆက်သေးလား"

ရေခဲသေတ္တာကိုဖွင့်၍ အထဲက ကိုကာကိုလာဘူး တစ်လုံးကို ထုတ် ယူရင်း မေးလိုက်သည်။

Scanned by CamScanner

"ခုတင်ပဲ ဆက်သွားတယ်၊ မေသူ ပြန်ရောက်နေပြီလားတဲ့ "

"ဒါဆို သူရုံးမှာ ပဲ ရှိလိမ့်မယ်ထင်တယ်"

"ဟုတ်တယ်၊ ရုံးကပဲဆက်တာ"

"ဒါဆို မေသူ အိမ်ပြန်ရောက်နေတယ်လို့ သူ့ကို ဖုန်းဆက်လိုက်ပါ"

"အေး အေး"

မေသူမိုးလွင်သည် ကိုကာကိုလာ သံဘူးကလေးတူ အဖုံးကို လှပ်လိုက်ပြီး ဆိုဖာတစ်လုံးပေါ် တွင် အိခနဲနေအောင် ထိုင်ချကာ သက်သောင့်သက်သာထိုင်၍ မော့သောက်လိုက်သည်။

ကြီးတင် ဖုန်းဆက်နေစဉ် သူ့ဧည့်ခန်းကြီးကို သူကြည့်လိုက်သည်။

အဖိုးထိုက် အသုံးအဆောင် အဆင်အပြင်တွေနှင့် သစ်လွင်တောက်ပပြီး ခေတ်အရှိန်ကို ဖော်ပြ နေသည့် ဧည့်ခန်း နှစ်ဆယ့်ခြောက်လက်မ နှစ်ထပ်တီဗွီ အောက်ဖ်ဆက်၊ လေအေးစက်၊ နှစ်ထပ် တံခါးနှင့် ရေခဲသေတ္တာကြီး၊ ပိုင်အိုးနီးယား ကက်ဆက်ကြီးနှင့် ဆောင်းဘောက်(စ်)များ ၊ မဟော်ဂနီ ရောင် ပြောင်လက်တောက်ပနေသည့် စန္ဒရားကြီး ဆိုဖာဆက်တီများ ၊ ခန်းလုံးပြည့် မွေးပွကော်ဇော ကြီးများ ၊ ထိုထိုသော ပစ္စည်းပစ္စယများကိုကြည့်ပြီး ဦးခေါင်းကို လေးတွဲစွာ မေသူမိုးလွင်က ခါလိုက် သည် ။

ဒါတွေကို ပြင်ဦးလွင်က အိမ်ကလေးထဲရှိ ဟောင်းနွမ်းပျက်စီးနေသော ပစ္စည်းပစ္စယနှင့် မလဲ နိုင်ပါ။ ထိုအိမ် ထိုခြံနှင့် ဟောင်းနွမ်းသော ပစ္စည်းကလေးများ သည် သည် တိုက်တာ အဆောက်အဦး ကြီးနှင့် ခံ့ထည်သော ပစ္စည်းများ ထက် သူ့စိတ်ချမ်းသာမှုကို ပို၍ ပေးဆောင်နိုင်သည် ဟု မေသူမိုးလွင် ထင်မိသည် ။

Scanned by CamScanner

ရှုးသည် ပဲ ဆိုချင်ဆို။

နမ်းသည် ပဲ ပြောချင်ပြော ပြင်ဦးလွင်က ချယ်ရီမြိုင်ရိပ်မြုံကလေး ဆီသို့သာ ပြန်ပြေးလိုသော စိတ်များ တားဆီး၍ မရနိုင်အောင် ဖြစ်နေမိ တော့သည် ။

"မေသူ ..."

"အင် ..."

တွေဝေငေးမော ငိုင်တွေသွားသော မေသူသည် ကြီးတင်၏ ခေါ်သံကြောင့် ကိုယ်ကလေး တွန့်ခနဲ ဖြစ်သွားသည် ။

"ဘာတွေများ အတွေးနက်နေလို့ ဒီလောက်တောင် လန့်သွားတာလဲ ကလေးရဲ့ "

"အဟော် ... မဟုတ်ပါဘူး"

အရှက်ပြေ မေသူမိုးလွင်က ရယ်လိုက်သည် ။

"နေခြည် ခုပဲလာလိမ့်မယ်"

"သူတစ်ယောက်တည်း လာမှာ လား"

"အေး ... သူတစ်ယောက်တည်း လာမှာ မောင်စိုး ခုတင်အပြင်ထွက် သွားတယ်တဲ့ "

"အို ... ကောင်းလိုက်တာ"

"အင်း မေသူနဲ့ မောင်စိုးကိုတော့ ဘယ်လိုများ သင့်မြတ်အောင် လုပ် ပေးရမယ် မသိတော့ပါ ဘူး"

စိတ်ရှုပ်ထွေးလှဟန်ဖြင့် ကြီးတင်က ပြောလိုက်သည် ။

Scanned by CamScanner

"ဘယ်လိုမှ လုပ်ပေးဖို့ စိတ်မကူးနဲ့ ကြီးတင် တစ်လောကလုံးမှာ သူ့ကို မေသူစိတ်အကုန်ဆုံး ကြာလေကုန်လေပဲ"

မေသူက လက်ထဲက ကိုကာကိုလာ ဘူးလွတ်ကလေးကိုစားပွဲပေါ်သို့ ချလိုက်ရင်း ပြောလိုက် သည်။

မှုန်အိုသွားသော မေသူမိုးလွင်၏ မျက်နှာကို ကြီးတင်သည် နားမလည်နိုင်ဟန်ဖြင့် ကြည့် လိုက်သည်။

"မေသူရယ် မောင်စိုးက သမီးလေး အဖေ သမီးကို သဘောတူထားခဲ့တဲ့ လူတစ်ယောက် မဟုတ်လား ပြီးတော့"

"ဟုတ်ပါတယ် ဖေဖေက၊ သူ့အဖေနဲ့ ငယ်သူငယ်ချင်းဆိုတော့ သူတို့ချင်း ရင်းနှီးမှုနဲ့ မေသူ ကို ကိုစိုးနဲ့ သဘောတူခဲ့တာပါ၊ မေသူလဲ ဖေဖေ့ကိုပေးထားတဲ့ ကတိမဖျက်ချင်ပါဘူး၊ ဒါပေမဲ့ ကိုယ့် တစ်သက်လုံး လက်တွဲသွားရမယ့် လူတစ်ယောက်ကို မချစ်မနှစ်သက်ဘဲနဲ့ တော့ လက်မခံနိုင်ဘူး ကြီးတင်ရေ၊ ကိုစိုးလာလဲ မေသူကို ကပ်နေတာ ချစ်လွန်းလှလို့ မဟုတ်ဘူး ၊ အိမ်ဂျယ်အလှကုန် လုပ်ငန်းကြီးကို မက်ပြီးရင်းမက်နေလို့ ၊ မေသူလေ့ လာပြီးပြီ သိပြီးပြီ ကြီးမေ သူ့ကိုစွတ်နှစ်ပြီး မေသူ လက်ထပ်လိုက်ရင်လဲ သဘာဝချင်း သဘောထားချင်း မတိုက်ဆိုင်လို့ ခဏလေးနဲ့ ကွဲကြမှာ ပဲ၊ သူ့ကို လဲ ဒီကိစ္စအတွက် ပြတ်ပြတ်သားသားပြောဖို့ အချိန်ရောက် လာပြီ"

"ဟယ် ... သမီးလေး ချင့်ချိန်ပြောပါကွယ်၊ ဒီ ဒီလုပ်ငန်းကြီးမှာ သူမပါရင်မဖြစ်ဘူးဆိုတာ သမီးလေးအသိပဲမှုတ်လား"

"အို ကြီးတင်ရယ် ... ငကန်းသေ ငွေလာလိမ့်မှာ ပေါ့၊ လုပ်ငန်းကြီးတစ်ခုလုံးတော့ ပျက် မသွားနိုင်ပါဘူး၊ မေသူ ဒီကိစ္စတွေအတွက် အားလုံးစဉ်းစားထားပြီးသားပါ"

Scanned by CamScanner

"အင်းပါလေ ... သမီးကလေးက ကြီးတင်ထက် ပိုသိမှာ ပေါ့"

ဒေါ်ကြီးတင်သည် ကိုကာကိုလာ ဘူးခွံကလေးကို စားပွဲပေါ်မှ ကောက်ယူပြီး မီးဖိုဆောင် ဘက်ဆီသို့ ထွက်ခွာသွားတော့သည် ။

သူ့ရင်ထဲမှာ တော့ သည် ကလေးမလေး အတွေးမမှားပါစေနဲ့ ဟု ကျိတ်၍ ဆုတောင်းနေမိသည် ။

*****

Book Sharing

Scanned by CamScanner

တစ်ဆယ့်သုံး။

သူ့အတွင်းရေးမှူး နေခြည်ကို တွေ့ချင်စိတ်များက မေသူမိုးလွင်တွင် ပြင်းထန်၍ နေသည် ။

ဧည့်ခန်းကြီးထဲတွင် ဆောက်တည်ရာမရသောစိတ်ဖြင့် ခေါက်တုံ့ခေါက်ပြန် မေသူမိုးလွင် လျှောက်နေမိသည် ။

"နေခြည်ကလဲ ကြာလိုက်တာ၊ ကိုယ်ပိုင်ကားနဲ့ လာတဲ့ ဥစ္စာပဲ တော်ကြာ ဟိုဓမ္မန္တရာယ် ကိုစိုး သူ့ထက်အလျင် ရောက်လာမှ ဒုက္ခ"

ချွန်မြမြ လက်သည်းကလေးများ ဖြင့် ဦးခေါင်းကို စိတ်ရှုပ်ထွေးလှ ဟန်ဖြင့် မေသူမိုးလွင် ကုတ်ပစ်လိုက်သည် ။

"ဟော ..."

ကားသံ ...

နေခြည်အား သူပေးထားသော ကား၏ စက်သံကို မေသူမိုးလွင် ကောင်းကောင်း ကြီး မှတ်မိ သည် ။ ထို့ကြောင့် ဆင်ဝင်အောက်ဆီသို့ အပြေးကလေး ထွက်လာခဲ့သည် ။

ထိုအခိုက်မှာ ပဲ နေခြည်ကိုယ်တိုင် မောင်းနှင်လာသော ဖင်မလီယာ မိုးထိုး ကားကလေး ဆင်ဝင်အောက်သို့ လျှောခနဲ ဝင်လာသည် ။

မေသူမိုးလွင်က နေခြည်ဘက်က ကားတံခါးကို ဖွင့်ပေးလိုက်သည် ။

Scanned by CamScanner

"ဟိုမှာ အဆင်ပြေတယ်မှတ်လား၊ ပြန်ခေါ်ရတာ စိတ်မကောင်းပါဘူး မေသူရယ်"

"အဆင်ပြေပါတယ်၊ လာပန်းခြံထဲသွားရအောင် ပြောစရာတွေ အများကြီးရှိတယ်"

မေသူမိုးလွင်သည် နေခြည်၏ လက်ကိုဆွဲကာ ခြံဝင်းထဲရှိ ကရမက်ပင်ကြီးအောက်သို့ ခေါ်ဆောင်သွားခဲ့သည် ။

ထိုင်ခုံတန်းကလေးတွင် ယှဉ်တွဲပြီး ထိုင်ပြီးသည် နှင့် တစ်ပြိုင်နက် မေသူမိုးလွင်သည် သူထွက်ခဲ့သည့် ခရီးစဉ်မှ အတွေ့အကြုံနှင့် အဖြစ်အပျက်များကို နေခြည်အား တစ်လုံးမကျန်အောင် ဖွင့်ပြောလိုက်သည် ။

နေခြည်သည် အလှမွေး မြက်ခင်းစိမ်းစိမ်းကြီးကို ကြည့်ရင်း ဦးခေါင်းကလေး တဆတ်ဆတ် ဖြင့် သေချာစွာ မေသူပြောသမျှကို နားထောင်နေခဲ့သည် ။

မေသူမိုးလွင် သူပြောချင်ရာကို ပြောပြီးသည့်အခါတွင် သူလုပ်ဆောင်လိုသောကိစ္စကို တစ်ဆက်တည်း နေခြည်အားပြောပြစေခိုင်းနေ၏။

သည် အခါတွင် တော့ နေခြည်၏ မျက်လုံးကလေးများ သည် ပြူးဝိုင်းစွာဖြင့် မေသူ၏ မျက်နှာ ကို မမှိတ်မသုန် ကြည့်နေကြတော့သည် ။

"နေခြည် ဖြစ်နိုင်တယ်မှတ်လား"

"မေသူရယ် ... ဟို"

"နေခြည် နေခြည်က မေသူရဲ့ ကျောင်းနေဖက် သူငယ်ချင်း ပြီးတော့ မေသူရဲ့ အတွင်းရေးမှူး မေသူဖြစ်ချင်တာကို လုပ်ပေးရမှာ နေခြည့်တာဝန်ပဲ ကျန်တာ ဘာဆင်ခြေမှ မေသူမသိချင်ဘူးကွာ"

Scanned by CamScanner

သည် ကလေးမ ဘူးဆို ဖရုံမသီးတတ်သည့် အကြောင်း အတွင်းသိ အဆင်းသိမို့ နေခြည် လည်း နောက်ဆုံးတွင် တော့ သူ့ဆန္ဒအတိုင်း အားလုံးပြီးမြောက်အောင် ဆောင်ရွက်ပေးရန် သဘော တူညီလိုက်ရတော့သည် ။

အလိုဆန္ဒတွေ ဖြည့်ဆည်းပေးမည့် ကတိကိုရတော့ မေသူမိုးလွင်၏ မျက်နှာကလေးသည် ကြည်လင်ဝင်းလက်၍ လာသည် ။

"ဒါကြောင့် နေခြည်ကိုချစ်ရတာ၊ ကဲ ... ပြော အလုပ်အတွက် အရေးကြီးတယ်ဆိုတဲ့ အကြောင်း"

"ဟင်း ... မေသူရယ်၊ မေးမှ မေးပါတော့မလားလို့ နေခြည်စိတ်ပူလိုက်ရတာ"

"ဩော် ...နေခြည်ရယ်၊ ဒီလုပ်ငန်းကို မေသူမလုပ်ချင်တော့လို့ ရပ်ပစ်လိုက်ရင်လဲ မေသူ တစ်သက်စာ မကုန်အောင် လုံလောက်နေပြီပဲ မေသူလုပ်နေတာ မေသူ့ စက်ရုံအလုပ်သမားတွေ အတွက် နေခြည်တို့ ရုံးထိုင်သူတွေအတွက်ပါ၊ အလုပ်ကိစ္စနဲ့ ပတ်သက်လို့ မေသူလျစ်လျူမရှုနိုင်ပါ ဘူး၊ ကဲ ... ဆိုပါဦး မစ္စတာဟူးက ဘာတဲ့ တုန်း"

နေခြည်က သူ့ပေါင်ပေါ်တွင် ချထားကာ ဆလင်းဘက် ကလေးထဲမှ စာအိတ်ရှည်ရှည် တစ်လုံးကို ထုတ်ယူကာ မေသူမိုးလွင်အား ပေးလိုက်သည် ။

မေသူမိုးလွင်သည် စာရွက်ကိုထုတ်၍ ဖတ်ကြည့်လိုက်သည် ။

"အင်း ... ဒါဆို လုပ်ငန်းချဲ့ဖို့ ကိစ္စကတော့ အောင်မြင်ပြီလို့ ဆိုရမှာပဲ ခက်တာက စက်ပူကို သူနဲ့ ပြန်လိုက်ရမယ်ဆိုတာပဲ"

"မေသူရယ် အသွားအပြန် ဆယ့်လေးငါးရက်ပဲ ကြာမယ့်ဥစ္စာ"

Scanned by CamScanner

"တစ်လကြာလဲ အများ အတွက် သည်းညည်းခံပြီး မေသူက သွားမှာ ပါပဲ၊ ခက်တာက မေသူ့ နောက်ကို ကိုစိုးတကောက်ကောက်ပါနေမှာ ကို မကြိုက်တာ နေခြည်ရဲ့ ၊ သူနဲ့ တွဲပြီး နိုင်ငံခြား မသွား ချင်ပါဘူး"

နှုတ်ခမ်းဖူးဖူးကလေးကို စူတူမူတူကလေးလုပ်၍ မေသူမိုးလွင်က ပြောလိုက်သည် ။

"ကိုစိုးကြားရင်တော့ တက်သေတော့မှာ ပဲ"

"သူ့ခမျာ စာကလဲရောက်၊ မေသူကလဲပျောက် ဖြစ်နေလို့ ပျာယာခ တ်နေတာ မြင်စေချင်တယ် သနားစရာကိုဖြစ်လို့ အဟင်း ... ဟင်း ... ဟင်း"

"အခွင့်အရေးသမားများ မုန်းလိုက်တာ မသနားပါဘူး"

"ပြတ်သားလှချည်လား"

"ပြတ်ပြတ်ပဲ တွေ့ရင်လဲ အပြတ်ပဲ ပြောရမယ်၊ မေသူ့ကို ဘယ်လိုန ည်းနဲ့ မှ မမျှော်လင့်ပါနဲ့ လို့ "

မေသူမိုးလွင်၏ ပြတ်သားချက်ကို ကြားရတော့ နေခြည်၏ ရင်ထဲတွ င် နွေးခနဲ ဖြစ်သွားရ သည် ။

နေခြည်သည် စွန့်ပစ်ပစ္စည်းကလေးကို ပြေးကောက်ချင်သူ ဖြစ်နေ လေသည် မဟုတ်ပါလား။

"ဒါနဲ့ မစ္စတာဟူးအတွက် အင်းယားလိတ်မှာ အခန်းဘွတ်ကင် လုပ် ထားပြီးပြီလား"

"ကိုစိုး မနက်ကပဲ သွားလုပ်ထားလိုက်တယ် မေသူ"

"ဟွန်း ... သူက ဒါမျိုးဆို သိပ်လျင်"

Scanned by CamScanner

မဲ့ကာရွဲ့ကာ မေသူမိုးလွင် ပြောလိုက်သည်။

"ဟော ဆိုင်ကယ်သံကြားတယ်၊ ကိုစိုးလိုက် လာပြီထင်တယ်"

နေခြည်က အသံလာရာဘက်သို့ ချာခနဲ လှည့်ကြည့်၍ ပြောလိုက်သည်။

"ဟုတ်ပတော်"

ဟွန်ဒါနီနီကလေးကို ခေါင်းစွပ်အနီကလေး တပ်ဆင်ထားသူတစ်ဦး မောင်းနှင်၍ ခြံထဲသို့ ဝင်လာသည်။

"နေခြည်နော် မေသူ ပြောထားတာတွေကို မြန်မြန်ထက်ထက်လုပ်"

"အင်းပါကွယ်၊ ကိုစိုးကိုလဲ သိပ်ပစ်ပစ်ခါခါကြီးတော့ မပြောလိုက်ပါနဲ့ သနားပါတယ်"

"အိ ... သနားရင် နေခြည်ချော့လိုက် မေသူကတော့ မုန်းပြီဟေ့ဆိုရင် မရဘူး သိလား"

မျက်နှာမူန်မူန်ကလေးဖြင့် ပြောပြီး ချာခနဲ ဦးခေါင်းကိုလှည့်ပစ်လိုက်သည်။

မော်တော်ဆိုင်ကယ်သည် သူတို့ နှစ်ဦး အနီးတွင် ရပ်သွားသည်။

နေခြည်က ထိုင်ရာမှ အလိုက်သိတတ်စွာ ထရပ်လိုက်သည်။

"အို ... ထိုင်နေ"

မေသူမိုးလွင်က နေခြည်လက်ကို ဖမ်းဆွဲထားလိုက်သည်။

"နေပါဦး ဒါက ဘာအချိုးလဲ၊ ဒါ မင်းဘယ်က ပြန်လာတာလဲဟင် မေသူ"

Book Sharing

Scanned by CamScanner

သူ့ခေါင်းပေါ်က ဦးထုပ်ကိုချွတ်ပြီး နေစိုးက မေသူမိုးလွင်၏ ရှေ့တွင် ခြေချွဲရပ်ကာ မေးလိုက် သည် ။

သူ့မျက်လုံးများ သည် စူးရှနေ၏။

သူ့နှုတ်ခမ်းတို့ သည် တင်းစေ့နေ၏။

"အဟင်း ရယ်ရတယ် ပုံစံကိုက သူ့မှာ မေသူ့ကို တားပိုင်ခွင့် ဆီးပိုင်ခွင့်များ ရှိနေတယ်များ မှတ်နေသလား မသိဘူး"

"ဘယ်လိုပြောလိုက်တယ်၊ တားပိုင်ခွင့် ဆီးပိုင်ခွင့် သိပ်ရှိနေတာ မင်းအသိပါ မေသူ ဘာ မှန်လာဥလုပ်ချင်တာလဲ၊ မင်းက တစ်နေ့ကိုယ့်ကို မလွဲမသွေ လက်ထပ်ရမယ့် မိန်းမတစ်ယောက် ဆိုတာ မေ့သွားပြီလား ဟင် ... ပြောစမ်း မေ့သွားပြီလားလို့ "

"အို ... လူကို မထိပါနဲ့ "

မေသူမိုးလွင်က သူ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လာသော နေစိုး၏ လက်များကို မညှာမတာ ရိုက်ပုတ် ထုတ်ပစ်လိုက်သည် ။

သူတို့ နှစ်ဦးကြားတွင် နေခြည်မှာ အနေရကြပ်ကြီး ထရပ်လိုက်တော့သည် ။

"နေခြည် မသွားနဲ့ "

မေသူမိုးလွင်က တားလိုက်သည် ။

"နေခြည် သွား ကိုယ်နဲ့ သူ ဒီကိစ္စကို အပြတ်ရှင်းမှ ဖြစ်မယ်"

"ကိုစိုးနဲ့ မေသူရဲ့ ဒေါသနဲ့ မပြောမဆိုကြပါနဲ့ အေးအေးဆေးဆေး ဆွေးနွေးကြပါ"

"ဒီမှာ ကိုစိုး ရှင်က ဖေဖေနဲ့ ရှင့်အဖေရှိစဉ်က ပြောခဲ့တဲ့ စကားတွေ

Scanned by CamScanner

နဲ့ မေသူ့ကို အပိုင်ချည်ဖို့ မကြိုးစားချင်ပါနဲ့ မေသူ ရှင့်ကို ဘယ်တော့မှ လက်မထပ်နိုင်ပါဘူးလို့ အခါခါ ပြောခဲ့ပြီးပြီနော်၊ ခုလဲ ထပ်ပြောပြန်ပြီး နေဝင်လဲ ထပ်ပြောဦးမှာ ပဲ၊ အိမ်ဂျယ် အလုကုန်လုပ်ငန်းထဲမှာ ဥမကွဲသိုက် မပျက် အရှည်သဖြင့် နေချင်တယ်ဆိုရင် မေသူ့ကို အရယူချင်တဲ့ အစွဲအလမ်းကြီးကို ရှင် မေ့ပျောက် ပစ်နိုင်အောင် ကြိုးစားပါကိုစိုး"

အသားဖြူလွန်းသော နေစိုး၏ မျက်နှာသည် မေသူမိုးလွင်၏ မညှာမတာ ပြောလိုက်သော စကားကြောင့် ရဲတွတ်၍ လာသည်။

နှာတံပေါ်ပေါ် မျက်လုံးမျက်ဖန် ကောင်းကောင်း နှင့် မိန်းမချောချောနေသော နေစိုး၏ မျက်နှာသည် သုန်မှုန်ခက်ထန်၍ လည်း လာသည်။

"မင်း တော်တော်မောက်မာတဲ့ မိန်းမပဲ"

"ရှင့်ဆန္ဒအတိုင်း မလိုက်လျောနိုင်ဘူးဆိုတော့ ရှင်ဒီလိုပဲ ပြောမှာပေါ့ ကိုစိုး ရှင့်ကို မေသူ ခွင့်လွှတ်နိုင်ပါတယ်၊ ကိုယ့်ခင်ပွန်းလောင်းအဖြစ်ကလွဲလို့ မိတ်ဆွေကောင်းတစ်ယောက်အဖြစ်လဲ မေသူ ရှင့်ကို တစ်သက်လုံး လက်တွဲသွားနိုင်တယ်၊ ဒါ မေသူ စကားအကုန်ပြောထားတာပါ၊ အလုပ် ကိစ္စနဲ့ ပတ်သက်လို့ နေခြည် ပြောပြထားလို့ မေသူ အားလုံးသိထားပြီးပါပြီ မေသူနားချင်လို့ ခွင့်ပြုပါ ဦး"

မေသူမိုးလွင်သည် သူပြောချင်ရာပြောပြီး နေရာမှ ရုတ်တရက်ထွက်သွားတော့သည်။

"ကဲဟာ ..."

"အို ... ဘယ်လိုလုပ်လိုက်တာလဲ ကိုစိုးရယ်"

မော်တော်ဆိုင်ကယ်၏ ဘီးကို စိတ်လိုက်မာန်ပါ ဆောင့်ကန်လိုက်

Scanned by CamScanner

သော နေစိုးကို နေခြည်က လှမ်းဆွဲထားလိုက်သည်။

"မိန်းမတစ်ယောက်ကို အောက်ကျခံပြီး ဒီလောက် ငါ့တစ်သက်မှာ ငါတစ်ခါမှ မဆက်ဆံခဲ့ ရဘူး၊ မိန်းမတွေဟာ ငါမဆွတ်ခင်က ညွတ်ချင်ကြတဲ့ သူတွေချည်းပဲ အဟွန်း ... မင်း ဘယ်လောက် တင်းမာနိုင်မလဲ စောင့်ကြည့်ကြသေးတာပေါ့ တောက်"

အံတကြိတ်ကြိတ် တက်တခေါက်ခေါက် ခံပြင်းနေသော နေစိုး ရင်တွင် လှိုက်မောစွာဖြင့် နေခြည် ကြည့်နေမိသည်။

"ငါသွားမယ် နေခြည်၊ လချုပ်စာရင်းတွေ ညနေမှ ငါလာလုပ်မယ်"

"ဟုတ် ... ဟုတ် ... ကဲ့၊ ဒီမှာ ကိုစိုး ..."

နေခြည်က နေစိုး၏ လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်သည်။

နေစိုးသည် နေခြည်၏ မျက်နှာကို သမင်လည်ပြန်လှည့်၍ ကြည့်လိုက်သည်။

"စိတ်လိုက်မာန်ပါတွေ လျှောက်မလုပ်နဲ့ နော်၊ ဒီကိစ္စမျိုးက အင်မတန် သိမ်မွေ့နူးညံ့တဲ့ ကိစ္စမျိုး ကိုစိုးရဲ့ တစ်ယောက်နဲ့ တစ်ယောက် ခုလိုတုတ်တပြက် ဓားတပြက် ပြောနေကြလို့ လိုရာ ခရီးကို ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး ၊ ကိုစိုးတို့ နှစ်ယောက်စလုံး သိပ်စိတ်ရှည်ကြဖို့ လိုတယ်လို့ နေခြည်ပြောချင်ပါတယ်"

နေစိုး၏ မျက်နှာသည် နေခြည်၏ စကားအဆုံးတွင် ခက်ထန်မာကျောမှု လျော့ပြေလာသည်။

"အင်း ... နေခြည်ပြောတာ ဟုတ်ပါတယ်၊ ငါကလဲ သူ အဲဒီလိုထင်ရာသွား၊ ထင်ရာတွေ လျှောက်လုပ်နေတာကို လုံးလုံးမှ မကြိုက်တော့ တွေ့လိုက်တာနဲ့ စိတ်မထိန်းနိုင်အောင် ဖြစ်ဖြစ်သွားခဲ့ တာပဲ၊ နောင် ဒီ

Scanned by CamScanner

လိုမျိုးမဖြစ်အောင် ငါကပဲ စိတ်ထိန်းရမှာ ပေါ့လေ၊ ကဲပါလေ ငါညနေပြန်လာခဲ့မယ် ဟုတ်လား ရိုက်စရာရှိတာတွေသာ ရိုက်ထားလိုက် ဩော် ... ရော့ ဒါမစွတာဟူးဆီကို ပြန်ပို့လိုက်တဲ့ တဲယ်လိက်(စ်) ရုံးမှာ ဖိုင်လုပ်ထားလိုက်ဦး"

"စိတ်ချ ဖိုင်ထဲ သွင်းလိုက်မယ်၊ နေခြည်လဲ ခုပြန်မှာ ပါ ကဲ ... ကိုစိုးသွားတော့"

နေစိုးသည် ဆိုင်ကယ်စီးဦးထုပ်ကို ပြန်ဆောင်း၍ မေးသိုင်းကြိုး ချည်လိုက်သည်။ ပြီးလျှင် ဆိုင်ကယ်ကို မောင်းနှင်ကာ မေသူမိုးလွင် ခြံဝင်းအတွင်းမှ ထွက်ခွာသွားတော့သည်။

*****

Scanned by CamScanner

တစ်ဆယ့်လေး။

"လာဟေ့ နေခြည်"

ကြီးတင်က အိမ်ဝသို့ရောက်လာသော နေခြည်ကို လှမ်းခေါ်လိုက်သည်။

"မောင်နေစိုး အိမ်ထဲ မဝင်တော့ပါလား"

"သူသွားစရာရှိလို့ တဲ့ ကြီးတင်"

"ဪ ... ဪ ..."

"မေသူကော"

"ခုနက ရေချိုးခန်းထဲ ဝင်သွားတာ တွေ့လိုက်တယ် ... သူ့အခန်းထဲ လိုက်သွားလေ"

"ဟုတ်ကဲ့ ..."

နေခြည်သည် မေသူမိုးလွင်၏ အိပ်ခန်းရှိရာ အိမ်ပေါ်ထပ်ဆီသို့ တက်ခဲ့သည်။

"မေသူ ..."

"နေခြည် ... ခဏ ... ခဏ ... မေသူ ပြီးတော့မယ်"

"မြန်မြန်လုပ်ပါ"

Book Sharing

Scanned by CamScanner

"သူသွားပြီဟုတ်လား"

"အင်း ..."

"ကောင်းတယ် ... သူ့မျက်နှာကြီး မတွေ့ရလေ ကောင်းလေပဲ ..."

မေသူမိုးလွင်က ရေချိုး ကြွေဇလုံကြီးထဲမှ ထရပ်ကာ မွေးပွမျက်နှာသုတ်ပဝါကြီးကို တန်းမှ လှမ်းဆွဲယူရင်း ပြောလိုက်သည်။

နေခြည်သည် ခုတင်စွန်းတွင် ထိုင်ကာ မဂ္ဂဇင်းတစ်အုပ်ကို ခုတင်ပေါ်မှ ကောက်ယူလိုက်စဉ် ... မေသူမိုးလွင် ရေချိုးခန်းအတွင်းမှ ထွက်လာသည်။

ရေစက်ကလေးတွေ ဥနေသော မေသူမိုးလွင်၏ မျက်နှာဖွေးဖွေးသန့်သန့်ကလေးသည် လန်းဆန်း၍ လှပကြည်လင်လွန်းနေသည်။

"အဟွန်း နေခြည် ညစ်သွားမှာ ပဲနော်"

"ဘယ့်နှယ့် ပြောပါလိမ့်"

"ဆောရီးပဲ၊ သူက သိပ်ပိုင်စိုးပိုင်နင်းလူကို ပြောလွန်းတယ် ... အားကြီး ချဉ်စရာကောင်း တယ်"

"သူက မေသူ့ကို တကယ် သံယောဇဉ်ရှိတာပါ အပြောမတတ် ဖြစ်နေတာပါ"

"အို ... ရှေ့နေလိုက်ခ ဘယ်လောက်ရသလဲ ပြောစမ်း ပြောစမ်း နေခြည်"

ခုတင်ပေါ်တွင် ဆောင့်အောင့် ထိုင်ချလိုက်ရင်း မေသူမေးလိုက်သည်။

"ဩော် မေသူရယ် ... နေခြည်က ငိုစား၊ ရယ်စား၊ လုပ်တတ်တဲ့

လူမျိုး မဟုတ်ပါဘူး ... သူ တကယ် မေသူအတွက် စိုးရိမ်ကြောင့်ကြ ရှာ တယ်ဆိုတာ နေခြည်အသိဆုံးပါ၊ ပြီးတော့ အလုပ်ကိစ္စနဲ့ ပတ်သက်သမျှ ကိုလဲ အလေးအနက်ထားပြီး လုပ်တတ်တဲ့ လူတစ်ယောက်ပါ"

"ဪ ဒါကတော့ သူ့ထမင်းအိုးပဲ နေခြည်ရယ်၊ လုပ်စရာရှိတာ လု ပ်ရမှာ ပေါ့လို့ "

"ဟွန်း ... တော်ပြီ ... တော်ပြီ ဒီနှစ်ယောက်ကတော့ ဘယ်တော့မှ ရ င်ကြားစေ့လို့ ရတော့ မယ့်ပုံ မပေါ်ဘူး ... စိတ်ညစ်တယ်"

"စိတ်မညစ်နဲ့ ... ဒီက ပြောထားတာတွေ မြန်မြန်အကောင်အထည် ပေါ်အောင်နဲ့ ပီပြင် အောင်လုပ်ဖို့ အမြန်စိုင်းပြင်းပေတော့"

"ကဲ ... ကဲ ... ခုပဲ ပြန်ပါတော့မယ် ... ဘာများ အမှာ တော်ရှိဦးမလဲ ... ပြော ..."

"ဘာမှ မှာ စရာမရှိဘူး မနက်ဖြန် မေသူ့ရုံးကို လာမယ် ... ကဲ ... သွားတော့ ..."

နေခြည် မေသူ့အခန်းမှ ထွက်ခဲ့သည်။

"ကြီးတင်ရေ ... နေခြည်သွားပြီ ..."

"ဟဲ့ ... ဟဲ့ ... ဘယ်နဲ့ တုန်း ပြန်တာ မြန်လှချည့်လား ဒီမှာ စားစရာ တွေ လုပ်နေတယ်၊ ထမင်းစားခန်းထဲ ဝင်ခဲ့ပါဦး နေခြည်ရဲ့ ..."

နေခြည်လည်း ဧည့်ခန်းမကြီးကို ဖြတ်နေရာမှ ထမင်းစားခန်းဆီသို့ ခြေဦးလှည့်လိုက်ရ သည်။

"ဘာတွေများ ဒုက္ခရှာပြီး လုပ်နေရတာလဲ ကြီးတင်ရယ်"

"ကြာဆံကြော်သုပ်နဲ့ ဟင်းခါးလေ၊ အိမ်က မမလေးက စားချင်တယ်

Scanned by CamScanner

ဆိုလို့ ဖြုန်းစားကြီး ထလုပ်ရတာ စားသွားဦး"

ကြီးတင်၏ လက်ရာမှန်သမျှ သွားရည်ကျစရာချည်းဖြစ်သည် ။

ကြက်သွန်ဖြူကလေး မညက်တညက်ထောင်း၍ ထည့်ထားသော အချဉ်ရည်ပန်းကန် ကလည်း စားချင်စဖွယ် မွှေးကြိုင်နေသည် ။

နေခြည်လည်း အသုပ်ကြိုက်တတ်သော မိန်းကလေးပီပီ စားပွဲတွင် ဝင်ထိုင်လိုက်သည် ။

ကြက်သွန်ဖြူဥတစ်လုံး အကွင်းလိုက်ကို ဆီချက်ချက်ထားသည် ။

ပဲမှုန့်လက်လတ်ကလေးကို မီးအေးအေးဖြင့် လှော်ထားသည် ။

ဆားပေါ့ခြောက်အကောင်းစားပုစွန်ခြောက်ကို ထုထောင်း၍ ပန်းကန်ထဲ ထည့်ထားသည် မှာ လည်း အလျှံပယ်။

အိမ်လှော် ငရုတ်သီးထောင်းကလည်း မွှေးနေသည် ။

"ကဲ ... ကြိုက်သလိုသာ ရောစပ်ပြီး သုပ်စားပေတော့ မရွှေနေခြည် ရေ ရော့ ဟောဒီမှာ က ဟင်းခါး၊ မြင်းခွာရွက်နဲ့ ရှောက်ရွက်ရောပြီး ချက်ထားတာ"

"ကောင်းလိုက်တာ ကြီးတင်ရယ်၊ ဒီနေ့ နေခြည် အိုဗာတိုင်ဆင်းရမှာနဲ့ တော့ အတော်ပဲ၊ အဝ တုတ်သွားတော့မယ်"

"စားသာစား အားမနာနဲ့ နော်၊ ဒါလေး မဖုရားလေးဆီ သွားပို့ပေးလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ဒေါ်ကြီးတင်သည် စားသောက်ရန် အသင့်ပြင်ထားသော လင်ပန်းကြီးကို မ၍ မေသူမိုးလွင် ရှိရာသို့ ပို့ပေးရန် ထွက်ခွာသွားတော့

Scanned by CamScanner

သည်။

နေခြည်လည်း စိတ်ကြိုက် အသုပ်ပန်းကန်ကို ချလိုက်ပြီး ကိုယ့်အိမ်ကိုယ့်ရာလို သဘောထား ပြီး စားပစ်လိုက်မိတော့သည်။

ခံတွင်းတွေ့လိုက်သည့်ဖြစ်ခြင်း။

"ဘယ့်နှယ်လဲ စားကောင်းလား နေခြည်"

"ကောင်းမှ ကောင်း၊ လျှာတွေအာတွေကို ပူသွားတာပဲ။ ငရုတ်သီးကလဲ စပ်မှ စပ် ကြီးတင် ရေ"

"စပ်မှာ ပေါ့အေ၊ မနေ့က ဟိုဘက်ခြံက တောကဉ္စေ့်သည် လာလို့ ပေါဦးသီးတွေ လာပေး သွားတာလေ၊ ကြီးတင် ဒီမနက်ပဲ လှော်ပြီး ထောင်းထားတာ၊ အဆောင်မှာ စားချင်ရင် ထည့်ယူ သွား"

"မယူတော့ပါဘူး ကြီးတင်၊ ဟိုတစ်ခါ ကြီးတင်လှော်ပေးထားတဲ့ တစ်ပုလင်းက ကျန်နေ သေးလို့ "

"အေး အေး လိုတာရှိလဲပြောပေါ့အေ၊ ဒါနဲ့ ညည်းလေးကို တိုးတိုးတိတ်တိတ် မေးရဦးမယ်၊ အိမ်ကဟာမလေး ဘယ်သွားတာတဲ့ လဲ၊ ပြောပြ သေးလားဟင်"

"မပြောပြဘူး ကြီးတင်"

လူကြီးကို မလှည့်စားချင်ဘဲ လှည့်စားလိုက်ရပါသည်။

"အင်း ... ခက်တယ် နေခြည်၊ ဒီကလေးက ကြီးတင်ဝမ်းနဲ့ လွယ်ပြီး မမွေးခဲ့ရတာပဲရှိတယ်၊ ကြီးတင်လက်ပေါ်မှာ ကြီးလာခဲ့တဲ့ ကလေး၊ သူ့ကို ကြီးတင် ကိုယ့်သွေးသားလေးလို သိပ်ချစ်ပါ တယ်၊ မဖြစ်သင့်တာ မဖြစ်စေချင်ဘူးကွယ်၊ သူ အိမ်ထောင်ရက်သားကျမှာ ပဲ ကြီးတင်လဲ စိ

Scanned by CamScanner

တ်အေး ရမှာ ကွယ့်"

"ဟုတ်ပါတယ် ကြီးတင်ရယ်၊ သူ့အပေါ် ကြီးတင် ဘယ်လောက် သံယောဇဥ်ကြီးတယ်ဆိုတာ နေခြည်သိပါတယ်၊ သိပ်လဲ စိတ်မပူပါနဲ့လေ၊ ဦး ဆုံးသွားကတည်းက လုပ်ငန်းကြီးတစ်ခုလုံးကို သူ နိုင်နိုင်နင်းနင်း ထိန်းလာနိုင်ခဲ့တာဆိုတော့ သူ့အရည်အချင်း သူ့စိတ်ဓာတ်တွေဟာ ညံ့မယ်မထင်ပါ ဘူး ကြီးတင်ရယ်၊ ချင့်ချိန်စဉ်းစားမှုလဲ ရှိသင့်တယ်ဆိုတာ နေခြည်ခန့်မှန်းထားမိပါတယ်"

"အေးကွယ် လမ်းမှားလိုက်နေတာများ မြင်ရင်တွေ့ရင်လဲ သူငယ်ချင်းကောင်းပီသစွာနဲ့ အမှန်းခံပြီး တားပါကွယ်"

"စိတ်ချပါကြီးတင်၊ နေခြည် သူ့ကိုပစ်မထားပါဘူး၊ ကဲ ... စားလို့ လဲဝပြီ၊ အလုပ်ရှိသေးလို့ နေခြည်သွားမယ်နော်"

"အေး ... အေး သွားတော့ သွားတော့"

နေခြည်လည်း သူ့ဆလင်းအိတ်ကလေးကို ကောက်လွယ်လိုက်ပြီး ရပ်တန့်ထားသော သူ့ကား ဆီသို့ ထွက်ခဲ့သည် ။

ဘောင်ဒရီလမ်းမှ ဘားလမ်းဆီသို့ ကားကို ဦးတည်မောင်းနှင်ရင်း မေသူမိုးလွင်၏ ညွှန်ကြား ထားချက်တွေကို ဘယ်ပုံဘယ်နည်း ဆောင်ရွက်ပေးရမည်ကို နေခြည် လေးနက်စွာ တွေးလာခဲ့သည် ။

*****

Scanned by CamScanner

# တစ်ဆယ့်ငါး

မေသူရယ် ... မင်းလေး ဘယ်ကို ခြေရာဖျောက် ရှောက်သွားပြီလဲကွယ်၊ ခင်မင်တွယ်တာ ခဲ့ရတဲ့ အချိန် တိုတောင်းပေမယ့် တို့ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကြီးကတော့ ကြီးမားလွန်းနေပါ တယ်၊ မင်းလေးဟာ တို့ ကိုစက္ကန့်မလက်ဖမ်းစား နှိပ်စက်နေပြီကွာ၊ တို့ နှလုံးသားကို ပိုင်စိုးနေပြီ၊ တို့ ဆီကို ပြန်လာခဲ့ပါအချစ်ရယ်၊ တို့ အမှားတွေကို ဝန်ချတောင်းပန်ချင်လှပါတယ်၊ မင်းလေး စိတ်ဆင်းရဲအောင် တို့ မလုပ်တော့ပါဘူးကွာ၊ မလုပ်တော့ပါဘူးဟာ ...

ဆက်နိုင်မော်သည် သူထိုင်နေသော ပက်လက်ကုလားထိုင်ကြီး၏ လက်ရန်းနှစ်ဖက်ကို အကြောဖြိုင်းဖြိုင်းထအောင် ဆုပ်ကိုင်ပြီး မျက်စိကိုတင်းကျပ်စွာမှိတ်ကာ နောက်မှီတွင် သူ့ကိုယ်လုံး ကြီးကို ကပ်လိုက်သည် ။

မနက်ကတည်းက ရင်ထဲတွင် နံ့ခွေနေသဖြင့် မုတ်ဆိတ်ကျင်စွယ်တွေကို မရိတ်မသင်ဘဲ ထားလိုက်မိသဖြင့် မျက်နှာပေါ်တွင် ပါးမြိုင်းမွေးတွေ ထင်းထင်းကြီး ပေါ်နေသည် ။

သပ်ရပ်စွာ ဖြီးသင်မထားသော ဆံပင်တို့ ပွထ၍ နဖူးပေါ်သို့လည်း ပြိုလဲကျနေ၏။

အစဉ်အမြဲ စူးရှတောက်ပနေတတ်သော သူ့မျက်လုံးအစုံတို့ သည်

Scanned by CamScanner

အရောင်တွေ မှုန်မွဲ၍ နေသည် ။

စားရကောင်းမှန်း သောက်ရကောင်းမှန်းမသိတော့သော စိတ်တို့ကြောင့် ထမင်းစားပွဲပေါ် တွင် ရှိနေသော ထမင်းနှင့် ဟင်းလျာများ ထံမှ သိုးနံ့တို့ သည် လှိုင်ထွက်နေ၏။

အသည်းကွဲဝေဒနာကို ဆက်နိုင်မော်တစ်ယောက် ထိထိမိမိကြီး ခံစားနေရပြီဖြစ်တော့သည် ။

မျက်လုံးများ တင်းကျပ်စွာ မှိတ်ထားစဉ် ရုတ်တရက် သူ့အာရုံထဲသို့ ပန်းချီဆွဲသည့် ထောက်ခံ့ကလေး ဝင်လာသည် ။

သူသည် မျက်လုံးများကို ဖျတ်ခနဲဖွင့်လိုက်ပြီး ဧည့်ခန်းကြီးထဲ ထိုင်ရာကမထ မျက်လုံးများ ကို ဝေ့ယမ်း၍ ကြည့်ရှုလိုက်သည် ။

အခန်းထောင့် တစ်နေရာတွင် တစ်ချိန်က သူပန်းချီဆွဲသော ထောက်ခံ့ကလေးကို တွေ့မြင် လိုက်ရသည် ။

သူသည် ထိုင်ရာမှ ဝုန်းခနဲထလိုက်ပြီး ထိုထောက်ခံ့ဆီသို့ သွားကာ ဖုန်မှုန့်များ သုတ်ခါ ပစ်လိုက်သည် ။

ထို့နောက် ရောမ ထင်းရှူးသေတ္တာကြီး၏ အဖုံးကို ဆွဲဖွင့်ကာ အတွင်းသို့ ကြည့်လိုက်သည် ။

ဆေးများ ၊ စုတ်တံများ ဆေးခွက်များ အားလုံးရှိနေကြသေးသည် ။

"အပျွန်း ..."

သဘောကျ နှစ်ခြိုက်စွာဖြင့် ဆက်နိုင်မော်အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီး၊ ထိုထို သောပစ္စည်းများကို ထုတ်ယူလိုက်သည် ။

ဆေးများ ရောစပ်သည့်အခါတွင် အရောင်အသွေးရောင်းမြဲ ကောင်း

Scanned by CamScanner

လျှက်ရှိသောကြောင့် ဆက်နိုင်မော်သည် ဗီရိုထဲမှ စက္ကူလိပ်ကို အပြေးအလွှားလိုက်လံ ရှာဖွေလိုက်သည်။

စက္ကူကလည်း အလိပ်လိုက်ရှိနေဆဲပင်။

"လေးလေးသော် အရည်ဖျော်လို့ မရတာ ဒီစက္ကူလိပ်ပဲရှိတယ်၊ ငါ့အတွက် ကံကောင်းသွား တာပေါ့ အဟင်း ဟင်း"

ဆက်နိုင်မော်သည် စက္ကူလိပ်ကြီးကို လက်တွင် တစ်ဆဆဖြင့် ကြည့်ရင်း တစ်ကိုယ်တည်း ပြောကာ သဘောကျမဆုံးဖြစ်နေသည်။

ဆက်နိုင်မော်သည် သူ့ဉာဉ်အတိုင်း စိတ်ဝင်စားလာသော အလုပ်တစ်ခုကို ချက်ချင်းပဲ အကောင်အထည် ဖော်လိုက်တော့သည်။

ဝါဆိုဖယောင်းတိုင်ကြီး၏ အလင်းရောင်အောက်၌ ဆံပင်ကလေးဖားလျားချကာ ထိုင်နေ သော ကြည်လင်ဝင်းပသည့် မိန်းကလေးတစ်ဦး၏ မျက်နှာလှလှကလေး။

သံမှိုဖြင့်စွဲထားသည် ကဲ့သို့ မိမိ၏ စက္ခုအာရုံထဲတွင် စွဲမြဲမှတ်ထင်ထားသည် ပုံကို ပိတ်ကား ဖွေးဖွေးကြီးပေါ်တွင် ဆက်နိုင်မော်က ကောက်ကြောင်း ချလိုက်သည်။

အဖေ့သားပီပီ အဖေ့ဗီဇ အဖေ့ဝါသနာ ဆက်နိုင်မော်တွင် ပါသည်။

အဖေ၏ သွန်သင်နည်းပြမှုများကို တစိုက်မတ်မတ် လေ့လာဆည်းပူးခဲ့သဖြင့် သည် ကနေ့ တွင် ဆက်နိုင်မော်သည် မေသူ့ကို ပိတ်ကားပေါ်သရုပ်ဖော်ရာတွင် အခက်အခဲမရှိ ပကတိ အဆင် ချောမွေ့နေ၏။

လုပ်ကိုင်လျှက်ရှိသော လုပ်ငန်းပေါ်တွင် စိတ်ရောကိုယ်ပါနှစ်မွှန်းစွာဖြင့် ပီပြင်အောင် လုပ်ကိုင်လိုက်သဖြင့် သက်ရှိမေသူနှင့် ခွဲမရအောင်တူသော မေသူ၏ ပန်းချီကားချပ်ကြီးကို ဆက်နိုင် မော်သည် နှစ်

Scanned by CamScanner

ရက်အတွင်း ရရှိလိုက်တော့သည်။

"အချစ်ရယ်၊ မင်းလှလိုက်တာ ရက်ရက်စက်စက်ကို လှလွန်းတယ်၊ မင်းကို အလှပြ မှန်ဗီရို ကြီးထဲမှာ တို့ တစ်ယောက်တည်းကြည့်ဖို့ သိမ်းဆည်းထားချင်လိုက်တာကွာ၊ တို့ ရှုံးနေပြီ အချစ်ရယ်၊ မင်းကလေးအတွက် တို့ ရှုံးရပြီ"

"ဖိုးဆက် ... ဟေး ဖိုးဆက်"

ဆက်နိုင်မော်သည် ပန်းချီကားချပ်ထဲမှ မေသူ၏ နှုတ်ခမ်းဖူးဖူးကလေးနေရာတွင် လက်ညှိုး ကလေးဖြင့် အသာပွတ်သပ်ရင်း ရင်ထဲက စကားတွေကို တီးတိုးသွန်ချပြောဆိုနေမိချိန်တွင် ကုန်စုံ ဆိုင်ရှင် ဦးလေးဝင်း၏ ဟောင်ဖွာ ဟောင်ဖွာ အသံသြကြီးကို ကြားလိုက်ရသည်။

"ဟကောင်ရ ခေါ်လို့ မကြား အော်လို့ မကြားနဲ့ ဘာဖြစ်ဟ ... ဒါဆိုကောင်မလေး"

ပန်းချီကားချပ်ကြီးဆီသို့ လက်ညှိုးထိုး၍ ချဉ်းကပ်သွားရင်း ဦးဝင်းစကားပြတ်သွားသည်။

"ဟုတ်တယ် ဦးလေးဝင်း ဒါ မေသူ့ပုံတူပဲ"

"အံ့ရောဖိုးဆက်ရာ အံ့ရော ကောင်မလေးနဲ့ တထေရာတည်း မင်းတယ်တော်ပါလားကွ ဟင်"

"အဟွန်း ..."

မဲ့ရွဲ့ရွဲ့ အမူအရာဖြင့် ဆက်နိုင်မော် တစ်ချက်ရယ်လိုက်သည်။

"ငါ့ကောင် ဒီပန်းချီဆွဲနေလို့ ပျောက်ချက်သား ကောင်းနေတာကိုး ... မင်းအဒေါ်က မင်းကို မတွေ့လို့ သွားကြည့်ပါဦးဆိုတာနဲ့ ငါလာခဲ့တာ

Scanned by CamScanner

နေစမ်းပါဦး မင်းအိမ်ထဲက ဘာနံ့တွေလဲ ချဉ်စုတ် စုတ်နဲ့ "

"အား ... ထမင်းစားပွဲက ဦးလေးဝင်း"

"ဟေ ..."

ဦးဝင်းသည် စားပွဲဆီသို့ လျှောက်သွားပြီး အုပ်ဆောင်းကို လှပ်ကြည့်လိုက်သည်။

"ဟကောင်ရအားလုံးသိုး ချဉ်ကုန်ပါရောလား မင်း ထမင်းမစားတာ ဘယ်နှစ်နပ်ရှိပြီလဲ"

"အင်း ... မေ့သွားပြီ"

"ဟေ ... မင်း ဦးနှောက် ကောင်းပါသေးတယ် နော်"

"ကောင်းပါတယ် ဦးလေးဝင်းရ အဟင်း အဟင်း"

"ဖိုးဆက် ... ဖိုးဆက် မျက်နှာတစ်ခုလုံးလဲ မုတ်ဆိတ်ကျင်စွယ်တွေနဲ့ တစ်ကိုယ်လုံးလဲ မသပ်မရပ်နဲ့ မင်းဘာတွေဖြစ်နေတာလဲကွာ၊ မင်းပုံပန်းက ဒီအတိုင်းဆိုရင် ရူးသွားနိုင်တယ် မောင် ရူးသွားနိုင်တယ်"

"ဟုတ်တယ် ဦးလေးဝင်း ကျွန်တော် သူ့ကိုမှ ပြန်မတွေ့ရရင် ရူးမှာ သေချာတယ်၊ ကျွန်တော့်ကို ကျွန်တော်သိပါတယ်"

"ခက်လိုက်တာကွာ"

ဦးဝင်းကရှေ့တစ်လက်မနောက်ပြောင် ရိတ်ထားသောသူ့နောက်စေ့ကို စိတ်ရှုပ်ထွေးဟန်ဖြင့် ပွတ်ရင်း ဆက်နိုင်မော်ကို ကြည့်လိုက်သည်။

"ဦးလေးဝင်း"

"ဟေ ... ဘာလဲကွ"

Book Sharing

Scanned by CamScanner

"ဒီနေ့ ဘာချက်လဲ"

"မနက်စာကတော့ မင်းအဒေါ် ဝက်သားချက်တယ်၊ ညစာတော့ ဘာတွေချက်နေလဲ ငါလဲ မေးမကြည့်ခဲ့မိဘူး"

"ကျွန်တော် ဗိုက်ဆာတယ်ဗျာ"

ဦးလေးဝင်း အံ့အားသင့်သွားသည်။

အတင်းပေး အတင်းကျွေးတာတောင် အကြောက်အကန် ငြင်းဆန်တတ်သော ဆက်နိုင်မော် တစ်ယောက် ထူးထူးဆန်းဆန်း စကားတွေပြောနေသည် မဟုတ်ပါလား။

" လာလေကွာ၊ သွားစားကြမယ်"

"ခဏစောင့် ကျွန်တော် ရေချိုးပြီး အဝတ်အစား လဲလိုက်ဦးမယ်"

"အေးအေးလုပ် ငါ ထိုင်စောင့်နေမယ်"

ဆက်နိုင်မော်က မေသူကိုယ်စား ရထားသော ပန်းချီကားကို နှစ်ခြို က်အားရစွာ တစ်ချက် ကြည့်ပြီး၊ ရေချိုးရန် ထွက်ခွာသွားတော့သည်။

ဦးဝင်းသည် ကုလားထိုင်တစ်လုံးတွင် ထိုင်ပြီး၊ သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

တစ်ချိန်က ဆက်နိုင်မော်၏ အဖေ ဦးဘမော်၏ ပန်းချီလက်ရာအစုံ စုံကို ချိတ်ဆွဲထားသော ဧည့်ခန်းနံရံများ တွင် ယခုတော့ သံမှိုတွေသာ ထီးထီးကြီး ကျန်ရစ်ခဲ့တော့သည်။

"အင်း ... ဘသော် .. ဘသော် ... ရောင်းစားလို့ ရသမျှ အပ်တိုတစ် ချောင်းတောင် မချန်ချင် တဲ့ ကောင်စားမျိုးပဲ ဒင်းသာ ပစ္စလက္ခလုပ်မသွားရင်၊ ရက္ခမြိုင်ဟာ သူများ လက်ထဲ ရောက်စရာ

Scanned by CamScanner

အကြောင်းကို မရှိဘူး၊ အသောက်အစား၊ လောင်းကစားကိုမင်တာ တယ်ကြောက်စရာကောင်းပါ လား ... ခုတော့ သူပေးခဲ့တဲ့ ဒုက္ခတွေကို အပြစ်မဲ့တဲ့ ဖိုးဆက်ကလေး လှလှကြီး ခံနေရပြီ ... ဒီ ကောင်လေးကို သနားတယ် ... သိပ်သနားတယ် ..."

သူတို့ လက်ပေါ်တွင် ကြီးပြင်းလာသော ကလေးမို့ ဆက်နိုင်မော်ကို ဦးဝင်းတို့ ဇနီးမောင်နှံက ချစ်ကြသည်။

သံယောဇဉ် ကြီးမားကြသည်။

ဆက်နိုင်မော် တွယ်တာမက်မောလှသော ရက္ခမြို့ကြီးမှာ လည်း အမြဲမကွာ နေစေလိုလှ သည်။

ခက်သည် က ဆက်နိုင်မော် ...

ဖွဲ့နပဲကြီးသည် ...

မာန်ရှိသည် ...

ခေါင်းမာသည် ...

တစ်ပါးသူ၏ အကူအညီကို လက်ဖြန့်မယူတတ်သော ဉာဏ်ကြောင့် ကူညီချင်သော်လည်း မရဖြစ်နေ၏။

"ဦးလေးဝင်း သွားကြမယ်"

"အဲလိုလုပ်စမ်းပါ ငါ့ကောင်ရ ... အမွေးအမျှင်တွေနဲ့ ဖိုသိဖတ်သိနဲ့ မင်းပုံက စောစောက ညှင်းစိုးစိုးကြီးကိုဖြစ်လို့ "

"ခုတော့ကော"

"ဘာတဲ့ မင်းဒေါ်ဒေါ် သိပ်ကြိုက်တဲ့ မင်းသား အဲ နေအောင် ... နေအောင် ... အဲဒီအတိုင်း ပဲကွာ"

Scanned by CamScanner

"အဟား ဟား ဟား ဒါဆိုကျွန်တော်လဲ ရုပ်ရှင်မင်းသား ဝင်လုပ်တော့မှ နဲ့ တူတယ်"

"ဖြစ်ပါတယ်ကွ စမ်းကြည့်လိုက်စမ်းပါ"

သန့်ရှင်းနေသော ဆက်နိုင်မော်မျက်နှာကို ကြည့်ပြီး ဦးလေးဝင်းက အားရပါးရ ပြောလိုက် သည် ။

ထို့နောက်တွင် တော့ နှစ်ဦးသား ကုန်စုံဆိုင်ရှိရာသို့ ထွက်ခဲ့ကြတော့ သည် ။

*****

Scanned by CamScanner

တစ်ဆယ့်ခြောက်။

နေခြည်သည် တွဲဖက်မန်နေဂျာ ဦးလှခင်နှင့်အတူ၊ လချုပ်စာရင်းများ ပြုစုပြီး ... လက်နှိပ် စက်ပေါ်တွင် တင်ရိုက်နေ၏။

ညနေလေးနာရီ ခွဲနေပြီဖြစ်သော်လည်း မန်နေဂျာနေစိုးက ရောက်မလာနိုင်ဘဲ ရှိနေသည်။

"သမီး နေခြည်ရေ ... ဦးလေးလှ ပြန်တော့မယ်ကွာ ... မောင်နေစိုးကို စောင့်မနေတော့ဘူး ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ် ဦးလေးလှရဲ့ ... ဒီမှာ နေခြည် ရှိနေတာပဲ၊ စိတ်ချလက်ချသာ ပြန်တော့"

"အေး ကျေးဇူးပဲကွာ ... အိမ်မှာ မင်းကြီးကြီးလဲ မနက်က သွေးတိုးကျန်နေခဲ့တာ"

"အို ... ဒါဆိုလဲ စောစောပြန်ရောပေါ့ ဦးလေးလှရယ်၊ ဒီအလုပ်တွေ နေခြည် လုပ်နိုင်တဲ့ ဥစ္စာပဲ"

"ငါ့တူမကို အားနာလို့ ကွာ"

"အို ... ဦးလေးလှကလဲ အားနာရမယ် လူတွေကျနေတာပဲ၊ ဦးလေးလှစကားကြီးက သူစိမ်း ဆန်လိုက်တာ၊ ဒါနဲ့ ဦးလေးလှ လခကော ကြိုထုတ်သွားချင်သလား၊ ထုတ်ချင်ပြောနော် ရတယ်"

Scanned by CamScanner

သားသမီးရှစ်ယောက်နှင့် စီးပွားရေး မပြေမလည် ဖြစ်နေသော ဦးလေးလှ၏ အကြောင်းကို နေခြည်ကသိနေသဖြင့် မေးလိုက်သည် ။

"အင်း ... ယူသွားရင် ကောင်းမလား"

"စဉ်းစားမနေနဲ့ ယူသာသွားလိုက် ဦးလေးလှ ရော့ ရော့"

နေခြည်က သူ့စားပွဲ၏ သော့ခတ်ထားသော အံကိုဆွဲကာ အတွင်းစက္ကူတစ်အုပ်ကို ထုတ်ယူ ပြီး ဦးလှခင်၏ လစာကို ထုတ်ပေးလိုက်သည် ။

"ကျေးဇူးပဲ တူမရယ်"

ဦးလှခင်သည် သူ့တိုက်ပုံအကျႌ အတွင်းအိတ်ထဲသို့ လစာကိုထည့်ရင်း ပြောလိုက်သည် ။

"တခြားအကူအညီလိုရင်လဲ ပြောနော်ဦးလေးလှ နေခြည်တို့ တတ်နိုင်တဲ့ ဘက်က ကူညီဖို့ အဆင်သင့်ပဲ"

"ကောင်းပါပြီ တူမကြီးရယ် ကဲ သွားမယ်"

"ဟုတ်ကဲ့ ..."

တွဲဖက်မန်နေဂျာဦးလှခင် ထွက်သွားသည့်အခါတွင် တော့ ရုံးတစ်ရုံးလုံးတွင် နေခြည် တစ်ယောက်တည်းသာ ကျန်ရစ်တော့သည် ။

နေခြည်အဖို့ တော့ သည် လိုတစ်ယောက်တည်း ထီးထီးကျန်ရစ်ခဲ့သော နေ့များ မနည်းတော့ သည် မို့ မိမိလုပ်စရာရှိသည် များကို အရှိန်မပျက် ဆက်လုပ်နေလိုက်သည် ။

ထိုအချိန် အတောအတွင်း ...။

စည်းချက်မမှန်သော ခြေသံက နေခြည်၏ လှုပ်ရှားနေသော

Book Sharing

Scanned by CamScanner

လက်များကို ရပ်တန့်သွားစေ သည် ။

ဝင်ပေါက်ဆီသို့ ချာခနဲလှည့်ကြည့်လိုက်ရာ ဂျာကင်အင်္ကျီကို ကျော တွင် တင်ကာ ဘောင်းဘီ ကြားမှ ရှပ်အင်္ကျီအောက်စတစ်ဖက်ထွက်ပြီး သိုင်းကွက်နင်းသော ပုံစံဖြင့် ရုံးခန်းထဲဝင်လာသော နေစိုးကို တွေ့လိုက် ရသည် ။

"ဟင် ... ကို ကိုနေစိုး ... ဘယ်လိုဖြစ်လာတာလဲ"

နေခြည် ဆတ်ခနဲရပ်ပြီး နေစိုးထံ ဝိုင်းစက်နေသော မျက်လုံးများ ဖြ င့် ကြည့်မေးလိုက်သည် ။

နေခြည် တုန်လှုပ်သွားသည် ။

အခန်းထဲတွင် သူနှင့် နေစိုးသာ ရှိကြတော့သည် ။

ရုံးလုလင်ကလေး မောင်ဖေကို စောစော ပြန်လွှတ်လိုက်မိသည့်အ တွက်လည်း နောင်တရ လိုက်မိ၏။

"မူးလာတာ ငါမူးလာတာ နေခြည်ရဲ့ အစ် ..."

အာလေး လျှာလေးဖြင့် လဲတော့မယောင် ပြိုတော့မယောင် သူစားပွဲ ဆီသို့ နေစိုး ချဉ်းကပ် လာနေသည် ။

"ဒုက္ခပါပဲ ကိုနေစိုး ဘာတွေလုပ်လာတာလဲ တစ်ခါမှ ဒီလိုမူးအောင် မသောက်တတ်ပါဘူး၊ မေသူ သိရင်တော့ ပြဿနာပဲ"

"ငါ ... ငါ အစ် စိတ်ညစ်လို့ ဟာ အစ် စိတ်ညစ်လို့ အစ် ... နင်အလုပ် ပြီးပြီလား ပြီးရင် အစ်ပြန် ပြန်တော့ အဲ ... ငါသောက်တာ သူမသိစေနဲ့ သူအရက် ဘယ်လောက်မုန်း ... မုန်းတယ် ဆိုတာ နင်သိတယ်နော်"

"အင်းပါ နှစ်မျက်နှာလောက် ရိုက်ဖို့ ကျန်သေးတယ် အလုပ်က မပြီး

Scanned by CamScanner

သေးဘူး ကိုစိုးရဲ့ "

"ဒါဆို အစ် ... ဆက် ... ဆက်လုပ်ဟာ့ ဟူး ..."

"အို ..."

သူ့စားပွဲဆီသို့ လှည့်ထွက်သွားသော နေစိုးသည် ယိုင်လဲပြိုကျတော့မယောင် ဖြစ်သွားသည် ။

စိုးရိမ်စိတ်ဖြင့် အလန့်တကြား ပြေးသွားကာ နေခြည်က နေစိုးကို ဖေးမ တွဲကူထားလိုက် သည် ။

"အဟဲ အစ် ... မကျပါဘူး ... စိတ်မပူစမ်းပါနဲ့ အစ် ..."

"အို ... ကိုစိုးကလဲ လဲကျတော့မှာ ပဲ ဘယ်လိုဖြစ်နေတာလဲ၊ ထိုင်ခုံအထိ နေခြည်တွဲပေးမယ် ဖြည်းဖြည်းလျှောက်နော် ဖြည်းဖြည်းလျှောက် "

"နင် ... နင် စိတ်ကောင်းရှိတယ်၊ သိပ် စိတ်ကောင်းရှိတယ် နေခြည်၊ နင့်ကိုငါခင် ... အစ် ... ငါသိပ်ခင်တယ်သိလား မေသူအစ် ... မေသူက အသည်းမာတယ်၊ ငါ့အပေါ်ဆို အစ် သိပ် သိပ်မောက် မာတယ်၊ ငါ ... ငါ သိပ်ခံပြင်းတယ် သိလား အစ် ..."

"အို ..."

တစ်ချိတွင် တော့ နေခြည် တွဲထားလျက်က နေစိုးသည် ကြမ်းပြင်ပေါ်သို့ ထိုးကျသွားတော့ သည် ။ နေခြည်လည်း သူနှင့်ရောထွေး၍ ဖက်လျက်သား လဲကျသွားတော့၏။

မမူးသော နေခြည်၏ ရင်တွေ ပရမ်းပတာ ခုန်နေကြတော့သည် ။

"ကိုစိုး ... ကိုစိုး ထ ... ထပါဦး ..."

Scanned by CamScanner

"မထတော့ဘူးကွာ အစ် ... ဒီမှာ ပဲ အစ် အိပ်တော့မယ်"

"ဟာ ... ခက်တာပဲ ... သေသာ သေလိုက်ချင်တာပဲ ကိုစိုးကြောင့် နေခြည် စိတ်ညစ်တယ် သိလား"

နေခြည်သည် မျက်ရည်တွေဝဲပြီး အသံကလေးများ တုန်ယင်နေသည်။

"သေချင်တယ် ထွက် ဘာလို့ သေချင်ရတာလဲ နင်က ငါ့မိတ်ဆွေစစ် နင်အစ် ... နင် မရှိရင် ငါ ဘယ်သူ့ကို ခင်ရမလဲနေခြည်ရယ် အစ် ... ဟင် ... ငါဘယ်သူ့ကို ခင်ရမလဲ"

နေခြည်၏ မျက်နှာကလေးကို သူ့လက်နှစ်ဖက်ဖြင့် ကိုင်ကာ သူ့မျက်နှာနှင့် အနီးဆုံးနေရာသို့ နေစိုးက ဆွဲယူရင်း ပြောလိုက်သည်။

"ကိုစိုးရယ် အဟင့် ... ဟင့် ... ဟင့် ..."

နေခြည်သည် နေစိုး၏ ရင်ဘတ်ပေါ်တွင် မျက်နှာကလေးအပ်ကာ တဟင့်ဟင့် အသံထွက် အောင် ငိုချလိုက်တော့သည်။

"နေခြည် နင့် ... အစ် ... အစ် နင်ငိုနေတယ် မငိုပါနဲ့ ကွာ နင် မ ... မ ... ငိုအစ်ပါနဲ့ တိတ် တိတ်နော်"

နေခြည်၏ သိမ့်တုန်သော ကျောကလေးကို နေစိုးက ပွတ်ပေးရင်း နှစ်သိမ့်လိုက်သည်။

သည် ရင်ခွင်ကို မခွာရက်နိုင်အောင် ဖြစ်သွားသော နေခြည်တစ်ယောက်မှာ တော့ သူ့မျက်နှာ ကလေးကို အတင်းရင်ခွင်တွင် ဖိကပ်ထားလိုက်တော့သည်။

နေစိုး၏ လက်များကလည်း နေခြည်ကို တင်းကျပ်စွာ ဖက်လာကြ

Scanned by CamScanner

သည်။

ထို့နောက်တွင် တော့ ...

***

အသည်းပေါက်မတတ် ငိုကြွေးနေသော နေခြည်၏ ရှိုက်သံသည် နေစိုးကို တစ်ကိုယ်လုံး တုန်ခါသွားစေသည်။

မှူးတာတွေ ဘယ်ရောက်သွားကြလေပြီ မသိတော့။

တစ်ကိုယ်လုံး ပူထူနေပြီ ဖြစ်တော့သည်။

"နေ ... နေခြည် ... နင် ... နင်နဲ့ ငါ"

"အို ..."

နေခြည်သည် နေရာမှ ကျိုးရှန်းထကာ ရုံးခန်းထဲမှ ပြေးထွက်သွားတော့၏။

"နေခြည် ... နေခြည် ... ဟား ... ခက်ပြီ ... ခက်ပြီကွာ"

နေစိုးလည်း ဦးခေါင်းငိုက်စိုက်ကျကာ မှားမိသည့်ဝန်တာအတွက် နောင်တကြီးစွာ ရရှိနေမိ တော့သည်။

နေခြည်သည် တော်တော်ဝေးဝေး ပြေးလာခဲ့ပြီးမှ ကိုယ်ရှိန် သတ်ပစ်လိုက်သည်။

"မိနေခြည်နင်၊ ခုမှ ပြေးနေလို့ အပိုပဲ နင်အလိုတူ အလိုပါလို့ ဖြစ်ရတဲ့ ကိစ္စတစ်ခု ... ခုမှ ပြေးနဲ့ မပြေးနဲ့ နင်ပြန်ပြီး ရင်ဆိုင်လိုက်စမ်းပါ ဖြစ်သမျှအကြောင်းကို နင်ပြန်ပြီး ရင်ဆိုင်လိုက်စမ်းပါ၊ သတ္တိရှိလိုက်စမ်းပါ"

Scanned by CamScanner

နှုတ်ခမ်းသား ထောင့်စွန်းကလေးကို ပြတ်လုမတတ်ကိုက်၊ မျက်နှာကလေးကို မော့ချည်ပြီး နေခြည်သည် ၊ ရုံးခန်းရှိရာသို့ ပြန်လျှောက်ခဲ့သည် ။

ဦးခေါင်းငိုက်စိုက်ချထားသော နေစိုးသည် ခြေသံကြား၍ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက် ရာ၊ သူ့အလုပ်စားပွဲဆီသို့ လျှောက်နေသော နေခြည်ကို တွေ့လိုက်ရသည် ။

"နေ ... နေခြည်၊ ငါ ငါ မှားသွားပြီ ... ငါ့ကို ခွင့် ခွင့်လွှတ်ပါကွာ"

နေခြည်၏ စားပွဲဆီသို့ ချဉ်းကပ်လာရင်း နေစိုးက တောင်းပန်လိုက်သည် ။

"နေခြည့်အပြစ်လဲ ပါတာပါပဲ၊ တောင်းပန်မနေတော့ပါနဲ့ ကိုစိုး ... ကဲ ... နေခြည် ရိုက်ထား တာတွေ စာရင်းနဲ့ တိုက်ကြည့်ပါဦး မှန်ရဲ့လားလို့ ..."

တုန်လှုပ်မှု မပြေနိုင်ဘဲ ရှိနေသော နေစိုးသည် ၊ နေခြည်၏ သွေးအေးတည်ကြည်မှုကို တွေ့ရ လျှင် အံ့ဩမဆုံး ဖြစ်နေသည် ။

"တိုက်ကြည့်လေ"

"နေခြည် နှင် ... နှင် ဘယ်လိုမှ ခံစားချက် မရှိဘူးလားဟင်"

"အဟင်း ... ဘာကိုခံစားချက် ရှိရမှာ လဲဟင် ကိုစိုးဖြစ်ပြီးတာ ပြီးခဲ့ပြီပဲ၊ ပြန်ပြင်လို့ မှ မရနိုင် တော့တာပဲ၊ ဘာကို နေခြည် တမ်းတ ပူဆွေးနေရမှာ လဲဟင် ကဲပါလေ ကိုယ်လုပ်စရာရှိတာသာ လုပ်ပါ၊ ဒီကိစ္စကို ဒီနေရာမှာ ပဲ နှစ်ယောက်စလုံး မေ့ပစ်လိုက်ကြတာ အကောင်းဆုံးပဲ ။"

Book Sharing

Scanned by CamScanner

နေစိုးသည် ဦးခေါင်းကိုယမ်းခါရင်း၊ နေခြည် သူ့လက်ထဲ ထိုးပေးလိုက်သော စာရွက်များကို ယူကာ သူ့စားပွဲဆီသို့ ထွက်ခွာသွားတော့သည် ။

နေခြည်၏ ရင်ထဲတွင် နာကျင်နေသည် ။

ဟန်ကိုယ်ဖို့ အနေအထားဖြင့် နေခြည် အလုပ်ကို ဆက်လုပ်နေသော်လည်း ၊ လဲသေပစ်ချင် စိတ်များ နေခြည်ကို စိုးမိုးနေသည် ။

"ငါမှားသွားပြီး၊ ငါ့ကိုခွင့်လွှတ်ပါတဲ့ ဒီကိစ္စကို မှားသွားပြီလို့ ဘွားခတ်လို့ ရသလား၊ ခွင့်လွှတ် ပါလို့ လွယ်လွယ်ကလေး ပြောလိုက်ရုံနဲ့ ပြီးသွားရောလား၊ သန့်စင်သော ဘဝတစ်ခု ပြန်အစားမရ တော့သည် ကို နေစိုး မသိလေရော့သလား၊ မသိဟန်ဘဲ ဆောင်နေလေရော့သလား"

နေခြည်သည် ဒလဟော ပြိုကျတော့မယောင် ဖြစ်နေသော မျက်ရည်များကို မနည်းကြီး ထိန်းချုပ်နေရ၏။

လက်တွေက အလေ့အကျင့်အရ လျှပ်စစ်လက်နှိပ်စက်၏ ခလုတ်များ ပေါ်တွင် ပြေးနေကြ သည် ။

နေခြည်၏ မြင်ကွင်းများကတော့ ဝါးဝေ၍ နေသည် ။

ဘဝအလှပန်းကလေး နွမ်းကြွေခဲ့ရရှာသည့် နေခြည်။

*****

Scanned by CamScanner

## တစ်ဆယ့်ခုနစ်။

မေသူမိုးလွင်သည် ရေမြှုပ်မွေ့ရာကြီးပေါ်တွင် ဘယ်လှည့်ညာလှည့် လူးလိမ့်၍ နေသည်။

သူ့တွင် အိပ်ချင်စိတ် လုံးဝမရှိ ...

သူ့ကို အချိန်ပြည့် စိုးမိုးနေသော ဆက်နိုင်မော်ကို တမ်းတ၍ နေမိသည်။

"သူ ဒီအချိန်ဆိုရင် ဘာလုပ်နေမလဲမသိဘူး ... အို သူကတော့ စိမ်းရက်နိုင်သူဆိုတော့၊ စားလို့ လဲဝင်၊ အိပ်လို့ လဲ ပျော်မှာ ပါပဲ ... ငါ့မှာတော့ သူ့စိတ်နဲ့ အိပ်လို့ လဲမရ၊ စားလို့ မရ ကုရာနတ္ထိ ဆေးမရှိ ဖြစ်နေရပြီဟင်း မေသူ့ကို စိုးမိုးလွှမ်းလှချည့်လား ကိုကိုရယ် ..."

မေသူသည် ခုတင်နံဘေး ကက်ဆက်ခုံပေါ်တွင် တင်ထားသော အခွေဘူးများကို လက်ညှိုး ကလေးဖြင့် ဟိုထိုးသည် ထိုးလုပ်၍ တွေးတောနေရင်းက၊ တစ်ခုသော အခွေဘူးကို ဆွဲထုတ်လိုက် သည်။

ထိုဘူးထဲမှ အခွေထုတ်ယူပြီး၊ ကက်ဆက်ထဲသို့သွင်းကာ ခလုတ်ကို နှိပ်ချလိုက်သည် တွင် တော့ ... သူနှင့် တိုက်ဆိုင်စွာ မေဆွိ၏ တေးသီချင်းတစ်ပုဒ်က ထွက်ပေါ်လာသည်။

အို ဟိုချစ်သူရယ်၊ မြင်မြင်ချင်း ချစ်တော့လည်း ၊ လွန်တယ်ထင်မယ်၊ ဘယ်လိုမှ ထိန်းမရဘူး။

အို ဟိုချစ်သူရယ် ဘယ်လိုမှ အိပ်မရဘူး၊ ရင်မှာ မြင်ယောင်နေတယ်၊ ကိုလေ ဘယ်လိုများ လုပ်ရမလဲ။

ကြင်နာစွာအိပ်ဆေးလေးများ ပေးပေါ့၊ ဘယ်မှာ အိပ်ဆေးရှိပါ့မလဲ၊ သန်းခေါင်ကျော်အိပ်မရ အချစ်ရေလွှမ်းတယ်၊ ကြင်နာပါတော့ အချစ်လေး ...

နှလုံးသား ချည်နှောင်တဲ့ သမုဒယကြိုး၊ သံသရာရှည်မယ်၊ အကြင်နာဆုံး သိရဲ့ လား ...

အို ဟို လန့်အော်တယ်၊ သန်းခေါင်ကျော်လည်း အိပ်မက်ထဲ၊ ဝင်လာပြန်တယ်၊ အို့ အိပ်မက် လေးအပြီးလန့်နိုး ...

"ဒေါက် ..."

မေသူ ကက်ဆက်ခလုတ်ကို ပိတ်ချလိုက်သည် ။

သူ့ပါးပြင် နှစ်ဖက်ပေါ်တွင် မျက်ရည်စီးကြောင်းတွေနဲ့

သည် သီချင်းသည် သူ့အတွက် တမင်များ စပ်ပေးထားလေရော့သလားဟု ထင်ရသည် ။

"ကြင်နာတာတွေကို မသိလေရော့သလား ကိုကိုရယ် ကိုကိုအတွက် မေသူ သိပ်ခံစားနေရပြီ သိလား၊ မေသူ့စိတ်တွေကို မေသူထိန်းမရတော့ဘူး၊ ရှင်ရယ် ... ကိုကို့အနားမှာ မေသူနေချင်လှပါပြီ အိပ်လို့ လဲမရဘူး စားလို့ လဲမရဘူး၊ ကိုကိုနဲ့ အနီးဆုံးနေရာကို ပြန်ပြေး လာပြီး အနီးကပ်ဆုံး နေရာ ကနေ ကိုကိုရဲ့ မျက်နှာကို မေသူ တစ်ချိန်လုံး ထိုင်ကြည့်နေချင်တယ်၊ ကိုကိုရယ် ကိုကိုမကြင်နာလို့ မခေါ်ချင်ရင်လဲ ရပါတယ်၊ ကိုကိုနဲ့ အနီးဆုံးနေရာကနေ ကိုကို့ကို တွေ့နေရရင်ပဲ ကျေနပ်ရမယ့် မေသူ ဖြစ်နေပါပြီ ကိုကိုရယ်"

Scanned by CamScanner

"မေသူ ..."

ခုတင်ပေါ်တွင် မှောက်၍ ဇာနားသတ် ခေါင်းအုံးစွပ်ဖြူစွတ် ကွက်က လေးကို လက်နှစ်ဖက် ဖြင့် ဆွဲခု ဆုပ်ကိုင်ထားနေသော မေသူသည် အ သံလာရာသို့ ခေါင်းထောင်၍ လှည့်ကြည့်လိုက်သည် ။

သူ့အခန်းဝတွင် ကြီးတင် ရပ်နေသည် ။

ကြီးတင်၏ မျက်လုံးများက သူ့မျက်နှာပေါ်တွင် ကျရောက်နေကာ အဖြေရှာနေ၏။

"မအိပ်သေးဘူးလား၊ မေသူ ... အချိန်မတော်ကြီး ကက်ဆက်တွေ ထဖွင့်လို့ ဖွင့်နဲ့ ညဉ့်နက် လှပြီ"

မေသူမိုးလွင်သည် သူ့အိပ်ရာခေါင်းရင်းတွင် ချိတ်ဆွဲထားသော စီကို နာရီကြီးကို မော့ကြည့် လိုက်သည် ။

"ဟုတ်ပါရဲ့၊ ည သန်းခေါင်ကျော် တစ်နာရီခွဲပင် ရှိနေလေပြီ"

"ခုပဲ အိပ်တော့မလို့ ကြီးတင်"

ရှည်ရှည်ဝေးဝေးတွင် ပြောနေရမည်ဆိုး၍ ခုတင်နံဘေး မီးတိုင်က လေး၏ ခလုတ်ကို လှမ်းဆွဲချလိုက်သည် ။

တစ်ခန်းလုံး မှောင်သွားသည် ။

ကြီးတင်လည်း ရင်ကြီးပင့်တက်သွားအောင် ပင့်သက်ရှိုက်လိုက်ပြီး၊ မေသူမိုးလွင်၏ အိပ်ခန်းဆီမှ ထွက်ခွာသွားတော့သည် ။

မေသူမိုးလွင်သည် အမှောင်ထဲတွင် မျက်လုံးများ ကျယ်လျက်ရှိသည် ။

အမှောင်နှင့် မည်းမည်းတွင် လည်း သူသည် ဆက်နိုင်မော်၏

Scanned by CamScanner

မျက်နှာကြီးကိုသာ မြင်ယောင် လျက်ရှိနေ၏။

"မေသူကို စိုးမိုးလွှမ်းလှချည့်လား ကိုကိုရယ်"

*****

Book Sharing

Scanned by CamScanner

## တစ်ဆယ့်ရှစ်။

နေခြည်သည် မှန်တင်ခုံကလေးရှေ့တွင် ထိုင်ပြီး ကြေးမုံပြင်တွင် ထင်ဟပ်၍ ပေါ်လွင်နေ သော သူ့မျက်နှာကလေးကို ကြည့်လိုက်သည်။

ငိုရလွန်း၍ မျက်ခွံကလေးများ မို့အစ်နေသည်၊ အစဉ်အမြဲ ကြည်လင်တောက်ပနေတတ်သော မျက်လုံးကလေးတစ်စုံသည် နီမြန်း၍ နေသည်။

အချိန်အတန်ကြာအောင် သူ့မျက်နှာကို သူမမှိတ်မသုန် စူးစိုက်ကြည့်နေပြီး မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ဦးခေါင်းကို ချာခနဲလှည့်ပစ်လိုက်သည်။

ပြင်မရသော အမှားတစ်ခု ...

အသစ်တစ်ဖန် ပြန်လည်၍ မရနိုင်တော့သော မိမိ၏ ဘဝ အလှပန်းနွမ်းကြွေခဲ့ရသည့်အဖြစ် ...

စဉ်းစားလိုက်တိုင်း ရင်နာစရာတွေချည်းသာ ...

"ငါ ငါ အလုပ်တောင် ဆက်မလုပ်ချင်တော့ဘူး၊ ငါ သူ့မျက်နှာကိုလည်း မကြည့်ချင် တော့ဘူး၊ အို ... ဘယ်သူ့ကိုမှ လဲ မကြည့်ချင် မမြင်ချင်တော့ဘူး ငါသွားတော့မယ်၊ ဒီမြေ ... ဒီလူ တွေနဲ့ ဝေးရာကို ငါသွားတော့မယ်"

Scanned by CamScanner

နေခြည်သည် စိတ်လိုက်မာန်ပါထပြီး သူ့ခုတင်အောက်က လက်ဆွဲသားရေအိတ်ကြီးကို ထုတ် ယူလိုက်သည်။

ခုတင်ပေါ်တင်ပြီး ဇစ်ကိုဆွဲဖွင့်လိုက်စဉ် ထွေခနဲဖြစ်သွားရသည်။

"အို ... ငါ ငါ ဒီလိုလုပ်လိုက်ရင် မေသူနဲ့ သူ့လုပ်ငန်းတွေမှာ ပြဿနာတွေ တသီကြီးဖြစ် လာနိုင်တာပဲ၊ မေသူဟာ ငါ့ကျေးဇူးရှင် ငါ့ကို ထမင်းကျွေးထားတဲ့ သူ၊ ပြီးတော့ သူနဲ့ ငါက လည်ပင်း ဖက်ပြီးလာတဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေ အို ... ငါ့မှာ ငဲ့စရာတွေ ရှိသေးတယ် ဦးလေးလှကို ငါကူညီနေတာ ပြီးတော့ မေသူ့ကို ပေးခဲ့တဲ့ ကတိ ပြီးတော့ မစ္စတာဟူး ရောက်လာမယ့်ကိစ္စ အိုမဖြစ် ဘူး၊ မဖြစ်ပါဘူး ငါထွက်သွားလို့ မဖြစ်သေးပါဘူး တာဝန်တွေ ကုန်ဆုံးကျေပွန်သည် အထိ လုပ်ပေးရ ဦးမယ် ငါ ကိုယ်လွတ်ရုန်းသွားလို့ မဖြစ်သေးဘူး မဖြစ်သေးဘူး"

နေခြည်သည် လက်ဆွဲအိတ်ကြီးကို ခုတင်အောက်သို့ ပစ်သွင်းလိုက်ပြီး ဆောင့်ခနဲ ပြန်ထိုင်ချ လိုက်သည်။

ညဝတ်အင်္ကျီ အဖြူရောင် ဖားဖားကလေးနှင့် ဆံပင်တွေ ဖရိုဖရဲဖြစ်နေသော သူ့အသွင်သည် စိတ်မနှံ့သူကလေးတစ်ဦးနှင့်တူနေသည်။

နေခြည် သူ့ကိုယ်သူ သိပါသည်။

သူရူးသွားနိုင်သည် ဟု ...

သူဘယ်လောက်ကြာကြာ နေစိုး၏ မျက်နှာကို နေ့စဉ်ရက်ဆက် ကြည့်နေနိုင်မည်နည်း။

နေမြင့်လေ အရူးရင့်လေလေဆိုသလိုပင် နေစိုးကိုတွေ့မြင်ရလေတိုင်း သူ့စိတ်ဝေဒနာသည် ကြီးထွား လာလေလေ ဖြစ်မည်မှာ သေချာလှသည်။

Scanned by CamScanner

နေခြည်သည် ခုတင်ပေါ်သို့ သူ့ကိုယ်လုံးကလေးကို ပစ်လှဲချလိုက်ပြီး ခေါင်းအုံးနှင့် မျက်နှာ ဖိကပ်ထားလိုက်သည် ။

"ဝဋ်ကြီးလိုက်တဲ့ မိနေခြည်ရယ်"

နေခြည်၏ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်တို့ သည် တသွင်သွင် စီး၍ ကျနေတော့သည် ။

မျက်ရည်မခန်းသရွေ့တော့ နေခြည်တစ်ယောက်သည် အူပေါက်မတတ် ငိုနေရဦးမည်သာ ဖြစ်တော့သည် ။

လူး၍ လည်း ငိုခဲ့ပြီးပါပြီ ...

လိမ့်၍ လည်း ငိုခဲ့ပြီးပါပြီ ...

ယခု နွမ်းချည့်ယိုင်နွဲ့စွာဖြင့် ခွေလဲလျက်လည်း ငိုနေမိပြန်သည် ။

အငိုမင်းသမီးကလေး မနေခြည်၏ ဦးခေါင်းတစ်ခုလုံးမှာ ငိုရလွန်း၍ ဆယ်ပေါင်တူနှင့် ထုနှက်ခံနေရသည့်အလား ကိုက်ခဲလာ၏။

နေခြည်သည် အိပ်ရာမှ အသာကလေးထလိုက်ပြီး ယိုင်နွဲ့နေသော ခြေလှမ်းများ ဖြင့် ဆေးဘူး ကလေးရှိရာသို့ လျှောက်လာခဲ့သည် ။

နေခြည်တွင် နှလုံးအားနည်းသော ရောဂါခံရှိသည် ။

သူပြသထားသော နှလုံးအထူးကုဆရာဝန်ကြီးက ပင်ပန်းလျှင် သောက်သုံးရန်အတွက် မိလီ ဟင်ဖိုက် အိပ်ဆေးတွေပေးထားတာရှိသည် ။

နေခြည်သည် ကိုက်ခဲလာသည့် ဦးခေါင်းက ဝေဒနာကိုမခံမရပ်နိုင်လွန်းသဖြင့် တစ်လုံးသာ သောက်သုံးရမည့်ဆေးကို နှစ်လုံးသောက်ချပစ်လိုက်သည် ။

အိပ်ရာပေါ်တွင် ပြန်လှဲ၍ ငြိမ်ငြိမ်ကလေး နေလိုက်သည် ။

Scanned by CamScanner

ခန္ဓာကိုယ်ကြီး ငြိမ်သက်နေပေမယ့် အထိန်းအကွယ်မရှိသောစိတ် အစိုးမရသော စိတ်သည် လှုပ်ရှား ပျံ့လွင့်နေ၏။

ရွက်လွင့်နေသော စိတ်နောက်သို့ နေခြည်လိုက်ရင်း လိုက်ရင်း ဆယ့်ငါးမိနစ်ခန့်အကြာတွင် အိပ်ဆေးတန်ခိုး ပြလာသဖြင့် အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားတော့သည် ။

နှလုံးသားမှ ဝေဒနာသည် အားလပ်ချိန် ခဏပေးသွားပြီဖြစ်၍ နေခြည်ထံမှ အသက်ရှူသံ ကလေးသည် ဖြည်းဖြည်းမှန်မှန်ထွက်ပေါ်၍ နေတော့သည် ။

*****

Scanned by CamScanner

# တစ်ဆယ့်ကိုး။

အညိုဖျော့ရောင် အက်စ်အီးကားကလေးကို မောင်းနှင်နေသော မိန်းမပျိုကလေး၏ အသွင် သည် အပြတ် သားနားလှ၏။

နက်မှောင်ရှည်သန်လှသော ဆံပင်တွေကို နောက်သို့လှန်၍ နောက်စေ့တွင် စုစည်းကာ မြင်းမြီးပုံ ချထားသည် ။

ဖြူဖွေးမွှန်ညက် သန့်စင်နေသော မျက်နှာလှလှကလေးတွင် လှည်းဘီးပုံ နေကာမျက်မှန်ကို တပ်ဆင်ထား၏။

နားနှစ်ဖက်တွင် တြိဂံပုံ နားဆွဲအဖြူကြီးကို ပန်ဆင်ထားသည် ။

တိတိပပ မထူမပါးကလေးဖြင့် ပိပိပြင်ပြင် လှနေသော နှုတ်ခမ်းလွှာကလေးကို ပုစွန်ဆီရောင် နှုတ်ခမ်းဆိုးဆေးကလေး ခပ်ပြေပြေ ဆိုးထား၏။

ကျောပိုက် လည်ပိုက် ပခုံးနှစ်ဖက်တွင် လက်နှစ်လုံးခန့်သာ ကြိုးရှိသော အင်္ကျီနီနီရဲရဲ ကလေးကို ဝတ်ဆင်ထားပြီး လည်တိုင် ကြော့ရှင်းရှင်းကလေးတွင် လက်သန်းတစ်လုံးခန့် အပြား ရှိသော ဝင်းအိနေသည့် ရွှေကြိုးကလေးကို ကပ်ကပ်ကလေး ဆွဲထားနေသည် ။

ကားစတီယာရင်ကို ကိုင်ထားသော ဖြူဝင်း ပြေပြစ်လှသည့် လက်မောင်းများကလည်း တအားကိုလှနေသည် ။

Book Sharing

Scanned by CamScanner

ထိုသို့ အလှအစုစုတို့ ကို ပိုင်သောယုကို တွေ့လိုက်ရသူ မှန်သမျှတို့ လည်း သူ့ကို ဂရုမရုမပြုမိ ကပဲ မရှိ။

သူ၏ အလှတွင် နစ်မျောသွားကြသူတွေသာရှိ၏။

ကားချင်ယှဉ်၍ လိုက်သူကလည်း မရှား။

မကြားတကြား လှလိုက်တာကွာ အရမ်း အရမ်းကိုပါပဲဟု ပြောသူ တွေကလည်း အပုံ။

ဒါတွေအားလုံး မေသူမိုးလွင်အတွက်တော့ ရိုးနေပါပြီ နို့စို့ရွယ် အပြင် ထွက်လေတိုင်း ဒီစကား ဒီလေသံတွေကို မေသူမိုးလွင် ကြားရလွန်း၍ ရိုးလို့ နေပါပြီ။

ခုလည်း ဦးဝိစာရလမ်းမပေါ်ကို သူ့ကား ရောက်လာကတည်းက ကို ရှိလာ အနီလေးတစ်စီး ကပ်လိုက်လာခဲ့သည် ။

ကားပေါ်တွင် ယောကျ်ားသုံးယောက်။

ရုပ်ရည်တွေက အဖြောင့်စား။

ဗိုက်ကြို စပို့ရှပ်တွေ၊ ဂျာကင်တွေ ရေကင် မျက်မှန်တွေနှင့် ဂိုက်ဆိုက် ကောင်းကြသူတွေချည့် သာ။

ဘယ်သူတွေ ဘယ်လောက်ပဲ ချောချောလှလှ။

ဂိုက်ဆိုက်တွေ ဘယ်လောက်ပဲ မိုးပျံနေပါစေ၊ ပြင်ဦးလွင်က ဂျင်း ဘောင်းဘီစုတ်အပြဲ အဖှာ တစ်ရာနှင့် စွပ်ကျယ်လက်ပြတ်ကို ဝတ်ဆင် ထားသော ဆက်နိုင်မော်ကိုတော့ မမီနိုင်ပါဟု မေသူ မိုးလွင် ထင်မြင်မိ သည် ။

အသားဝင်းဝင်းတွင် ချွေးစက်တို့ ဥနေသည် မှာ သူ့မျက်စေ့ထဲတွင်

Scanned by CamScanner

ရွှေစက်၊ ရွှေပြောက်၊ ရွှေရည် တောက်သည် ကဲ့သို့ တင်စား ထင်ယောင်နေမိ၏။

"မေသူ့အတွက်တော့ ကိုကိုက ရွှေမင်းသားလေးပါပဲ ကိုကိုရယ်"

သူ့ကိုကိုအကြောင်း တွေးမိပြီး ဝမ်းနည်းစိတ်တွေ ထွေလာသဖြင့် မေသူမိုးလွင်၏ မျက်နှာ ကလေး နွမ်းကျသွားသည် ။

"ဟေ့ကောင် ဧယျာ စွတ်ပြီးကပ်လိုက်မနေနဲ့ မော်တော်ပီကယ်နဲ့ တွေ့သွားမှ ကွီခနဲ ဖြစ်သွားမယ်"

"အထာကိုင်လွန်းလို့ ပါကွ"

"ပုံစံက မိုးပေါ်ကမမပုံစံကွ"

"ဟေ့ ဟေ့ ဧယျာ ဧယျ ... ရှေ့မှာ ရှေ့မှာ "

မော်တော်ဆိုင်ကယ်တစ်စီးနှင့် ယာဉ်ထိန်းရဲများကို တွေ့မှ ကိုရီလာ အနီကလေးသည် မေသူ မိုးလွင်၏ ကားကို အတင်းကပ်လိုက်၍ အမျိုးမျိုး စပြောင် နှောင့်ယှက်နေခြင်းမှ ရှိသွားတော့သည် ။ မေသူမိုးလွင်သည် မိုင်နှုန်းမှန်မှန်ဖြင့် ဟန်မပျက်ဆက်လက်၍ မောင်းနှင်နေ၏။

အချိန်ကိုးနာရီခွဲ တိတိတွင် တော့ သူ့ကားကလေးသည် ရုံးခန်းရှေ့ ပလက်ဖောင်းဆီတွင် ရပ်တန့်သွားသည် ။

ရုံးခန်းရှေ့ ပလက်ဖောင်းတွင် နေခြည်၏ ကားနှင့် ကိုနေစိုး ဟွန်ဒါ နီနီကလေး ရောက်နှင့် နေသည် ကို တွေ့လိုက်ရသည် ။

အကောင်းစားပါကို ရွှေရောင်နာရီကလေးကို တစ်ချက်ကြည့်ပြီး မေသူမိုးလွင်သည် နံဘေး တွင် ချထားသော ဆလင်းဘက် အဖြူကြီးကိုယူ၍ ကားတံခါးကို ဖွင့်ကာ ဆင်းလိုက်သည် ။

Scanned by CamScanner

အပျော့သား ထဘီအနက် တိုတိုကလေး ဝတ်ဆင်ထားသဖြင့် ခြေသလုံး ဝင်းဝင်းကလေးနှင့် ကြိုးသိုင်း ခွာမြင့်ဖိနပ်ဖြူဖြူကလေးသည် ပေါ်လွင်ထင်ရှားနေ၏။

"မမသူ ..."

ရုံးပေါ်မှ ရုံးလုလင်ကလေး မောင်ဖေ သူ့ထံသို့ ပြေးဆင်းလာသည် ။

"ရော့ ... မောင်ဖေ ကားတံခါးတွေ သော့ခတ်လိုက်"

"ဟုတ်ကဲ့"

မောင်ဖေသည် မေသူမိုးလွင်၏ လက်မှ ကားသော့ကို တရိုတသေ လက်ခံရယူပြီး သူဆောင် ရွက်ရမည့် တာဝန်ကို ဆောင်ရွက်လိုက်သည် ။

မေသူမိုးလွင်သည် ဆလင်းဘက်၏ ကြိုးပြားပြားကြီးကို လက်ချောင်းကလေးများ ဖြင့် ဆုပ်ကိုင်ပြီး ရုံးခန်းပေါ်သို့ တက်ခဲ့သည် ။

ပြောင်လက်သန့်ရှင်းနေသော သူ့ရုံးခန်းထဲတွင် ရုံးတာဝန်ယူရသော ဝန်ထမ်းသုံးဦးသည် သူ့ နေရာ သူ့စားပွဲတွင် အသီးသီးရှိနေကြ၏။

မေသူမိုးလွင်သည် ဆိုဖာဆုံလည်ကုလားထိုင်နှင့် သီးသန့်ပြုလုပ်ထားသော စားပွဲဆီသို့ လျှောက်သွားလိုက်ပြီး သူလွယ်ထားသော ဆလင်းဘက်ကို ဖြုတ်ချထားလိုက်သည် ။

"တူမရေ တူမ ဦးလေးလုကို ခိုင်းထားတာတွေ အားလုံး အဆင်သင့်ဖြစ်နေပြီ။"

ဒုမန်နေဂျာအဖြစ် ခန့်ထားသော ဦးလုခင်က ဖိုင်တစ်ခုကို ဆွဲယူကာ မေသူမိုးလွင်ဆီ ထလာ သည် ။

Scanned by CamScanner

မေသူမိုးလွင်က ဦးလှခင်ထံမှ ဖိုင်ကယူပြီး စာရွက်များကို လှန်လှောကြည့်လိုက်သည်။

"မော်လမြိုင်ဘက်မှာ အတော် အရောင်းသွက်လာတယ်နော်"

"ကော့သောင်းဘက်မှာ လဲ မော်လမြိုင်ထက် အဆင်ပြေနေတာ တွေ့ရတယ် တူမ"

"အဟင်း ... ဝမ်းသာစရာပါပဲ ကိုယ့်ဆီက ကုန်များများ အရောင်းသွက်လေ အားလုံး အတွက် အကျိုးအမြတ် ပိုရှိလေပဲပေါ့ ဪ ... ဒါနဲ့ ကော်စေ့အိတ်တွေကော ဝင် လာပြီလား ဦးလေး လှ"

"ဝင်လာပါပြီ မှာ ထားတဲ့ အရေအတွက်အတိုင်း ရပါတယ်"

"ဒါဆို ပုံသွင်းတဲ့ အင်ဂျင်နီယာကို အားလုံးကို ရွှေစာလုံးနဲ့ ပုလဲရောင်အသားပဲ ဖောက်ဖို့ ပြောပေးနော်"

"ကောင်းပါပြီကွယ်"

မေသူမိုးလွင်က ခေါင်းငုံ့၍ ဘာတွေ ရေးချွတ်နေမှန်းမသိသော နေစိုးထံသို့ မျက်လုံးကလေး ကို ဝေ့ခနဲ တစ်ချက်ကြည့်ပြီး၊ ဦးလှခင်၏ လက်သို့ ဖိုင်တွဲကို ပြန်အပ်လိုက်သည်။

"မမသူ လက်ဖက်ရည် မှာ လိုက်ရတော့မလား"

ရုံးလုပ်ကလေး မောင်ဖေက ပြောင်လက်နေသော ငါးဆင့်စတီးချိုင့်ကြီးကို စားပွဲခုံ ရှည်ရှည် ကလေး တစ်ခုပေါ်တွင် တင်ရင်းက မေးလိုက်သည်။

"အေး မှာ လိုက်တော့၊ တစ်ခွက်လျှော့ ဒီနေ့တော့ မမသူ မသောက်တော့ဘူး"

Scanned by CamScanner

"ဟုတ်ကဲ့ မမသူ"

နေခြည်လည်း သူထိုင်နေသော ခုံကလေးကို နောက်သို့ တွန်းလိုက်ပြီး ထိုင်ရာမှ ထကာ လချုပ်စာရင်းများကိုယူ၍ မေသူမိုးလွင်၏ စားပွဲဆီသို့ လျှောက်လာသည်။

"ဟယ် နေခြည်နေမကောင်းဘူးလား ကြည့်ရတာတစ်မျိုး ဖြစ်နေတယ်၊ မရွှင်မပျကြီးနဲ့ "

နေခြည်၏ နွမ်းလျနေသော မျက်နှာကလေးကို ဂရုပြုမိသွားပြီး စေ့စေ့ကြည့်ကာ မေသူ မိုးလွင်က မေးလိုက်သည်။

"နည်းနည်း အိပ်ရေးပျက်သွားလို့ ပါ"

"နေခြည် မနေ့က ဘယ်အချိန်အထိ အိုတီဆင်းလို့ လဲ"

"သိပ် နောက်မကျပါဘူး မေသူ"

"ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်၊ နေခြည်က အလုပ်ဆိုရင် ကျုံးရုန်းလုပ်တတ်တာ မေသူသိတယ်"

နေခြည်သည် တင်းခံထားသော စိတ်များ ပြိုမကျအောင် မနည်းကြိုးထိန်းနေရ၏။

သူ့ကလျာနှင့်သူ မေသူမိုးလွင်အား တစ်ဦးပြီးတစ်ဦး တင်ပြနေကြရာ၊ နေစိုးအလှည့်သို့ ရောက်ရှိလာ၏။

"ဒါ ဒီမနက်ဝင်လာတဲ့ တဲလ်လက်(စ်) ..."

မေသူမိုးလွင်က နေစိုးကို မျက်လုံးတစ်ချက် လှည့်ကြည့်ပြီး စက်ဘူမှ ရောက်ရှိလာသော တဲလ်လက်(စ်) စာရွက်ကို ဖတ်ကြည့်လိုက်သည်။

"ကြာသပတေးနေ့ တီကိုနဲ့ မစ္စတာဟူး ပါလာတော့မယ်၊ အင်းယား

Scanned by CamScanner

လိတ်မှာ အခန်း သေချာ နေပြီနော်"

"သေချာပါတယ်"

"ဒါဆို ကြာသပတေးနေ့ကျရင် နေခြည်ရယ် ကိုစိုးရယ် မေသူရယ်သွားကြိုမယ် လေဆိပ်ကို နှစ်နာရီအရောက် သွားကြတာပေါ့"

"ကောင်းပြီလေ"

"ဒီနေ့ဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် လေဆိပ်ဝင်ခွင့်ကို ကိုစိုးလုပ်ထားလိုက်"

"ကောင်းပြီ"

"ကြာသပတေးည မစ္စတာဟူးကို ဒင်နာ ရတနာဥယျာဉ်မှာ ကျွေးမယ်၊ ဟူဘီရှန်း (ပတ္တမြား) ခန်းမကို ရီဇာဗတ် လုပ်ထားလိုက်ပါ"

"ကောင်းပြီ"

သည် မနက်တွင် သူတစ်ခွန်းပြောလျှင် နေစိုးက တစ်ခွန်းပြန်ဖြေသဖြင့် မေသူမိုးလွင် ကျိတ်၍ သဘောကျနေမိသည်။

မနေ့က အာမနာလျှာမကျိုးသူ မြှောက်လိုက်သော စကားများကြောင့် နေစိုးတစ်ယောက် သူ့အပေါ် စိတ်ချနေသည် ဟု မေသူမိုးလွင်က ထင်နေမိ၏။

"ဪ ကိုစိုး ဒီတယ်(လ်)လက်(စ်)ရကြောင်း မစ္စတာဟူးဆီကိုပြန်ပြီး တယ်(လ်)လက်(စ်) ရိုက်လိုက်ပါဦး"

"ကိုယ်ခုပဲသွားမလို့ တခြား ဘာမှာ စရာ ရှိသေးလဲ"

"ဘာမှ မရှိပါဘူး၊ ဪ လက်ဖက်ရည်သောက်ပြီးမှ သွား ဟိုမှာ

Scanned by CamScanner

မောင်ဖေ သွားမှာ နေပြီ"

နေစိုးက မေသူမိုးလွင်၏ ရှင်းသန့်လှပနေသော မျက်လုံးကလေးဆီသို့ ခပ်စူးစူးတစ်ချက် ကြည့်ပြီး သူ့စားပွဲဆီသို့ ပြန်လျှောက်သွားကာ၊ မစ္စတာဟူးထံ ပို့ရမည့်စာအတွက် အကြမ်းရေးသား နေလိုက်သည် ။

မကြာမီ နံနက်စောစောစာအတွက် လက်ဖက်ရည်နှင့်မုန့်များ အလျှံပယ်ထည့်ထားသော လင်ဗန်းကြီးကို ကိုင်ကာ ရုံးခန်းတွင်းသို့ ရုံးလင်မောင်ဖေ ဝင်လာသည် ။

မောင်ဖေသည် လူကြီးသူမကို ရိုသေကိုင်းရှိုင်းတတ်သူတစ်ဦးဖြစ်သည် ။

ဦးစွာ သူက ဦးလှခင်အတွက် လက်ဖက်ရည်နှင့် ကော်ပြန့်ကြော်ပန်းကန်ကို ချပေးလိုက် သည် ။ ပြီးလျှင် နေစိုးအတွက် ပေါင်မုန့်ကြက်ဥကြော်နှင့် မိုင်လိုကို ချပေးလိုက်၏။

ထို့နောက် နေခြည်အတွက် လက်ဖက်ရည်နှင့် မုန့်ဟင်းခါး ပြီးတော့မှ သူ့အတွက် သူစားချင် ရာ ယူလာသော ကိုတာကိုရုံးခန်းထောင့်တစ်နေရာရှိ သူ့စားပွဲလေးတွင် ထိုင်ကာ စားသောက်လိုက် တော့သည် ။

နေစိုးသည် သူ့ရှေ့က စားသောက်ဖွယ်ရာများကို သွက်သွက်ကလေးစားသောက်လိုက်ပြီး ဂျာကင်အိတ်ထဲသို့ စာရွက်တစ်ထပ်ကို ထိုးထည့်ကာ စားပွဲပေါ်တွင် ချထားသော ဆိုင်ကယ်စီးဦးထုပ် ကို ကောက်ကိုင်လိုက်တော့သည် ။

နေခြည်က နေစိုး၏ လှုပ်ရှားမှုများကို မျက်လုံးကလေးတစ်ချက်၊ တစ်ချက်လှမ်း၍ ကြည့် ရင်းက သူဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်လျက် ရှိပေသည် ။

"သွားမယ်"

နေစိုးကို မေသူမိုးလွင်က ဦးခေါင်းဆတ်ခနဲ ညိတ်ပြလိုက်သည်။

နေစိုး ရုံးခန်းတွင်းမှ ထွက်ခွာသွားသည် နှင့် တစ်ပြိုင်နက် နေခြည်သည် ထိုင်ရာမှ ထကာ သူထံသို့ မေးခွန်းထုတ်နေသယောင် ကြည့်နေသော မေသူမိုးလွင်၏ စားပွဲဆီသို့ ထွက်လာခဲ့သည်။

"ဟွန်း ဒီကိစ္စအတွက် မပူနဲ့တော့၊ အားလုံး စိစဉ်ပြီးပြီ"

အသံကလေးကိုနှိမ့်၍ နေခြည်က ပြောလိုက်သည်။

မေသူမိုးလွင်၏ မျက်နှာကလေး ဝင်းခနဲလက်သွားသည်။

"ကျေးဇူးပဲ နေခြည်၊ ဒါနဲ့ နေခြည်အလုပ်တွေ ပြီးပြီမှတ်လား"

"ပြီးပြီလေ၊ မေသူ ဘာခိုင်းချင်လို့လဲ"

"ခိုင်းမလို့ မေးတာ မဟုတ်ပါဘူး၊ နေခြည်ကို ကြည့်ရတာ နုံးနေသလို ထင်ရလို့၊ အဆောင် ပြန်နားချင် နားလို့ ပြောမလို့ပါ"

"ရပါတယ်"

"ရပါတယ်တွေ ဘာတွေ လုပ်မနေပါနဲ့ အရေးကြီးတဲ့ လချုပ်စာရင်းတွေလဲ ပြီးပြီဥစ္စာ ပြန်တော့၊ မနက်ဖြန်လည်း နားချင်နားလိုက် ကြာသပတေးနေ့ကျရင်တော့ မစ္စတာဟူးကို ကြိုဖို့ နေခြည် မေသူနဲ့ လိုက်ရမယ်"

"ကျေးဇူးတင်လိုက်တာ မယ်မင်းကြီးမရယ်" ဟု နေခြည် အော်ပြောလိုက်ချင်သည်။

နေခြည်သည် အားလုံးရှေ့မှ ဝေးရာသို့ ထွက်ပြေးချင်စိတ် ပြင်းထန်နေသူ မဟုတ်ပါလား။

Scanned by CamScanner

နေခြည်သည် သိမ်းဆည်းစရာရှိသည် များကို သိမ်းဆည်း၍ သော့ခတ်လိုက်ပြီး သူ့ ဆလင်း ဘက်ကလေးကို ကောက်လွယ်လိုက်သည်။

"သွားမယ် မေသူ"

"အင်း"

မေသူမိုးလွင်က ကြည်လင်ရွှင်ပျစွာဖြင့် ဦးခေါင်းကိုပါ ညိတ်ပြလိုက်သည်။

"ဒီကလေးမလေးကလဲ တခုကွပဲ ကြာရင် သူ့နှလုံးရောဂါက ပိုဆိုးလာမှာ ဆိုးရတယ်"

ဦးလှခင်က နေခြည် ရုံးခန်းတွင်းမှ ထွက်ခွာသွားသည် ကို လှမ်းကြည့်ရင်း ပြောလိုက်သည်။

"ဟုတ်တယ် မေသူလဲ အဲဒါကိုပဲ စိုးရိမ်နေတာ"

"အိမ်ကမိန်းမကို ကြည့်ကြည့်ပြီး ဦးလေးလှတော့ စိတ်ဆင်းရဲရလွန်းလို့၊ ဘယ်သူ့ကိုမှ ဒီရောဂါ မဖြစ်စေချင်ဘူး"

"အင်း ဟုတ်ပါရဲ့ ဦးလေးလှပြောမှ ပဲ ကြီးကြီးဆိကို သတိရတော့တယ်၊ နေကောင်းတယ် မှုတ်လား"

မေ သူ မိုး လွင်က ဒုမန်နေဂျာ ဦးလှခင်၏ စားပွဲဆီသို့ လျှောက်လာရင်း မေးလိုက်သည်။

"ဘယ်ကလာ ကောင်းပါ့မလဲကွယ်၊ မနေ့တစ်နေ့ကပဲ သွေးက တအားတိုး၊ နှလုံးက ပြန်ထ လို့ လူတွေကို ပျာယာခတ်ကုန်တာပဲ တူမကြီးရေ"

"အို ... ဖြစ်မှ ဖြစ်ရလေ ဒါနဲ့ ဦးလေးလှငွေကော ရှိရဲ့ လား"

Scanned by CamScanner

"မနေ့က နေခြည် ကြိုတင်လစာ ထုတ်ပေးလိုက်တယ်"

"မေသူ့ဆီကလည်း ထပ်ယူထားဦးလေ"

"တော်ပါပြီကွယ်၊ လိုမှ ပဲ ဦးလေးလှ တောင်းပါ့မယ်"

"လိုတာရှိ တောင်းသာတောင်းနော် အားနာရမယ့် လူတွေ မဟုတ်ဘူး ကြီးကြီးဆီကို မနက်ဖြန်ကျတော့မှ မေသူလာကြည့်ဦးမယ်၊ ကလေးတွေကော နေကောင်းကြတယ်မှုတ်လား"

"ကလေးတွေကတော့ အားလုံး နေကောင်းကြပါတယ်၊ သူတို့ ကောင်းနေလို့ တော်သေးတာ ပေါ့ နို့မဟုတ်ရင် အားလုံး ခက်ကုန်မှာ ဒါနဲ့ တူမကြီးရယ် သားလတ်အတွက် အလုပ်ကိစ္စ စဉ်းစား ပြီးပြီလား"

"စဉ်းစားပြီးပါပြီ ဦးလေးလှ၊ နဂိုကတည်းက မေသူက ကိုယ့်အလုပ်သမား သားသမီးတွေကို သင့်တော်တဲ့ နေရာတွေ ပေးသွားဖို့ စိတ်ကူးထားပြီးသားပါ၊ မောင်လှဇော်ကို အလုပ်ရုံမှူး ဦးလေး သော်ရဲ့ အကူအဖြစ်ထားဖို့ ဦးလေးသော်ကို ပြောထားပြီးပြီ၊ လကုန်ရင် စဆင်းနိုင်းပေတော့"

"ကျေးဇူးတင်လိုက်တာ တူမကြီးရယ်"

ဦးလှခင်၏ မျက်နှာပေါ်တွင် ဖော်မပြတတ်အောင် ဝမ်းသာနေကြောင်း သိသာထင်ရှားနေ၏။

"မမသူ ထမင်းပွဲ ပြင်လိုက်ရတော့မလား"

"အေး ပြင်လိုက်တော့ကွာ"

မောင်ဖေကလေးက မေသူမိုးလွင်အတွက် ထမင်းပွဲကို ကျနသေချာစွာ ပြင်ဆင်ပေးလိုက် သည် ။

Book Sharing

Scanned by CamScanner

မေသူမိုးလွင်သည် ထမင်းစားရင်း ညှိသည် မစ္စတာဟူးအတွက် ပါ ကေးရှင်းကာ၍ အခန်း ဖွင့်ပြီး လိုအပ်သည့် အဆောင်အယောင်များ ပေးထားရန် စိတ်ကူးလိုက်သည် ။

မေသူမိုးလွင်၏ မတုံ့မဆိုင်း ဆုံးဖြတ်ချက်အတိုင်း လုပ်တတ်သည့် အကျင့်တစ်ခုကြောင့် ညနေရုံးမဆင်းမီ အချိန်တွင် ဒုမန်နေဂျာ ဦးလှခင် ၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် သီးသန့်အခန်း တစ်ခု ဖြစ်သွားပြီး စားပွဲကုလားထိုင်၊ ရုံးသုံးစာရွက်စာတမ်းနှင့် ဖုန်းတစ်လုံး ရှေ့ပြီးသား ဖြ စ်သွား တော့သည် ။

စူဠလိပ် ရေထဲလွှတ်လိုက်သလို မနက်ကတည်းက ထွက်သွားသော နေစိုးသည် ရုံးလွှတ်ချိန် တန်တော့မှ ပဲ ရုံးခန်းတွင်းသို့ ပြန်ရောက်လာ သည် ။

နေခြည်၏ လူလွှတ်နေသော စားပွဲဆီသို့ မျက်စေ့တစ်ချက် ကစားကြည့်ပြီး သူက မေသူ မိုးလွင်ထံသို့ လျှောက် လာပြီး စားပွဲရှေ့ ကု လားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည် ။

"ဒီမှာ တဲလ်လက်(စ်) ကော်ပီ၊ သွားရင်းလာရင်း ခရီးသင့်တာနဲ့ ကြာ သပတေးနေ့ လေဆိပ် ဝင်ခွင့်လဲ တစ်ခါတည်း လျှောက်ခဲ့တယ်"

"ကောင်းတာပေ့ါ"

"တူမကြီးရေ ဦးလေးလှ ပြန်တော့မယ်"

"ဟုတ်ကဲ့ ဦးလေးလှ ကျေးဇူးပဲနော်၊ ဦးလေးလှ ဒီနေ့သိပ်ပင်ပန်းသွားတယ်"

"ရပါတယ်ကွာ၊ တစ်ခါတလေ ပင်ပန်းရတဲ့ ဥစ္စာပဲ"

ဦးလှခင်သည် သူ့တိုက်ပုံအင်္ကျီကလေးကို ကိုယ်တွင် စွပ်ရင်း ရုံးခန်း

Scanned by CamScanner

တွင်းမှ ထွက်ခွာသွား သည်။

"ကဲ ... ရှင်လည်း ပြန်နိုင်ပြီ"

မေသူမိုးလွင်က နေစိုးကိုပြောပြီး၊ သူ့စားပွဲပေါ်က ဖိုင်များကိုကြိုးစည်းနေ၏။

"ကိုယ် မေသူ့ကို ပြောစရာရှိတယ်"

"ဘာ စတ်ပြားဟောင်း ဖွင့်ဦးမလို့ လဲ ဟင် ကိုစိုး"

ညှိုးငယ်နွမ်းလျှစွာဖြင့် မေသူမိုးလွင်၏ မျက်နှာကို ကြည့်လိုက်သည်။

"ကိုယ် မေသူနဲ့ အချင်း မများ ချင်ပါဘူး၊ မနေ့က ကိစ္စအတွက်လဲ ကိုယ်လွန်တာရှိရင် တောင်းပန်ပါတယ်"

"အို ... ဒီလိုဖြစ်တာများ ခဏခဏပါ အဆန်းလုပ်ပြီး တောင်းပန်စရာ မလိုပါဘူး ကိုစိုးရဲ့ "

"ကိုယ်ကမေသူနဲ့ အစဉ်အမြဲ ပြေပြေလည်လည် ဖြစ်သွားချင်ပါတယ်၊ ကိုယ်မေသူ့ကို ဘယ်လောက်ချစ်ပြီး ဘယ်လောက်မြတ်နိုးနေတယ်ဆိုတာ မေသူသိဖို့ ကောင်းပါတယ်"

"ဩော် .. ကိုစိုးရယ်၊ ဒီစကားကိုမေသူ ပြောရတာလဲ အပ်ကြောင်းထပ်နေပါပြီ၊ မေသူမှ ကိုစိုး ကိုမချစ်နိုင်တဲ့ ဥစ္စာ"

"မေသူ နက်နက်နဲနဲမှ မစဉ်းစားပဲ"

"စဉ်းစားပါတယ်၊ စဉ်းစားတာမှ ဖေဖေရှိကတည်းကပဲ၊ ဘယ်လိုစဉ်းစားလိုက် စဉ်းစား လိုက် ကိုစိုးဟာ မေသူ့အတွက် အစ်ကိုတစ်ယောက် နေရာမျိုးထက် ဘယ်တော့မှ ပိုမလာဘူး၊ ကိုစိုး ကို မေသူ

Scanned by CamScanner

တစ်ခုပြောချင်တယ်၊ စိတ်တူသဘောတူ ကိုစိုးကို ပြန်ပြီးချစ်နိုင်မယ့် မိန်းကလေး တစ်ယောက်ယောက်ကိုရှာပါ၊ မေသူ့ကို မျှော်လင့်နေရင်တော့ ကိုစိုးမောရုံပဲရှိမယ်"

"ပြတ်သား လှချည့်လား"

"မေသူဆိုတာ ဘာမဆို ပြတ်ပြတ်သားသား လုပ်တတ်တဲ့ မိန်းမတစ်ယောက် ဖြစ်တယ် ဆိုတာ ကိုစိုးဒီလောက်ဆို သိဖို့ ကောင်းနေပါပြီ"

"ကိုယ့်ဘက်ကတော့ ခွဲမလျှော့ဘူး"

"အချိန်ကုန်ခံနိုင်တယ်ဆိုရင် ဒီကလဲမတားနေတော့ပါဘူး"

မေသူမိုးလွှင်က သူ့ဆလင်းဘက်ကို ကောက်ကိုင်ပြီး နေရာက ထလိုက်သည် ။

ထိုစဉ်တွင် ရုံးလုလင်ကလေး ရုံးခန်းထဲသို့ ပြန်ရောက်လာ၏။

"အားလုံးကားပေါ် တင်ပြီးပြီလား"

"တင်ပြီးပါပြီ မမသူ စက္ကူကတ္တူဘူးကြီးကိုတော့ နောက်ဖုံးထဲမှာ ထည့်ပေးလိုက်တယ်"

"အေးအေး ... ရုံးခန်းမပိတ်ခင် ပြတင်းပေါက် တံခါးတွေကို အသေအချာ စစ်ဆေးဦး"

"ဟုတ်ကဲ့ပါ မမသူ"

မေသူမိုးလွှင်သည် ကြော့ရှင်းသော လှုပ်ရှားမှုဖြင့် သူ့လုပ်စားပွဲဆီမှ ထွက်ခွာခဲ့သည် ။

နေစိုးက ထိုင်ရာမှ မထ မေသူမိုးလွှင်ကိုလည်း ပြန်လိုက်၍ ကြည့်နေ၏။

Scanned by CamScanner

သူ့မျက်လုံးများက စူးရှတောက်ပြောင်နေသည် ။

အတွင်းစိတ်သဘော မနောကို ဖော်ပြနေသည် ကဲ့သို့ ရှိ၏။

မောင်ဖေကလေးက နေစိုးကိုကြည့်ပြီး သူ့ဦးခေါင်းကို ရမ်းခါနေ၏။

"ဟေ့ကောင် မင်းက ငါ့ကိုဘာကြည့်နေတာလဲ မင်းအလုပ် မင်းလုပ်ပါလားကွ"

မလုံမလဲစိတ်ဖြင့် လှည့်ကြည့်နေသည် တွင် မောင်ဖေ သူ့ကိုကြည့်နေကြောင်း နေစိုးတွေ့မြင် သွားသည် ။

ထောင်းခနဲ ဒေါပွသွားပြီး မောင်ဖေကို သူဟောက်ပစ်လိုက်သည် ။

အောက်လက် ငယ်သားအပေါ် အမြဲတမ်း မောက်မာစွာ ဆက်ဆံတတ်သော နေစိုးက မောင်ဖေသည် စိတ်ထဲကကျိတ်၍ ချဉ်နေမိသည် ။

နေစိုးတစ်ယောက် မရိုးသားသောစိတ်ဖြင့် သူ့မမကို စိတ်ဝင်စားနေကြောင်း မောင်ဖေ ကောင်းကောင်း သိထားနေသည် ။

သဘောမနောကောင်း၍ ဘယ်သူ့အပေါ်မဆို အကြင်နာတရားရှိတတ်သော သူ့ မမသူကို မောင်ဖေသည် ၊ ကောက်ကျစ်သော အတွင်းသဘောရှိသည့် နေစိုးနှင့်လုံးလုံးမှ သဘောမတူပါ။

အကယ်၍ များ နေစိုးသာ မမသူနှင့် သင့်မြတ်ပြီး တစ်နေ့အိမ်ဂျယ်လုပ်ငန်းကြီးကို ကြိုးကိုင် ခြယ်လှယ်လာမည်ဆိုလျှင်၊ သည် လက်ရှိအလုပ်မှ သူထွက်သွားမည်ဟု မောင်ဖေက ဆုံးဖြတ်ထား သည် ။

"ဟေ့ကောင် မောင်ဖေ နေခြည် ဘယ်အချိန် ပြန်သွားသလဲ"

"မနက်ကတည်းကပဲ"

"ဘာဖြစ်လို့ မနက်ကတည်းက သူက ပြန်ရတာလဲ"

Scanned by CamScanner

ရှုးသိုးသိုး မျက်နှာကြီးနှင့် မောင်ဖေ့မျက်နှာကို စေ့စေ့ကြည့်ကာ နေစိုးက မေးလိုက်သည် ။

"မမနေခြည် နေမကောင်းဘူးထင်လို့ မမသူက နားခိုင်းလိုက်တာခင်ဗျ"

နေစိုး၏ ရင်ထဲတွင် ဆုပ်ထားခြင်း ခံစားရသည် ကဲ့သို့ ဖြစ်သွားသည် ။

"သူ မနက်ဖြန် ရုံးတက်မှာ လား ဘာပြောသွားသေးသလဲ"

"မမသူက တစ်ရက်နားခိုင်းတယ်"

"တစ်ရက်နားခိုင်းတယ် ... အေးလေ ဒါဆို ... မင်းစောစော ရုံးလာပြီးဖွင့်ပေါ့"

"ဟုတ်ကဲ့ခင်ဗျ"

"တံခါးတွေ သေသေချာချာပိတ်နော် ... ငါ သွားပြီ"

"ဟုတ်ကဲ့ခင်ဗျ"

နေစိုးသည် ဆိုင်ကယ်စီးဦးထုပ်ကို စားပွဲပေါ်မှ ကောက်ယူပြီး ရုံးခန်းအတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားတော့သည် ။

ရုံးလုလင်ကလေး မောင်ဖေ ခေါင်းတယမ်းယမ်းဖြင့် ကျန်ရစ်တော့သည် ။

*****

Book Sharing

Scanned by CamScanner

## နှစ်ဆယ်။

ဆက်နိုင်မော်သည် သေသပ်ကျနစွာ ဘောင်ခတ် ပြီးစီးသွားသော မေသူ၏ ပုံတူ ပန်းချီ ကားချပ်ကလေးကို ကျေနပ်အားရစွာ ကြည့်နေပြီးမှ ၊ တူနှင့်သံကိုယူကာ တစ်ဘက်က ချယ်ရီမြိုင်ခြံ ဆီသို့ ထွက်ခဲ့သည် ။

ပိုင်ရှင်က ခွင့်ပြုသည် မပြုသည် ကို လုံးဝ ဂရုမစိုက်ဘဲ၊ အိမ်ရှေ့တံခါးကသော့ကိုဖြတ်ကာ အိမ်ထဲသို့ ဝင်လိုက်သည် ။

ချယ်ရီမြိုင် ကလေးထဲတွင် ဘုရားပန်းအိုးကလေးက ပန်းတွေနှင်းမြိုင်ကာ၊ နွမ်းခြောက်မှု လုံးဝ မရှိသေးပါ။

နေရာတိုင်းသည် သန့်ရှင်း သပ်ရပ်နေ၏။

"မင်း အိမ်ကလေးထဲမှာ မင်းအမြဲရှိနေမယ်၊ မင်း မရှိရင် မင်းရဲ့ ပုံတူကလေးက ရှိနေရမယ် ကွာ"

ဆက်နိုင်မော်သည် ပန်းချီကားချပ်ထဲက မိန်းကလေးကို စကားတွေပြောပြီးမှ ကားချပ်ကို အသာချထားပြီး၊ ညှိခန်းနံရံတင်နေရာတွင် ချိတ်ဆွဲဖို့ သံရိုက်လိုက်သည် ။

မေသူ၏ ပုံတူ ပန်းချီကလေးကို အကျအန ချိတ်ဆွဲ ပြီးစီးသွားသည့်အခါတွင် သူသည် ကုလားထိုင်တစ်လုံးကို ဆွဲယူကာထိုင်လိုက်ပြီး၊ ထိုပုံတူကလေးကို မမှိတ်မသုန်သော မျက်လုံးများ ဖြင့် ကြည့်နေ၏။

Scanned by CamScanner

"တို့ ရင်ထဲမှာ သိနေတယ်၊ တနေ့နေ့တော့ မင်းအိမ်ကလေးကို ပြန်လာမှာ ပါ ... မင်းကလေး ရောက်လာမယ့်ရက်ကို တို့ လက်ရေချိုးပြီးစောင့်ရင်းက မင်းကလေးရဲ့ စံအိမ်ကို တို့ စွမ်းအားနဲ့ အလှဆုံးဖြစ်အောင် ပြုပြင်ဆောက်တည်ထားမယ် အချစ်၊ တို့ မင်းကို သိပ်ချစ်တဲ့ စိတ်နဲ့ သက်သေ ထူထားတာတွေကို မင်းတွေ့မြင်စေရမယ်ကွာ ... ပြန်လာခဲ့ပါ အချစ် ... နွေးထွေးတဲ့ တို့ လက်တွေနဲ့ မင်းကို တို့ စောင့်ကြိုနေမယ် ... ပြင်ဦးလွင်ကို အမြန်ဆုံး ပြန်လာခဲ့ပါ အချစ်ရယ်"

ညကတည်းက စိတ်ကူးထားခဲ့သည့်အတိုင်း ဆက်နိုင်မော်သည် ၊ အိမ်တံခါးတွေကို လေကောင်းလေသန့် ဝင်စေရန် လိုက်လံဖွင့်ထားလိုက်ပြီး စတိုခန်းဆီသို့သွား၍ အပင်ဖြတ်ကတ်ကြေးကြီးနှင့် လှည်းကိုယူလိုက်သည် ။

ထို့နောက်တွင် တော့ လက်စဖြင့် ပစ်ထားခဲ့သော ခြံစည်းရိုးပင်များကို ညီညာစွာ ဖြတ် တောက် နေလိုက်တော့သည် ။

ဆယ့်တစ်နာရီ ထိုးနေသည့်တိုင် ဆာရမှန်းလည်း မသိတော့ ...

သူ့စိတ်အာရုံသည် သူလုပ်ဆောင်နေသော အလုပ်ထဲတွင် နစ်မျောနေသည် ။

"ဒီမှာ မောင်ရင်မှာ ..."

ဆက်နိုင်မော်သည် အသံလာရာဆီသို့ လှေကားပေါ်မှ ငုံ့ကြည့်လိုက်သည် ။

သူနှင့်မလှမ်းမကမ်းတွင် ရည်မွန်၍ ရုပ်ရည်သားနားသော အမျိုးသားကြီးတစ်ယောက် ရပ်နေ၏။

ချယ်ရီမြိုင်အိမ်ကလေး၏ အပြင်ဘက်တွင် ပါဘလစ်ကာ ကြက်ဥနှ

Scanned by CamScanner

စ်ရောင် ကားကလေး တစ်စီး ရပ်တန့်နေသည် ။

ဘယ်အချိန်က ကားရောက်လာမှန်းကို ဆက်နိုင်မော် မသိလိုက်ပါ။

ဆက်နိုင်မော်သည် လေ့ကားပေါ်က ဆင်းရင်း ရင်တွေဒိန်းဒိန်း ခုန်နေသည် ။

ဤအမျိုးသားကြီးသည် မေသူနှင့်များ ပတ်သက်နေရော့သလား ...

သို့မဟုတ် ...

မေသူများ ချယ်ရီမြိုင်ကို စိတ်လိုက်မာန်ပါ ရောင်းပစ် လိုက်လေပြီလား ...

"အို မဟုတ်ပါစေနဲ့ ဘုရား ... မဟုတ်ပါစေနဲ့ "

ကြိတ်၍ အသည်းအသန် ဆုတောင်းရင်း၊ ဆက်နိုင်မော်က အမျိုးသားကြီးရှေ့တွင် ရပ်လိုက် သည် ။

"ဟုတ်ကဲ့ ဘာများ သိချင်ပါသလဲဦး"

"ရကွမြိုင်ဆိုတာ ဘယ်နားလောက်မှာ လဲမောင်ရင်"

ရကွမြိုင်ဟု အမေးရှိလာသော စိုးရိမ်စိတ်တစ်မျိုး တိုးလာရပြီး ဆက်နိုင်မော်၏ ကျောကြီး ဆတ်ခနဲ တွန့်သွားရပြန်သည် ။

"ရကွမြိုင်ဆိုတာ ဟိုဘက်ခြံပဲခင်ဗျာ"

"အဲဒီမှာ လူမှ ရှိရဲ့ လား မသိဘူး"

"ရှိပါတယ် ..."

"အား ... သိပ်ကျေးဇူးတင်ပါတယ် မောင်ရင်၊ ဦးက အဲ ... ဒီရကွမြိုင်နဲ့ ပတ်သက်နေတဲ့ မောင်ဆက်နိုင်မော်ဆိုတာကို တွေ့ချင်လို့ လာခဲ့

Scanned by CamScanner

တာပါ၊ သွားလိုက်ပါဦးမယ်"

အမျိုးသားကြီးက သူ့တိုက်ပုံအင်္ကျီအိတ်ထဲသို့ လက်ကိုင်ပဝါကို ပြန်ထည့်ရင်း လှည့်ထွက် သွားဟန်ပြင်လိုက်သည် ။

ဆက်နိုင်မော်သည ‌တွေကြည့်နေပြီးမှ ...

"ဦး ... ဒီမှာ ခင်ဗျ"

ဆက်နိုင်မော်က ခေါ်လိုက်သည် ။

"ဘာလဲဟေ့ မောင်ရင်"

အမျိုးသားကြီးက ဆက်နိုင်မော်ကို မျက်မှောင်စု၍ ကြည့်ရင်း မေးလိုက်သည် ။

"ဦးတွေ့ချင်တဲ့ ဆက်နိုင်မော်ဆိုတာ ကျွန်တော်ပဲ"

"ဟေ ... ဟုတ်လား"

အမျိုးသားကြီး အံ့အားသင့်သွားရာမှ တဖြည်းဖြည်း ပြုံးလာ၏။

"ဦး ကျွန်တော့်ကို တွေ့ချင်တဲ့ ကိစ္စက ..."

ဆက်နိုင်မော်က ရင်ထိတ်ခုန်စွာဖြင့် အမျိုးသားကြီးကို ကြည့်ရင်း မေးလိုက်သည် ။

"ငါ့တူ ဦးက ငါ့တူအတွက် သတင်းကောင်း ယူလာတဲ့ လူပါ"

"ခင်ဗျားသတင်းကောင်း ဟုတ်လား၊ မေ ... မေသူ လွှတ်လိုက်တာလားဟင်"

"မေသူ ဟုတ်လား ငါ့တူ၊ မေသူဆိုတာ ဦး မသိပါဘူး၊ သူက ဘယ်သူလဲကွယ်"

Scanned by CamScanner

"ဟို ... ဟို ... ဒီ ... အိမ်ပိုင်ရှင်ခင်ဗျ"

ဆက်နိုင်မော်ခမျာ အထစ်ထစ်အငေါ့ငေါ့တွေ ဖြစ်သွားရှာ၏။

"သူ့ကို ဦးမသိဘူး မောင်ရင်၊ ဦး ဒီကိုလာရတဲ့ ကိစ္စက ဦးရဲ့ အမှုသည် ဦးထောင်ဘိုရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ လာရတာပါ"

"ဦးထောင်ဘို၊ ဦးထောင်ဘိုဆိုတာ ဘယ်သူလဲခင်ဗျ၊ ဒီနာမည် ကျွန်တော့်တစ်သက်မှာ ဒီတစ်ခါပဲ ကြားဖူးပါတယ်"

လက်တစ်ဖက်ဖြင့် သူ့လည်ပင်းကို ပွတ်ရင်း ဆက်နိုင်မော်က ပြောလိုက်သည်။

"ဟုတ်ပါလိမ့်မယ်၊ သူက တူမောင်ရဲ့ ဦးလေး ဦးဘသော်ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ တစ်ယောက်ပါ၊ တူမောင်မသိဘူးဆိုတာ ဖြစ်နိုင်ပါတယ်"

လေးလေးသော်နှင့်ပတ်သက်၍ ဘယ်လို အရှုပ်တော်ပုံအသစ် ပေါ်လာပြန်လေပြီနည်းဟု တွေးကာ ဆက်နိုင်မော် အသက်ရှူကျပ်၍ စိတ်ရှုပ်ထွေးသွားရသည်။

"အဟင်း ... ငါ့တူကို ကြည့်ရတာ စိတ်ညစ်သွားတဲ့ ပုံပဲ၊ ဦးလာတဲ့ ကိစ္စက စိတ်ညစ်စရာ လုံးဝမပါဘဲ ဝမ်းသာစရာကိစ္စပါကွာ"

"ခင်ဗျာ ... ဘယ်လို ဝမ်းသာစရာ"

"ဦးထောင်ဘိုက မင်းဦးလေးဘသော်အပေါ် တင်နေတဲ့ ကြွေးတွေကို မင်းဦးလေးမရှိတဲ့ နောက်မှ သူ့ရဲ့ တစ်ဦးတည်းသော ကျန်ရစ်သူ တူကလေး ဆက်နိုင်မော်ဆိုတာကို ပေးပေးဖို့ ဦးနဲ့ အစီအစဉ်လုပ်ခဲ့ပါတယ်၊ ဦးက မန္တလေးက ဝတ်လုံတော်ရ ဦးမြတ်ခိုင်ပါ"

Book Sharing

Scanned by CamScanner

"ခင်ဗျာ ... အဟွန့် ... ကျွန်တော် ဘာမှ နားမလည်တော့ဘူး၊ ဟုတ်မှ ဟုတ်ပါ့မလား ခင်ဗျ"

"ဘယ့်နှယ် မဟုတ်ရမှာ လဲ မောင်ရင်ရဲ့ ၊ ဦးက တိကျတဲ့ အလုပ်မျိုးကိုမှ ဆောင်ရွက်တတ်တဲ့ ဝတ်လုံတော်ရတစ်ယောက်ပါ၊ ကဲ ... ထိုင်ပြီး စကားပြောကြရအောင်လားကွယ်"

"ဪ ... ဟုတ် ... ဟုတ်ကဲ့၊ ဒီအိမ်ထဲပဲ ကြွပါခင်ဗျာ"

ဆက်နိုင်မော်က မေသူ၏ ညွှန်ခန်းကလေးထဲသို့ ဝတ်လုံတော်ရမင်း ဦးမြတ်နိုင်ကို ခေါ်ဆောင်လာခဲ့သည် ။

"ကိုင်ပါ ခင်ဗျ"

"အိမ်ကလေးက တယ်ကောင်းပါလား၊ ဒါဘယ်သူ့အိမ်လဲ မောင်ရင်"

"ဟို ... ကျွန်တော့် ကျွန်တော့်မိတ်ဆွေရဲ့ အိမ်ပါ ဦး"

"ဪ ... ဪ ..."

ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဦးမြတ်နိုင်က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည် ။

"ဒီမှာ ဦးထောင်ဘိုရဲ့ စာပဲ၊ တူမောင် ဖတ်ကြည့်နိုင်ပါတယ်"

ဝတ်လုံတော်ရမင်း ဦးမြတ်နိုင်က သူ့တိုက်ပုံအင်္ကျီအတွင်း အိတ်ထဲမှ စာအိတ်အညိုရှည်ရှည် တစ်လုံးကို ဆွဲထုတ်ကာ ဆက်နိုင်မော်အား ပေးလိုက်သည် ။

ဆက်နိုင်မော်သည် စာအိတ်အတွင်းမှ စာရွက်ကို ထုတ်၍ ဖတ်လိုက်သည် ။

ဝတ်လုံတော်ရမင်း ဦးမြတ်နိုင်ခင်ဗျား ...

Scanned by CamScanner

ကျွန်တော့်ဆန္ဒကို ပြီးမြောက်ပြည့်စုံစွာ ဆောင်ရွက်ပေးပါရန် ဝတ်လုံတော်ရမင်းအားအမှု အပ်နှံပါသည် ။ ကျွန်တော့်အမည် ဦးထောင်ဘိုဖြစ်ပါသည် ခင်ဗျား။ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် နေရာဌာနကို လျှို့ဝှက်ထားပါသည် ။ သို့သော် တရားဝင်ရရှိထားသော ငွေကျပ်နှစ်သိန်း တိတိကို တစ်ချိန်က ကျွန်တော်နှင့် ကျောက်အရောင်းအဝယ်လုပ်ခဲ့သော ဦးဘသော်၏ တစ်ဦးတည်း သော တူသား၏ လက်ဝယ်အရောက် ပေးပို့ရန်ဖြစ်ပါသည် ။ ကျွန်တော်သည် တစ်ချိန်က အရောင်းအဝယ်အောင်သော အမြတ်အစွန်းမှန်သမျှကို ဦးဘသော်အား တစ်ပြားတစ်ချပ်မှ မပေးဘဲ မသမာ သောစိတ်ဖြင့် ရှောင်တိမ်းခဲ့ပါသည် ။ ယခုကျွန်တော့်မှာ အသက်ကြီးရင့် လာပြီဖြစ်ပြီး ဦးဘသော် မှာ လည်း ဆင်းဆင်းရဲရဲနှင့် သေဆုံးသွားခဲ့သည် ကို သိခဲ့ရပါသည် ။ ကျွန်တော်၏ မသမာသော လုပ်ရပ်များ အတွက် ဝဋ်ကြွေးမတင်စေလိုသောကြောင့် ဦးဘသော်အတွက် ဝေစုခွဲဝေပေးရန်ငွေထက် သုံးဆပိုသော ငွေနှစ်သိန်းတိတိကို သူ၏ တစ်ဦးတည်းသော တူသား၏ လက်ဝယ်သို့ အရောက် ပေးပို့စေလိုပါသည် ။

ဦးမြတ်ထွန်း၏ အိမ်လိပ်စာအတိုင်း ငွေသားနှစ်သိန်းတိတိကို ဟွန်ဒီလွှဲ၍ ကျွန်တော်ပို့ပြီး ဖြစ်ပါသည် ။ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည် ခင်ဗျာ။ ဦးမြတ်ထွန်းကို အကျိုးအကြောင်းသိလို၍ ကျွန်တော်မကြာခင် ပြန်လည်ဆက်သွယ်ပါဦး မည်ခင်ဗျား။

လေးစားစွာဖြင့်

ထောင်ဘို

"သိပ်ဆန်းတာပဲဗျာ၊ တကယ့်ကို သိပ်ဆန်းတယ်၊ ဦးလေး ကျောက်

Scanned by CamScanner

အရောင်းအဝယ်ကိစ္စ လုပ်တယ်ဆိုတာ ကျွန်တော်နည်းနည်းကလေးမှ မသိခဲ့ဘူး၊ ဒီလိုလုပ်ပါ ဦး၊ ဟိုရှေ့နားလေးက လမ်းဆုံမှာ ကုန်စုံဆိုင်တစ်ခုရှိတယ်ခင်ဗျာ၊ အဲဒီကုန်စုံဆိုင်ပိုင်ရှင်ဟာ ကျွန်တော့်ဦးလေးနဲ့ အမြဲအဆက်အသွယ်ရှိတဲ့ လူဆိုတော့ ဒီလူကို ကျွန်တော် ဦးရှေ့မှာ မေးကြည့်ချင်တယ်"

"ဩော် ... ဩော် ... ငါ့တူရယ် ငါ့တူက ငွေနှစ်သိန်းကြီး မင်းရှေ့ အထုပ်လိုက် ရောက်လာ တာကိုများ ငြင်းဦးမလို့ လားဟင် တခြားလူသာဆိုရင် ချက်ချင်း ကခုန်ပြီး ယူပစ်လိုက်မှာ ပဲ"

"မသေချာ၊ မရေရာဘဲနဲ့ ကျွန်တော် တစ်ပြားတစ်ချပ်တောင် ဘယ်သူ့ဆီကမှ ယူချင်စိတ် မရှိဘူးခင်ဗျ"

"ငါ့တူစိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ကဲ ... မင်းပြောတဲ့ လူဆီကို သွားကြရအောင်လား"

"ဟုတ်ကဲ့"

ဆက်နိုင်မော်သည် အိမ်တံခါးများကို လိုက်ပိတ်ပြီး ဦးမြတ်နိုင်၏ ကားနှင့် ဦးဘဝင်း၏ ကုန်စုံဆိုင်ဆီသို့ ထွက်ခဲ့ကြသည်။

အဆင်သင့်ပဲ ဦးဝင်းကို ဆိုင်ရှေ့တွင် တွေ့လိုက်ကြရသည်။

"ဦးလေးဝင်း"

"ဟေး ... ဖိုးဆက် ... ဆိုကွ"

"ဟောဒါ မန္တလေးက ဝတ်လုံတော်ရမင်း ဦးမြတ်နိုင်တဲ့ ၊ ဦးလေးဝင်း ကျွန်တော်ဆီ ရောက်လာတဲ့ ကိစ္စကတော့ သိပ်ဆန်းနေတယ်"

"ဘယ်လိုဆန်းနေတာလဲ ဖိုးဆက်ရဲ့ ကဲ လာကြပါ အိမ်ထဲကိုကြွပါ အိမ်ထဲမှာ ထိုင်ပြီး စကား ပြောကြတာပေါ့"

ဦးလေးဝင်းက သူ့အိမ်ထဲသို့ ဖိတ်ခေါ်သွားသဖြင့် ဦးမြတ်ခိုင်နှင့် ဆက်နိုင်မော်တို့ လိုက်ခဲ့ကြ သည်။

"ကဲဆိုပါဦး ဘာကိစ္စတွေဆန်းနေတာလဲ ဖိုးဆက် ဟင်"

"ဦးလေးဝင်း လေးလေးသော်ဆီမှာ ဦးထောင်ဘိုဆိုတဲ့ နာမည်နဲ့ အသိများ ရှိဖူးသလား ဟင်"

"ဟာ ... မင်းဦးလေးက လူပေါင်းစုံနဲ့ ပေါင်းနေတာ နာမည်ပေါင်းစုံလဲ ရှိမှာ ပေါ့ကွ ဘာဖြစ် လို့ လဲ"

"ဒီလိုပါ ကျွန်တော့်အမှူသည် ဦးထောင်ဘိုဆိုတာက တစ်ချိန်က ဦးဘသော်ရဲ့ မိတ်ဆွေဖြစ်ခဲ့ ဖူးတဲ့ ကျောက်ကုန်သည် တစ်ယောက်ပါ အဲဒီဦးထောင်ဘိုဟာ မရိုးသားတဲ့ စိတ်နဲ့ ဦးဘသော်ကို ခွဲပေးရမယ့် ငွေကြေးကိုယူပြီး ရှောင်သွားခဲ့ပုံရတယ်၊ ခု အသက်လဲကြီး နောင်တလဲရ၊ ဖြစ်ပြီးတော့ သူဟာ ဦးဘသော်ကို ငွေပြန်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ ခု ဦးဘသော် ဆုံးသွားပြီဆိုတဲ့ အကြောင်း သူ သိရတော့ ဦးဘသော်ရဲ့ တစ်ဦးတည်းသောတူ မောင်ဆက်နိုင်မော်ကို ငွေနှစ်သိန်းတိတိ လက်ဝယ် အရောက် ပေးပို့ပေးဖို့ ကျွန်တော့်ကို အမှူအပ်လာတယ်ခင်ဗျာ"

ဦးဝင်းက မျက်မှောက်စု၍ ဦးခေါင်းတဆတ်ဆတ် ညိတ်နေ၏။

"အဲဒါ ဖြစ်နိုင်သလားဟင် ဦးလေးဝင်း"

ဆက်နိုင်မော်က မေးလိုက်သည်။

"သိပ်ဖြစ်နိုင်တာပေါ့၊ ဖိုးဆက်ရဲ့ မင်းဦးလေး ဦးဘသော်ဆိုတာက မလုပ်ဖူးတဲ့ အလုပ်ဆိုတာ မရှိတဲ့ လူ၊ ကျောက်သမားယောင်ယောင် ဘာ

Scanned by CamScanner

ယောင်ယောင်နဲ့ မိုးကုတ်ဘက် ထွက်သွားတာ ဒေါ်ဒေါ် သိန်းတို့ ကြားမိခဲ့ဖူးပါတယ် မင်းက ရန်ကုန်မှာ ကျောင်းသွားတက်နေတာဆိုတော့ ဒီအကြောင်းတွေ စုံစေ့အောင် ဘယ်သိပါ့မလဲလို့ "

ဦးဝင်း၏ ဇနီး ဒေါ်သိန်းခင်က စျေးရောင်းရင်း နားစွင့်နေရာမှ ဝင်ပြောလိုက်သည် ။

"အင်းလေ လေးလေးသော်ရဲ့ အကြောင်းကို ဦးလေးဝင်းတို့ ဒေါ်ဒေါ် သိန်းတို့ ပဲ ကျွန်တော့် ထက် ပိုသိကြမှာ ပေါ့"

"ဖုတ်သွင်း ရထားဆိုက်တာ မင်းက ငြင်းများ ထုတ်ဦးမလို့ လားဟင် ဖိုးဆက်၊ ဘသော် ဖြုန်းသုံးခဲ့လို့ မင်းမှာ ခုဗွတ်ကျောပြာစု၊ ခရုခွံ ကျွတ်ဖြစ်နေရတယ် မှတ်လားကွဲ့"

ဆက်နိုင်မော်သည် သနပ်ခါးတွေ ဖွေးနေသော ဒေါ်သိန်းခင်၏ မျက်နှာဝိုင်းဝိုင်းကြီးကို ငေးစိုက်၍ ကြည့်နေ၏။

"ကဲ ငါ့တူရေ ငါ့တူ ဆက်စဉ်းစားချိန် ဦးက နှစ်ဆယ့်လေးနာရီ၊ တစ်ရက်တိတိ ပေးခဲ့မယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ဦးမှာ ခရီးထွက်ရမယ့်ကိစ္စတစ်ခု ရှိနေတယ်လေ၊ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချပြီးပြီဆိုရင် ငါ့တူ သက်သေခံ ကတ်ပြားနဲ့ ဦးဘသော်ရဲ့ တူသားအရင်းဖြစ်ကြောင်း သက်သေခံ အထောက်အထား၊ ဒါမှ မဟုတ် သက်သေခံမယ့်လူကို ခေါ်ပြီး ဟောဒီ လိပ်စာအတိုင်း မန္တလေးက ဦးအိမ်ကို ဆင်းလာခဲ့ပါ"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျာ"

ဆက်နိုင်မော်က လိပ်စာ ကတ်ပြားကလေးကို လှမ်းယူထားလိုက်သည် ။

"ကဲ ... ဦး ပြန်ပါဦးမယ်၊ ဦးဇနီးနဲ့ သမီးကို ပွဲကောက်ရေတံခွန်မှာ

Book Sharing

Scanned by CamScanner

ထားပစ်ခဲ့လို့ ပါ"

"ဟုတ်ကဲ့ပါဦး"

ဦးဝင်းနှင့် ဆက်နိုင်မော်သည် ဝတ်လုံတော်ရမင်းကို ကားအထိ လိုက်လံပို့ဆောင်ပေးလိုက် ကြသည်။

***

"ဖိုးဆက်ရာ၊ မင်းအတွက် ဦးလေးဝင်း ဝမ်းသာတယ်ကွာ သိပ်ဝမ်းသာတာပဲ"

ဆက်နိုင်မော်၏ လည်ပင်းကိုဖတ်ပြီး ဦးဝင်းက လှိုက်လှဲစွာ ပြောလိုက်သည်။

ဆက်နိုင်မော်ကတော့ တွေဝေလျက်ဆဲပင်။

"မင်းနှယ့်ကွယ်၊ မထုံတက်သေးနဲ့ ဝမ်းသာရမယ့်ကိစ္စ ကြားရတာနဲ့တောင် မတူဘူး"

ဒေါ်သိန်းခင်က ဆက်နိုင်မော်ကို ကြည့်ကာ အားမလိုအားမရသံဖြင့် ပြောလိုက်ပါသည်။

"ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယဝင်နေမိလို့ ပါ ဒေါ်ဒေါ်သိန်း"

"အို ... မင်းဦးလေးဘသော်နဲ့ ပတ်သက်လာရင် မဖြစ်နိုင်စရာ ဘာအကြောင်းမှ မရှိဘူး၊ အားလုံး ဖြစ်နိုင်တာချည့်ပဲကွဲ့၊ မင်းဦးလေးဘသော်က စွယ်စုံအောင် အလုပ်လုပ်တဲ့ လူကွဲ့၊ ကောင်းတာရော၊ ဆိုးတာရော ဘယ်ဟာမှ မရှောင်ဘူး၊ ကောင်းတာထက် ဆိုးတာကတောင် ပိုများ သေးတယ် ခု ဝတ်လုံတော်ရမင်းပြောတဲ့ ဦးထောင်ဘိုဆိုတဲ့ လူနဲ့

Scanned by CamScanner

ကိစ္စကလဲ ဖြစ်နိုင်တဲ့ ကိစ္စတစ်ခု မင်း စိတ်လက်သန့်သန့်ရှင်းရှင်းနဲ့ သာ ငွေတွေကို လက်ခံလိုက်စမ်းပါ၊ မင်းဦးလေး သုံးဖြုန်းသွားတာ ဒီထက်မက တန်တယ်၊ မင်းစိတ်ကူးလွဲရင် ရက္ခမြိုင်ကို ကိုရုံမိုးလက် အပ်ဖို့ ပဲ ကျန်တော့တယ်"

"ဟုတ်တယ်ကွ ရုံမိုးက သူ့လက်ထဲ ကျိန်းသေပေါ့ ရက္ခမြိုင်ရောက်မှာ ပဲလို့ တွက်ကိန်းချထား တဲ့ ကောင်ကွ"

"ဟုတ်ပါ့တော် မနေ့ကတောင် ကျုပ်နဲ့ ဈေးမှာ ဆုံတော့ ဒီအကြောင်း ပြောဖြစ်အောင် ပြောလိုက်သေးတယ်"

"သူက ဘာတဲ့ လဲ"

"ဩော် ရှင် ... ကိုဝင်းကလဲ သူက ဒီရက္ခမြိုင်ကြီးကို အသေရရ အရှင်ရရ လိုချင်နေတဲ့ လောဘသားဆိုတော့ ဖိုးဆက် ဘာတွေ လှုပ်ရှားနေတယ်ဆိုတာကို သိပ် သိချင်နေတာပေါ့၊ ကျုပ် စကားကပဲ မင်္ဂလာရှိသွားသလား မသိပါဘူးတော် ကျုပ်ကပြောလိုက်တယ်၊ ဖိုးဆက်ကို သိပ် အထင် မသေးနဲ့ ရက္ခမြိုင်ကို မကြာခင်က ရှင့်ဆီက ရွေးနိုင်မှာ လို့ ခပ်ချဉ်ချဉ်နဲ့ ပိတ်ပြောပစ်လိုက်တယ် ရှင့်ရဲ့ "

"လုပ်လိုက်ဟ ငါ့မိန်းမကတော့ ဒါမျိုးဆို ညွှန်းလိုက်ရမှ "

"ကျုပ် သူ့ကို သိပ်အသည်းယားနေတာ ရှင့်"

"ငါလဲ ဒီလိုပါပဲ မိန်းမရာ ကိုင်း၊ ဖိုးဆက် ငါ့တူ လက်ခမောင်းသာခတ်ပေတော့"

"အဟင်း ... ရက္ခမြိုင်အတွက် ရင်အေးစရာဖြစ်လာလို့ စိတ်တော့ ချမ်းသာသွားပါတယ်"

"ကဲ လင်းပါဦး ... ဘယ်အတွက် စိတ်မချမ်းမသာ ဖြစ်နေသေးသလဲ၊

Scanned by CamScanner

ကောင်မလေး ပြန်မလာလို့ လား ဟင် ဖိုးဆက်"

"ဟာ ဦးလေးဝင်းကလဲ"

"အဟင်း ဟင်း ဟင်း ဦးလေးဝင်းလဲ ငယ်ရာက ကြီးလာတဲ့ သူပါကွာ၊ ရက်ရမယ့်ကိစ္စ မဟုတ်ပါဘူး၊ မင်းအတွက် ကံကောင်းလာပါပြီ ဘုရားတရား မြဲမြဲထားပြီး လက်ထဲကျန်တာက လေး နဲ့ စီးပွားရေးပျိုးထောင်ထား ဖူးစာမှန်ရင် မင်းကောင်မလေး ဘ ယ်လောက်ဝေးဝေးသွားသွား မင်းဆီ ပြန်လည်လာမှာ ပဲ ငါတော့ ပြန် လာလိမ့်မယ်ကို ထင်နေမိတယ်"

"ကျွန်တော်လဲ ဒီလိုပါပဲ"

"ကိုဝင်း ..."

"ဆို မိန်းမ ..."

"ဖိုးဆက် မန္တလေးဆင်းရင် ရှင်လိုက်သွားလိုက်"

"ဟ လိုက်ရမှာ ပေါ့ လိုက်ရမှာ ပေါ့၊ ငါမပါလို့ ဘယ်ဖြစ်မလဲ မှတ် ဘူးလား ဖိုးဆက် အဟေး ဟေး ဟေး"

"ဟုတ်တာပေါ့ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ ဦးလေးဝင်းတို့ ဒေါ် ဒေါ်သိန်းတို့ ပဲ ရှိတဲ့ ဥစ္စာ က ကျွန်တော်ပြန်ဦးမယ် ညနေလောက်မှ တ စ်ခေါက် ပြန်လျှောက်ခဲ့ဦးမယ်"

"အေးအေး ... ထမင်း လာစားမလား ထည့်ချက်ထားလိုက်မယ်"

"ကောင်းသားပဲ"

"ကဲ ဒီတစ်ခါတော့ ငါတူက မငြင်းတော့ပါလား တကယ်လာခဲ့နော် မင်းကြိုက်တတ်တာ ကလေးတွေ ဒေါ်ဒေါ်သိန်း ချက်ထားမယ်"

Scanned by CamScanner

"ဟုတ်ကဲ့"

"ရုံမိုးလာရင် ငါရိုလိုက်ဦးမှ နဲ့ တူတယ်"

"ရှင်ကလဲ ဝါသနာ"

"ဒီကောင်ကြီးကို အမြင်ကတ်လွန်းလို့ "

ဆက်နိုင်မော်သည် ခင်မင်စရာကောင်းလှသော ဦးဝင်းတို့ ဇနီးမောင်နှံ၏ ရှေ့က အပြုံးဝင့်ဝင့် ဖြင့် ထွက်ခွာတော့သည်။

"မိန်းမရဲ့ လာစမ်းပါဦး"

ဆက်နိုင်မော် အဝေးသို့ရောက်သွားမှ ဦးဝင်းက ဇနီးဖြစ်သူအား ခေါ်လိုက်သည်။

"ဘာလဲတော့"

"ဘသော် ကျောက်လုပ်တယ်ဆိုတာ မင်းဘယ်တုန်းက ကြားမိလို့လဲ"

ဇနီးသည် ၏ မျက်နှာကို စေ့စေ့ကြည့်ကာ ဦးဝင်းကမေးလိုက်သည်။

"အိုတော် ကိုဝင်းကလဲ ကြားဖူးတာတွေ မကြားဖူးတာတွေ မေးမနေစမ်းပါနဲ့ တော် ငွေ နှစ်သိန်းကြီးတောင် ဆိုက်ဆိုက်မြိုက်မြိုက် ကောင်ကလေးဆီ ရောက်လာတဲ့ ဥစ္စာ၊ စဉ်းစားကြည့်ရင် နိုင်လုံတဲ့ အကြောင်းရှိပေလို့ သာပေါ့၊ နို့မဟုတ်ရင် တစ်ကျပ်တစ်ပဲမှ မဟုတ်တာ ဘယ်သူကပေးမှာ တဲ့ တုန်း၊ ရှင့်တူက မာနခပ်ကြီးကြီးရယ်၊ အကြောင်းမနိုင်လုံရင် ဒီငွေကို လက်ခံမယ်ထင်သလား၊ ခုတောင် ဟိုဝတ်လုံတော်ရ မင်းကို ကျုပ်တို့ သက်သေထူပေးဖို့ ခေါ်လာတာကိုသာကြည့်"

Scanned by CamScanner

"အင်း ... ဟုတ်တယ်ကွ"

"ဒီမယ် ရှင် ဘာဘာ ညာညာတွေ မေးမနေနဲ့ ဒီကိစ္စ ဒီအတိုင်းထား၊ ဒါမှ ဒီသူငယ် ရက္ခမြိုင် ကို ရုံမိုးလက်က ပြန်ယူနိုင်မှာ နို့မဟုတ်ရင် ရက္ခမြိုင်လဲ ဆုံးရုံမကဘူး ဒီသူငယ်လဲ သွက်သွက်လည် အောင် ရူးသွားနိုင်တယ်ရှင့် ကြားလား"

"ကြားပါတယ် မိန်းမရာ"

ဦးဝင်းသည် ခပ်ဝေးဝေးဆီသို့ ရောက်ရှိနေပြီဖြစ်သော ဆက်နိုင်မော်၏ နောက်ကျောကို ကြည့်ကာ ဦးခေါင်းကြီးတဆတ်ဆတ်ညိတ်၍ ကျန်ရစ်တော့၏။

*****

Book Sharing

Scanned by CamScanner

## နှစ်ဆယ့်တစ်။

စက်ဘ်ပူမှ ရောက်ရှိလာသော မစ္စတာဟူးဆိုသူကို ကြိုဆိုရန်၊ မေသူမိုးလွင်နှင့် နေခြည်သည် အက်စ်အီးကားနှင့် လေဆိပ်သို့ ထွက်ခွာလာသည် ။

နေစိုးကတော့ သူ့လက်စွဲတော်ဟွန်ဒါ ... အနီကလေးဖြင့် လိုက်လာခဲ့သည် ။

နေခြည်ရော မေသူမိုးလွင်ပါ သိပ်လှနေကြသည် ။

ချည်ဇာလည်ပတ်ကိုက် လက်ဖောင်း ခါးပွဘလောက်(စ်) အင်္ကျီပုံစံဆင်တူနှင့် ဝတ်ဆင်ထားကြ သည် ။

သို့သော် အရောင်ကတော့ကွဲသည် ။

မေသူမိုးလွင်က မိုးပြာရောင်အထက်အောက် ဝမ်းဆက်ကို အရည်အသွေး ကောင်းလှသော နီလာ လက်ဝတ်လက်စားတစ်စုံနှင့် ဝတ်ဆင်ထား၏။

နေခြည်ကတော့ အသည်းကွဲရောင် ဝမ်းဆက်ကို ပုလဲတစ်ဆင်စာဖြင့် ဝတ်ဆင်ထားနေ၏။

နေခြည်၏ မျက်နှာကလေးပေါ်တွင် သွေးမရှိသည် ကဲ့သို့ ဖြူဖွေးနေသည် မှ အပ၊ မေသူမိုးလွင် ၏ အလှနှင့် မတိမ်းမယိမ်း သူမသာကိုယ်မ

Scanned by CamScanner

သာ လှနေသည် ။

လေဆိပ် အဆောက်အဦးထဲဝင်လာသော သည် မိန်းမပျိုကလေး နှစ်ဦးကို အားလုံးက သတိ ပြုမိသကဲ့သို့၊ သူတို့ ၏ နောက်တော်ပါးက လိုက်လာသူ ဖြူနွဲ့နွဲ့နှင့် မိန်းမချောချောနေသော ယောကျ်ားပျိုတစ်ဦးကိုလည်း သတိပြုနေမိကြသည် ။

ချာလီဘောင်းဘီ ကြက်ဥနှစ်ရောင် အနီရောင် လွင်လွင်ဂျာကင်နှင့် ဆံပင်ဖြောင့်ဖြောင့် တချို့ နဖူးပြင်ပေါ် ကျနေသည် ။ နောက်ကဆံပင်သည် ကုပ်ထောက်လုနီးပါး ရှည်သည် ။

လူပိန်ပေမယ့် နှုတ်ခမ်းပါးတစ်စုံက ပန်းနုရောင် ထနေ၏။

နှာတံ သွယ်ဖြောင့်ဖြောင့်က မျက်နှာပေါ်တွင် ပီပြင်နေသည် ။

မျက်ဝန်းညိုညိုတစ်စုံသည် နက်မှောင်၍ ထူထဲနေသော မျက်တောင်ကော့များ ဖြင့် တန်ဆာ ဆင်နေ၏။

သည် ယောကျ်ားချောချောနှင့် သည် မိန်းမ ချောချောလှလှတို့ ဘယ်လိုများ ဆုံစည်းနေကြပါ လိမ့်ဟု တွေးကြည့်နေကြဟန်တူသော လူများထံသို့ နေစိုးက မျက်လုံးကို ဝေ့ခနဲတစ်ချက်ကြည့်ပြီး

"မေသူတို့ ဒီမှာ ထိုင်နေကြ၊ ကိုယ် အိပ်(စ်)တာနယ်ထဲဝင်ဖို့ ဝင်ခွင့် သွားထုတ်လိုက်ဦးမယ်"

မေသူမိုးလွင်က ခေါင်းညိတ်ပြလိုက်ပြီး နေခြည်၏ လက်ကိုဆွဲကာ တစ်ခုသော ခုံလွတ်တွင် ဝင်ထိုင်လိုက်သည် ။

"လူတွေကလဲ ကြည့်လိုက်တာ မေသူတော့ မျက်နှာ ဘယ်လိုထားရမှန်းတောင် မသိဘူး"

Scanned by CamScanner

မေသူမိုးလွင်က ပါးစပ်ကို လက်ကိုင်ပဝါကလေးဖြင့် ခပ်ဖွဖွကလေး အုပ်ကာ နေခြည်ကို တိုးတိုးကလေး ပြောလိုက်သည်။

"ဟုတ်တယ် ... နေခြည်လဲ လမ်းလျှောက်ရတာ ဒူးတွေတောင် တုန်လာတယ် မေသူ"

"အယ်တော့ ..."

"ဟင် ... ဘာလဲမေသူ ..."

မျက်လုံးကလေး ပြူးဝိုင်းသွားသော မေသူမိုးလွင်၏ မျက်နှာကို နေခြည်က ဖျတ်ခနဲ ကြည့် လိုက်သည်။

"ဟိုမှာ မေသူတို့ ဆက်ကင်းရီးယားတုန်းက ပြဿနာတက်ခဲ့ဖူးတဲ့၊ လူရှုပ်လေ"

"ဟုတ်ပါရဲ့ အတာပါလား ... တွေ့သွားရင် မျက်နှာပြောင်ပြောင်နဲ့ လာစကားပြောမှာ ပဲ"

"ဟုတ်တယ်၊ အဲဒီ မျက်နှာရှူးကို မေသူ စကားမပြောချင်ဘူး"

"ကိုစိုး မြန်မြန် ပြန်ရောက်လာရင် ကောင်းမှာ ပဲ"

နေခြည်က တမ်းတလိုက်သည်။

"ဟေး .... ကြည့်စမ်း ... ကြည့်စမ်း ... လက်စသတ်တော့ တို့ လေဆိပ်ထဲ ဝင်လာလာချင်း တွေ့လိုက်ရတဲ့ အလှဘုရင်မကလေးတွေက မေသူမိုးလွင်နဲ့ နေခြည်တို့ ကိုး ... ဝမ်းသာတယ်ကွာ ... သိပ်ဝမ်းသာတယ်"

ဆိုက်ဆိုက်မြိုက်မြိုက်ကြီး သူတို့ ထံသို့ လျှောက်လာသူ နှုတ်ခမ်းမွေးစစနှင့် ဝတုတ်တုတ် ခန္ဓာကိုယ်ရှိသူအားကြည့်ပြီး နေခြည်

Scanned by CamScanner

နှင့် မေသူမိုးလွင်တို့ ၏ မျက်နှာကလေးတွေ အီလည်လည်ဖြစ် ကုန်ကြသည်။

"တကယ်ပါပဲကွာ၊ ယူတို့ နှစ်ယောက်ကတော့ အရင်ကအတိုင်းပဲ၊ အိုင်ကတော့ နည်းနည်း ဝလာတယ်၊ အဟဲ ... ဟဲ ... ဟဲ"

အနောက်တိုင်းဝတ်ဆုံ ဝတ်ဆင်ထားသော အတာဆိုသူက သူလည်ပင်းက လည်စည်းကိုဆွဲ တင်းရင်း သွားဖြကြီးဖြင့် ပြောလိုက်သည်။

မေသူမိုးလွင်နှင့် နေခြည်သည် မကောင်းတတ်၍ လျော့ရဲရဲကလေးသာ ပြုံးနေကြ၏။

"ဒါနဲ့ ယူတို့ နှစ်ယောက် ခု ဘာလုပ်နေကြသလဲဟင်၊ အိုင်ကတော့ ရှစ်ပင်းအေးဂျင်းတစ်ခုမှာ ဝင်လုပ်နေတယ်၊ ဒီနေ့ ထိုင်းလေယာဉ်နဲ့ အိုင်တို့ ဘော့(စ်) ပြန်လာမှာ မို့ လာကြိုတာ"

"သြော် ... ဟုတ်လား"

နေခြည်က ဘေးလူများကြည့်နေသည် မို့ စကားပြန်ပြောလိုက်သည်။

"အိုင်လေ ... မမျှော်လင့်ဘဲ ယူတို့ ကိုတွေ့ရတာ သိပ်ဝမ်းသာသွားတာပဲ၊ ဒီမှာ အိုင့်ရဲ့ လိပ်စာ ကတ်၊ ယူတို့ လိပ်စာလဲ သိပါရစေ မေသူ"

မေသူမိုးလွင်က နေခြည်မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

"နေခြည်တို့ က နယ်မှာ နေတာရှင့်"

"အို ... ဟုတ်လား၊ ဘယ်နယ်မှာ လဲ၊ အိုင်လဲ မကြာမကြာ နယ်ထွက်တတ်ပါတယ်"

"စစ်ကိုင်းတောင်"

Scanned by CamScanner

"ဟာ ... မေသူနောက်ပြီထင်တယ်"

"အဲ ... ဟုတ်ပါဘူး၊ စကားလောကြီးသွားလို့ ပါ၊ စစ်ကိုင်းတောင်နား မှာ နေတာလို့ ပြောမလို့ ပါ"

"လိပ်စာကလေး ပေးခဲ့လေ"

"မေသူ နေခြည် ဝင်ကြရအောင်"

မေသူမိုးလွင်သည် နေခြည်လက်ဆွဲကာ ထရပ်လိုက်သည် ။

"မေသူတို့ သွားလိုက်ပါဦးမယ်၊ နောင်မှ တွေ့ကြသေးတာပေါ့ ကိုအတာ"

နေစိုးသည် ကွက်ကြည့်ကွက်ကြည့်နှင့် ကြောင်အမ်းအမ်း ကျန်ခဲ့သော အတာဆိုသူကို ကြည့်ရင်း ခပ်သွက်သွက်လျှောက်နေသော မေသူမိုးလွင်နှင့် နေခြည်နောက်သို့ အမီလိုက်ခဲ့သည် ။

"ဘယ်ကလူလဲ"

နေစိုးက ပြည်ပခရီးသွားခန်းမထဲသို့ရောက်လျှင်ရောက်ချင်း မေးလိုက်သည် ။

"ဒုတိယနှစ်တုန်းက အတန်းသားတစ်ယောက်ပါ"

"ဒီလူက ရှုပ်ပွေဆိုတာ သိလားဟင်"

"နေပါဦး၊ သူ ရှုပ်ပွေဆိုတာ ကိုစိုးက ဘယ်လိုသိသလဲဟင်"

မေသူမိုးလွင်က ခပ်တည်တည်ဖြင့် မျက်လုံးလေးထောင့်ကပ်ကြည့်ရင်း မေးလိုက်သည် ။

"ဒီမောင်ကို အင်းလျားလိတ်မှာ ကပြားမတစ်ယောက်နဲ့ တွဲပြီး မူးမူးနေတာ ခဏခဏ တွေ့ခဲ့ရတယ် အရောမဝင်နဲ့ ၊ အရောဝင်လို့ ကောင်း

Book Sharing

Scanned by CamScanner

တဲ့ ကောင်စားမျိုး မဟုတ်ဘူး "

နေခြည်သည် နေစိုးကိုကြည့်ပြီး မျက်လုံးကလေးများ သည် စိုးရိမ်စိတ်ကြောင့် ဝိုင်းနေ၏။

"နေပါဦး သူမူးနေတာ ခဏခဏတွေ့ရအောင် အဲဒီနေရာကို ရှင်လဲ ခဏခဏ ရောက်လို့ ပေါ့ ကိုစိုး၊ ဟုတ်တယ်မဟုတ်လားဟင်"

နေစိုး၏ မျက်လုံးများ ထဲသို့ နက်ရှိုင်းစူးရှစွာ မေသူမိုးလွင်က ကြည့်ရင်း စူမှုန်မှုန်မျက်နှာ ကလေးဖြင့် မေးလိုက်သည် ။

နေစိုးသည် အပြစ်ရှိသူပိပိ မျက်လွှာချ၍ သွားသည် ။

"မဟုတ်ပါဘူး"

"မေသူ့ကို ကိုစိုး လိမ်ဖို့ မကြိုးစားနဲ့ နော်၊ မေသူ အရက်သောက်တဲ့ လူဆို သိပ်မုန်းတာ ကိုစိုး အသိပဲ၊ မေသူ့လုပ်ငန်းထဲမှာ အရက်သမားဆို တစ်ယောက်မှ လက်မခံဘူး၊ မသိဘဲလက်ခံမိရင်လဲ သိသွားတဲ့ နေ့ကျရင် အပြုတ်ပဲ"

မေသူမိုးလွင်က ရာဇသံပေးလိုက်ခြင်းဖြစ်သည် ။

သူ့စကားအတိုင်းလည်း တကယ်လုပ်တတ်သူ ဖြစ်သည် ။

မေသူမိုးလွင်သည် အရက်ကိုမုန်းသည် ။ အရက်နှင့် ပတ်သက်လာလျှင် စိတ်နာသည် ။

အရက်အကြောင်း စဉ်းစားမိတိုင်း အသည်းပေါက်ထွက်လုမတတ်သော နာကြည်းမှုကို ခံစား လာရသည် ။

မေသူမိုးလွင်တွင် အရက်နှင့်ပတ်သက်၍ အကြောင်းရှိခဲ့ပါသည် ။

အလွန်ကြေကွဲနာကြည်းဖွယ်ရာအကြောင်း။

Scanned by CamScanner

မေသူမိုးလွင်၏ မေမေ ဒေါ်လွင်လွင်မေသည် ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသော အထက်တန်း စားမိဘများမှ ပေါက်ဖွားလာသူတစ်ယောက်။ ထို့အပြင် တစ်ဦးတည်းသော သမီးလုရတနာလေး ဖြစ်ခဲ့သဖြင့် မိဘများက အလိုလိုက်အကြိုက်ဆောင်ပေးခြင်းကိုလည်း ခံစားခဲ့ရသူ။

မိဘများက အရိပ်တကြည့်ကြည့်ဖြင့်နေခဲ့သော လွင်လွင်မေတစ်ယောက် တက္ကသိုလ်စတက် သော နှစ်တွင် လှောင်ချိုင့်မှ လွတ်လိုက်သော ငှက်ကလေးတစ်ကောင်လို လွတ်လပ်သော အရသာကို စတင်တွေ့ရှိခံစားလာရ၏။

သူငယ်ချင်းကောင်းတွေရှိသကဲ့သို့ ...

သူငယ်ချင်းဆိုးတွေလည်း ရှိသည် ။

သူတစ်ပါးအကျိုးကို ကောင်းစေချင်သူရှိသည် ကဲ့သို့ ...

သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်းသို့ တွန်းချင်ကြသူများလည်း ရှိသည် ။

လွင်လွင်မေ၏ အပေါင်းအသင်းထဲတွင် သူ့ကပ်စားပြီး သူ့အကျိုးကို ပျက်စေ့ချင်သူတွေ ကြားညှပ်ပါလာသောအခါ ခံယူချက် ဦးတည်ချက် ခိုင်ခိုင်မာမာ မထားသော မိုးစည်သူဆိုသူနှင့် လွင်လွင်မေတို့ သည် သူငယ်ချင်းတွေအလှော်ကောင်း၍ ချစ်သူရည်းစားများ ဘဝသို့ ရောက်ရှိသွားကြ သည် ။

မိုးစည်သူသည် လူလတ်တန်းစားမိဘမှ ပေါက်ဖွားသူ သားဦးယောက်ျားတစ်ယောက် ဖြစ်သော်လည်း ညီငယ် ညီမငယ်များ ၏ ရှေ့ရေးကို ဘာတစ်ခုမှ ထည့်မစဉ်းစားဘဲ တစ်ကိုယ် ကောင်းဆန်ခဲ့သူ ဖြစ်သည် ။ မိဘက မိမိအား ပညာတတ်တစ်ဦး ဖြစ်စေလို၍ အားသွန်ပုံပိုးပေးနေ

Scanned by CamScanner

သည် ကို သိတတ်ရကောင်းမှန်းမသိဘဲ ရည်စားထားလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်၊ ဂစ်တာ ခေါက်လိုက်နှင့် နံကောင်တစ်ကောင်လိုသာ နေခဲ့သည် ။

အချိန်တန်၍ စာမေးပွဲ ဖြေဆိုခါနီး ရောက်သည့်အခါတွင် တော့ သည် အရေးတွင် မိမိကျဆုံး မည်မှာ သေချာကြောင်း သိရှိပြီး သူ့ကိုချစ်လျှင် သူ့နောက်လိုက်ဖို့ လွင်လွင်မေ့ကို စည်းရုံးတော့ သည် ။

မိုးစည်သူသည် ရုပ်ချော၍ အပြောကောင်းသည် ။

သူ့အပြောနှင့် သူ့ရုပ်ကို ဘယ်သူနဲ့ မျှ အစားမထိုးနိုင် ဖြစ်နေသော လွင်လွင်မေသည် အရာရာ ကို စွန့်လွှတ်ပြီး သူ့နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့မိတော့၏။

ချစ်သူမျက်နှာတစ်ရှာထင် လိုက်ခဲ့မိသော လွင်လွင်မေသည် အိမ်ထောင်ဦးအစတွင် ပျော်ရွှင် ကြည်နူးခဲ့ရပါသည် ။

မိဘက အမွေပြတ် ကြေညာသည် ကိုပင်မျှ မှုရကောင်းမှန်းမသိခဲ့။

သူ့တွင် ပါလာသော ရွှေထည်၊ စိန်ထည် အထုပ်အထည်ကလေး တဖြည်းဖြည်း တရွေ့ရွေ့ လျော့ပါး လာပြီး လုံးဝကုန်ဆုံးချိန်သို့ ရောက်ခါနီးတွင် လွင်လွင်မေ၏ ကိုယ်ဝန် ရင့်မာနေပြီ ဖြစ်သည် ။

ကလေးမီးဖွားစရိတ်ပင် အနိုင်နိုင်ဖြစ်နေစဉ်တွင် မိုးစည်သူတို့ မိဘများက သူတို့ နှစ်ယောက် ကို ပြန်ခေါ်ထားလိုက်ကြသည် ။

မိုးစည်သူတို့ မိဘများက သဘောမနော ကောင်းကြပါသည် ။

ယောင်းမနှင့် မတ်ရီးကလေးများ သည် စိတ်ကောင်းရှိကြပါသည် ။

သို့သော် ရုံးစာရေးကြီးဘဝနှင့် မိသားစုတစ်စုလုံးအတွက် ရုန်းကန်

Scanned by CamScanner

နေရသော မိုးစည်သူ၏ ဖခင်ကြီးမှာ ခါးကျိုးလုမတတ် ပင်ပန်းရှာ၏။

ဒါကို မိုးစည်သူသည် သိရကောင်းမှန်းမသိ။

ကူရကောင်းမှန်းမသိ။

နံကောင်လိုကျင့်ကြံသော အကျင့်များ တွင် သာ မွေ့လျော်နေဆဲ ဖြစ်ရုံသာမက အရက်ကလေး ပင် တမြမြ ဖြစ်နေပါတော့သည် ။

လင်မယားတွေ ခွန်းကြီးခွန်းငယ် ရန်ဖြစ်ပွဲမှာ လည်း တစ်လတွင် ရက်အစိတ်ခန့် ဖြစ်နေ၏။

သို့နှင့်ပင် သမီးကလေး မေသူမိုးလွင်ကို ဖွားမြင်လာသည် ။

သမီးကလေးကို ဆင်းရဲပင်ပန်းစွာ မွေးဖွားခဲ့ရသဖြင့် လွင်လွင်မေ တစ်ယောက် ကျန်းမာရေး ချို့တဲ့ လာသည် ။

အစက သမီးမိုက်အပေါ် တင်းခံနေကြသော မိဘများ သည် မြေးရပြီ ဟူသော အသိက နှိုးဆွ လိုက်သဖြင့် နေမထိ ထိုင်မထိတွေ ဖြစ်ကုန်ပြီး သမီး သားမက်နှင့် မြေးမလေးကိုခေါ်ကာ အဆောင် အယောင် အခမ်းအနားတွေနှင့် ပြန်ထားခဲ့ကြသည် ။

သည် အခါ မိုးစည်သူသည် အရူးဘုံမြှောက်ပေးလိုက်သည် ကဲ့သို့ ယောက္ခမ၏ စည်းစိမ် ဘုံနန်းပေါ်တွင် အမြိုင့်သားကြီးထိုင်ကာ ထင်တိုင်းကြံပါလေတော့သည် ။

အစက ဆိုက်ကားတောင် အနိုင်နိုင်စီးရသူသည် ယခုတော့ နောက်ဆုံးပေါ်ကားကြီး တစ်ဝီဝီ နှင့်။

အစကတည်းက လမ်းကြိုလမ်းကြား အရက်ဖြူဆိုင်တိုးကာ ခွေ့ကာ သောက်ရသူသည် ယခု တော့ ဘားတွေ၊ ဟိုတယ်တွေတွင် အခန့်သား ပု

Scanned by CamScanner

လင်းထောင်နေတော့၏။

ဒါတွေတင် ကပါသေးသလား ...

မဟုတ် ...

နတ်သမီးကလေးတွေ တစ်ဖက်ငါးရာ အဆင့်မျိုးမဟုတ်သော်လည်း တစ်ယောက်စ၊ နှစ်ယောက်စ ထည်လဲတွဲသော မိန်းမတွေနှင့် တရုန်းရုန်း။

လူသတင်း လူချင်းဆောင်သည် မို့ နှစ်မြို့ဖွယ်ရာ ကောင်းသော ခင်ပွန်းသည် ၏ အကြောင်း များ လွင်လွင်မေ၏ နားတွင်းသို့ ရောက်ရှိလာတော့သည် ။

သည် အကြောင်းနှင့် ပတ်သက်၍ လင်မယားတွေ သတ်လိုက် ပုတ်လိုက်ကြသည် မှာ လွင်လွင် မေတို့ ၏ သီရိဂေဟာအိမ်ကြီးတွင် ဝက်ဝက်ကွဲသွားတော့သည် ။

လွင်လွင်မေ၏ မိဘများ သည် ကား သားမက်ကို မနှစ်မြို့သော်လည်း သမီးနှင့် မြေးကလေး ကို တုန်နေအောင် ချစ်နေမိကြသဖြင့် အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာဆိုသည် ကဲ့သို့ သက်ကြီး ရွယ်အိုတွေဖြစ်မှ စိတ်ဆင်းရဲရခြင်းကို ထိထိမိမိကြီး ခံစားနေကြရတော့သည် ။

အိုမင်းနေသူတို့ စိတ်ထောင်းကိုယ်ကြေ၍ ဆင့်ကဲဆင့်ကဲ သေဆုံးသွားကြသည် ။

သီရိဂေဟာ အိမ်ကြီးတွင် ရေပန်းကဲ့သို့သော အိမ်ထောင်ရှင်နှစ်ဦးသာ ကျန်ရစ်တော့သည် ။ ခင်ပွန်းသည် ကို ထိန်း၍ လည်း မရ ကွာ၍ လည်း မရနှင့် အခက်ပွေနေသော လွင်လွင်မေတွင် အိုးရှဲကို စလောင်း

Scanned by CamScanner

ကွဲနှင့် ဖုံးချင်စိတ်များ တဖွားဖွားဖြစ်ပေါ်၍ လာသည်။

ရေခဲသေတ္တာကိုဖွင့်ပြီး အရက်ပုလင်းကို ဆွဲထုတ်ကာ ဖန်ခွက်ထဲ သွန်ချပြီး မိုက်မိုက်ကန်း ကန်းပဲ စတင် သောက်ပါလေတော့သည်။

"ကဲဟာ ... ရှင်ပဲ သောက်နိုင်မလား၊ ကျွန်မကပဲ သောက်နိုင်မလား ကြည့်ကြသေးတာပေါ့"

သန်းခေါင်သန်းလွဲမှ အိမ်ပြန်သော လင်ယောကျ်ား ဖြစ်သူကို စောင့်ဆိုင်းရင်း၊ သမီးလေး ပုခက်ကို လွှဲပေးရင်း လွင်လွင်မေသည် ပုလင်းတစ်လုံး ဖန်ခွက်တစ်လုံးနှင့် ဖြစ်နေသည်။

"ဟ ... ငါ့မိန်းမတယ်တိုးတက်နေပါလား ... ဒါဆိုရင် အပြင်ထွက် အဖော်ရှာစရာတောင် မလိုတော့ဘူး၊ မင်းနဲ့ ငါ ပုလင်းတူဘူးစို့ အဟား ... ဟား ... ဟား ..."

အရက်သောက်နေသော မိန်းမကိုတွေ့ရလျှင် မိုးသူသည် ၊ တဟားဟားနှင့် သဘောကျမဆုံး ဖြစ်နေ၏။

မိုးစည်သူများ တွန့်သွား၊ ရွံ့သွားလေမလားဟု အရက်သောက်ပြသည် ကို မိုးစည်သူ တစ်ယောက် သဘောခွေ့စရာဖြစ်နေ၍ လွင်လွင်မေ သာလျှင် နောက်ဆုံးတော့ အရက်သမား လုံးလုံး လျားလျား ဖြစ်သွားတော့သည်။

အိမ်ထောင်၏ စီးပွားရေးမှာ လည်း ပြည့်မလာဘဲ လျော့လျော့သွားနေသဖြင့် စိန်တွေကုန်၊ ရွှေတွေကုန်၊ ကားတွေကုန်ပြီး၊ နောက်ဆုံးတွင်တော့ သီရိဂေဟာ အိမ်ကြီးတစ်လုံးသာ ထီးထီးကျန်ပါ တော့သည်။

ဤသို့ အဖက်ဖက်က ပျက်စီးဆုံးပါးမှု ကြုံတွေ့နေစဉ်တွင် လွင်လွင်မေသည် ၊ အသည်းရောဂါ ဖြင့် ကွယ်လွန်သွားခဲ့သည်။

Scanned by CamScanner

လွှင်လွှင်မေ ဆုံးချိန်တွင် မေသူမိုးလွင်သည် ငါးနှစ်ကျော် သမီးက လေး အရွယ်ကလေး ရောက်နေပြီဖြစ်သည်။

အရာရာကို အရွယ်နှင့် မလိုက်အောင် သိတတ်လွန်းသော သမီးက လေး မေသူမိုးလွင်သည် မိခင်ကို တသစွဲလမ်းသောစိတ်၊ ဖခင်ကို နာကြ ည်းသောစိတ်ဖြင့် မစားမသောက်ဘဲ နာမကျန်းဖြစ် လာကာ သေအံ့မူး မူးအချိန်သို့ ဆိုက်ရောက်လာတော့သည်။

သည် တော့မှ ပဲ ငမိုက်သား မိုးစည်သူသည် ဇနီးကောင်းကို ထာဝရ စွန့်လွှတ်လိုက်ရခြင်း အဖြစ်နှင့် သမီးငယ်ကလေးကို စွန့်လွှတ်ရတော့မ ည့် အခြေအနေဆိုးကြီးကို ထိထိမိမိကြီး ခံစားလာ ရကာ နောင်တတွေ အကြီးအကျယ် ရရှိလာသည်။

"သမီးလေးရယ် ဖေဖေ့မျက်နှာကို ကြည့်ပါဦး ... သမီးလေး နေ ကောင်းအောင် ဖေဖေ ဘာလုပ်ပေးရမလဲ"

"သွားမလာနဲ့ ... သမီးအနား မလာနဲ့ ဖေဖေအရက်သမားကြီး မုန်း တယ်၊ အရက်ပုလင်း သမီးအနားက ယူသွား၊ ခုယူသွား သိပ်မုန်းတယ် ... မေမေ့နောက်ပဲ သမီးလိုက်သွားတော့မယ် ... မလာနဲ့ မလာနဲ့ ဆို ..."

"အို ... သမီးလေးရယ် ... အတင်းမရုန်းပါနဲ့ သမီးလေးလက်က ပို က်တွေ ပြုတ်သွားပါ့မယ် ... ဖေဖေ ... ဖေဖေ ... သမီးလေး မလာနဲ့ ဆို ရင် အနားမလာပါဘူးကွယ်"

"ကိုမိုးစည် ... ခင်ဗျားသမီးကိုချစ်ရင် ဒီအရက်ခွက်နဲ့ ပုလင်းကို သူမ မြင်ရမယ့် နေရာကို ယူသွားဗျာ ... ခင်ဗျား၊ နောင်တတွေရဖို့ ကောင်း နေပြီ ... ဒီအရက်ဒုက္ခပေးလို့ သမီးလေး အသက် ထွက်သွားမှာ ကို မြင် ချင်သလားဟင်"

Scanned by CamScanner

"မ .. မ .. မြင်ချင် ... အို ... ကျုပ် ... ကျုပ် ... ကျုပ် သမီးလေးကို တော့ ထပ်မဆုံးရှုံးပါရ စေနဲ့ ဒေါက်တာ မျိုးသော်ရယ် ... ကျုပ် ... ကျုပ် ဒီအရက်ကို စွန့်လွှတ်မယ်၊ ခုပဲ စွန့်လွှတ်မယ် ... ကဲဟာ ..."

"ခွမ်း"

"ကဲဟာ ..."

"ခွမ်း ..."

တခွမ်းခွမ်းအသံများက အရက်ပုလင်းနှင့် ဖန်ခွက်ကို မွမွကြေသွား စေသည်။

"အ့ ... အ့ ... ဟီး ... အီး ... အီး ..."

မိုးစည်သူသည် သူ့ဆံပင်များကို လက်ဆယ်ချောင်းဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ကာ အရုပ် ကြိုးပြတ်သကဲ့သို့ သမီးကလေး၏ ခုတင်ဘေးတွင် ဒူးထောက် ထိုင်ချသွားသည်။

သူမိုက်လို့ မျက်ရည်တွေကျလေပြီ ...

သည် မျက်ရည်သည် မစင်ကြယ်မှုမှန်သမျှကို ဆေးကြောသုတ်သင် သွားလေပြီ ...

ဒေါက်တာမျိုးသော်သည် ၊ သူ့ပစ်မှတ် မှန်ကန်သွားသဖြင့် ခေါင်းတ ဆတ်ဆတ်ညိတ်ကာ ကျိတ်၍ ဝမ်းသာမဆုံး ဖြစ်ကာ

ကွဲသံ ...

ရှသံ ...

ငိုသံများကြောင့် ... မေသူမိုးလွင်၏ မျက်နှာကလေး အသံများ လာ ရာဘက်သို့ လှည့်လာ သည်။

Scanned by CamScanner

သူ့ခုတင်တွင် ဦးခေါင်းတင်ကာ ရှိုက်တငင် ငိုကြွေးနေသော ဖခင်ဖြစ်သူကို တွေ့ရလျှင် ... သည် ဖခင်ကို နာကြည်းမုန်းတီးသော စိတ်များ အရည်ပျော်ကုန်ကြတော့သည် ။

"ဖေဖေ ..."

"သမီး ... သမီးလေး"

"ဖေဖေ ... ဖေဖေရယ် အဟင့်ဟင့် ဟီး"

"မငိုနဲ့ သမီးလေး မငိုနဲ့ ၊ ဖေဖေလေ ဖေဖေ သမီးလေး စိတ်မချမ်းသာအောင် မလုပ်တော့ ဘူး၊ အရက်လဲဘယ်တော့မှ မသောက်တော့ဘူး တိတ် ... တိတ်ပါ သမီးလေးရယ်"

သမီးနှင့်အဖေ တစ်ဦးကိုတစ်ဦး ကျစ်ကျစ်ပါအောင် ဖက်ကာ မျက်ရည်တွေ စုပေါင်းကျနေ ၏။

ဒေါက်တာမျိုးသော်က သမီးနှင့်အဖေကို နားချသောစကားများ ပြောလိုက်သည် ။

အမြင်မှန်တွေ နောင်တတွေ တပါးတနင့်ကြီး ရရှိသွားကာ မိုးစည်သူသည် ၊ သမီးကလေး နာလန်ထူ၍ ထူထူထောင်ထောင်ဖြစ်လာသည့်အခါတွင် စီးပွားရေးတစ်ခုသို့ ဇောက်ချလုပ်ကိုင်ရန် စိတ်ဆုံးဖြတ်လိုက်တော့သည် ။

ကံကောင်းထောက်မချင်တော့ မကြာခင် နိုင်ငံခြားသို့ ပြန်တော့မည့် လူမျိုးခြားတစ်ဦးနှင့် အဆက်အသွယ်ရပြီး ပေါင်းမိကာ သူ့ထံမှ ရေမွှေး၊ ပေါင်ဒါ မိတ်ကပ်လုပ်သည့် နည်းများကို မိုးစည် သူရရှိလိုက်သည် ။

စိတ်သစ် လူသစ်ဘဝဖြင့် ကြိုးစားအားထုတ်မှုပြုသည့်အခါတွင် ကြိုးစားခြင်း၏ ရလဒ်ကို မိုးစည်သူ တစ်နှစ်ကျော်ကာလအတွင်း ထိထိ

Scanned by CamScanner

မိမိကြီး ခံစားလာရသည်။

ထိုအခါ ငွေရင်းငွေလုံးနှင့် လုပ်ကိုင်ဖို့ ငွေလိုအပ်လာပြီဖြစ်သောကြောင့် သီရိဂေဟာအိမ်ကြီး ကို ထုခွဲရောင်းချပြီး ရင်းနှီးမတည်ငွေ လုပ်လိုက်သည်။

ထိုမှ စ၍ တစ်ရှိန်ထိုးတက်လာသော စီးပွားရေးလုပ်ငန်းသည် သမီးကလေးအရွယ်ကောင်း အရွယ်လှကလေး ရောက်ချိန်အထိ အရှိန်မြင့်တက်လျက်ဆဲရှိသည်။

ဦးမိုးစည်သူတစ်ယောက်မှာ တော့ တစ်နေ့တခြား လှသွေးကြွယ်လာသော သမီးကလေးကို ချစ်ခေါ် ရှုမဝဆဲကာလမှာ ပင် ငယ်ငယ်ကမိုက်ပစ်၏ ဒဏ်ခတ်မှုကြောင့် အသည်းစကားပေါက်ရောဂါ ဖြင့် ကွယ်လွန်ခဲ့ရတော့သည်။

အရက်သေစာ၏ ဆိုးကျိုးသည် မေသူမိုးလွင်၏ ဘဝကို ဤမျှလောက်ကြီး ဒုက္ခတွေ ပင်လယ် ဝေစေခဲ့ပါသည်။

သည် အရက်ကို မေသူမိုးလွင် မုန်းသည် မှာ မဆန်းပါ ...

စိတ်နာသည် မှာ မဆန်းပါ ...

ဘဝနာချက်က ပြင်းထန်ခဲ့သည် မဟုတ်ပါလား ...

*****

Book Sharing

Scanned by CamScanner

# နှစ်ဆယ့်နှစ်။

"ဟင်း ..."

မေသူမိုးလွင်သည် ပေါင်ပေါ်တွင် တင်ထားသော ဆလင်းဘက်၏ ကိုင်းကျိုးကို ကျစ်ကျစ် ပါအောင် လက်ကလေးနှစ်ဖက်ဖြင့် ဆုပ်ရင်း ပင့်သက်ချလိုက်သည် ။

အရက်၏ ဆိုးမွေးသည် စဉ်းစားလိုက်တိုင်း သူ့အတွက် ဝေဒနာချည့်သာ ဖြစ်၏။

ထို့ကြောင့်လည်း ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီး သူ့အဖေလိုလူစားမျိုးဖြစ်နိုင်သည့် လက္ခဏာရှိသူ နေစိုးကို သူကြည့်မရ ဖြစ်ခဲ့ခြင်းဖြစ်သည် ။

သူသည် သူ၏ မိခင် ဒေါ်လွင်လွင်မေတို့ ဒုတိယ လွင်လွင်မေအဖြစ် မခံနိုင်ပါ။

"တော်ပါပြီ ကန်တော့ဆွမ်းပါပဲ ကိုနေစိုးရေ့"

"ဟော လေယာဉ်ဆိုက် လာပြီ မေသူ"

နက်ရှိုင်းစွာ ကျရောက်သွားသော အတွေးကမ္ဘာထဲမှ မေသူမိုးလွင် ကိုယ်လုံးကလေးဆတ်ခနဲ တွန့်ပြီး ထွက်လာသည် ။

ပြည်ပသွား အဆောင်ရှေ့တည့်တည့် ခပ်လှမ်းလှမ်းနေရာတွင် ထိုင်းလေကြောင်းကုမ္ပဏီမှ လေယာဉ်ကြီးရပ်တန့်သွားပြီး ဖြစ်သည် ။

Scanned by CamScanner

သူလိုကိုယ်လို လာကြိုသူများကြားတွင် မေသူမိုးလွင်တို့ သုံးဦး ထရပ်လိုက်ကြသည် ။

မကြာမီအချိန်အတွင်း လေယာဉ်ကြီးပေါ်မှ ခရီးသည် များဆင်းလာကြသည် ။ သူတို့ များ ကြားတွင် မိုးခိုရောင် အနောက်တိုင်းဝတ်စုံပြည့်နှင့် အတတ်ချိအိတ်ကိုဆွဲကိုင်ထားသော အသက် သုံးဆယ်ကျော် တရုတ်အမျိုးသားတစ်ဦး ပါလာသည် ။

ရုပ်ရည်က သားသားနားနားရှိလှ၏။

ထိုသူသည် မေသူမိုးလွင်တို့ အကြိုထောက်လာသော မစ္စတာဟူးဆိုသူပင်ဖြစ်သည် ။

နေစိုးက စတင် မေးမြန်းနှုတ်ဆက်ပြီး မစ္စတာဟူးကို မေသူမိုးလွင်နှင့် နေခြည်ထံသို့ ခေါ်လာ ကာ မိတ်ဆက်ပေးလိုက်သည် ။

အပြန်အလှန် အသိအမှတ်ပြုနှုတ်ဆက်ပြီးကြသည့်အခါတွင် မစ္စတာဟူးဆိုသူက သူ့ရင်ဘတ် မှ ခရမ်းရောင်ရင်ထိုး သစ်ခွပန်းကလေးကိုဖြုတ်ကာ မေသူမိုးလွင်အား ပေးလိုက်ပါသည် ။

"သိုင်းကယူး"

မေသူမိုးလွင်က ပြုံးရွှင်ကြည်လင်စွာ လက်ခံပြီး ကျေးဇူးတင်ကြောင်း ပြောလိုက်သည့်အခါ တွင် နေစိုး၏ မျက်နှာကြီး မည်းခနဲဖြစ်သွားသည် ကို နေခြည်က သတိပြုလိုက်မိသည် ။

မစ္စတာဟူး၏ ပစ္စည်းများ ရွေးယူပြီးသည့်အခါတွင် လေဆိပ်မှ အင်းလျားလိတ်ဟိုတယ်ကြီး ဆီသို့ မေသူမိုးလွင်၏ ကားကလေးဖြင့် ခေါ်ဆောင်လာခဲ့သည် ။

နေခြည်က ယာဉ်မောင်းနှင့် ရှေ့ထိုင်ပြီး မေသူမိုးလွင်က နောက်ခန်း

Scanned by CamScanner

တွင် မစ္စတာဟူးနှင့် ယှဉ်တွဲ၍ ထိုင်ခဲ့သည် ။

တစ်လမ်းလုံးတွင် မေသူမိုးလွင်နှင့် မစ္စတာဟူးတို့ စကားတွေ တပြောပြောနှင့် အဖွဲ့ကျလာ သည် ကို နောက်က မလှမ်းမကမ်းချန်၍ မော်တော်ဆိုင်ကယ်ဖြင့် လိုက်လာသူ နေစိုးသည် အူတိုမဆုံး ဖြစ်နေပေ၏။

သည် တိုင်းတစ်ပါးသားကို မေသူမျက်စိကျသွားပါလျှင် ...

တွေးရုံမျှလေးဖြင့် နေစိုး၏ ရင်တွေ ကမောက်ကမ ခုန်ကုန်ကြသည် ။

"အပါမခံနိုင်ဘူး၊ ဘယ်နည်းနဲ့ မှ အပါမခံနိုင်ဘူး၊ မေသူမိုးလွင်က ငါ့အတွက် ငါ့အတွက်"

အတွေးတွေ ယောက်ယက်ဖြစ်ပြီး လမ်းကြောင်းလွဲကာ ဆန့်ကျင်ဘက် ရှေ့ကလာသော ကားနှင့်ကပ်သီ၍ ခေါင်းချင်းမဆုံမိခဲ့ခြင်း အဖြစ်တစ်ခု ဖြစ်ခဲ့ရသည် ။

တစ်ဖက်က ကား၏ ကျောင်းချီးပေးသံသည် လျှံထွက်သွား၏။

နေစိုးသည် အထိတ်တလန့် အနည်းငယ်ဖြစ်သွားပြီး ပျံ့လွင့်နေသော စိတ်များကို ထိန်းချုပ် ကာ သူ့ မော်တော်ဆိုင်ကယ်ကလေးကို သတိထား မောင်းနှင်လာခဲ့သည် ။

အင်းလျားလိတ် ဟိုတယ်သို့ ရောက်ရှိပြီး မစ္စတာဟူးသည် သူ့ပစ္စည်းများကို သူ့အတွက် စီစဉ် ထားသောအခန်းတွင် ထားလိုက်သည် ။

မေသူမိုးလွင်၊ နေခြည်နှင့် နေစိုးအတွက် ယူဆောင်လာသော လက်ဆောင်ပစ္စည်းများ နှင့် ကင်မရာတစ်လုံးကို လည်ပင်းတွင် ချိတ်ဆွဲပြီး မစ္စတာဟူး သူတို့ နှင့် ပြန်လိုက်လာသည် ။

Scanned by CamScanner

ဦးစွာ မေသူမိုးလွင်က ရွှေတိဂုံစေတီ၊ ဆူးလေစေတီတို့ ကို ဖူးမြော်ရန် ပို့ဆောင်ပေးခဲ့သည် ။

မစ္စတာဟူးက အမှတ်တရ ဓာတ်ပုံများ ရိုက်ယူခဲ့သည် ။

ထိုညအတွက် ညစာကို ကြိုတင်စီမံမှာ ကြားထားသည့်အတိုင်း ရွှေတိဂုံစေတီတော်ကြီး၏ ခြေရင်းတွေရှိသော ရတနာဥယျာဉ်တွင် မစ္စတာဟူးအား အလုပ်အကြောင်းနှင့် အမိမြန်မာနိုင်ငံနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာ အကြောင်းများကို မစ္စတာဟူးနှင့် အဖွဲ့ကျကျ ပြောဆိုနေမိကြသည် ။

မစ္စတာဟူးက ရာဇဝင်အဓိကဘာသာဖြင့် ဘွဲ့ရထားသော နေခြည်၏ စကားများကို သဘော ကျကာ ပုဂံ ညောင်ဦးနှင့် အင်းလေးဘက်ဆီသို့ လေ့လာရေးခရီးသွားလိုကြောင်းပြောပြလာသည် ။

ဆန္ဒရှိသည် များ အားလုံးပြည့်မြောက်စေရန် ကူညီပါ့မည်ဟူသော စကားကို မေသူမိုးလွင်က ပြောလိုက်လျှင် မစ္စတာဟူးသည် စားပွဲပေါ်တွင် တင်ထားသော မေသူမိုးလွင်၏ လက်ကလေးပေါ် တွင် သူ့လက်ကို အုပ်မိုး၍ ကိုင်ကာ ဝမ်းသာအားရ ကျေးဇူးတင်ကြောင်း စကားတွေတုံ့ပြန်နေ၏။

နေခြည်က ယှဲ့ယှဲ့ပြုံးရင်း နေစိုးထံသို့ ကွက်ခနဲတစ်ချက်မျက်လုံးများ လှန်၍ ကြည့်လိုက် သည် ။

နေစိုးသည် မျက်နှာကြီး မည်းမှောင်၍ မုန်တိုင်းကျတော့မည်ကဲ့သို့ ဖြစ်နေ၏။

"အို ... သူက အဖြစ်သည်းနေလိုက်တာ၊ ဒါလောက်ကလေးလုပ်တာများ မေသူ့အသားတွေ ပဲ့ပါသွားတာလိုက်လို့ ၊ ကိုစိုး ကိုစိုး ... နေခြည်

Scanned by CamScanner

ကိုကျတော့ ရှေ့မှာ ထားပြီး ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့ တောင် မထင်ပါလား"

နေခြည်၏ ရင်ထဲတွင် တင်းကျပ်ဆုပ်ခဲလာသည် ။

အားရှိပါးရှိ စိတ်ရှိတိုင်းသာ ငိုပစ်လိုက်ရလျှင် ရွှေတိဂုံစေတီတော်ကြီး၏ ခြေရင်းတွင် မျက်ရည် ပင်လယ်ကြီးဖြစ်ထွန်းသွားနိုင်သည် ဟု ထင်မိသည် ။

စကားတပြောပြောနှင့် အေးအေးဆေးဆေး စားသောက်ပြီးစီးပြီးမှ မစ္စတာဟူးကို သူတည်းခို ရာ အင်းလျားလိတ်ဆီသို့ ပြန်ပို့ဆောင်ပေးလိုက်ကြသည် ။

မစ္စတာဟူး ရောက်ရှိ လာပြီး တစ်ပတ်လုံးလုံးတွင် တော့ အလုပ်ကိစ္စတွေအကြောင်း ဆွေးနွေး တိုင်ပင် စီစဉ်နေကြရသဖြင့် ဘယ်သူမှ မအားလပ်အောင် ရှိခဲ့ကြသည် ။

ဒုတိယအပတ်တွင် မစ္စတာဟူးနှင့် နေစိုးတို့ လေ့လာရေးခရီး ထွက်ခွာသွားကြသည် ။

ထိုအတောအတွင်း မစ္စတာဟူးကို ကိုယ်စားလှယ်လွှတ်လိုက်သော စင်္ကာပူမှ လုပ်ငန်းရှင် မစ္စတာဆွန်းက မေသူမိုးလွင်တို့ မစ္စတာဟူး၏ ဆွေးနွေးချက်များကို လုပ်ငန်းအကောင်အထည်ဖော် ရန်အတွက် သဘောတူလက်ခံသဖြင့် စင်္ကာပူနိုင်ငံသို့ မေသူမိုးလွင်နှင့် မန်နေဂျာ နေစိုးတို့ လာပါရန် ဖိတ်ခေါ်စာ ပို့လာခဲ့သည် ။

"ဝမ်းသာစရာ သတင်းစကားပဲ တူမကြီးရေ"

ဒုမန်နေဂျာ ဦးလှခင်က ဝမ်းသာအားရသံကြီးဖြင့် ပြောလိုက်သည် ။

"ဝမ်းသာစရာတော့ ဝမ်းသာစရာပါပဲ၊ သွားရမယ့်ခရီးကို မေသူက

Book Sharing

Scanned by CamScanner

နေခြည်နဲ့ ပဲဖြစ်ဖြစ် ဦးလေးလှနဲ့ ပဲဖြစ်ဖြစ် သွားချင်တယ်"

"နေခြည်ဆိုရင် မိန်းမသားချည်း နှစ်ယောက် ဖြစ်နေမှာ ပေါ့ မေသူ ရဲ့ "

"ဟုတ်တယ် တူမကြီးရဲ့ ၊ ဦးလေးလှနဲ့ ဆိုတော့လဲ ဦးလေးက လူငယ်မဟုတ်တော့ သွက်လက်ချက်ချာတဲ့ မောင်စိုးနဲ့ ပဲ သွားတာ အကောင်းဆုံးပဲလို့ ထင်တယ်"

အများ ဆန္ဒနှင့်ကမ်းလှမ်းလာသူ၏ ဆန္ဒအရ နောက်ဆုံးတွင် တော့ မေသူမိုးလွင်သည် နေစိုး နှင့်အတူ စက်ကပူနိုင်ငံသို့ သွားရန် ဆုံးဖြတ်လိုက်ရတော့သည် ။

*****

Scanned by CamScanner

နှစ်ဆယ့်သုံး။

ရက္ခမြိုင် ခြံဝင်းကြီးထဲမှာ တူသံလွှသံတွေ၊ စီစီညံညံ စကားပြောသံတွေနှင့် ပြွန်းနေသည်။

ဆက်နိုင်မော်သည် သူ့လက်တွင်းသို့ ပိုင်ပိုင်နိုင်နိုင်ကြီး ပြန်လည်ရောက်ရှိလာသော ရက္ခမြိုင် အိမ်ကြီးနှင့် ခြံဝင်းကြီးကို ရှင်းလင်းသန့်စင်နေ၏။ ပြုပြင်မွမ်းမံနေ၏။

ပင်အိုတွေကို ခုတ်ထွင်း၍ ၊ ပင်ပျိုတွေကို စတင် စိုက်ပျိုးရန် မျိုးပင်တွေ အမြောက်အမြား ဝယ်ထားနေသည်။

သူ့ဘက်တွင် သီးစားပင်များ စိုက်ပျိုးပြီး မေသူ၏ ချယ်ရီမြိုင်ကလေးဘက်တွင် အလှစိုက် ပန်းမာလာများ စိုက်ပျိုးရန် ရည်ရွယ်ထားသည်။

ဦးစွာ သူသည် ချယ်ရီမြိုင်၏ ပြိုပျက်နေသော ခေါင်မိုးအချို့ကို ပြင်ဆင်ပြီး၊ သစ်လွင်ပြီး မျက်စေ့အေးသော အိမ်သုတ်ဆေးတို့ ကို ကိုယ်တိုင်သုတ်၍ နေသည်။

တစ်ဘက်ခြံမှ တစ်ဘက်ခြံသို့ ကွေ့ပတ်သွားရန်မလိုဘဲ ကူးနိုင်ရန်အတွက်လည်း ထိစပ်နေ သော ခြံစည်းရိုးတွင် လူတစ်ကိုယ်စာဝင်းတံခါးပေါက်တစ်ခုကိုလည်း ဖောက်ထားလိုက်သည်။

သူ့အချစ်ကလေး ပြန်လာမယ့်နေ့ကို လက်ရေတွက်ချိုးရင်း၊ ဆက်နိုင်မော်သည် စံအိမ်တွေကို မွမ်းမံနေသည်။

Scanned by CamScanner

သူ့ကိုကြည့်ပြီး၊ သူ့ကိစ္စတွေတွင် ဝိုင်းကူနေသော ဦးဝင်းတို့ ဇနီးမောင်နှံသည် သနားလည်း သနား၊ စိတ်လည်း မကောင်း ဖြစ်နေမိကြသည်။

"ဦးလေးဝင်းရေ ... စာမေးပွဲအောင်စာရင်းထွက်ပြီ၊ အလုပ်တစ်ခုခု မရခင် စပ်ကြားမှာ တော့ ကျွန်တော်၊ စိုက်ပျိုးရေးပဲ ဇောက်ချလုပ်မယ်၊ ကြားပေါက်ဝင်ငွေလမ်းကလေးရအောင် ဦးလေးဝင်း အကြံပေးသလို ပိုတဲ့ ငွေကလေးနဲ့ ထွန်းမြိုင်ရဲ့ ဂျစ်ကားကို ဆွဲထားလိုက်မယ်လို့ စိတ်ကူးတယ်"

"ကောင်းတာပေါ့ကွာ ငွေလဲပျောက်ပျက်မသွားတော့ဘူးပေါ့"

"စိတ်ချပါ ဦးလေးဝင်း ကျွန်တော့်ဆီ ဝင်လာတဲ့ ငွေကို ပြန်မထွက်စေရဘူး တိုးပဲလာမယ်၊ ဦးလေးဝင်း စောင့်ကြည့်နေ"

"ငါတို့ အစွမ်းအစကို ဦးလေးဝင်း ယုံကြည်ပါတယ်ကွာ"

"အင်း ... ခုမှ ပဲ ရက္ခမြိုင်ကို မနှင်းမြိုင်တို့ လက်ထက်ကလို ပြန်မြင်ရတော့မယ် ထင်ပါရဲ့ တော်"

"ဟုတ်ပ့ါဗျာ"

"တကထဲ ဟိုလူကြီးသချိုင်းကို ပုတ်နိုးပြီးသာ ကျုပ်က ပြလိုက်ချင်တာပဲ"

သေတဲ့ လူလဲ သေပါပြီကွာ၊ ပြောမနေပါနဲ့ တော့ ရှေ့လျှောက် ဘာတွေလုပ်ရင် ဘယ်လို တိုးတက်မယ်ဆိုတာသာ စီမံကြပါ

"ကဲ့သိလို့ ရုံမိုးလက်ထဲ မရောက်ရတာကို ကျုပ်အသည်းယားလွန်းလို့ ပါတော်"

"ကဲ ကဲ အသည်းယားမနေနဲ့ ဒီမယ် အကြမ်းအိုး မိချောင်းပေါ်နေပြီ"

Scanned by CamScanner

"ရှင့်ဝမ်းကလဲ ဆန့်ပဲ ဆန့်နိုင်တယ်၊ ခုနတင်ပဲ ထည့်ပေးထားတဲ့ ဥစ္စာ"

"ငါ့ဝမ်းခေါင်းလဲ ကြည့်ဦးလေကွာ၊ ရာဝင်အိုးလောက်ရှိတဲ့ ဥစ္စာ အဟူး ဟား ဟား ဟား"

ဦးဝင်းကို ဒေါ်သိန်းခင်သည် မျက်စောင်းနက်နက်ကြီးထိုးပြီး မီးဖိုဆောင်ဘက်ဆီသို့ ရေနွေး ကရားအိုးကို ယူကာ ထွက်ခွာသွားတော့သည်။

"ဟော့ကောင် ဖိုးဆက်ရ ... မင်းမိန်းမယူရင် ဒေါ်ဒေါ်သိန်းခင်လိုမိန်းမမျိုး ရှာယူသိလား၊ အင်မတန် ယောက်ျားကို အလုပ်အကျွေးတော်တဲ့ မိန်းမကွ အဟေး ဟေး ဟေး ဟေး"

"စိတ်ချ စိတ်ချ ဦးလေးဝင်းရေ ... အဲဒီလို မိန်းမမျိုးပဲ ကျွန်တော်က ရှာယူမှာ ဗျ"

"အင်း ... မြန်မြန်တွေ့ပါစေကွာ၊ မြန်မြန် တွေ့ပါစေ၊ ဒါမှ မင်းအဒေါ်နဲ့ ဦးလေးဝင်း ရှေ့ရေး အတွက် စိတ်ချနိုင်မှာ "

ဆက်နိုင်မော်သည် ဖြီန့်ဖြီန့်ကြီး တစ်ချက်ပြုံးလိုက်သည်။

သူ့မျက်စိသည် ညှော်ခန်းနံရံတွင် ချိတ်ဆွဲထားသော မေသူ၏ ပန်းချီကားချပ်ကြီးဆီသို့ ရောက်ရှိသွားသည်။

"တို့ ဘဝမှာ အချစ်ပဲ လိုပါတော့တယ် အချစ်ရယ် အချစ်သာ ပြန်လာရင် တို့ ဘဝ ပြည့်စုံ သွားပြီ၊ ဒီတစ်ခါ ဆိုရင်တော့၊ တို့ ဆီကအချစ်ထွက်ပြေးလို့ မရအောင် အချစ်ကို အိမ်ထောင်ချပစ်လိုက် မယ်၊ အဟင်း ဟင်း ဟင်း"

စုတ်တံကို ဆေးဘူး၊ နှစ်ကာ နှစ်ကာဖြင့် အိမ်နံရံများကို သုတ်ရင်း၊

Scanned by CamScanner

ကိုယ့်စိတ်ကူးနှင့်ကိုယ်၊ ဆက်နိုင်မော်သည် သဘောကျမဆုံး ဖြစ်နေတော့၏။

*****

Book Sharing

Scanned by CamScanner

## နှစ်ဆယ့်လေး။

မစ္စတာဟူးသည် အိမ်ထောင်မရှိသူ လူပျိုလူလွတ်တစ်ဦးပီပီ၊ ရုပ်ရည်ရော၊ ဥစ္စာပစ္စည်းပါ ကုံလုံကြွယ်ဝနေသော မေသူမိုးလွင်ကို သဘောကျ၍ နေသည်။

လေဆိပ်အဆောက်အဦးမှ လေယာဉ်ဆီသို့ ထွက်ခွာမည့်အချိန်ဆဲဆဲအထိ စင်္ကာပူနိုင်ငံသို့ မပျက်မကွက် လာရောက်ပါရန် အခါခါ မှာ ကြားခဲ့ပေ၏။

သူ လေဆိပ်ထဲမှ ထွက်ခွာသွားမှ ပဲ မေသူမိုးလွင် အသက်ရှူချောင်ရတော့သည်။

"တကယ်မလွယ်တဲ့ မောင်ပဲ"

နေစိုးက မအောင့်အီးနိုင်ဘဲ ပြောလိုက်သည်။

"အို ... ကိုစိုးကလဲ အပျိုကို လူပျိုနောက်ပိုးတာ မဆန်းပါဘူး ဒါသဘာဝပဲဥစ္စာ"

"နင်မသိပါဘူး နေခြည်ရာ ... သူက ကွက်ကျော်တွေ မြင်နေတာဖြစ်မှာ ပါ"

"ကိုစိုးကလဲ သူများ စိတ်သဘောကို အတွင်းကျကျ အစစ်အမှန် မသိဘဲနဲ့ မတရား မပြော ချင်ပါနဲ့ "

Scanned by CamScanner

မေသူမိုးလွင်က ပိတ်ပြောလိုက်မှ နေစိုး မကျေနပ်သော်လည်း နှုတ်ဆိတ်သွားတော့၏။

လေယာဉ်ပေါ်မစ္စတာဟူး တက်သွားသည် နှင့် တစ်ပြိုင်နက် မေသူမိုးလွင်တို့ လည်း ပြည်ပ ခရီးသွား ခန်းမဆောင်မှ ထွက်ခဲ့သည် ။

ထိုနေ့ နောက်ပိုင်းများ တွင် တော့ နေစိုးနှင့် မေသူမိုးလွင်တို့ သည် စင်္ကာပူနိုင်ငံသို့သွားရန် ဗီဇာ နှင့် နိုင်ငံကူးလက်မှတ်ရရှိနိုင်ဖို့ နေ့စဉ် မအားလပ်အောင် ဖြစ်ခဲ့ရသည် ။

မိမိကိုယ်ရေးကိုယ်တာကိစ္စကို နောက်တန်းထားပြီး အများ အကျိုးကို ရှေ့တန်းတင်နေရသော မေသူမိုးလွင်မှာ အချိန်ကလေး မအားလပ်နှင့် အားလပ်သည် နှင့် တစ်ပြိုင်နက်၊ ပြင်ဦးလွင်က သူ့ ကိုကိုထံသို့ စိတ်က ရောက်ရှိသွားသည် ။

"ကိုကိုရယ် မေသူ ကိုကို့ကို လွမ်းလှပါပြီ၊ အားလုံးကိစ္စတွေပြီးရင် ကိုကို့ကိုတွေ့ဖို့ မေသူ ပြင်ဦးလွင်ကို ပြေးလာခဲ့ပါဦးမယ်၊ ကိုကို ဘာတွေ လုပ်နေတယ်ဆိုတာ မေသူ သိချင်လိုက်တာ အရမ်းပဲ"

"မေသူ ..."

"ဟင် ..."

"ဘာတွေ စိတ်ကူးယဉ်နေတာလဲ မျက်နှာကလေးကို ပြုံးနေတာပဲ"

"အဟော ဟုတ်ပါဘူး နေခြည်ရဲ့ ကဲ"

"ဒီမှာ မေသူ မှာ တာတွေ အားလုံးရခဲ့တယ် မြန်မာ့လက်မှုပညာထည်တွေကိုတော့ ကာစွတန် မှာ ဒီကလဲလုပ်ပြီးမှ ယူလို့ ရမယ်ဆိုတာ သိရတယ်၊ ဩော် ... မေသူ့ရဲ့ နားမှာ ပန်သွားဖို့ ရွှေချည် သက်သက် နားကပ်ကိုတော့ ဦးအာချွန်ဆီမှာ ပဲ ကြိုက်တာဝယ်လိုက်တော့"

Scanned by CamScanner

"ဒီနားကပ်ဝတ်သွားလို့ မရဘူးလား"

မေသူမိုးလွင်က သူ့နားတွင် ပန်ဆင်ထားသော အပါးဝိုင်း စိန်နားကပ်ကြီးကို ကိုင်ပြရင်း မေးလိုက်သည်။

"မရဘူးမေသူရဲ့၊ ကျောက်မျက်ဆိုရင် ဘာမှ ဝတ်သွားလို့ မရဘူးတဲ့"

"ဒါဆိုလဲဖြစ်ပါတယ် မေသူက အတုကလေးတွေ ခပ်ကြိုက်ကြိုက်ဆိုတော့"

"တိုက်စကပ်နဲ့ လေဒီရှူးကလေး ဝတ်ကြည့်ပါဦး"

"ဆိုဒ်ပေးလိုက်တာပဲ တော်မှာ ပါ၊ ဪ ... ဒါနဲ့ ချိတ်လုံချည်တွေကော ချုပ်ခဲ့ပြီလား"

"အားလုံး အထက်ဆင်တတ်ပြီး ချုပ်ပြီးပြီ မေသူ ဒါနဲ့ ကိုစိုးရော"

"သူ့အဝတ်အစားတွေ သွားရွေးတယ် ဘာလုပ်မလို့ လဲ"

"သူမှာ လိုက်တဲ့ လည်စည်း ဝယ်လာခဲ့လို့ ပါ"

"သူ ရုံးခန်းကိုပြန်လာဦးမှာ ပါ၊ ကဲကဲ ... နေခြည်လဲ မော လာပြီး ဘာမှ မစားရသေးဘူး မှတ်လား၊ မေသူနဲ့ အတူတူ ထမင်းစားကြရအောင်"

ရုံးလုင် မောင်ဖေကလေးက ထမင်းပွဲကို ပြင်ပေးလိုက်သည်။

"နေခြည်ကို မှာ ရဦးမယ် မေသူတို့ သွားနေတုန်း အလုပ်တွေလဲ သိပ်ဖိလုပ်မနေနဲ့ နော်၊ ဆေး တွေဝါးတွေလဲ မှန်မှန်သောက် ခုတလော နေခြည်ကိုကြည့်ရတာ နေမကောင်းသလို ဖြစ်နေပုံရတယ်"

"နေခြည်နေကောင်းပါတယ်"

Scanned by CamScanner

နေခြည်က ထမင်းတုံးကလေးကို ခေါင်းကလေးငုံ့၍ နယ်၍ တိုးတိုး ကလေးပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ ဆရာဝန်ကိုတော့ ရက်ချိန်းရှိတိုင်းသွားပြရမယ်"

"အင်းပါမေသူရယ်၊ သွားရမယ့်ကိစ္စ ဖြောင့်ဖြောင့်သာ သွားစမ်းပါ၊ ဒီကလူတွေအတွက် ဘာမှ နောက်ဆံတင်းမနေနဲ့ "

"မလွဲသာလို့ သာ သွားရမှာ ကိုစိုးနဲ့ အတူသွားရမှာ ကို တွေးပြီးရင် လေးမိတယ်၊ ဘယ်အချို ထရန်ဖြစ်ကြမယ် မသိဘူး"

"မေသူကလဲကွယ်"

"သူ့ကို ဘယ်ဘဝကြောင့်လဲ မသိပါဘူး၊ ကြာကြာမတွေ့လိုက်နဲ့ တွေ့ လိုက်တာနဲ့ အူထဲက ချဉ်လာတာပဲ၊ ဘယ်လိုအမြင်ကတ်မှန်း မသိပါဘူး "

"သိပ် အမြင်မကတ်နဲ့ နော် တော်ကြာ ..."

နေခြည်က မေသူ့မျက်နှာကို ပြုံးစိစိ ကြည့်ကာ စကားကို အဆုံးမပြောပဲ ထားလိုက်သည်။

"ဘာတော်ကြာလဲ နေခြည်နော် ဟွန်း၊ မေသူရဲ့ စိတ်ကူးယဉ်ကမ္ဘာ ထဲမှာ တောင် သူ ဘယ်တော့မှ ကပ်ပါမလာဘူးသိရဲ့ လား"

"ကဲပါ ကဲပါ တော်ကြာ ဒေါသထွက်ပြီး ထမင်းမဝင်ဘဲ ဖြစ်နေပါ့မ ယ်၊ ဒီစကား ဒီမှာ ရပ်ပြီး ထမင်းစား ထမင်းစား"

"ဟော့ မောင်ဖေ၊ စပါကလင် နှစ်ပုလင်းဝယ်ကွာ၊ အအေးသောက်ချင် တယ်"

"ဟုတ်ကဲ့ မမသူ"

Scanned by CamScanner

"ငါးရံ့အူဟင်းက ကောင်းလိုက်တာနော် ကြီးတင်က ဟင်းချက်တော်လိုက်တာ"

"ဟုတ်တယ်၊ ဟော့ ဟော့ အဲဒီမှိုဟင်းတော့ မစားနဲ့ ရော့၊ ဒီကြက်သားကြော်စား"

"မတည့်ဘူးထင်တာမှ စားချင်တာ မေသူရဲ့ "

"နေခြည်ကတော့ လုပ်ပြီ၊ မေသူက နေခြည်ကို လုပ်ငန်းကိစ္စအဝဝ လွှဲခဲ့ရမှာ မမဖုရား ကျန်းကျန်းမာမာရှိမှ ဖြစ်မှာ ပေါ့၊ ဒါ မမဖုရားပြောတဲ့ အတိုင်း အများ အကျိုးအတွက်လေ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

"ဟော ... ဘာဟင်းတွေနဲ့ စားနေတာလဲ"

မေသူမိုးလွင်နှင့်အတူ နိုင်ငံခြားသို့ သွားရမည့်အရေးကို မြူးကြွမဆုံး ဖြစ်နေသော နေစိုး သည် အိတ်ကြီးတစ်လုံးဆွဲ၍ ရုံးခန်းထဲသို့ ဝင်လာရင်း မေးလိုက်သည် ။

"မေးမနေနဲ့ ဟင်းတွေက ကုန်ပြီ၊ ပြောပြလဲ သွားရည်ကျရုံပဲရှိမယ်"

နေစိုး၏ မျက်နှာကြီးသည် မေသူမိုးလွင်၏ စကားကြောင့် အီလည်လည်ကြီး ဖြစ်သွား၏။

"ရှင့်ကိစ္စတွေ ပြီးခဲ့ပြီလား ကိုစိုး"

"အားလုံး ပြီးခဲ့ပါပြီ"

"ထိုင်း အဲယားလိုင်းကိုကော ရောက်ခဲ့ပြီလား၊ ဘာအပြောင်းအလဲ ရှိသေးသလဲ"

"ဘာမှ မရှိပါဘူး၊ ကြာသပတေးနေ့ပဲ သွားရမယ် ဒီမှာ လက်မှတ်

Book Sharing

Scanned by CamScanner

တွေ"

"ကိုစိုးပဲ သိမ်းထားလိုက်"

"မနက်ဖြန် အက်ဖီးဘဏ် သွားရမယ်"

"သိတယ် ရုံးကို လာပြီးမှ သွားမယ်"

"သိတယ် ရုံးကို လာပြီးမှ သွားမယ်"

"ကောင်းပြီလေ ဒါဆို ကိုယ်ပြန်တော့မယ်"

"အင်း ..."

"ကိုစိုးကြီးကတော့ မြောက်ကြွ မြောက်ကြွကိုး ဖြစ်နေတာပဲ"

ထမင်းစားပွဲ သိမ်းဆည်းနေသော ရုံးလုလင်ကလေးက မအောင့်အီးနိုင်ဟန်ဖြင့် ပြောလိုက် သည်။

"ဟဲ့ ... မောင်ဖေ ဟိုကကြားသွားလို့ သက်သက် အတွယ်ခံနေရဦးမယ်"

"အဟင်းဟင်း ... ဟင်း"

နေခြည်က ပြောလိုက်သည် ကို သဘောကျကာ မောင်ဖေကလေးသည် တဟင်းဟင်း အသံ ထွက်အောင် ရယ်မောနေလိုက်သည်။

"ကဲ နေခြည်ရေ မေသူတို့ လဲ အိမ်ပြန်ပြီး ပက်ကင်လုပ်ကြရင် ကောင်းမယ်ထင်တယ်၊ ရက်က ကပ်နေပြီ"

"ဟုတ်တယ် နေခြည်လဲ အဲဒါကို ပြောမလို့ ဘဲ လိုတာတွေအားလုံး ဝယ်ခြမ်းပြီးပြီဆိုတော့ အဆင်သင့် ထုပ်ပိုးထားလိုက်တာ ကောင်းပါတယ်"

Scanned by CamScanner

"ဒါဆို ဦးလေးလှနဲ့ ထားခဲ့"

"အင်း ..."

"ဟော့ ... မောင်ဖေ"

"ခင်ဗျား မမသူ"

"မင်းဦးလေးလှ ပြန်သည် အထိ စောင့်ပြီး ရုံးခန်းကို သေသေချာချာ ပိတ်သွားနော်"

"ဟုတ်ကဲ့ စိတ်ချပါ မမသူ ကျွန်တော့်ကားပေါ်ကို ထမင်းချိုင့်နဲ့ ပစ္စည်းတွေ တင်လိုက်ရ တော့မလား"

"အေး သွားတင်လိုက်တော့"

လူငယ်သလောက်ပင် ပေါ့သော မောင်ဖေကလေးသည် သွက်လက်စွာ လှုပ်ရှားလုပ်ကိုင်နေ လိုက်သည်။

ကားပေါ်ပစ္စည်းများ အစုံအလင် ရောက်သည့်အခါတွင် တော့၊ မေသူမိုးလွင်နှင့် နေခြည်တို့ သည် ဒုမန်နေဂျာကြီးဦးလှခင်ကို နှုတ်ဆက်ကာ ဆင်းလာခဲ့ကြတော့သည်။

***

နေခြည် သည် နေ့ ကားမပါခဲ့ပါ။

မနက်စောစောကတည်းက သူကိစ္စတွေ ဆောင်ရွက်ပေးရန်အတွက် မေသူမိုးလွင်က ဝင်ခေါ် လာခဲ့သည်။

ယခုလည်း မေသူမိုးလွင်၏ ကားဖြင့် ဘောင်ဒရီလမ်း နေအိမ်သို့ ထွက်ခဲ့ကြသည်။

Scanned by CamScanner

ကြီးတင် ထုပ်ပေးနေသော ဆယ့်နှစ်မျိုး ဂျင်းသုပ်ပန်းကန်ကြီးနှင့် အကြွမ်းတစ်အိုးကို ဘေးတွင် ချကာ စား‌ရင်း သောက်ရင်း နှစ်ယောက်သား စက်ဘ်ပူသို့ ယူဆောင်သွားရမည့် ပစ္စည်းများ ကို စုစည်းထည့်သိုနေလိုက်ကြ၏။

"တ စ် ပ တ် ခ ရီး မ၂၁ နှစ်ယောက်သား ဘယ်နှစ်ချိုလောက်ဖိုက်တင်ချခဲ့ကြမယ် မသိဘူး၊ စောင့် သာ နားထောင်နေပေတော့ နေခြည်ရေ"

"တူမကြီးကလဲကွယ် မောင်နေစိုးကို နည်းနည်းပါးပါးတော့ သည်းညည်းခံမှ ပေါ့ သူ့ခမျှာ တူမကြီး အနွံအတာကို ခံရှာပါတယ်"

အနီးတွင် ရှိသော ကြီးတင်က ဝင်ပြောလိုက်သည်။

"ကြီးတင်ရယ် ကြီးတင်ကမေသူ ငယ်ငယ်လေးတည်းက ထိန်းကျောင်းလာခဲ့တဲ့ လူပါ၊ မေသူရဲ့ မိခင်တစ်ယောက်ဆိုလဲ မမှားပါဘူး၊ မေသူတို့ မိသားစု၊ ဖေဖေ့ရဲ့ အပျော်အပါး လိုက်စားမှု၊ အသောက်အစားခုံမင်မှု ပေါ့ပေါ့နေ ပေါ့ပေါ့စားခဲ့မှုတွေကြောင့် ဘယ်လောက် သောကတွေပွေ၊ ဒုက္ခ တွေ များ ခဲ့ရတယ်ဆိုတာ အသိ မဟုတ်လားဟင် မေသူလို မေသူ့ဘဝကို ပုံအပ်ရမယ့်လူကို ဖေဖေ့လို လူစားမျိုးဖြစ်မှာ သိပ်ကြောက်တယ်၊ မေသူ ခံစားခဲ့ရသလို မေသူ့ သားတွေသမီးတွေကို မခံစားစေ ချင်ဘူး၊ ကိုစိုးကလေ ဖေဖေ့လို လူစားမျိုးဖြစ်မယ့်လူကြီး ကြီးတင်ရဲ့ သူ့ကို မေသူ လေ့လာနေတာ ကြာပြီ၊ မေသူကတော့ ဆုံးဖြတ်ပြီးသားပါ၊ သူ့ကို ဘယ်တော့မှ လက်မထပ်ဘူးလို့ "

"အင်း ... ဟုတ်တော့ ဟုတ်တယ်၊ အသောက်အစားမင်တဲ့ လူဘော်ကြော့မျိုး ဆိုရင်တော့ ကြီးတင်လဲ ကိုယ့်တူမလေးနဲ့ ဘယ်သဘောတူနိုင်ပါ့မလဲကွယ်"

Scanned by CamScanner

နေခြည်ကတော့ ပြောလိုက်ချင်နေပါသည် ။

နေစိုးကသာ သူ့ကို လက်ထပ်မည်ဆိုလျှင် အရက်ရာဝင်အိုးကြီး သူ့ရှေ့ချပြီး မှုတ်နဲ့ ခပ်သောက်နေလည်း ကြည်ဖြူနိုင်ပါသည် ဟု ။

*****

Scanned by CamScanner

နှစ်ဆယ့်ငါး။

ယနေ့ နေစိုးနှင့် မေသူမိုးလွင်တို့ နိုင်ငံခြားသို့ ခရီးစတင်ရမည့်နေ့ဖြစ်သည် ။

တစ်နာရီခွဲကတည်းက အားလုံး လေဆိပ်သို့ ရောက်နေကြသည် ။

နေစိုးကတော့ သူ့ကို လိုက်လံပို့ဆောင်ပေးသော သူ့သူငယ်ချင်း သုံးလေးယောက်နှင့် စကား တွေပြောလိုက် ရယ်လိုက်မောလိုက်နှင့် အူမြူးမဆုံးဖြစ်နေသည် ။

သူနှင့် ခပ်လှမ်းလှမ်းတွင် ရှိနေသော နေခြည်နှင့် မေသူမိုးလွင်တို့ ကတော့ ဣန္ဒြေရရကလေး ထိုင်နေကြသည် ။

ခန်းလုံးပြည့်မှု များ ပြားသော ခရီးသည် များ ၊ လိုက်လံပို့ဆောင်သူများ အကြိုထောက်သူများ ကြားထဲတွင် ရှိနေရသဖြင့် မေသူမိုးလွင်မှာ သူ့စိတ်ကို ချုံးနှိမ်ထားလိုက်ရသည် ။

နေစိုးနှင့် အပေါင်းအပါတွေကို အမြင်ကတ်လှသည် မှာ အူထဲတွင်ယားနေ၏။

သူ့ကောင်းသားတွေသည် သူနှင့် နေခြည်ကိုကွက်ကြည့်ကွက်ကြည့်နှင့် ဘာတွေများ ပြော၍ ဘာတွေများ ဟားနေကြသည် မသိ။

တစ်ယောက်မှ မျက်နှာပိုးမကျိုးကြ။

Book Sharing

Scanned by CamScanner

နေခြည် မေသူမိုးလွင်၏ မျက်လုံးကလေးများ ဝဲခနဲ ဝေ့ခနဲ နေစိုးတို့ ထံ ကျရောက်နေသည် ကို သတိပြုမိပြီး မေသူမိုးလွင်တစ်ယောက် အ တွင်းကျိတ်ကျိတ်၍ ဒေါကန်နေသည် ကို အတတ်သိနေ ၏။

"အင်း ... ကိုစိုးဆိုတဲ့ လူကလဲ ခက်တာပဲ၊ ဒီလိုအနေအထိုင် မဟုတ် တာတွေကြောင့် မေသူနဲ့ အစေးမကပ်နိုင်တာကိုလဲ သိသားနဲ့ ၊ အင်း လေ ... သူ့နေရာကြည့်တော့လဲ သူ့ကိုအပြစ်ဆိုရမှာ အခက်၊ သူက မေ သူကို အသေရရအရှင်ရရ ဖြစ်နေတဲ့ လူဆိုတော့ ခုလို နိုင်ငံရပ်ခြား နှစ် ယောက် တည်း သွားရတဲ့ ခရီးအတွက် သူ ဝမ်းသာမဆုံး ရှိနေပေမှာ ပေါ့၊ ကိုစိုးဟာ ငါ့ကို နည်းနည်းကလေးမှ ထောက်ညှာရမှန်းမသိတဲ့ လူ တစ်ယောက်ပါလား၊ ငါနဲ့ သူဖြစ်ရတဲ့ အဖြစ်အတွက် သူမှာ ဘာခံစား ချ က်မှ ရှိဟန်မတူဘူး၊ ဒီကိစ္စမျိုးဟာ သူ့အတွက် ထမင်းစားရေသောက် လောက်မျိုးပဲထင်ပါရဲ့ "

"နေခြည်"

"အွန်"

သူ့ပခုံးကို မေသူမိုးလွင်က ပခုံးချင်းတိုက်၍ ခေါ်လိုက်တော့မှ နေခြ ည်သည် စိတ်ပျံ့လွင့်နေရာ မှ သတိရလာ၏။

"နေခြည် ... ဘာတွေ ငိုင်တွေနေတာလဲ"

"အို ... မ ... မဟုတ်ပါဘူး"

နေခြည် ကပျာကသီပြုးရင်း အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြောလိုက်သ ည် ။

"ဟုတ်တယ် မဟုတ်တယ်၊ နေခြည်စိတ်တွေ မှိုင်ပေါင်းထောင်သော င်းချိပြီး ရှက်လွင့်နေ သလိုပဲ"

Scanned by CamScanner

"မေသူက ပြောတော့မယ်၊ ကဲ ... ဆို ... ဘာပြောမလို့ လဲ"

"မေသူ ပို့ခိုင်းထားတဲ့ စာတစ်စောင်ကို ဘယ်လိုပို့မလဲဟင်"

"ဩော် ... မေသူရဲ့ ၊ မေသူခိုင်းသမျှကို နေခြည် အမြဲတမ်းပီပြင်အောင် လုပ်ပေးခဲ့တာချည်းပဲ ဘာပူနေတာလဲ"

"ဒါပဲနော်၊ မေသူတို့ လဆန်းငါးရက်ရောက်မယ်၊ မေသူရှစ်ရက်နေ့မှာ လစ်မယ်၊ အဲဒီကိစ္စလဲ ပီပြင်အောင်လုပ်ထားဦး"

"မေသူရယ် ... မေသူအတွက် နေခြည်စိုးရိမ်တယ်၊ စဉ်းစဉ်းစားစားလုပ်တာ ဟုတ်ပါတယ် နော်"

"အို ... စိတ်ချစမ်းပါ၊ မေသူက ကိစ္စတစ်ခုကို ဘယ်တော့မှ လက်လွှတ်စပယ် မလုပ်တတ်ဘူး ဒါကို နေခြည် အသိပါကွာ၊ ဟော ... ပစ္စည်းတွေ စစ်ဆေးဖို့ ခေါ်နေပြီ"

"အဲ ... ဟုတ်ပါရဲ့ ၊ ကဲ ... ထ ထ ထ"

"မေသူလာ ... ခေါ်နေပြီ"

"ကြားတယ်၊ ကိုယ့်ဘာသာကိုယ် ရှေ့ကသွား"

မေသူမိုးလွင်က ပျာပျာနှင့် သူနားသို့ ရောက်လာသော နေစိုးကို ဟောက်ပစ်လိုက်သည် ။

နေစိုးက ရယ်ကျဲကျဲမျက်နှာဖြင့် ရယ်ဖြဲဖြဲလုပ်နေကြသော သူ့အပေါင်းအသင်းများ ထံသို့ မျက်စိတစ်ဖက် မှိတ်ပြလိုက်သည် ။

"ဘာလုပ်ပြတာလဲ၊ အကြောဆွဲနေရင်လဲ ဆေးကုဖို့ နေခဲ့"

သည် လို ပြောလိုက်တော့မှ ပဲ နေစိုး၏ မျက်နှာ အပိုးကျိုးသွားတော့၏။

Scanned by CamScanner

သည် နေ့ လေယာဉ်တွင် ခရီးသည် တွေ ပြုကျနေသဖြင့် အချိန်အတော်ကြာအောင် ပစ္စည်းစစ် ဆေးသည် ကို စောင့်ခဲ့ကြရသည် ။

နေခြည်သည် ပြည်ပခရီးသွား ခန်းမဆောင်ထဲအထိ လိုက်ဝင်ခဲ့ရသဖြင့် နေစိုးနှင့် မေသူမိုး လွင်တို့ လေယာဉ်ပေါ်တက်ချိန်အထိ အတူနေခွင့်ရခဲ့သည် ။

"နေခြည်ရေ ... နင့်အတွက် ငါ လက်ဆောင်ကောင်းကောင်း ဝယ်ခဲ့မယ် သိလား"

နေစိုးက စီးကရက်တစ်လိပ်ကို ဘူးထဲက ထုတ်၍ သောက်ရင်းပြောလိုက်သည် ။

နေခြည် မချိပြုံးကလေး ပြုံးလိုက်မိသည် ။

နေခြည်အတွက် အထူးတလည်လက်ဆောင် ရှာဝယ်လာစရာမလိုပါ ။

နေခြည်လိုချင်နေသော လက်ဆောင်သည် နေစိုး၏ ခန္ဓာကိုယ်အတွင်းမှ အသည်းနှလုံး လက် ဆောင်သာ ဖြစ်ကြောင်းနေခြည် စိတ်ရှိတိုင်း အော်၍ ပြောလိုက်ချင်ပါသည် ။

မကြာမီအချိန်အတွင်း ခရီးသည် များ ထိုင်းလေကြောင်းပိုင် လေယာဉ်ကြီးပေါ်သို့ တက် ရောက်ပါရန် ကြေညာလာသည် ။

မေသူမိုးလွင်က နေခြည်ပါးကလေးကိုနမ်း၍ နှုတ်ဆက်လိုက်သည် ။

"သွားမယ်နော် နေခြည်"

"အင်း ... အင်း "

Scanned by CamScanner

နေခြည်ရင်မှာ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလို။

"ကောင်းကောင်း နေခဲ့နော် ကောင်မလေး"

နေခြည်၏ ဦးခေါင်းကို ဖတ်ခနဲအသာပုတ်ကာ နေစိုးက နှုတ်ဆက်သည် ။

ရင်တွင် ဆို့ကျပ်၍ အော်ငိုပစ်လိုက်ချင်စိတ်များကို နေခြည်မနည်းကြီး ကြိုးစားထိန်းချုပ်နေရ ၏။

မေသူမိုးလွင်က ရှေ့။

နေစိုးက နောက်က ...

ကြိုပို့ကားကြီးပေါ်သို့ တက်သွားကြ၏။

နေခြည်သည် လက်တစ်ဖက်က ဆလင်းဘက်ကလေးကို ရှေ့တွင် ပွေ့ပိုက်ကာ တစ်ဖက်က သူ တို့ နှစ်ဦးထံသို့ လက်ပြမဆုံးရှိနေမိခဲ့သည် ။

ထို့နောက်တွင် အချိန်မှန်ထွက်ခွာသွားသော ထိုင်းလေယာဉ်ကြီးပေါ် တွင် နေစိုးနှင့် မေသူမိုး လွင်တို့ ပါသွားပြီဖြစ်တော့သည် ။

ယောက်ျားတစ်ယောက်ရဲ့ ချဉ်းကပ်မှုဒဏ်ကို မေသူ ဘယ်လောက်ကြာကြာ ဆန့်ကျင်နိုင်ပါ မည်နည်း။

သူသည် မိန်းမသားတစ်ယောက်

မိန်းမသားတို့ ၏ အသည်းနှလုံးသည် နူးညံ့သိမ်မွေ့လွန်းလှ၏။

မိန်းမသားတို့ ၏ စိတ်ဓာတ်သည် ဖော့ဖယောင်းလို ပျော့ပျောင်းတတ်၏။

မေသူမိုးလွင်သည် မိန်းမထဲက မိန်းမတစ်ယောက် ...

Scanned by CamScanner

ခါတိုင်းထက် နီးစပ်မှုရှိလှသော သည် ခရီးတွင် မေသူမိုးလွင်နှင့် နေစိုး၊ နေစိုးနှင့် မေသူမိုး လွင် နှစ်ယောက်တည်းမှ နှစ်ယောက်တည်း ...

"ဟား ... ငါဟာ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနေတဲ့ မိန်းမတစ်ယောက်ပါလား၊ ကိုစိုး ငါ့ကို ဘယ်လိုမှ စိတ်မဝင်စားဘူးဆိုတာ သိရက်နဲ့ ငါ့စိတ်ကိုငါ ဒုက္ခပေးနေတယ်၊ မေသူနဲ့ သင့်မြတ်သွား ကြရင်လဲ ... ငါ မနာလို အူတိုဖြစ်စရာ မလိုဘူး၊ မေသူနဲ့ ကိုစိုးက ဟိုအစတည်းက မိဘများကိုယ် တိုင် တစ်နေ့ပေးစားဖို့ ရည်ရွယ်ထားခဲ့သူတွေ၊ ပြီးတော့ ကိုစိုးကလဲ မေသူမှ မေသူ ငမ်းငမ်းတက်ချစ် နေတဲ့ လူ၊ ဒီပွဲမှာ နလုံးသား စတေးခံရမယ့်သူက ငါပဲ၊ သူတို့ အချင်းချင်း ပြေလည်သွားကြရင်လဲ ငါက ဝမ်းသာပေးရမယ့်လူ"

"တူမ"

"အင်း ... "

နေခြည်သည် ကိုယ်ကလေး တွန့်ခနဲဖြစ်သွားပြီး ... ယာဉ်မောင်းကြီးဦးစံကို ကြည့်လိုက် သည် ။

"အဆောင်ကိုပဲ တန်းပြန်မှာ လားလို့ မေးမလို့ ပါ"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့ ကြီးတင်ကိုတော့ ဦးလေးစံပဲ ပြောလိုက်ပါ ... မေသူတို့ အားလုံး အဆင်ပြေပါတယ်လို့ "

"အေးအေး ပြောလိုက်မယ်ကွယ်"

နေခြည်သည် သူ့လက်ကောက်ဝတ်က ရွှေရောင်စီကိုကွပ်(စ်) နာရီကလေးကို ငုံ့ကြည့်လိုက် သည် ။

"အင်း ... နောက် မိနစ်နှစ်ဆယ်ဆိုရင် မေသူတို့ ကိုစိုးတို့ ယိုးဒယား

Book Sharing
Scanned by CamScanner

ကို ရောက်ကြတော့ မယ်"

ကြေကွဲဆွေးမြည့်နေသော မျက်လုံးကလေးများ ဖြင့် ကားပြတင်း ပေါက်မှ ပြင်ပဆီသို့ အစိပ္ပာယ်မဲ့ကြည့်ရင်း နှုတ်ဆိတ်စွာ နေလိုက်မိသ ည်။

အဆောင်သို့ ရောက်လျှင်တော့ ဆလင်းဘက်ကို စားပွဲပေါ်သို့ ပစ်ချပြီး၊ ခုတင်ပေါ်တွင် ပစ် မှောက်ချလိုက်တော့သည်။

အရုပ်ကြိုးပြတ်သည် ကဲ့သို့ ...။

*****

Scanned by CamScanner

နှစ်ဆယ့်ခြောက်။

"ရှင် သိပ်အူမြူးနေတယ် မျက်နှာက အပိုးကို မကျိုးဘူးနော် ကိုစိုး"

သည်းမခံနိုင်လွန်းဟန်ဖြင့်၊ သူနှင့် ဘေးချင်းယှဉ်ထိုင်နေသော ကိုစိုးကို မေသူမိုးလွင်က ပြော လိုက်သည်။

"ကိုယ် သိပ်ဝမ်းသာလွန်းလို့ ပါ မေသူရာ"

"ရှင်က ဘာတွေများ ဒီလောက် ဝမ်းသာနေရတာလဲနိုင်ငံခြားကို မသွားစဖူး သွားရလို့ လား၊ အဟင်း ဒါဆို စိတ်သာချ၊ မစွတာဟူးတို့ နဲ့ အလုပ်ဖြစ်သွားရင် နောက်ဆို ရှင့်ကိုချည်းပဲလွှတ်မယ်"

"နိုး ... နိုး ... ဒီအတွက်မဟုတ်ပါဘူး၊ ကိုယ် သိပ်ဝမ်းသာနေတာ၊ ခုလို မေသူနဲ့ အတူ နှစ်ယောက်တည်း ခရီးထွက်ရလို့ ပါ၊ ကိုယ့်စိတ်ထဲမှာ ကိုယ်တို့ နှစ်ယောက်ရဲ့ ဟန်နီးမွန်းပဲ ဖြစ်လိုက် ပါတော့လို့ တောင့်တမိတယ်"

"တော်စမ်းပါ ကိုစိုးရာ"

မေသူမိုးလွင်၏ မျက်နှာဖွေးဖွေးကလေး ရဲခနဲ ဖြစ်သွား၏။

"ကိုယ့်ကို ဘာမကြိုက်တာ ရှိလဲ မေသူ ကိုယ်ပြင်ပါ့မယ်"

"မကြိုက်တာ ကြိုက်တာတွေကို အသာထား ရှင့်ကိုမှ မေသူ လုံးလုံး မချစ်နိုင်တာဘဲ ကိုစိုး"

Scanned by CamScanner

"အပင်း ပင်း နောက်တော့ ချစ်သွားမှာ ပေါ့ မေသူ ကိုယ့်မေတ္တာတွေမေသူ့အပေါ် ဒီလောက် စူးရှနေတာ တစ်နေ့တော့ ရောင်ပြန်ဟပ်လာမှာ ပေါ့ ... ကိုယ့်ကိုသာ ကြည်ကြည်ဖြူဖြူ လက်ထပ် လိုက်စမ်းပါ မေသူရာ"

"ရှင်က အိမ်ထောင်ရေးကို ကလေးကစားစရာလို ပြောမနေနဲ့ ... မေသူ့အတွက်တော့ ရှင့်လို လူမျိုးကို လက်ထပ်သင့်မထပ်သင့် သုံးနှစ်သုံးမိုးတောင် စဉ်းစားယူရမယ် ... သိလား"

"မေသူ ... မေသူ ... မင်းဘယ်လောက် ခေါင်းမာနိုင်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

"ရှင်က ခြိမ်းခြောက်နေတာလားဟင် ကိုစိုး"

နေစိုးက မေသူ့မိုးလွင်က ရိတိတိပြုံး၍ တစ်ချက်ကြည့်ပြီး တစ်ဘက်သို့ မျက်နှာလှည့်သွား ၏။

"ရှင် ဘာမှ ဆင်ကြံကြံမနေနဲ့ အလကားပဲ ... ခုလိုရှင်နဲ့ နှစ်ယောက်တည်း ရေမြေရပ်ခြားကို ထွက်လာကတည်းက တွက်စရာရှိတာကို မေသူက တွက်ထားပြီးသား ရှင်ရတ်ရတ်လုပ်လို့ ကတော့ မေသူ့အကြောင်းကောင်းကောင်း သိသွားစေရမယ်သိလား"

မေသူ၏ မျက်နှာလှလှကလေးသည် သုန်မှုန်၍ နေ၏။

ဘေးဘီထိုင်ခုံများ တွင် ရှိနေကြသူများကတော့ လင်မယားနှစ်ယောက် စိတ်ကောက်နေကြ ဟန် တူသည် ဟု ထင်ကောင်းထင်နေကြမည်ဖြစ်သည် ။

နှစ်ယောက်သား ဘုဘောက်ပြောရင်း ဘန်ကောက်လေဆိပ်သို့ လေယာဉ် ဆိုက်ရောက်သွား ၏။

Scanned by CamScanner

အစိအစဉ်မှာ ဘန်ကောက်တွင် သုံးရက်နေပြီးမှ စင်္ကာပူသို့ ခရီးဆက်ရန် ဖြစ်သဖြင့် တည်းခို ရန် ဟိုတယ်ဆီသို့ လေဆိပ်မှ တက္ကစီငှားရန် ထွက်ခဲ့ကြသည် ။

ပထမသွားရောက်သော နာမည်ကြီးဟိုတယ် တစ်ခုတွင် နယ်လှည့်ခရီးသည် များ စုပြုံကျ ရောက်နေသဖြင့် တစ်ဦးချင်း သီးသန့်ခန်းများ ကုန်နေ၏။

နှစ်ယောက်ခန်းသာရှိကြောင်း တွေ့ရလျှင် မေသူမိုးလွင် စိတ်ဓာတ် အကြီးအကျယ် ကျသွား သည် ။

နေစိုးကတော့ ခွေ့ခွေ့ခုန်လုမတတ် ဝမ်းသာနေ၏။

"နှစ်ယောက်ခန်းပဲ ယူလိုက်ကြရအောင် မေသူ"

မေသူမိုးလွင်က ချာခနဲလှည့်၍ နေစိုးကို စူးစိမ်းစွာ ကြည့်လိုက်သည် ။

"ဘာကိစ္စနှစ်ယောက်ခန်း ယူရမှာ လဲ ရှင့်စိတ်ဓာတ်တွေကို သိအောင် သိပ်လုပ်ပြမနေနဲ့ ဒီမှာ ဟိုတယ်တွေမှ ပြည့်လို့၊ တစ်ခုမရ တစ်ခုရှာမယ်"

မေသူမိုးလွင်က သူ့စကားအဆုံးတွင် စိတ်လိုက်မာန်ပါ လှည့်ထွက်သွားသဖြင့် နေစိုးလည်း မချင့်မရဲစိတ်များ ရင်ဝယ်ပွေ့ပိုက်ကာ နောက်က လိုက်ခဲ့ရတော့သည် ။

နောက်ဆုံးတွင် တော့ နာမည်ကြီး အကောင်းဆုံး ကွန်တီနယ်တယ် ဟိုတယ်ကြီးတွင် စိတ် တိုင်းကျသီးသန့် တစ်ယောက်အခန်းများ ရရှိလိုက်ကြသည် ။

ဘယ်သွားသွား နှစ်ယောက်သား တကျက်ကျက်နှင့်ပင် နေစိုးနှင့် မေ

Scanned by CamScanner

သူမိုးလွင်တို့ သည် ခရီး ဆက်၍ နေကြ၏။

စကော်ပူသို့ ရောက်ရှိသည့်နေ့တွင် တော့ မစ္စတာဟူးကိုယ်တိုင် လေဆိပ်သို့ ဆင်းကြိုပြီး၊ ကြို တင်အခန်း စီစဉ်ထားသော ရှယ်ရှတန်း ဟိုတယ်ကြီးဆီသို့ ပို့ဆောင်ပေးခဲ့သည် ။

မစ္စတာဟူးသည် မေသူမိုးလွင်ကို အစစအရာရာ အလွန်ဂရုစိုက်၍ အရေးပေးလွန်းနေသဖြင့် နေစိုး၏ ရင်ထဲတွင် ကျွဲဝင်ခတ်နေသလို ဖြစ်နေ၏။

"ဒီမောင်က တကယ်ပြောင်တယ်"

ညစာ ထမင်းစားပွဲက အပြန်တွင် နေစိုးက မကျေမနပ်ဟန်ဖြင့် ပြောလိုက်သည် ။

"ဘာထူးလဲ ကိုစိုးလိုပဲပေါ့"

မေသူမိုးလွင်က ငေါ့တူးတူးကလေး ပြောလိုက်သည် ။

"အို ... ကိုယ်နဲ့ မေသူက မျက်နှာစိမ်းတွေမှ မဟုတ်တာဘဲ"

"စိမ်းစိမ်း ကျက်ကျက် ယောက်ျားတွေရဲ့ စိတ်ဓာတ်ကတော့ ဒီအတိုင်းကြီးပါပဲနော် ဟွန်း"

"သိသိကြီးနဲ့ လမ်းခင်းတော့ မပေးသင့်ဘူး"

"ဘာပြောတယ်"

မေသူမိုးလွင် ဝုန်းခနဲ ဒေါသထွက်သွားသည် ။

နေစိုးက မေသူမိုးလွင်၏ ဒေါသထွက်နေသော မျက်နှာကလေးကို မျက်တောင်မခတ် စိုက် ကြည့်နေ၏။

"မေသူကို ရှင်က ဘယ်လိုမိန်းမစားမျိုးများ မှတ်နေသလဲ ဟင် ရှင်စ

Scanned by CamScanner

ကားပြောတာ ကြည့် ပြောပါ၊ ရှင်ချဉ်းကပ်လို့ မရတာနဲ့ ပါးစပ်က စည်းမရှိကမ်းမရှိ မပြောနဲ့ ကုန်ကုန်ပြောလိုက်မယ် မေသူ က လွတ်လပ်တဲ့ မိန်းမတစ်ယောက် ကိုယ့်ဘဝအတွက် ကိုယ်ကြိုက်သလိုဆုံးဖြတ်နိုင်တယ် သိလား"

"အင်းပါ အင်းပါ ရေလိုက် မလွဲပါစေနဲ့ ပဲ ဆုတောင်းပါတယ်"

"လွဲတော့ကော ရှင့်အပူ တစ်ပြားသားမှ မပါဘူး"

မေသူမိုးလွင်က မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည် ။

နေစိုးကတော့ ရင်မောသွားဟန်ဖြင့် ပင့်သက်ချလိုက်သည် ။

ရှေ့က ကားမောင်းနေသော ယာဉ်မောင်းကတော့ အင်္ဂလိပ် ပြင်သစ် ၊ ဂျပန်၊ တရုတ်နှင့် မလေးရှားဘာသာ စကားသာ တတ်မြောက်ပြီး မြန်မာစကားကို မတတ်သဖြင့် သူတို့ ဒေါသဖြစ်နေ ကြသည် ကိုသာ သိပြီး ဘာတွေ ဒေါသဖြစ်နေသည် ကို မသိနိုင်ဘဲ ခေါင်းတယမ်းယမ်းဖြစ်၍ နေပေ၏။

*****

Scanned by CamScanner

နှစ်ဆယ့်ခုနစ်။

ဆက်နိုင်မော်သည် သူ့လက်ထဲက စာရွက်ကလေးကို ကိုင်ပြီး ဝမ်းသာလွန်း၍ တုန်တုန် ယင်ယင် ဖြစ်၍ နေသည်။

"မှိုင်ရတဲ့ မျက်နှာနဲ့ ဘယ်ကစာမို့လဲကွ ဟင်"

"ဖိုးဆက် ... "

"မေသူ ... မေသူဆီက စာလေ ဦးလေးဝင်း"

"ဟေ ... ဟုတ်လား ဘာတဲ့ လဲကွ"

"ဒီမှာ နားထောင် ကျွန်တော် ဖတ်ပြမယ်"

ဆက်နိုင်မော်သည် အကြမ်းသောက်နေသော ဦးဝင်း၏ အနီးတွင် ထိုင်လိုက်သည်။

သို့

အစ်ကို ဆက်နိုင်မော်

မေသူ စာရေးလိုက်တယ်၊ နေကောင်းတယ်မဟုတ်လား မေသူလေ အစ်ကို့ကို သိပ်သတိရနေ တယ်သိလား မေသူ့မှာ ဆောင်ရွက်စရာ ကိစ္စတွေပေါ်လာလို့ အမြန်ထွက်သွားခဲ့ရတယ်၊ ပြင်ဦးလွင် မှာ အစ်ကိုနဲ့ တွေ့ဆုံခဲ့ရတဲ့ နေ့ကလေးတွေကို အမြဲ သတိရနေတယ်၊ မေသူ့ကိစ္စတွေပြီးရင် ပြင်ဦး လွင်ကို အမြန်ဆုံးပြန်လာခဲ့မယ်၊ အဲဒီအခါ

Scanned by CamScanner

ကျရင် အစ်ကိုရဲ့ ကြည်လင်ရွှင်ပျနေတဲ့ မျက်နှာကို မြင် ချင်တယ်။ အစ်ကို စိတ်ဆိုးရင် မေသူ သိပ်ကြောက်တာပဲသိလား၊ မေသူ့အိမ်ကလေးကို ကြည့်ထားပါ နော်၊ မပြောလဲ ကြည့်ထားမယ်ဆိုတာ သိပြီးသားပါ၊ အစ်ကိုရဲ့ ရက္ခမြိုင်ကြီး အစ်ကို့လက်ထဲပြန် ရောက်ပါစေလို့ မေသူအမြဲဆုတောင်းပေးနေပါတယ်။ ဦးလေးဝင်းကိုလဲ တွေ့ရင် သတိရကြောင်း ပြောလိုက်ပါနော်။

အစ်ကို့ကို အစဉ်သတိရနေတဲ့

အဝေးရောက်မိတ်ဆွေ

မေသူ

"အဝေးရောက် မိတ်ဆွေတဲ့ ဗျာ၊ အဟင်း ဟင်း ဟင်း"

"အေး ... ဟုတ်ပ၊ အဝေးရောက်ချစ်သူဆိုရင် မင်းအတွက် ပိုပီပြင်သွားမယ် အဟေး ဟေး ဟေး "

ဆက်နိုင်မော်လည်း တဟင်းဟင်း ရယ်သွမ်းသွေးလိုက်သည် ။

"ဒါနဲ့ ဘယ်က ရောက်လာတဲ့ စာလဲ ကြည့်စမ်း ဖိုးဆက်"

"ဟုတ်ပါရဲ့ ၊ ဝမ်းသာလုံးဆို့ပြီး မကြည့်လိုက်ရသေးဘူး၊ အဲ ... ဟာ ... ဒီစာ စစ်ကိုင်းက လာတာပဲ"

"ဟေ ... နီးနီးလေးကပါလားကွ"

"ဟုတ်တယ်ဗျ၊ ကျွန်တော့်ကို သူ ဘယ်ကလာတယ်ဆိုတာ ဘာဖြစ်လို့ မပြောတာလဲ မသိ ဘူး၊ ဒါဆို မနက်ဖြန်ကျရင် ကျွန်တော် စစ်ကိုင်းဘက် သွားကြည့်ဦးမယ်"

"ဖိုးဆက်ကလဲ ဘယ်နေလို့ နေမှန်းမသိဘဲ မင်းက ဘယ်လို သွားရှာ

Scanned by CamScanner

မလို့ လဲ၊ သူ ပြန်လာမယ် ဆိုတာ လာပါလိမ့်မယ်ကွာ၊ အဲဒီအခါကျတော့ လက်လွှတ်မခံနိုင် အပိုင်သာချည်ပြီး လက်ထပ်လိုက် တော့၊ ဦးလေးဝင်း အကောင်းဆုံးအကြံဉာဏ် မင်းကို ပေးတာ"

"ကျွန်တော်လဲ ဒီအတိုင်းပဲလုပ်ဖို့ စိတ်ကူးထားပါတယ် ဦးလေးဝင်း"

ဆက်နိုင်မော်သည် သူ မျှော်လင့်တောင့်တနေသူထံမှ စာရောက်ရှိလာသောအခါ ပိုပို၍ အား တက် လာပြီး ချယ်ရီမြိုင်အိမ်ကလေးကို စိတ်အားတက်ကြွစွာ ပြင်ဆင်ပြုပြင်နေလိုက်သည်။

ဝိုင်းဝန်းကူညီနေသော ဦးလေးဝင်းနှင့် ဇနီးတို့ လည်း ဖိုးဆက် ဖိုးဆက်ဟု သူတို့ ချစ်စနိုး ခေါ်နေကြသော ဆက်နိုင်မော်အတွက် ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေကြလေသည်။

"ပြင်ဦးလွင်ကို အမြန်ဆုံး ပြန်လာခဲ့ပါတော့ တို့ အချစ်ကလေးရယ်"

*****

Scanned by CamScanner

## နှစ်ဆယ့်ရှစ်။

"ဦးလေးလှရေ … မေသူတို့ ဆီက တဲလီလက်(ခ်) ဝင်လာတယ်၊ သူတို့ ကြာသပတေးနေ့ ပြန် ရောက်ကြမယ်တဲ့၊ အလုပ်ကိစ္စလဲ အားလုံးအဆင်ပြေတယ်တဲ့ ၊ အလုပ်ရုံတိုးချဲ့ဖို့ မြေကျယ်ကျယ် ရှာ ခိုင်းတယ်တဲ့ ဦးလေးလှရဲ့ "

"ဝမ်းသာစရာကောင်းလိုက်တာကွယ်"

"နေခြည်လဲ သိပ်ဝမ်းသာပါတယ်၊ လုပ်ငန်းကျယ်ပြန့်လာတဲ့အလျောက် အလုပ်သမား သား သမီးတွေလဲ အလုပ်ရလာကြမှာ မဟုတ်လား၊ နေခြည် အစကတည်းက သိနေတယ်၊ မေသူကိုယ်တိုင် သွားလိုက်ရင် အားလုံးအဆင်ပြေသွားမယ်ဆိုတာ"

"တူမ မေသူမိုးလွင်ကတော့ ခေတ်ပညာလဲတတ်၊ သဘောမနောလဲကောင်း၊ လူမှုဆက်ဆံ ရေးလဲကောင်းတော့ သူ ကြံစည်သမျှတွေက မအောင်မြင်တာ မရှိပါဘူးကွယ်၊ တူမကြီးမေသူမိုးလွင် ဟာ ဦးလေးလှတို့ရဲ့ ထမင်းရှင်ပဲ၊ ကျန်းမာချမ်းသာပါစေလို့ ဦးလေးလှ အမြဲဆုတောင်းပေးပါတယ် ကွယ်"

"မမသူနဲ့ အလုပ်လုပ်ရတာ အားလုံးစိတ်ချမ်းသာပါတယ်၊ အစစအရာရာလဲ ပြည့်စုံပါတယ် ဒါပေမဲ့ တစ်ခါတစ်ခါ ဟိုလူကို မကျေနပ်ရင် ထွက်ထွက်ပြေးချင်တဲ့ စိတ် ပေါ်တယ်ဗျာ"

Scanned by CamScanner

"ဒီလူက အားကြီး လူတစ်ဖက်သားကို နှိမ်တယ်"

ရုံးလုလင်ကလေး မောင်ဖေက ဘောလ်ပင် မင်ကလေးဖြင့် စားပွဲကို တဒေါက်ဒေါက်ခေါက် ရင်း ပြောလိုက်သည်။

"သည်းခံပါ မောင်ဖေရယ်၊ သူ့ဝသီကိုလဲ သိနေတဲ့ ဟာပဲ"

"ကျွန်တော်က လူငယ်ပါ သိပ်သည်းခံပါတယ် မမနေခြည်၊ ဒါပေမဲ့ တစ်ခါတစ်ခါ ကိုယ့်အဖေ လောက်ရှိတဲ့ ဦးလေးလှကို ဟောက်တာဟိန်းတာမျိုးကျတော့ ဘယ်ကောင်းပါ့မလဲ"

"ဟိန်းပါစေကွာ ဟောက်ပါစေ၊ အသား ပဲ့ပါမသွားပါဘူး"

"ဦးလေးလှကြီးကတော့ ငယ်ထိပ်လာပုတ်လဲ ခံမယ့်လူပဲ၊ ဒါပေမဲ့ မကောင်းဘူးပေါ့ဗျာ၊ ကျွန်တော် တစ်ခါတစ်ခါ စဉ်းစားကြည့်မိတယ်၊ မမသူသာ သူ့ကို လက်ထပ်လိုက်ရင် သူ ဘယ် လောက်များ အာဏာပါဝါတွေ ပြမလဲလို့ "

နေခြည်၏ ရင်ထဲတွင် ကျင်ခနဲဖြစ်သွားသည်။

"အင်း ... ကိုစိုးတစ်ယောက် ခုလို နိုင်ငံခြားအထိ လုပ်ငန်းကျယ်ပြန့်သွားတော့ မေသူကို လက်ထပ်ချင်တဲ့ စိတ်တွေ အရင်ကထက် အဆတစ်သိန်းလောက် ပိုပြင်းထန်သွားတော့မှာ ပဲ၊ သူ လွယ်လွယ်နဲ့ တော့ မေသူကို လက်လွှတ်ခံမှာ မဟုတ်ဘူး ၊ ဒီပွဲမှာ မေသူပဲ ကြံ့ကြံ့ခံနိုင်မလား၊ ကိုစိုးပဲ နောက်ဆုတ်ပေးရမလား၊ အို ... ရင်မောလိုက်တာ၊ ဒီအကြောင်းကို တွေးမိရင် ငါ့ရင်ထဲမှာ ဆို့ဆို့ သွားတာပဲ၊ ငါလဲ ဘယ်လောက်ကြံ့ကြံ့ခံနိုင်မလဲ"

ရင်ထဲတွင် လှိုက်မောပြီး ချွေးတွေဆို့တက်လာသဖြင့် နေခြည်သည် သူ့ပိုက်ဆံအိတ်ထဲမှ ဆေး ပုလင်းကလေးကို ထုတ်ကာ ဆေးတစ်လုံး ထု

Scanned by CamScanner

တ်သောက်လိုက်ရသည်။

"အင်း ... သူတို့ ပြန်လာမယ့်ရက် သိပြီဆိုတော့ မေသူ ခိုင်းထားတဲ့ အတိုင်းလုပ်ဖို့ ကိစ္စတွေ ငါ့မှာ  ရှိနေတယ်"

"မမနေခြည် အပြင်ထွက်မလို့ လား"

"အေး ... ခဏအပြင်သွားမလို့၊ ဖုန်းလာရင် အရေးမကြီးတာဆိုရင် မင်း မှတ်ထားလိုက်၊ အရေးကြီးတာဆိုရင် ဦးလေးလှကိုပေးလိုက် ကြားလား မောင်ဖေ"

"ဟုတ်ကဲ့ မမနေခြည်"

"ဦးလေးလှ နေခြည် အပြင်ခဏသွားမလို့ နော်"

"အေးအေး ... စိတ်ချသွား"

နေခြည်သည် သူကားသော့ကလေးကို ပိုက်ဆံအိတ်ထဲက ထုတ်ယူရင်း ရုံးခန်းပေါ်မှ ဆင်းခဲ့သည်။

ကမ်းနားဘက်ကို မောင်းခဲ့သည်။

ရင်ထဲတွင်  မွန်းကျပ်ကျပ်ကြီး  ဖြစ်နေသဖြင့်  သုတ်သုတ်ဖြူးဖြူး ကမ်းနားဘက်ဆီမှ  လာသော  လေကို  တစ်ဝကြီး  ရှူရှိုက်နေပြီးမှ  လေယာဉ်ရုံးဆီသို့ ဆက်သွယ်ခဲ့သည်။

ကြိုတင် စီစဉ်ထားသည့် နေ့ရက်အတွက် လေယာဉ်လက်မှတ် တစ်နေရာစာကိုယူပြီးနောက် နေခြည်သည် ဘဏ်သို့ဝင်ကာ မေသူမိုးလွင်အတွက် ငွေအချို့ကို ထုတ်ယူထားလိုက်သည်။

"မေသူမိုးလွင်ပြန်လာလျှင်  သူ့အတွက်အားလုံး  အဆင်သင့်ဖြစ်နေစေရမည် မဟုတ်ပါလား"

Scanned by CamScanner

***

မေသူမိုးလွင်ခမျာမှာ လည်း ရန်ကုန်သို့ ပြန်လည်ရောက်ချင်စိတ်များ ပြင်းပြနေ၏။

နေစိုးတစ်ယောက်မှာ တော့ သူ မျှော်လင့်ချက်ကြီးစွာ ထားခဲ့သလို မေသူမိုးလွင်ကို ချဉ်းကပ် မရခဲ့သဖြင့် ကျိတ်မနိုင်ခဲမရှိကြီး ဖြစ်နေ၏။

နှစ်ယောက်သား ဘုနှင့်ဘောက် ပြောမိကြကာ တကျက်ကျက်ရန်ဖြစ်ရင်း လာရင်းကိစ္စတွေ ပြီးမြောက်၍ ရန်ကုန်သို့ပြန်ရန် ရက်သို့ပင် ရောက်ခဲ့ပြီဖြစ်သည် ။

မေသူမိုးလွင်၏ အိမ်ဂျယ်အလုကုန်လုပ်ငန်းနှင့် ဖက်စပ်လုပ်ကိုင်မည့် ရှိုးအလုကုန်လုပ်ငန်း ပိုင်ရှင် မစ္စတာဆွန်းကိုယ်တိုင်ပင် သူမန်နေဂျာ မစ္စတာဟူးနှင့်အတူ မေသူမိုးလွင်တို့ နှစ်ယောက်ကို လေဆိပ်သို့ လိုက်လံပို့ဆောင်ပေးကာ နှုတ်ဆက်ကြသည် ။

လေယာဉ်ထွက်ခါနီးတွင် မစ္စတာဟူးက မေသူမိုးလွင်၏ လက်ထဲသို့ စာအိတ်ကလေးတစ် အိတ် ထည့်ပေးလိုက်သည် ကို အကင်းပါးသော နေစိုးက တွေ့မြင်လိုက်သည် ။

သူ့ရင်ထဲတွင် မနာလိုခံခက်ကြီး ဖြစ်သွားရသည် ။

လေယာဉ်ပေါ်ရောက်သည် နှင့် တစ်ပြိုင်နက် မေသူမိုးလွင်သည် မစ္စတာဟူး၏ စာအိတ် ကလေးကို ဖောက်ဖတ်ကြည့်လိုက်သည် ။

"မစ် မေသူမိုးလွင်"

မြတ်နိုးခြင်းများ စွာဖြင့် ကျွန်ုပ် ဤစာကိုရေးလိုက်ပါသည် ။ မစ်မေ

Scanned by CamScanner

သူမိုးလွင်ကို မြင်မြင်ချင်းပဲ ကျွန်ုပ်လွန်စွာ မြတ်နိုးခဲ့ပါသည် ။ မစ်မေသူ မိုးလွင် သဘောတူ ကြည်ဖြူနိုင်ပါမည်ဆိုလျှင် ကျွန်ုပ် မစ်မေသူမိုးလွင်ကို အမြန်ဆုံးလက်ထပ်ချင်ပါသည် ။ မျှော်လင့်ချက်ကြီးစွာဖြင့် ကျွန်ုပ် ဤစာကို ရေး လိုက်ခြင်းဖြစ်ပါသည် ။ မစ်မေသူမိုးလွင်ထံမှ အဖြေကို ကျွန်ုပ်မျှော်လင့်စောင့်တနေပါသည် ။

သင့်အားမြတ်နိုးသူ

ဟူး

"ဩော် ... ဟူးရယ်၊ မေသူ သိပ်စိတ်မကောင်းပါဘူးရှင် မေသူမှာ မြတ်နိုးတွယ်တာရမယ့်သူ ရှိနေနှင့် ပါတယ်၊ ဟူးအတွက် သင့်တော်မယ့် မိန်းကလေးအမြန်ဆုံးတွေ့လာနိုင်ပါစေရှင် ... "

"ဘာစာလဲ"

နေစိုး၏ အသံက ခပ်ပြတ်ပြတ်။

"အလုပ်အကြောင်းမဟုတ်ရင် ရှင်သိဖို့ လိုမယ်မထင်ဘူး ကိုစိုး"

"မေသူ မပြောလဲ ကိုယ်သိပါတယ်၊ ဒီမောင်က ရည်းစားစာ ပေးလိုက်တာ"

"သိရင်လဲ အညောင်းခံပြီး မေးနေရသေးသလားလို့ "

နေစိုးမျက်နှာ မည်းခနဲဖြစ်သွားသည် ။

"ဒီမောင်က လွန်တာပေါ့၊ ခုမြင်ခုတွေ့ ခုချက်ချင်းပဲ ရည်းစားစာ ပေးရတယ်လို့ "

"သူမြတ်နိုးတာကို ကလေးကချေဆန်ဆန်မပြောဘဲ လူကြီးလူကောင်းပီသစွာဖြင့် ဖွင့်ဟတာ ပါ"

Scanned by CamScanner

"မေသူက သူ့ကို အမှမ်းတင်နေတာလား"

မေသူမိုးလွင်၏ မျက်နှာကလေးကို စေ့စေ့ကြည့်ရင်း နေစိုးက မေး လိုက်သည်။

"သူဟာ အမှမ်းတင်သင့်တဲ့ လူပဲ လို့"

နေစိုး ရှူးခနဲ ဒေါပွသွားသည်။

"မေသူ သူ့ကို လက်ခံမယ်ပေါ့ ဟုတ်လား"

သူက ခပ်ဆတ်ဆတ် မေးလိုက်သည်။

"အို ... အမှမ်းတင်တာနဲ့ လက်ခံတာနဲ့ တခြားစီပဲ"

နေစိုးမျက်နှာပေါ်တွင် တင်းမာနေမှုများ လျော့ကျသွားသည်။

"မင်းသဘောထားက သိပ်သိရခက်ပါလား"

"အချိန်တန်တော့ ဘယ်လိုသဘောထား ဘယ်သူ့အပေါ် ဘယ်လိုရှိ တယ်ဆိုတာ အားလုံးသိ ကြမှာ ပဲ"

မေသူမိုးလွင်က အရှေ့ထိုင်ခုံနောက်ကျောဘက်မှ သတင်းစာတစ် စောင်ကိုဆွဲယူပြီး ဖတ်နေ လိုက်သည်။

သည် ခရီးတစ်ခုလုံးတွင် ရန်ကုန်လေဆိပ်သို့ ပြန်ရောက်ကြသည် အထိ မေသူမိုးလွင်နှင့် နေစိုး တို့ စကားမပြောကြတော့ပေ။

လေဆိပ်တွင် နေခြည်လာရောက် ကြိုဆို စောင့်ဆိုင်းနေသည် ကို တွေ့ကြရသည်။

"ကြည့်စမ်း ... ဆယ်ရက်လောက်ပဲ မတွေ့ရတာ နေခြည် သိပ်ပိန်သွားသလိုပဲ"

Book Sharing
Scanned by CamScanner

နေခြည်၏ ပခုံးကိုဖက်ပြီး မေသူမိုးလွင်က စေ့စေ့စပ်စပ်ကြည့်ကာ ပြောလိုက်သည်။

"ထင်လို့ ပါ ... မေသူကတော့ နည်းနည်းပိုပြည့်လာသလိုပဲ"

"ဟုတ်မယ် ဒါနဲ့ အလုပ်သမားတွေကော၊ ရုံးကလူတွေကော နေကောင်းကြရဲ့ လားဟင်"

"အားလုံးကောင်းတယ်၊ မနေ့ကတော့ အလုပ်သမားတွေ အားလုံးကို ကြီးတင်က နန်းကြီး သုပ်နဲ့ ဟင်းခါး ချက်ကျွေးတယ်လေ"

"ကောင်းတာပေါ့ မေသူလဲ အားလုံးအတွက် လက်ဆောင်တွေဝယ်ခဲ့တယ်၊ နေခြည်အတွက် တော့ စပါယ်ရှယ်ပေါ့"

"နင့်အတွက် ငါလဲ ဝယ်ခဲ့ပါတယ်ဟ"

"ဘာတွေလဲ"

"ဘောလ်ပင်တစ်ချောင်း"

"အောင်မယ်လေး ဘာဖြစ်လို့ ဒီလောက် များများ စားစားကြီး ဝယ်ခဲ့ရတာလဲ အားနာလိုက် တာ ကိုစိုးရယ်"

နေစိုးက ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်နှိုက်ပြီး တဟင်းဟင်းသွားစေ့၍ ရယ်လိုက်သည်။

ပစ္စည်းများ ရွေးယူပြီး လေဆိပ်ထဲမှ ထွက်လာကြသည့်အခါတွင်တော့ နေစိုးသည် လမ်းခွဲ ထွက်သွားသည်။

"မနက်ဖြန်ကျတော့မှ ပဲ ရုံးမှာ ဆုံကြမယ်"

"ကောင်းပြီ ကိုစိုး"

ယာဉ်မောင်းကြီးဦးစံက ပစ္စည်းများကို ကားပေါ်သို့ တင်လိုက်သည်

Scanned by CamScanner

။

"ပြီးပြီကလေးတို့ "

"လာနေခြည်"

နေခြည်နှင့် မေသူမိုးလွင်တို့ ကားနောက်ခန်းထဲတွင် ယှဉ်တွဲ၍ ထိုင်လိုက်ကြသည် ။

"အလုပ် အဆင်ပြေတဲ့ အတွက် အားလုံး သိပ်ဝမ်းသာနေကြတယ် မေသူ ... "

"မေသူလဲ အများ အတွက် အကျိုးဖြစ်မယ့် ကိစ္စမို့ သိပ်ဝမ်းသာရပါတယ်၊ ဒါပေမဲ့ မေသူ့ အတွက်တော့ စိတ်မကောင်းစရာ ဖြစ်ခဲ့ရတယ်"

"ဟင် ... ဘာ ... ဘာဖြစ်လာလို့ လဲဟင်"

နေခြည်သည် စိုးရိမ်ထိတ်လန့်စွာ မေသူ၏ မျက်နှာကို ကြည့်ပြီး မေးလိုက်သည် ။

"မစ္စတာဟူးပေါ့ကွယ် ... လေယာဉ်ပေါ်တက်ခါနီး စာတစ်စောင်ပေးသွားသည်၊ မေသူ့ကို လက်ထပ်ချင်လို့ တဲ့ ကွာ"

"ဒီကိုလာကတည်းက မေသူ့ကို သူ စိတ်ဝင်စားနေတယ်ဆိုတာ နေခြည် အကဲခတ်မိပါတယ် ... အဲဒီတော့ ... "

"မဖြစ်နိုင်ဘူးကွယ် ... မေသူမှာ ရည်ရွယ်ပြီးသူ ရှိပြီးသားပါ ... ဒီကြားထဲ ကိုနေစိုးကလဲ တမျှော်မျှော်၊ ခရီးသွားရတာ သိပ် အနှောင့်အယှက် ဖြစ်ရတာပဲ၊ တော်ပြီ နောက်ဆိုရင် တစ်ယောက် တည်းသွားရင်သွားမယ်၊ သူနဲ့ တော့ မသွားတော့ဘူး"

"မစ္စတာဟူးကိစ္စ ကိုစိုးသိလား"

Scanned by CamScanner

"သိတယ် ဟိုကစာပေးတာ သူ မြင်တယ်လေ"

"ဘာပြောလဲ"

"သူ့အကြောင်း နေခြည်သိသားပဲကွာ ... အလကား လိုက်ပြီး လူကို အူတိုနေတာ"

"သူလဲ မေသူကို ချစ်တာကိုး"

"တော်စမ်းပါကွာ၊ မေသူ့ထက် မေသူရဲ့ လုပ်ငန်းကို ချစ်တာပါ၊ ခုလို ပိုကျယ်ပြန့် လာလေလေ သူမနေနိုင်မထိုင်နိုင် ဖြစ်လေလေပဲ၊ ဒါအသာ ထားပါဦး၊ မေသူ ခိုင်းတာတွေ အားလုံး အဆင်ပြေရဲ့ လားဟင် ... မေ သူ့ရင်ထဲမှာ တစ်နေ့မှ မအေးဘူး"

"အဆင်ပြေပါတယ်၊ စာလဲမေသူပြောသလို ထည့်နိုင်းလိုက်ပါတယ်၊ ခုလဲ မေသူ သွားချင်တဲ့ နေ့သွားဖို့ လေယာဉ်လက်မှတ်တို့ ငွေတို့ အား လုံးအဆင်သင့် ဖြစ်နေပြီ ..."

"ဒါကြောင့် နေခြည်ကို ချစ်ရတာ"

မေသူမိုးလွင်က နေခြည်၏ ပါးကလေးကို မနာအောင် ဆွဲလိမ်လိုက် သည် ။

ဘောင်ဒရီလမ်းရှိ မေသူမိုးလွင်၏ နေအိမ်သို့ရောက်ကြသည့်အခါတွ င် တော့၊ မေသူမိုးလွင် သည် ၊ အလုပ်သမား အသီးသီးအတွက် လက် ဆောင်ပစ္စည်းများကို စာရင်းနှင့်တကွ နေခြည့်လက်သို့ အပ်လိုက်သည် ။

"ဟောဒါကတော့ နေခြည်အတွက် ထုတ်ကြည့်စမ်း ... ထုတ်ကြည့်စ မ်း ..."

Scanned by CamScanner

"ဟယ် လယ်သာဆလင်းဘက်ကလေးက လှလိုက်တာ၊ အို ဒီ လေဒီ ရှူးကလေးရော၊ ဒါ ကကော ... အဲတော့ အင်္ကျီစတွေ"

"ဝမ်းဆက်စာနော်၊ နေခြည်နဲ့ မေသူအတွက် ဆင်တူတွေ ဝယ်လာ တာ"

"မေသူရယ် ... များ လိုက်တာ၊ အားနာတယ်"

"အောင်မယ် ... ညီအစ်မလို နေတာ၊ အားနာတဲ့ စကား နောက်တစ် ခါပြောရင် သိမယ်၊ ကြီး တင်ကကော ဝယ်လာတာတွေ ကြိုက်ရဲ့ လား"

"ကြိုက်ပါ့တော်"

အင်ဒိုနီးရှားပါတိတ်ကြီးကို ကိုယ်တွင် တကပ်ကပ်နှင့် ကြီးတင်သ ည် သဘောကျမဆုံး ဖြစ် နေ၏။

ကြီးတင် သူ့ပစ္စည်း သူသိမ်းရန် ထွက်ခွာသွားသည့်အခါတွင် တော့ နေခြည်သည် သူ့စလင်း ဘက်အိတ်ကြီးထဲမှ လေယာဉ်လက်မှတ်နှင့် ငွေစက္ကူတစ်ထပ်ကို မေသူမိုးလွင်အားပေးလိုက်သည် ။

မေသူမိုးလွင်က ကပျာကယာယူပြီး သူ့ခုတင်အောက်တွင် ထိုးထား လိုက်သည် ။

"မေသူ စဉ်းစဉ်းစားစား လုပ်နေတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့ လဲ"

"နေခြည် မေသူ့အတွက် စိုးရိမ်လို့ မေးကြည့်တာပါ"

"မစိုးရိမ်ပါနဲ့ နေခြည်ရယ်၊ မေသူ အကောင်းအဆိုး ခွဲခြားပြီး သိပါ တယ်၊ မေသူ သွားနေတုန်း လုပ်ငန်းကိစ္စအဝဝကို နေခြည်ကိုလွှဲခဲ့တယ် သိလား၊ မစ္စတာဘွန်းတို့ ဆွန်းတို့ က နောက်လကုန် လောက်မှ ရန်ကုန်

Scanned by CamScanner

ကို လာကြမှာ ဆိုတော့ ဒီကြားထဲ သူတို့ နဲ့ ဆက်သွယ်ဖို့ ကိစ္စရှိမယ်မထင်ဘူး၊ မေသူ လေ နေခြည်ဆီကို တစ်ပတ်တစ်ခါ ဖုန်းဆက်မယ် သိလား၊ တစ်ခုတော့သတိကောင်းကောင်း ထားပါ၊ မေသူ သွားတဲ့ နေရာ၊ လုပ်နေတဲ့ ကိစ္စမှန်သမျှကို ကိုစိုးလုံးဝမသိပါစေနဲ့ နော်"

"စိတ်ချပါ"

မေသူမိုးလွင်၏ မျက်နှာကလေးသည် ပြုံးရွှင်ကြည်လင်၍ နေ၏။

ထိုနေ့ညနေစာကို နေခြည်သည် မေသူမိုးလွင်တို့ အိမ်တွင် စားသောက်ပြီးမှ အဆောင်သို့ပြန်ခဲ့ သည်။

*****

Book Sharing

Scanned by CamScanner

နှစ်ဆယ့်ကိုး။

မေသူမိုးလွင်သည် သူ မရှိသည် အချိန်အတွင်း လုပ်ငန်းခွင်နှင့်ပတ်သက်၍ လုပ်ကိုင်ရမည့်ကိစ္စ မှန်သမျှတို့ ကို တာဝန်ခွဲဝေ၍ လုပ်ကြရန် စာရွက်တစ်ရွက်ပေါ်တွင် ရေးသားပြီး နေခြည် နာမည် လိပ်စာတပ်၍ သူ့မှန်တင်ခုံပေါ်တွင် တင်ထားလိုက်သည် ။

ထို့နောက်တွင် တော့ နိုင်ငံခြားမှ ဝယ်ခြမ်းလာသောပစ္စည်းများကို သိမ်းဆည်းပြီး သူ့ခုတင် အောက်မှ ကျောပိုးအိတ်ကလေးကို ထုတ်ယူကာ အဝတ်အစားသုံးလေးစုံနှင့် လေယာဉ်လက်မှတ်၊ ငွေစက္ကူများ ၊ စက္ကူလှလှကလေးဖြင့် ထုပ်ထားသည့် အထုပ်တစ်ခုနှင့် အခြား အသုံးအဆောင်ပစ္စည်း များကို ထည့်သိုထားလိုက်သည် ။

သည် ညအဖို့ တော့ စား၍ လည်း မဝင်တော့ပါ။

အိပ်၍ လည်း မပျော်နိုင်တော့ပါ။

ဆက်နိုင်မော်ကို ပြေး၍ တွေ့လိုက်ချင်စိတ်များက သူ့ကို မတရားစိုးမိုးလွှမ်းနေ၏။

"ကိုကိုရယ် ... မေသူနဲ့ ကိုကိုနဲ့ ပြေပြေလည်လည် ဖြစ်ချင်ပါတယ်၊ မြင်းကမလှုပ် ခုံကလှုပ် ဆိုတာမျိုးလိုတော့ ဖြစ်နေပါပြီ မတတ်နိုင်ဘူး ကိုကို၊ မေသူစိတ်ထဲမှာ ခံစားနေရတာတွေကို မေသူ ထိန်ဝှက်မထားတတ်ဘူး၊ ကိုကိုနဲ့ ပတ်သက်လာရင် မေသူမှာ ဆင်ခြင်တုံတရား လုံးဝမရှိနိ

Scanned by CamScanner

င်အောင် ဖြစ်နေပြီ ကိုကိုရယ်၊ ထောင်ချောက်ထဲ အတင်းတိုးဝင်ချင်တဲ့ သားကောင်တစ်ကောင်လိုပါပဲ"

"မေသူ"

"ရှင်"

"ဘာမှ လဲ ဟုတ်တိပတ်တိမစားဘူး၊ မအိပ်ခင် နွားနို့ပူပူလေးတစ်ခွက်လောက်တော့ သောက် လိုက်ပါကွယ်"

မသောက်မချင်း နားအေးမည်မဟုတ်သဖြင့် မေသူမိုးလွင်သည် ကြီးတင်ယူလာသော နွားနို့ ပူပူတစ်ခွက်ကို သောက်လိုက်ရသည် ။

တယ်လီဖုန်းဘဲလ်သံက ဆက်တိုက်မြည်နေသည် ။

ဖုန်းကိုကိုင်သည် ။ ထူးသည် ကိုလည်း မကြားရ။

ကြီးတင်သည် လက်ထဲက အလုပန်းအိုးကလေးကို စားပွဲပေါ်အသာပြန်ချခဲ့ပြီး မေသူမိုးလွင် ၏ အိပ်ခန်းဆီသို့ လျှောက်ခဲ့သည် ။

"ကလေးမလေး အိပ်မောကျနေတယ်ထင်ပ"

စေ့ထားသောတံခါးကို တွန်းဖွင့်လိုက်သည့်အခါတွင် တော့ တွန့်ကြေနေသောအိပ်ရာကို လှမ်း တွေ့ရသည် ။

"အပေါ့အလေးတက်နေတယ် ထင်ပါရဲ့ "

သူ့အတွေးနှင့်သူ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ပြီး ထူးရင်း ရေချိုးခန်းနှင့် အိမ်သာတွဲလျက် အခန်းဆီသို့ ကြည့်လိုက်မိသည် ။

အခန်းတံခါးသည် ဟင်းလင်းပွင့်နေ၏။

Scanned by CamScanner

"ဟင် .... မေသူ ဘယ်များ ထွက်သွားတာပါလိမ့်၊ ဟလို ... ဟလို ... ဪ ... မောင်စိုး လား၊ သူ အိပ်ခန်းထဲမှာ ရှိမနေဘူးကွယ့်၊ ဟင့်အင်း ဘယ်ထွက်သွားလဲမသိဘူး၊ အဲ ... ဟုတ်တယ် သူက ဇရှိတယ်၊ နေဦး နေဦး ဟိုဟိုသည် သည် ရှာကြည့်လိုက်ဦးမယ်"

စကားပြောခွက်ကိုချပြီး ခုတင်နံဘေး စားပွဲပေါ်နှင့် မှန်တင်ခုံပေါ်တွင် ရှာဖွေကြည့်သည့်အခါ တွင် တော့ ပေါင်ဒါဘူးဖြင့် ဖြန့်၍ ဖိထားသော စာတစ်စောင်ကို တွေ့ရှိလိုက်ရသည်။

ကြီးတင်သည် ထိတ်ပျာစွာဖြင့် စာကို ဖတ်ကြည့်လိုက်သည်။

ကြီးတင်

မေသူကိစ္စရှိလို့ ခရီးထွက်သွားတယ်။ ရှာဖို့ မကြိုးစားပါနဲ့။ ပြန်ချိန်တန်တော့ ပြန်လာပါ့ မယ်။ စိုးရိမ်စရာ လုံးဝမရှိပါဘူး။ ဘာမှ စိတ်ပူမနေပါနဲ့။ နေခြည်အတွက် ထားခဲ့တဲ့ စာကို ဦးလေးစံနဲ့ ရုံးကိုပို့ပေးလိုက်ပါ။

တူမ

မေသူမိုးလွင်

"ဒီဟာမလေး လုပ်ပြန်ပြီ ဒုက္ခပါပဲ"

ကြီးတင်သည် စိတ်ပျက်လက်ပျက် ညည်းညူရင်း တယ်လီဖုန်းဆီသို့ ပြန်လာကာ နေစိုးအား အကျိုးအကြောင်းပြော၍ စာကိုဖတ်ပြလိုက်သည်။

တစ်ဘက်က နေစိုး ရှူးရှူးရှားရှား ဖြစ်သွားသည်။

"ဒီ မေသူတစ်ယောက်တော့ ခက်တာပဲ၊ သူ့ကိုယ်သူ ယောကျ်ားလေး

Scanned by CamScanner

များ မှတ်နေသလား မသိဘူး၊ တောက် ... ဒီကိစ္စ နေခြည်သိမှာ ပဲ"

"ဟုတ်ပဲ့မလား၊ ဒီမှာ လဲ နေခြည်အတွက် စာတစ်စောင်ထားခဲ့တယ်"

"ဒါ လူကြားကောင်းအောင် လုပ်ခဲ့တာနေမှာ ပါ၊ နေခြည့်အကူအညီ မပါရင် ရန်ကုန်မြို့ထဲ တောင် သူနဲ့အောင်မလည်နိုင်ဘူးဆိုတာ ကျွန်တော်သိတယ်"

"မောင်စိုးရယ် နေခြည်ကလေးကိုလဲ အရမ်းဖိုဖက်ဟိန်းဟောက်မနေပါနဲ့ ၊ ကလေးမလေးက လဲ ချည့်နဲ့ နဲ့ ရယ်၊ မေသူက တစ်ဖောက်ကန်းမလေးကွယ်၊ သူ့ထင်တာ ဖွတ်လုပ်တတ်တာ၊ ဟို ငယ်ငယ်ကလေးတည်းက သူ့ကို အူဝဲဆိုကတည်းက ကြီးတင်က ထိန်းလာရတာဆိုတော့ သူ့ အကြောင်း တော့ ကောင်းကောင်း ကြီး သိနေတယ်"

"ဖုန်းချလိုက်တော့ ကြီးတင် ကျွန်တော်ရုံးပဲ လိုက်သွားတော့မယ်၊ ဦးလေးစံနဲ့ နေခြည် အတွက် ရေးခဲ့တဲ့ စာကို ချက်ချင်းပို့လိုက်ပါ"

"အေးအေး ... "

နေစိုးသည် အင်္ကျီချိတ်တွင် ချိတ်ဆွဲထားသော ဂျာကင်အင်္ကျီကို ဆွဲဖြုတ်၍ အလျှင်အမြန် ဝတ်လိုက်ပြီး ဆိုက်ကယ်စီး ဦးထုပ်ကိုယူကာ ကိုဒေါင်ဆီသို့ ပြေးဆင်းခဲ့သည် ။

ထို့နောက်တွင် တော့ သူ့ဟွန်ဒါကလေးကို မဟာ:တရားမောင်းနှင်ကာ ရုံးခန်းရှိရာသို့ ထွက်ခဲ့ တော့သည် ။

"မေသူ မူမမှန်နေတာကြာပြီ သူ ဒီလောက်ခါးခါးသီးသီး ငါ့အပေါ်ဖြစ်နေတာ သူတစ် ယောက်ယောက်ကို တွေ့နေလို့ ပဲဖြစ်မယ်၊ အဟင်း တွေ့ကြသေးတာပေါ့ကွာ၊ ဘာကောင်ပဲဖြစ်ဖြစ် မေသူ့ကိုတော့ တစ်သ

Scanned by CamScanner

က်မရစေရဘူး မေသူငါကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်စေရဘူး"

ကြိမ်းဝါးခြင်းတွေ အပြည့်ဖြင့် ဆိုက်ကယ်ကို မဟားတရားမောင်းခဲ့ရာက ကံကောင်းထောက် မ၍ ဘေးမသီရန်မခဘဲ ဘားလမ်းရုံးခန်းရှိရာသို့ ရောက်ရှိခဲ့သည် ။

နေခြည်၏ ကားကလေး ရုံးခန်းရှေ့တွင် ထိုးထားသည် ကို နေစိုး တွေ့ရှိလိုက်ရသည် ။

"အတော်ပဲ နေခြည်ရောက်နေပြီ ဒီဟာမလေးပဲ အခါတော်ပေး ဦးပုညပဲဖြစ်ရမယ်၊ မေသူ ခုလို ပျောက်ပျောက်သွားတာ သူ့အကူအညီလုံးဝပါလို့ သာဖြစ်မယ် နင် ဘယ်လောက်နှုတ်လုံနိုင်မလဲ နေခြည်ရာ၊ ကြည့်ကြသေးတာပေါ့၊ နေစိုးတဲ့ တစ်စိုးထဲရှိတယ်၊ ဟေ ... ကဲ"

ခေါင်းကဦးထုပ်ကိုချွတ်၍ ပိုက်ကာ လှေကားထစ်များ ပေါ်သို့ ပြေးတက်ခဲ့သည် ။

နေခြည်သည် သူ့စားပွဲကို ဖုန်သုတ်နေရာမှ နောက်သို့လှည့်ကြည့်လိုက်သည့်တွင် နေစိုး၏ မှုန် ကုပ်နေသော မျက်နှာကြီးကို တွေ့လိုက်ရသည် ။

"ဟယ် ... ကိုစိုး ဘာဖြစ်လာတာလဲဟင်"

"ငါ ဘာဖြစ်လာတယ်ဆိုတာ နင်သိပါတယ် နေခြည်ရာ အူတူတူလုပ်ပြမနေစမ်းပါနဲ့ "

နေစိုး၏ မျက်နှာသည် မဲ့မဲ့ရွဲ့ရွဲ့ ဖြစ်နေ၏။

"ရော ... ခက်နေပါပြီ၊ ကိုစိုးဘာဖြစ်လာတယ်ဆိုတာ ကိုစိုးပဲသိမှာပေါ့၊ နေခြည်က ဘယ်လို သိနိုင်မှာ လဲ"

Book Sharing

Scanned by CamScanner

နေခြည်သည် ဟန်ကိုယ့်ဖို့ အနေအထားဖြင့် မျက်နှာထားတည်တည် ကြည်ကြည်ကလေးဖြင့် ပြောလိုက်သည်။

နေစိုးလည်း သူ့အမူအရာကိုကြည့်ပြီး ခပ်တွေတွေဖြစ်သွားသည်။

"ဟိုဟာမလေး လစ်သွားပြန်ပြီ"

"ဘယ်သူလဲ"

"ဘယ်သူကမှာ လဲ မေသူမိုးလွင်ပေါ့"

"ဟုတ်သား ကိုစိုးကို ဘယ်သူပြောလဲ"

"ဒီမနက်ငါဖုန်းဆက်တော့ သူမရှိဘူး၊ ကြီးတင်လဲ ငါဖုန်းဆက်မှ သူမရှိတာသိသွားတယ်"

"ဟုတ်တယ်"

"ဒီမှာ နေခြည် မိန်းကလေးတစ်ယောက်တည်း ဒီလိုစိတ်ရှိတိုင်း ထွက်ချင်ရာထွက်သွားနေ တာ၊ ကောင်းတယ်ထင်သလား"

"အို သူ့စိတ်နဲ့ သူ့ကိုယ် သူလုပ်ချင်ရာ လုပ်သွားတာနေခြည် ဘာတတ်နိုင်မှာ လဲ ကိုစိုးရဲ့၊ သူကနေခြည်ကို တိုင်ပင်သွားတာမှ မဟုတ်ဘဲနဲ့ "

"မေသူ ဒီလောက်သတ္တိမရှိပါဘူး၊ စိစဉ်ပေးတဲ့ လူ ရှိကိုးရှိနေရမယ်၊ အဲဒီလူကလဲနင်ပဲလို့ ငါ တပ်အပ်ထင်တယ်"

"စွပ်စွပ်စွဲစွဲကြီးကြီးပါလား၊ ဘယ်လိုကြီးလဲ"

"ငါနင့်ကို မယုံဘူး"

"မယုံလဲ မတတ်နိုင်ဘူး ကိုစိုးရေ၊ ရှင် ထင်ချင်သလိုထင်၊ သူ့ကိစ္စမှ နေခြည်လုံးဝ ဘာမှ မသိ မှ မသိတာ"

Scanned by CamScanner

နေခြည်သည် ဆောင့်ဆောင့်အောင့်အောင့် သူ့ ကုလားထိုင်တွင် ထိုင်ချလိုက်သည် ။

နေစိုးကတော့ သုန်မှုန်နေသော မျက်နှာဖြင့် ရုံးခန်းထဲတွင် ဂဏှာမငြိမ်သည် ကဲ့သို့ လျှောက် နေ၏။

ထိုစဉ်မှာ ပဲ နေခြည်အတွက် ရေးသားထားခဲ့သော စာကိုယူကာ ရုံးခန်းထဲသို့ ဦးစံရောက်ရှိ လာသည် ။

နေခြည်သည် စာကို ချက်ချင်း ဖောက်ဖတ်လိုက်သည် ။

နေစိုးလည်း သူ့ကုလားထိုင် နောက်ကျောဘက်ဆီသို့ ရုတ်ခြည်းရောက်ရှိလာကာ စာကိုလိုက် ဖတ်လိုက်သည် ။

"တောက် ... ညွှန်ကြားသွားလိုက်တာ ညွှန့်နေတာပဲ၊ ဒီက လူတွေ စိတ်အေးရအောင် ဘယ် သွားတယ် ဘယ်လာတယ်ဆိုတာ နည်းနည်းကလေးမှ တောင် ရေးမသွားဘူး၊ ဘာတွေများ ဒီလောက် လျှို့ဝှက်စရာ ရှိနေတယ် မသိဘူး၊ လုပ်ပုံကဟုတ်ကို မဟုတ်ဘူး "

"အေးကွယ် ... ဒီကလေးမလုပ်ပုံကတော့ မဟုတ်တာအမှန်ပဲ အကောင်းပျောက်မှန်းမသိ အဆိုးပျောက်မှန်းမသိနဲ့ ကျုပ်တို့ လဲ စိတ်ပူရတာပါပဲ"

ယာဉ်မောင်းကြီး ဦးစံက ပြောလိုက်သည် ။

ရုံးလုလင် မောင်ဖေလေးကတော့ မျက်နှာကြီး ပုပ်သိုးကာ နေမထိထိုင်မထိ ဖြစ်နေသော နေစိုးကိုကြည့်ပြီး ကျိတ်ဝမ်းသာနေ၏။

နေစိုးသည် တစ်နေကုန် အပြင်ထွက်သွားလိုက်၊ ရုံးပြန်လာလိုက်နှင့် မျက်နှာကြီးကလည်း ရှာတော့မည့်မိုးကဲ့သို့ ဖြစ်နေ၏။

Scanned by CamScanner

နေခြည်သည် မသိမသာ သူ့ကို မျက်လုံးကလေး လှန်၍ လှန်၍ ခိုးကြည့်ရင်း ရင်မောရ၍ နေမ ၏။

ရင်နာ၍ လည်း နေမိ၏။

စစ်မှန်တဲ့ မေတ္တာဆိုတာ ရောင်ပြန်ဟပ်သတဲ့၊ နေခြည်ဟာ ကိုစိုးကို မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်မြတ်နိုးနေမိတဲ့ သူပါ။ ဘယ်တော့များမှ ကိုစိုးရဲ့ မေတ္တာ ရောင်ပြန်ဟပ်ပါ့မလဲလို့ လက်ရေတွက်ချိုး နေရသူပါ။

မျက်ဝန်းနှစ်ဖက်တွင် မျက်ရည်ကြည်ကလေးများ ဥတက်လာသဖြင့် နေခြည်သည် ခေါင်းငုံ့ လိုက်ရတော့သည် ။

*****

Scanned by CamScanner

# သုံးဆယ်။

ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား ခရီးစဉ်သို့ ထွက်ခွာလာသော ဂျက်လေယာဉ်ကြီးပေါ်တွင် လှည်းဘီးမျက်မှန်အနက်ကြီးတပ်ဆင်ကာ ဂျင်းဂျာကင်ကို ဝတ်ဆင်ထားသော မိန်းကလေးချောချော လှလှကလေးတစ်ဦး လိုက်ပါလာလျက်ရှိသည်။

သူ့နံဘေးက ထိုင်ခုံသည် လပ်နေ၏။

သို့ဖြစ်၍ အနှောင့်အယှက်ကင်းရှင်းစွာဖြင့် သူသည် လေယာဉ်ထိုင်ခုံတွင် သက်သောင့် သက်သာ အနေအထားတွင် ရှိနေ၏။

"အင်း ... မကြာခင် ကိုကိုနဲ့ တွေ့ရတော့မယ်၊ ကိုကို ငါ့ကို ပြန်တွေ့ရရင် ဘယ်လိုနေမလဲ သိ ချင်လိုက်တာ၊ ကိုကို့ကို ငါ ကျိတ်ပြီးခင်တွယ်မြတ်နိုးနေတာတွေကို ငါ ဘယ်လောက်ကြာကြာ ဖုံးကွယ်ထားနိုင်မလဲ ကိုကိုရယ်၊ မေသူ အချစ်ရူးမကလေးကို မျက်နှာမာကျောကျောကြီးနဲ့ တော့ မကြည့်လိုက်ပါနဲ့ နော်၊ ကိုကို့ရှေ့မှာ မေသူ မငိုပါရစေနဲ့ "

မေသူမိုးလွင်သည် ထိုင်ခုံနောက်မှီတွင် ခေါင်းကလေးကိုမှီကာ မျက်လုံးကလေးများ မှိတ်ထားလိုက်သည်။

ဆက်နိုင်မော်၏ ရှုတည်တည်မျက်နှာကြီးသည် သူ့မြင်ကွင်းထဲတွင် ပေါ်လာသည်။

Scanned by CamScanner

"ချစ်လိုက်ရတာ ကိုကိုရယ်"

မေသူမိုးလွင်၏ နှုတ်ခမ်းလှလှကလေးတွင် ချိုမြိန်သောအပြုံးတွေ ဝေနေ၏။

သို့နှင့်ပင် မိနစ်ငါးဆယ်ကျော်အချိန်ကို ဖြတ်သန်းကာ လေယာဉ်ကြီးသည် ချမ်းမြည့်သာစည် လေဆိပ်သို့ ဆိုက်ရောက်သွားတော့သည်။

သားရေကျောပိုးအိတ်ကလေးတစ်လုံးမှ အပ ဘာတစ်ခုမျှ မပါသော မေသူမိုးလွင်သည် ပစ္စည်းရွေးယူရန် စစ်ဆေးရန် မလိုဘဲ အလျင်အမြန်ပင် လေဆိပ်အပြင်ဘက်သို့ ရောက်လာခဲ့သည်။

လက်ကောက်ဝတ် ဖွေးဖွေးလုံးလုံးကလေးပေါ်မှာ ဝတ်ဆင်ထားသော ငွေရောင်နာရီကလေး ကို တစ်ချက်ကြည့်ပြီး မေသူမိုးလွင် အငှားယာဉ်တစ်စင်းကို ငှားယူလိုက်သည်။

ပြင်ဦးလွင်သို့ အမြန်ဆုံးရောက်ချင်သောဆန္ဒများက ပြင်းထန်နေသဖြင့် တခြားခရီးသည် များ နှင့် စပ်မစီးတော့ဘဲ တစ်ဦးတည်းပဲ ကားတစ်စင်းလုံးငှားကာ တောင်ပေါ်မြို့သို့ တက်ခဲ့သည်။

"ရက္ခမြိုင်မှာ ကိုကိုရှိပါစေ၊ ကိုကို့ကို လွတ်လပ်သူတစ်ဦးအဖြစ်နဲ့ တွေ့ပါရစေ"

ခရီးလမ်းတစ်လျှောက်လုံးတွင် သည် ဆုနှစ်ခုကိုသာ တလည်လည် တောင်းလာမိသည်။

စက္ကန့်နာရီ ရွေ့လျားခြင်းနှင့်အတူ အာသာဆန္ဒ ပြင်းပြသော ခရီးတစ်ခုဆီသို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ခဲ့ရပါပြီ။

မေသူမိုးလွင်သည် ကျောပိုးအိတ်ကလေးကိုလွယ်ကာ ကားပေါ်မှ ခု

Scanned by CamScanner

န်ဆင်းလိုက်သည်။

သူ့အိမ်ကလေး သပ်ရပ်သော ဝင်းရိုးဖြင့် သိပ်လှနေသည်။

သစ်လွင်သော သုတ်ဆေးတို့ ဖြင့် တောက်ပနေသည်။

"ဟယ် ... ကြည့်စမ်း၊ ငါ့အိမ်ကလေးကို ကိုကိုပြုပြင်ထားတာ လှလိုက်တာ၊ ကိုကို ငါ့အပေါ် သံယောဇဉ် ထားရှာသားပဲ"

ကြည်နူးစိတ်တွေ သိမ့်သိမ့်တုန်ပြီး ရုက္ခမြိုင်ကြီးဘက်သို့ ကြည့်မိသည့်အခါတွင် တော့ ...

"ဟင် ... ကိုကိုနဲ့ မိန်းမတစ်ယောက်ပါလား၊ အိမ်ထဲကထွက်လာကြတယ်၊ ကြည့်စမ်း ... ရယ်လို့ မောလို့ ၊ မိန်းမက ချောလဲချော၊ လှလဲလှတယ်၊ ကိုကိုနဲ့ ဆိုရင်လဲ အရွယ်က မတိမ်းမယိမ်း၊ အို ... သူ ... သူက ကိုကိုရဲ့ ... ကိုကိုရဲ့ ... "

ဘယ်ကဘယ်လိုထွက်လာမှန်းမသိသော မျက်ရည်တို့ မေသူမိုးလွင်၏ မျက်ဝန်းနှစ်ဖက်မှ ပိုးပိုးပေါက်ပေါက် ကျလာကုန်ကြ၏။

ဟင့်ခနဲ ရှိုက်သံထွက်ပြီး ချာခနဲ သူတို့ ဘက်သို့ ကျောပေးလိုက်သည်။

လူတစ်ကိုယ်လုံး အားအင်တွေကုန်ခန်းကာ မတ်တပ်ကပင် လဲကျချင်သလိုဖြစ်လာသည်။

ညွတ်ခွေကျလုမတတ်သော ခြေလှမ်းများ ဖြင့် ဝင်းတံခါးကလေးဆီသို့ သွားနေစဉ် ...

"ဟေး ... ဟေး ... မေသူ"

ဝမ်းသာအားရခေါ်လိုက်သော ဆက်နိုင်မော်၏ အသံ။

Scanned by CamScanner

ထို့နောက် တဗုန်းဗုန်းပြေးလာသော ခြေသံများကို ကြားလိုက်ရသည်။

မေသူမိုးလွင် ခြေလှမ်းတန့်သွားသော်လည်း လှည့်မကြည့်ဘဲ နေလိုက်သည်။

"ဟေး ... "

ရုတ်တရက် သူ့ခါး ကျင်ကျင်လေးကို သန်မြန်သော လက်မောင်းကြီးကဖက်ပြီး လေတွင် ပတ်ချာလှည့်ပစ်လိုက်သည်။

"အို ... "

"အဟား ဟား ဟား ဟား ... ကောင်မလေး ပြန်လာတယ် ... ဝမ်းသာလိုက်တာ"

"အို တော်ပါတော့ မူး လာပြီ"

မေသူမိုးလွင် တကယ်လည်း မူးလာသည်။

လေတွင် ဝဲနေသော သူ့ကိုယ်ကလေးကို ဆက်နိုင်မော်က ချပေးလိုက်သည်။

မေသူမိုးလွင်၏ ကိုယ်ကလေး ယိုင်နွဲ့သွားသည်။

"အို ... ဆောရီးပဲ သိပ်မူးသွားသလားဟင်"

မေသူမိုးလွင်၏ မေးဖျားလေးကို မော့ယူကာ စိုးရိမ်ကြီးစွာဖြင့်ကြည့်ရင်း ဆက်နိုင်မော်က မေးလိုက်သည်။

"ရပါတယ် သိပ်မမူးပါဘူး"

မေသူမိုးလွင်က သူ့လက်ကို အသာဖယ်ချရင်း တိုးတိမ်စွာပြောလိုက်ပြီး မျက်လွှာကလေး ချ ထားလိုက်၏။

Scanned by CamScanner

"တို့ သိပ်ဝမ်းသာသွားလို့ ပါကွာ ... ဒီတစ်ခါ အမြဲနေဖို့ ပြန်လာတာ ဟုတ်တယ် မဟုတ်လား ဟင် မေသူ"

"အခြေအနေအရပဲ"

"အို ... ဘာအခြေအနေအရကမှာ လဲ ... မင်း ဒီမှာ ပဲနေရမယ်၊ ဘယ်ကိုမှ ထွက်မသွားရတော့ ဘူး၊ ဟိုမှာ ကြည့်စမ်း မင်းအိမ်ကလေး ဘယ်လောက်လှနေသလဲ၊ ဒီအိမ်ကလေးမှာ ပိုင်ရှင်အမြဲ ရှိနေ သင့်တယ် ... လာ တို့ ပြဦးမယ်၊ မင်း သိပ်အံ့ဩသွားစေရမယ်သိလား"

မေသူမိုးလွင်၏ လက်ကောက်ဝတ်ကလေး တစ်ဖက်ကို ပိုင်စိုးပိုင်နက်ကိုင်ကာ တံခါးဝက လေးကိုဖွင့်၍ ချယ်ရီမြိုင် အိမ်ကလေးဆီသို့ ဆက်နိုင်မော်က ဆွဲခေါ်သွားခဲ့သည် ။

သူ ဆွဲခေါ်ရာနောက်သို့ မေသူမိုးလွင်လည်း ယက်ကန်ယက်ကန်ဖြင့် ပါခဲ့ပေ၏။

ပိတ်ထားသော အိမ်တံခါးမကြီးရှေ့သို့ ရောက်လျှင် ဆက်နိုင်မော်သည် သူ့ခါးကြားမှ သော့ ညိုကြီးကိုဖြုတ်ကာ သော့တစ်ချောင်းကို ရွေးထုတ်၍ ၊ ပိတ်ထားသော သော့ခလောက်ကြီးကို ဖွင့် လိုက်သည် ။

ဟင်းလင်းပွင့်သွားသော တံခါးဝမှ နေ၍ အတွင်းက မြင်ကွင်းကို လင်းထင်းစွာ တွေ့လိုက်ရ သည် ။

ပြုပြင်မွမ်းမံထားသော ဧည့်ခန်းမလှလှထဲရှိ နံရံတွင် သူ၏ ပုံတူပန်းချီကားတစ်ချပ်ကို အံ့အားသင့်စွာ တွေ့ရှိလိုက်ရသည် ။

"ဟို ... ဟို ... မေ ... မေသူ ပုံတူပါလား"

"ဟုတ်တယ်လေ ... "

Scanned by CamScanner

"ဘယ်က ရလာတာလဲ၊ တစ်ခါမှ လဲ ပုံတူ မဆွဲဖူးပါဘူး"

"တို့ ဆွဲထားတာလေ"

"ဟင်"

မေသူမိုးလွင်က ဆက်နိုင်မော်၏ မျက်နှာကို မော့ကြည့်လိုက်သည်။

ဆက်နိုင်မော်၏ စူးရှသော မျက်လုံးအစုံကို မေသူမိုးလွင်၏ မျက်နှာကလေးပေါ်တွင် နက် ရှိုင်းစွာ ကျရောက်နေ၏။

"မေသူ တို့ မေသူမျက်နှာကို ဘယ်လောက် အလွတ်ကျက်မိနေတယ်ဆိုတာ ဒီပုံက သက်သေ ပြနေတယ် ... "

မေသူမိုးလွင်သည် သူ့မျက်လုံးများကို အံ့တု မကြည့်နိုင်တော့သဖြင့် မျက်လွှာကလေး ချသွား ၏။

"မေသူ ... မေသူပျောက်သွားတဲ့ အချိန် အတောအတွင်းမှာ ၊ တို့ အတွက် ပြောင်းလဲမှုတွေ အများကြီး ဖြစ်ခဲ့တယ်သိလား၊ တို့ လေ တို့ ရက္ခမြိုင်ကို ပြန်ရွေးလိုက်ပြီ ... လာ ဒီမှာ ထိုင် တို့ ဖြစ်ပျက် သမျှတွေ ပြောပြမယ် "

လက်ကလေးကို ဆွဲခေါ်လာ၊ ထိုင်ခုံကလေး တစ်ခုတွင် ထိုင်စေလိုက်သည် ။

သူ ကိုယ်တိုင်ကတော့ မေသူမိုးလွင်နှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်ပါသည် ။

"တို့ အတွက် တကယ့်ကိုအံ့သြစရာ အဖြစ်နဲ့ ကြုံတွေ့ခဲ့ရတယ် မေသူ၊ လေးသေးသော်နဲ့ ကျောက်အရောင်းအဝယ် လုပ်ခဲ့တဲ့ လူတစ်ယောက်က လေးလေးသော်ကို တစ်ချိန်က လှည့်စားသွား ပုံရတယ်၊ ဒီလူက ခ

Scanned by CamScanner

နောင်တရပြီး လေးလေးကို လျော်ကြေးသဘောမျိုး ပြန်ပေးလို့ ၊ တို့လေ ငွေနှစ် သိန်းတိတိရခဲ့တယ် တို့ လေ၊ ရက္ခမြိုင်ကို ဦးရုံမိုးဆီက ပြန်ရွေးတယ်၊ ပိုတဲ့ ငွေနဲ့ ပျိုးပင်တွေ ဝယ် တယ်၊ ဂျစ်ကားတစ်စီး ဝယ်တယ် ၊ ရက္ခမြိုင်အိမ်ကြီးနဲ့ ဟောဒီ ချယ်ရီမြိုင်ကို ပြင်တယ် ... မေသူ ဝမ်းမသာဘူးလားဟင် ..."

"ဝမ်း ... ဝမ်းသာပါတယ် ... ဒါပေမဲ့၊ ဒီချယ်ရီမြိုင်ကို ဘာဖြစ်လို့ ပြင်ရတာလဲကိုဟင် ... အစ်ကို့ ပိုက်ဆံတွေ အပိုကုန်တာပေါ့ "

"ကုန်တော့ ဘာဖြစ်သလဲ၊ တို့ က မေသူ့အိမ်ကလေးကို ဒီထက်ကောင်းအောင် ပြုပြင်ပေးချင် နေတာ ... သိလား"

သူ့စကားအဆုံးတွင် ဆက်နိုင်မော်သည် ကြမ်းပေါ်တွင် ဒူးထောက်လိုက်ပြီး၊ စားပွဲကိုကျော်၍ မေသူမိုးလွင်၏ လက်ကလေးနှစ်ဖက်ကို ဆွဲယူ ဆုပ်ကိုင်ထားလိုက်သည် ။

"မင်းလေးကို တို့ သံယောဇဉ် သိပ်တွယ်နေပြီကွာ"

မေသူမိုးလွင်သည် လက်ကို ပြန်မရုပ်သိမ်းဘဲ ပုစွန်ဆိတ်ကလေးလို ရင်တွေက ဖတ်ဖတ် ခုန် နေ၏။

မျက်လွှာကလေးကိုသာ တွင် တွင် ချထားနေသည် ။

"မင်းလေးကိုလေ တို့ မျက်စိအောက်က အပျောက်ကိုမခံနိုင်တော့ဘူး သိလား ... ဘာ အကြောင်းပဲရှိရှိ မင်း ဒီချယ်ရီမြိုင်ကနေ ဘယ်မှ မသွားရဘူး ... မင်းမှာ ရှိတဲ့ ပြဿနာမှန်သမျှ တို့ နဲ့ မင်း လက်တွဲပြီး အတူ ဖြေရှင်းမယ်နော်"

"စဉ်းစဉ်းစားစားပြောပါ မေသူ့အကြောင်း ဘယ်လောက်သိထားလို့လဲ မေသူက နောက် ကြောင်းမရှင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေ

Book Sharing

Scanned by CamScanner

ခဲ့ရင်ကော၊ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးမ ဖြစ်နေရင်ကော အဖတ်ဆည်မရအောင် ပျက်စီးခဲ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ခဲ့တယ်ဆိုရင် ကော"

"မေသူ့အကြောင်း ဘာမှ မစုံစမ်းတော့ဘူးလား"

ဆက်နိုင်မော်က ဦးခေါင်းကို တယမ်းယမ်းလုပ်လိုက်သည်။

"မစုံစမ်းပါဘူး မင်း ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ပါကွာ မင်းအပေါ်မှ တို့ ချစ်တဲ့ အချစ်က မှုန်သမျှ လောက်တောင် လျော့မသွားတော့ဘူး၊ ခုလဲ မလျော့ဘူး၊ နောင်လဲ မလျော့တော့ဘူး ... ဒီထက် ဒီ ထက်ပိုလာဖို့ ပဲရှိတယ်၊ အဲဒါကို မင်းလေး အသည်းစွဲအောင် မှတ်ထားပါ အချစ်ရာ"

"အချစ်ရာ"ဟူသော နောက်ဆုံး စကားလုံးကလေးက မေသူမိုးလွင်၏ ရင်ကို ရှိန်းမြသွားစေ၏။

"တို့ မင်းကို အမြန်ဆုံး လက်ထပ်ချင်တယ် အချစ်ရယ်၊ ဘယ့်နှယ်လဲ ဟင်"

"ဒီလောက်မလောပါနဲ့ အစ်ကိုရယ်၊ မေသူ့ကို စဉ်းစားချိန်ပေးပါဦး"

"အား ... ဟုတ်သားပဲ၊ တို့ ဆန္ဒတွေ သိပ်စောသွားတယ် အချစ်၊ ကဲ ... အချစ်အိမ်ကလေးကို လိုက်ကြည့်ပါဦး၊ ပြီးတော့ ရက္ခမြိုင်ကို အချစ် လိုက်ကြည့်ပါကွာနော်"

မေသူမိုးလွင်က ဦးခေါင်းကလေးဆတ်ခနဲ ညိတ်ပြပြီး ထိုင်ရာမှ ထကာ အိပ်ခန်း၊ မီးဖိုဆောင် နှင့် စတိုခန်းအထိ လိုက်ကြည့်လိုက်သည်။

တစ်အိမ်လုံး သန့်ရှင်းသပ်ရပ်နေပါသည်။

"ကဲ ... လာ၊ မလွယ်ပေါက်ကလေးကနေ ရက္ခမြိုင်ဘက်ကို ကူးကြရ

Scanned by CamScanner

အောင်"

မေသူမိုးလွင်၏ လက်ကလေးကိုဆွဲကာ ဆက်နိုင်မော်က မလွယ်ပေါက်ဖောက်ထားသော နေရာသို့ ခေါ်ဆောင်လာခဲ့သည်။

"လမ်းကလေးက ရှင်းနေတာပဲနော်"

"ဟုတ်တယ်၊ အချစ်ပြန်လာရင် ဝင်ဖို့ ရှင်းထားတာလေ၊ ဟာ ဒါနဲ့ နေပါဦး အချစ်က တို့ ချစ် သလို တို့ ကိုပြန်ချစ်ရဲ့ လားဟင်၊ အရေးကြီးတာမေးဖို့ မေ့နေတယ် အဟင်း"

"အဖြေပေးဖို့ စဉ်းစားရဦးမယ်"

"ဘာဖြစ်လို့ လဲ၊ တို့ ကတော့ အချစ်ကို မြင်မြင်ချင်း ချစ်မိတယ်"

"မယုံပါဘူး၊ သူ့ဆက်ဆံရေးကဖြင့် ကျဲကျဲကြီး"

"အို ... တကယ်ပါ၊ တို့ ကိုယ်တို့ မချင့်မရဲကြီး ဖြစ်နေလို့ ဆက်ဆံရေး ကျဲသွားတာပါ၊ တို့ က မပြည့်စုံတဲ့ ဘဝမှာ ချစ်သူမထားချင်ဘူး ဆိုတဲ့ ကြားက အချစ်ကို သိပ်ချစ်နေမိလို့ "

"ဒီလိုစကားမျိုး မိန်းကလေးဘယ်နှစ်ယောက်ကို ပြောဖူးသလဲ"

"ဟာ ... အချစ်တစ်ယောက်တည်းကိုပဲ ပြောဖူးတာပါ၊ တစ်သက်နဲ့ တစ်ကိုယ်မှာ အချစ် တစ်ယောက်တည်းပဲ"

"စောစောက မိန်းမချောချောတစ်ယောက်နဲ့ ရက္ခမြိုင်ထဲက ရယ်မောပြီးထွက်လာတာ မြင် လိုက်ပါတယ်၊ သူကကော ဘယ်သူလဲဟင်"

"စောစောက အာ ... အဲဒါ ကျော့ရီဆိုတဲ့ အမျိုးသမီးပါ၊ တို့ သူငယ်ချင်းဘိုဘိုရဲ့ ဇနီးပါ"

"ဪ ... မသိပါဘူး"

Scanned by CamScanner

"ကြည့်စမ်း ... ကြည့်စမ်း၊ ချစ် ဒါကြောင့် စောစောက မနာလိုအူတိုဖြစ်ပြီး မျက်နှာကလေး အိုနေတာကိုး"

"မဟုတ်ဘဲနဲ့ ... သွား"

"ဟော ... ဘာရမလဲ၊ ဒီကောင်မလေးလဲ တို့ ကိုကျိတ်ကြိုက် နေတာပဲကိုး၊ ပေါ် လာပြီး ပေါ် လာပြီး ဘာရမလဲ"

သန်မြန်သော လက်ကြီးများ ဖြင့် မေသူမိုးလွင်၏ ကိုယ်လုံးကလေးကို ဆက်နိုင်မော်က တင်း ကျပ်စွာ ဖက်ပစ်လိုက်သည် ။

"အို ... ရှက်လိုက်တာ ကိုကိုရယ်"

မေသူမိုးလွင်သည် ဆက်နိုင်မော်၏ ရင်ခွင်ကျယ်ကြီးထဲတွင် သူ့မျက်နှာကလေးကို သိုဝှက် ရင်း ပြောလိုက်သည် ။

ရင်ထဲက သိုသိပ်ထားသမျှကလေးများ ပေါက်ကွဲထွက်လာကုန်ကြသည် ။

"ကိုကိုတဲ့ လား အချစ်ရယ်"

ချစ်သူနှစ်ဦးသည် တစ်ဦးကိုတစ်ဦးတင်းကျပ်စွာ ဖက်ထားလိုက်ကြတော့သည် ။၏ '

*****

Scanned by CamScanner

# သုံးဆယ့်တစ်။

စိမ့်ကြီးမြိုင်ကြီးလို သစ်ပင်ဝါးပင်များ ဖြင့် ပြွတ်သိပ်ခဲကျပ်နေသော ရက္ခမြိုင်ကြီးသည် ယခု တော့ ရှင်းလင်းနေသည်။

သပ်ရပ်လှပနေသည်။

ပျိုးပင်ပျိုတို့ ဖြင့် စိမ်းလန်းနေသည်။

"အိမ်ကြီးကလဲ ပြင်လိုက်တယ်နော်"

"အင်း ... ပြိုတာပျက်တာတွေ အားလုံး ပြုပြင်ပြီးအတွင်းမှာ ဆေးလဲ သုတ်ထားပြီးပြီ ချစ်"

"ဒီပျိုးပင်တွေက ဘာပင်တွေလဲဟင်"

"တရုတ်ပြည်ကလာတဲ့ တည်သီးပင်တွေလေ၊ နှစ်တိုနဲ့ သီးပြီး ဈေးကောင်းတယ်၊ ဒါတွေကို စိုက်ဖို့ ပင်အိုတွေအားလုံး ခုတ်ပစ်လိုက်တာပဲ ချစ်ရဲ့ "

"ဟိုနောက်ဖေးက ပင်အိုကြီးကြတော့ကော"

"အဲဒီအပင်ကြီးက ဘွားငွေရောင်စိုက်ခဲ့တာ၊ ခုတ်ပစ်ရမှာ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေလို့ မခုတ်ဘဲထားခဲ့တာ ချစ်ရဲ့ "

"ဪ"

Scanned by CamScanner

"ချစ်"

"ဟင်"

"တို့ ကိုတားပြီး ဘယ်ကိုမှ မသွားရဘူးနော်၊ ကတိပေးရမယ်"

"အင်းပါ ကိုကိုရယ်"

"ဒီလို လွယ်လွယ်ကလေး မပြောပါနဲ့ ချစ်ရယ်"

"ဒါဆို ဘယ်လိုကျိန်ပြောရမလဲ ပြော၊ ကိုကို့ဆန္ဒအတိုင်း မေသူ ပြောမယ်လေ"

"ကွာ ... ကျိန်တယ်ဆိုတာကြီးက မကောင်းပါဘူး"

"ကဲ ... ဒါဖြင့်လဲ"

မေသူမိုးလွင်က ဆက်နိုင်မော်၏ လည်ပင်းတုတ်တုတ်ခိုင်ခိုင်ကြီးကို သူ့လက်နှစ်ဖက်ဖြင့် ယှက်ဖက်ပြီး သူ့နဖူးပြင်ကျယ်ကျယ်ကြီးကို နမ်းလိုက်သည်။

"ကဲ ... အသက်တမျှ ချစ်ရတဲ့ ကိုကို့ကို မေသူ တစ်သက်လုံး ခွဲမသွားပါဘူးရှင်၊ ကျေနပ်ပြီ လား"

"ချစ်ရယ် ..."

မေသူမိုးလွင်၏ ဦးခေါင်းလုံးလုံးကလေးကို ဆက်နိုင်မော်က သူ့ရင်ခွင်တွင် ဖိကပ်ထားလိုက် သည်။

ရင်ခုန်သံများ ပေါင်းယှက်သွားကြသည်။

"ဟေး ... ဖိုးဆက် ... အောင်မာ ... အောင်မာ တယ်ပြေလည်နေကြပါလားကွ၊ အဟေး ..."

Scanned by CamScanner

"ဟော ဦးလေးဝင်း"

"ဟုတ်ပါဗျာ၊ ခင်ဗျားလေးက ဘယ်ပျောက်သွားတာလဲဗျ၊ ဒီမယ် ဒီကောင်ကြီး ရူးမတတ် ဖြစ်နေတာ ကျုပ်တို့ တစ်နေ့တစ်နေ့ မနည်းဖျောင်းဖျ နေရတယ်ဗျာရေ"

"အဟင်း ... ဟင်း ဟင်း"

မေသူမိုးလွင်က သူ့လက်တစ်ဖက်ကို မလွှတ်စတမ်းဆုပ်ကိုင်ထားသော ဆက်နိုင်မော်၏ မျက်နှာပြုးတုံ့တုံ့ကြီးကို မော်ကြည့်ကာ ရယ်လိုက်သည်။

"မင့်ဆီကစာရောက်လာတော့လဲ စစ်ကိုင်းဘက်လိုက်မယ် တကဲကဲနဲ့ မနည်းဆွဲထားရတယ် ဗျ"

"ဟုတ်လား ... လိုက်ရင်လဲ တွေ့မှာ မဟုတ်ဘူး ၊ မေသူက ခရီးဆက်ထွက်နေတာ"

"ခုကော ဒီမှာ ဘယ်လောက်ကြာကြာ နေမှာ လဲဟင် တူမကြီး"

"ဟာ ဒီမှာ ပဲနေတော့မှာ ဗျ၊ ချစ် ဘယ်ကိုမှ မသွားတော့ဘူး၊ ဒီတစ်ခါသွားရင်လဲ သူ့နောက်ကို ကျွန်တော် အမြဲလိုက်တော့မှာ ဦးလေးဝင်းရဲ့ "

"ဟေ ... မင်းတို့ ဒီလောက်တောင် ပြေလည်သွားကြပြီလား အဟေး ... ဟေး ... ဝမ်းသာ တယ်ကွာ"

မေသူမိုးလွင်က ရှက်ဝဲ့ဝဲ့ကလေးပြုံးကာ ခေါင်းငုံ့သွားတော့သည်။

"မင်းကြီးကြီးသိန်းက မျက်စေ့ အရှင်သားကွ၊ ကလေးမ ပြန်လာတာကို ဈေးရောင်းရင်းက သူ လှမ်းတွေ့လိုက်တာ သွားကြည့်ပါ အတင်းလွှ

Scanned by CamScanner

တ်တာနဲ့ ဦးလေးရောက်လာခဲ့တာပဲ"

"လာလေ ဦးလေးဝင်း အိမ်ထဲဝင်ရအောင်"

သုံးဦးသား ရက္ခမြိုင်၏ ဧည့်ခန်းကြီးထဲသို့ ဝင်ခဲ့ကြသည်။

"ကျော့ရီက ဘာတဲ့ လဲ"

ဦးဝင်းက ကုလားထိုင်တွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

"ကျွန်တော်ပြောတဲ့ ဈေးနဲ့ ပဲ သစ်ပင်တွေအားလုံးကို ပုတ်ပြတ်ယူလိုက်တယ် ဦးလေးဝင်း"

"အေး မြန်မြန် ရှင်းသွားတော့လဲ အေးတာပဲ၊ ဦးလေးအတွက် ချန်ခိုင်းထားတာတော့ ပါ မသွားစေနဲ့ နော်"

"စိတ်ချပါ ဦးလေးဝင်းရဲ့ "

"ဒီကောင်ကြီး တူမကြီးပြန်လာရင် သီးပင် ဝေပင်တွေနဲ့ ရက္ခမြိုင်ကို မြင်စေ့ချင်တယ်၊ ချယ်ရီမြိုင်ကိုလဲ လှလှပပမြင်စေ့ချင်တယ်၊ သူ့လက်ထဲ ငွေနှစ်သိန်း ရောက်လာကတည်းက အလုပ် လုပ်လိုက်တာ တစ်ရက်မှ အနားမနေဘူးကွဲ့၊ ဦးလေးဝင်းတို့ မှာ သူနားဖို့ မနည်းတား ထားနေရတယ် တူမကြီးအပေါ် ဖိုးဆက်ထားတဲ့ မေတ္တာစေတနာတွေကတော့ အံ့သြမကုန်နိုင်အောင် ပါပဲကွယ်"

"ကဲကဲ မင်းတို့ စကားပြောကြဦး၊ ဦးလေးဝင်း ပြန်လိုက်ဦးမယ်၊ ဒီညစာတော့ အိမ်မှာ ပဲ စားကြပါလို့ မင်းတို့ ကြီးကြီးသိန်းက မှာ လိုက်တယ်ဗျို"

"ဟုတ်ကဲ့ လာခဲ့မယ် ဦးလေးဝင်း"

မျက်နှာကြီးပြုံးပြုံးဖြင့် ဦးလေးဝင်းသည် ဧည့်ခန်းတွင်းမှ ထွက်ခွာ

Scanned by CamScanner

သွားသည် ။

***

"ချစ်"

"ဟင်"

ဆက်နိုင်မော်က မေသူမိုးလွင်၏ နူးအိနေသော လက်ကလေးကို ဖွဖွ ဆုပ်ကိုင်ထားလိုက်သည် ။

"တို့ နဲ့ ချစ်က ဖူးစာဖက် အစစ်အမှန်တွေ သိလား"

"ဘာဖြစ်လို့ "

"ခုလို ပြေပြေလည်လည်နဲ့ ပြန်ဆုံကြလို့ ပေါ့၊ ချစ်မသိဘူး တို့ လေ ဒီ ငွေတွေမရခင်တုန်းက စိတ်ဆင်းရဲလိုက်တာ အရမ်းပဲ ကိုယ့်ကိုယ်ကိုယ် လဲ သိပ်မကျေမနပ်ဖြစ်ခဲ့ရတယ်၊ မိန်းမတစ်ယောက် ကို ကိုယ့်ခြေထော က်ပေါ် ကိုယ်မရပ်တည်နိုင်ဘဲ တို့ မချစ်ချင်ဘူးလေ၊ ဒါကြောင့်လဲ ချစ်ကို တို့ မချေ မင်တွေပြောပြီး ဆက်ဆံရေးမပြေမပြစ် ဖြစ်ခဲ့မိတာပေါ့"

မေသူမိုးလွင်၏ ရင်ထဲတွင် ကြည်နူးစိတ်တွေ ပျောက်ကာ တဒိန်းဒိန်းခုန်လာတော့သည် ။

"ချစ်ရယ်၊ ချစ်နဲ့ တို့ သာယာချမ်းအေးတဲ့ အိမ်ထောင်ကလေးတစ်ခု အမြန်ဆုံးတည်ရအောင် နော်၊ ချစ်အချိန်သိပ်မဆွဲပါနဲ့ ကွာ တို့ လေ တို့ ချစ်နဲ့ မခွဲနိုင်တော့ဘူး"

ဆက်နိုင်မော်၏ အသံသည် တုန်ယင်၍ နေ၏။

မေသူမိုးလွင် ကိုယ်တိုင်မှာ လည်း ဖြစ်ချင်ရာဖြစ် သူ့ဘဝတစ်ခုလုံး

Scanned by CamScanner

ဆက်နိုင်မော်အား ပုံ၍ ချစ် ပစ်လိုက်ချင်သည် ။

သို့သော် မရဲဘဲ ဖြစ်နေ၏။

ဆက်နိုင်မော်သည် အလှည့်စားခံမည့်လူစားမျိုး မဟုတ်။

စိတ်ကြီး၍ အလွန်မာနကြီးလွန်းလှသူ တစ်ယောက်။

မိမိကို သိပ်ချစ်ပြီးမှ သိပ်မုန်းသွားမည့် အဖြစ်မျိုးရောက်မှာ ကို မေသူမိုးလွင် ကြောက်လွန်းလှ သည် ။

ဟန်ကလေးမျှပင် မဆောင်နိုင်ဘဲ သူနှင့်လက်ပွန်းတတီးနေလိုက်သည် မှု အမှားကြီးမှား နေလေပြီလားဟု စိုးရိမ်ထိတ်လန့်စိတ်တွေ မေသူမိုးလွင်ကို စိုးမိုးလာသည် ။

"ချစ်ရယ်၊ မျက်နှာကလေး ညှိုးသွားလိုက်တာကွာ၊ ချစ်ဘာတွေ စဉ်းစားနေတာလဲ  ချစ်မှာ ဘယ်လိုအခက်အခဲတွေရှိနေသလဲ၊ ချစ်နဲ့ တို့ အတူ လက်တွဲပြီး ဖြေရှင်းမယ်ကွာ၊ ချစ်တို့ ကို ဖွင့်ပြော နိုင်မလား ဟင်"

မေသူမိုးလွင်၏ အိညက်သော ပါးပြင်ကလေးနှစ်ဖက်ကို သူ လက်ဖြင့် အုပ်မိုးကိုင်ထားရင်း၊ မျက်လုံးများ ထဲသို့ စူးစိုက်ကြည့်ကာ အကြင်နာလွှမ်းမိုးစွာဖြင့် သူက မေးနေရှာ၏။

"ကိုကိုရယ် ချစ်မှာ ဘာအကြောင်းမှ မရှိပါဘူး"

ဆက်နိုင်မော်သည် ချစ်သူ၏ စကားကို အကြွင်းမဲ့မျက်စေ့မှိတ်၍ ယုံပစ်ချင်ပါသည် ။

သို့သော် ...

တစ်ခုခုသော အကြောင်းကိစ္စတစ်ခုကို မေသူမိုးလွင်သိုဝှက်ထားနေမှန်း သူအလိုလို သိနေပါ ၏။

Scanned by CamScanner

"ချစ်ရယ်၊ မင်းဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ပါ တို့ ထားတဲ့ အချစ်က ချစ်အပေါ်မှာ မြူတစ်မှုန်လောက် တောင် မလျော့ပါဘူး၊ တစ်ခုပဲလိုတယ် ချစ်၊ မင်းတို့ အပေါ်မှာ ပွင့်လင်းပါ ရိုးသားပါကွာ"

ဆက်နိုင်မော်သည် ချစ်သူ၏ မျက်နှာ နုနုငယ်ငယ်လှလှကလေးကိုကြည့်ရင်း ရင်ထဲတွင် ကျိတ်၍ ဆန္ဒတွေပြုနေခဲ့ရှာ၏။

"ကိုကို့အတွက် လက်ဆောင်ပါတယ်၊ ကိုကို ချယ်ရီမြိုင်ကို ပြန်လိုက်ခဲ့ဦး"

ဖြုန်းခနဲ သူဝယ်လာသော လက်ဆောင်လေးကို သတိရပြီး မေသူမိုးလွင်က ဆက်နိုင်မော်၏ လက်ကိုဆွဲကာ ထရပ်လိုက်သည်။

"ဘာလက်ဆောင်လဲဟင် ချစ်"

"တွေ့ရမှာ ပေါ့"

နှစ်ဦးသား ချယ်ရီမြိုင်ဆီသို့ ပြန်လျှောက်ခဲ့ကြသည်။

မေသူမိုးလွင်သည် ကုလားထိုင်ပေါ်တွင် ပစ်ချထားခဲ့သော ကျောပိုးအိတ်ကလေးထဲမှ ပန်း စက္ကူလှလှကလေးဖြင့် ထုပ်ထားသော အထုပ်ကလေးကို ထုတ်ယူလိုက်သည်။

"ကဲ ... ရော့ ဖွင့်ကြည့်"

လက်ကလေးနှစ်ဖက်နောက်ပစ်၍ ယှက်ကိုင်ပြီး ကိုယ်ကလေးလှုပ်ယမ်းကာ ဆက်နိုင်မော် ဖြေနေသော အထုပ်ကို မေသူမိုးလွင် ကြည့်နေသည်။

"ဟာ နာရီနဲ့ ဘောလ်ပင်ပါလား"

Book Sharing

Scanned by CamScanner

"ဟုတ်တယ်လေ"

"ချစ်ရယ် ချစ်မှာ ပိုက်ဆံသိပ်မရှိပါဘူး၊ ဒီနာရီကအဖိုးတန်ကြီးပါ၊ ချစ်ဘာလို့ ဝယ်လာတာ လဲဟင်"

"ကိုကို့ကို ဝတ်စေချင်လို့ ပေါ့ ကဲပေး"

မေသူမိုးလွင်က လက်ပတ်နာရီကို ဘူးလေးထဲမှ ထုတ်ယူကာ ဆက်နိုင်မော်အား ပတ်ဆင် ပေးလိုက်သည်။

"ဒီနာရီကို အမြဲတမ်း ပတ်ထားရမယ်နော်၊ ချွတ်မထားရဘူး"

"အင်းပါ ချစ်ရယ်"

"ဟောဒီ ဘောလ်ပင်ကလေးကိုလဲ ရင်ဘတ်မှာ အမြဲထိုးထား တွေ့လား ဒီမှာ နာမည်ကလေး ထိုးထားတာ"

အင်္ဂလိပ်စာလုံးကလေးဖြင့် ဆက်နိုင်မော်၏ နာမည် အတိုကောက်ထိုးထားသည် ကို မေသူ မိုးလွင်က ပြလိုက်သည်။

"ချစ်ကိုလဲ တို့ ပြန်ပေးရဦးမယ်"

"ဘာပေးမှာ လဲဟင်"

"မနက်ဖြန်ကျတော့ သိမှာ ပေါ့"

"ဟင် ... ခုသိချင်တယ်"

"မနက်ဖြန်အထိ စောင့်လိုက်ပါချစ်ရယ်"

"မနက်ဖြန် မနက်ဖြန် ... အို ရောက်ချင်လိုက်တာ မြန်မြန်ရောက်ချင်လိုက်တာ၊ ကိုကို သူများကို ဘာများ ပေးမလို့ ပါလိမ့်"

မေသူမိုးလွင်မှာ ဆန္ဒတွေ စောနေပြီ၏။

Scanned by CamScanner

နှစ်ဦးသား တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ကြည်နူးမဆုံးစကားတွေ ပြောမကုန်အောင် ရှိနေ ကြစဉ် ထမင်းကျွေးချင်ရှာလွန်းသော ဦးလေးဝင်းတစ်ယောက် ဇနီးသည် က အခေါ်လွှတ်သဖြင့် တစ်ခေါက်ရောက်လာပြန်သည်။

"ကဲ ... ကဲ သွားကြမှ ဖြစ်မယ်၊ နောက်တစ်ခါ ဆိုရင်တော့ ကြီးကြီးသိန်းကိုယ်တိုင်ရောက်လာ တော့မှာ ၊ ချစ်ကော အဝတ်အစား လဲဦးမလား"

"အင်း ... လဲမယ်၊ ကိုကိုကော"

"တို့ လဲ ပြန်လဲမယ်၊ ဒီအဝတ်အစားတွေက တစ်နေ့လုံး အလုပ်လုပ်ထားတာ"

"ဟော့ကောင်ရ တတို့ တို့ နဲ့ ကြားရတာ နားဝင်မကောင်းဘူးကွ၊ ကိုကိုဖြင့်လဲ ကိုကိုလုပ်စမ်း ပါ"

"ဟာ ... ဦးလေးဝင်းကလဲ"

ဆက်နိုင်မော် ရှက်ကာ တစ်ကိုယ်လုံး ရှိန်းဖိန်းသွားသည်။

"ဟုတ်သားပဲ မေသူက ကိုကိုလို့ ခေါ်နေပြီဥစ္စာ"

"ကဲပါ ကိုကို အမြန်ဆုံးပြန်လာမယ် ဟုတ်လားချစ်"

"အင်း"

"အဲသလိုလုပ်စမ်းပါ ဖိုးဆက်ရ၊ အဟေး ဟေး ဟေး"

ဦးဝင်းသည် လူငယ်နှစ်ဦးကိုကြည့်ကာ တဟေးဟေး အသံထွက်၍ ရယ်မောရင်း သဘောကျ မဆုံး ဖြစ်နေ၏။

"ဦးလေးဝင်း ခဏနော်၊ မေသူ အဝတ်အစားလဲလိုက်ဦးမယ်"

Scanned by CamScanner

"လဲ ... လဲ ငါ့တူမ"

မေသူမိုးလွင်လည်း ကျောပိုးအိတ်ကလေးကို သူ့အိပ်ခန်းဆီသို့ယူဆောင်သွားကာ ကိုယ်လက် မျက်နှာသန့်စင်ပြီး အဝတ်အစားအသစ်များ လဲလှယ်လိုက်သည် ။

ခေါင်းစွပ်ဆွယ်တာအဖြူလက်ရှည်၊ ပါတိတ်လုံချည်နက်ပြာခံကလေးနှင့် ဆံပင်ကို ဖားလျား ချကာ ဘီးကပ်ဖြူဖြူကလေးကို တပ်ဆင်ထားသော မေသူမိုးလွင်၏ အသွင်သည် မပြင်မဆင်မခြယ် သဘာဝနှင့်လည်း လှလွန်းနေပါသည် ။

ဘဝဆုတောင်း ကောင်းလွန်းလှသူကလေးတစ်ယောက်ဟု ဦးဝင်းက မှတ်ချက်ချမိသည် ။

တိုင်ပင်ထားလျှင် လွဲနေဦးမည်။

ဆက်နိုင်မော်ကိုကြည့်ပါလေဦး။

လည်စည်းဆွယ်တာ အစိမ်းရောင်လက်ရှည်နှင့် ကချင်ပုဆိုးကျောက်စိမ်းရောင်ကို ဝတ်ဆင် လာသည် ။

သူ့တစ်ကိုယ်လုံး အလွန်ကြည့်ကောင်း၍ ခံ့ထည်နေပါသည် ။

"ကိုကို နာရီကော"

"ဒီမှာ ဝတ်ထားပါတယ် ချစ်ရ"

ဆက်နိုင်မော်က အင်္ကျီလက်စကို ဆွဲမပြလိုက်သည် ။

မေသူမိုးလွင်၏ မျက်နှာကလေး ပြုံးသွားသည် ။

"ဟ ... ငါ့ကောင်က အပျံစားနာရီတွေဘာတွေနဲ့ ပါလားကွ ဟေ"

"ချစ် ဝယ်လာပေးတာလေ"

Scanned by CamScanner

"ဟာန်ကျ လိုက်လေကွာ"

"ချစ် အပြင်ထွက်၊ ကိုကို တံခါးတွေ လိုက်ပိတ်ပေးမယ်"

ဦးဝင်းနှင့် မေသူမိုးလွင်တို့ အပြင်ထွက်စောင့်နေစဉ် ဆက်နိုင်မော်သည် အိမ်တံခါးများကို လိုက်ပိတ်ကာ တံခါးမကြီးကို သော့ခတ်လိုက်သည် ။

ထို့နောက်တွင် တော့ သုံးဦးသား လမ်းထိပ်ကုန်စုံဆိုင်ရှိရာသို့ စကားတပြောပြောနှင့် ထွက်ခဲ့ ကြသည် ။

ဦးဝင်း၏ ဖနိုး ဒေါ်သိန်းခင်က ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ လိုက်လိုက်လှဲလှဲ ရှိလှသည် ။

သည် သဘောမနောကောင်းလှသော ဖနိုးမောင်နှံနှင့် ထမင်းစားရင်း စကားပြောရသည် မှာ စိတ်အေးချမ်းသာရှိလှပါသည် ။

မေသူမိုးလွင်သည် သူ့ဘဝတွင် အတောင့်တဆုံးသော စိတ်ချမ်းမြေ့မှုအရသာကို ခံစား၍ နေရ ပေ၏။

တဒင်္ဂမှာ တော့ သူ့ဘဝတစ်ခုလုံးကို မေသူမိုးလွင်ကို မေ့ပျောက်၍ နေသည် ။

× × ×

ကိုကိုသည် စည်းကမ်းရှိသည့် ယောကျာ်းတစ်ယောက်။

သိက္ခာသမာဓိရှိသူ တစ်ယောက်။

Scanned by CamScanner

ယောက်ျားပီသသူတစ်ယောက်။

စိတ်ထားမြင့်မြတ်သူတစ်ယောက်။

ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြီး ပြောနေခြင်းမဟုတ်ပါ။

ကိုကိုသာ အနိုင်ကျင့်ပြီး အခွင့်အရေးယူမည်ဆိုလျှင် မစွမ်းရင်း ရှိနေသူ မေသူမိုးလွင်သည် ကိုကို့လက်ထဲက ရေဖြစ်သည် မှာ အမှန်။

သည် လိုမျိုး ကိုကိုလုပ်လေမလားဟု ရင်မှ တထင့်ထင့်နှင့်။

ခုတော့ အခွင့်အရေးမယူတတ်သော ကိုကိုသည် သူ့ကို အိမ်တံခါးဖွင့်ပေးပြီးသည် နှင့် တစ် ပြိုင်နက် ချယ်ရီမြိုင်၏ အိမ်ရိပ်အတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားသည် ။

"ကိုကိုရယ် ... ကိုကို့ကို မေသူ သိပ်လေးစားပါတယ်ရှင် "

မှန်ပြတင်းပေါက်ကလေးနားမှ ကိုကိုရဲ့ တရွေ့ရွေ့ ထွက်ခွာသွားနေတဲ့ နောက်ကျောကိုကြည့် ပြီး မေသူမိုးလွင်တိုးတိုးကလေး ပြောလိုက်မိသည် ။

အမှောင်ရိပ်ထဲတိုးပြီး သူ့ကိုကို့ကို လုံးဝမမြင်ရတော့မှ ပဲ မေသူမိုးလွင် ပြတင်းပေါက်မှ ခွာ လိုက်သည် ။

အသင့် ထုတ်ထားခဲ့သော ကုလားထိုင်လက်ရန်းပေါ်မှ ယောဂီရောင်သဘက်ကလေးကို ပခုံး ပေါ်တင်ပြီး မေသူမိုးလွင်သည် လက်စမသတ်သေးသော ဝါဆိုဖယောင်းတိုင်ကြီးကို မီးထွန်းညှိကာ ဘုရားမီးပူဇော်လိုက်သည် ။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီးရယ်၊ ကိုကို့ဘဝထဲကို တပည့်တော်မ ဖွတ်တိုးဝင်လိုက်မိပါပြီ၊ တပည့်တော်မ မဆုံးတစ်နေ့မှာ အရှုံးနဲ့ မရင်ဆို

Scanned by CamScanner

င်ပါစေနဲ့ ဘုရား၊ ဘုရားတပည့်တော်မကို ကယ်မ သနားတော်မူပါ"

နွမ်းနယ်ညှိုးလျှစွာ တောင်းဆုခြွေနေသော မျက်နှာကလေးဆီသို့ ရုက္ခမြိုင်ဘက်ရှိ အမှောင် ရိပ်မှ မျက်လုံးတစ်စုံသည် မမှိတ်မသုန် ကြည့်၍ နေသည် ။

"ချစ်ရယ် ... မင်းမျက်နှာကလေး ညှိုးလိုက်တာ၊ ချစ်မှာ ဘယ်လိုဒုက္ခတွေရှိနေသလဲကွယ်၊ ချစ်တစ်ယောက်တည်း ဘာတွေ ကြိတ်မှိတ်ခံစားနေရသလဲ ကိုကို သိချင်လိုက်တာ"

ဘုရားရှိခိုးပြီး ပန်းချီကားချပ်ကြီးဆီသို့သွားကာ လက်ကလေးဖြင့် ပွတ်သပ်ကြည့်နေသည် ကိုလည်း ဆက်နိုင်မော် တွေ့နေရ၏။

လက်ကလေးနောက်ပစ်ကာ ပင့်သက်ရှိုက်လိုက် တောင် မြောက် လျှောက်လိုက်လုပ်နေသည် ကိုလည်း ဆက်နိုင်မော်ပီပြင်စွာ မြင်နေရပါ၏။

ချစ်သူတွင် ရှိနေသော ဝေဒနာကိုမျှယူချင်စိတ်များ သူ့တွင် ပြင်းပြ၍ နေသည် ။

အချိန်ကြာမြင့်စွာပင် ဆက်နိုင်မော်သည် မေသူမိုးလွင်၏ လှုပ်ရှားမှုများကို ကြည့်နေခဲ့မိ သည် ။

မေသူမိုးလွင် သူ့အိမ်ခန်းထဲ ဝင်သွားတော့မှ ပဲ ဆက်နိုင်မော်သည် သူ့အိမ်ဘက်ဆီသို့ ဖြည်း ညင်းစွာ လျှောက်ခဲ့သည် ။

*****

Scanned by CamScanner

## သုံးဆယ့်နှစ်။

မေသူမိုးလွင်သည် အိပ်ရာပေါ်တွင် နှမ်းခွေစွာ လှဲနေ၏။

ချစ်ရလွန်းသူနှင့် ချစ်ခွင့်ရသော်လည်း ၊ ပြည့်ပြည့်ဝဝ ပျော်ရွှင်နိုင်ခြင်းမရှိဘဲ၊ ရင်ထဲက လေး ပင်၍ နေသည် ။

စိုးထိတ်သော စိတ်များကလည်း သူ့ကို စိုးမိုး၍ နေသည် ။

"ကိုကိုသာ ငါလုပ်ထားတဲ့ အကြောင်းတွေကိုသိရင် ငါ့ မျက်နှာကို မကြည့်ချင်အောင် ခါး ခါးသီးသီး မုန်းသွားမှာ သေချာတယ်၊ သူ့စိတ်ကို ငါသိတယ်၊ ကိုကိုနဲ့ ငါ့ဇာတ်လမ်းကတော့ စခဲ့ပြီ ငါ ဘယ်လို ရှေ့ဆက် ခရီးသွားရပါ့မလဲ၊ ကိုကို့ကို ဘယ်လောက်ကြာကြာ လှည့်စားထားနိုင်မလဲ၊ တစ်နေ့နေ့တော့ ငါ့ဘဝအမှန်တွေကို ကိုကို သိသွားမှာ ပဲ၊ အဲဒီနေ့ဟာ ငါ့ အသည်းကွဲရမယ့်နေ့ပဲ ဖြစ် မယ်၊ ကိုကို ငါ့ကို ဘယ်နည်းနဲ့ မှ ခွင့်လွှတ်မှာ မဟုတ်ဘူး "

စဉ်းစားရင်း ကြောက်အားတွေပိုကာ မျက်ရည်တွေ တတွေတွေကျ၍ နေရှာ၏။

. တစ်ဘက် ရက္ခမြိုင်အိမ်ကြီးထဲမှာ တော့၊ ဆက်နိုင်မော်သည် ကြီးမားသော ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်တွင် ထိုင်ကာ သူချစ်ရလွန်းသော မိန်းကလေး၏ အကြောင်းကို စဉ်းစား၍ နေ သည် ။

ဘယ်မျိုးရိုးကမှန်းမသိ ...

Scanned by CamScanner

ဘယ်ကလာ၍ ဘယ်သူမှန်းလည်း မသိ ... သူကလေးအကြောင်း ဘာဆိုဘာတစ်ခုမျှ မသိဘဲ နှင့် သူကလေးကို ငုံထားမတတ် ချစ်မိနေသည်။

သူနဲ့ မတွေ့ခင်က ဖြစ်ချင်ရာတွေ ဖြစ်ခဲ့ပါစေ၊ သူနဲ့ တွေ့ပြီး သစ္စာတိုင်တည်ပြီးသည့် နောက် တွင် တော့၊ သူ့အပေါ်မဖောက်ပြန်သောစိတ်ဖြင့် ကတိသစ္စာတည်လျှင် ကျေနပ်ပြီဟု ဆက်နိုင်မော်က ဆုံးဖြတ်ထားသည်။

မနက်ဖြန်ကြလျှင် တစ်ဦးပေါ်တစ်ဦး ခိုင်မြဲသောသစ္စာပြုခြင်း၏ အထိမ်းအမှတ်အဖြစ်၊ သူ ကလေးကို ပစ္စည်းတစ်ခုခုပေးမည်။ ပြီးလျှင် ဂျစ်ကားကလေးစီးကာ နှစ်ယောက်သား လျှောက်လည် ကြမည်။

ကိုယ့်ဘာသာကိုယ် အစီအစဉ်တွေချမှတ်ပြီး ဆက်နိုင်မော်တစ်ယောက် ကျေနပ်မဆုံး ဖြစ်နေ ၏။

***

တစ်ညတာ ကုန်ဆုံးသွားသည်။

နံနက်မိုးလင်းသည် နှင့် တစ်ပြိုင်နက်၊ နံနက်စာအတွက် ကော်ဖီချိုင့်ကလေးနှင့် နံပြား ထော ပတ်သုတ်ကို ယူကာ ဆက်နိုင်မော်သည် ချယ်ရီမြိုင်ကလေးဆီသို့ ရောက်ရှိလာသည်။

သူ ရောက်လာချိန်တွင် မေသူမိုးလွင်သည် မျက်နှာသစ်ပြီးစကလေး ရှိသေး၏။

မိန်းကလေးတစ်ယောက် လှ၏ မလှ၏ ကို မနက်မိုးလင်းစတွင် ကြည့်ရသည် ဟု ဆိုသည်။

Scanned by CamScanner

အိပ်ရာနိုးစနံ့နက်ခင်းတွင် မေသူမိုးလွင်သည် မခြယ်မသဘဲ အစွမ်းကုန် လှနေပါ၏။

ဆက်နိုင်မော်ကျိတ်၍ ပီတိဖြာနေသည်။

"စောလှချည့်လား"

"နိုးနေတာကြာပြီ မိုးမလင်းသေးလို့"

"လက်ထဲက ဘာတွေလဲဟင်"

"ချစ်အတွက် ကော်ဖီနဲ့ နံပြားထောပတ်သုတ်လေ"

"အားနာစရာတွေတော့ ဖြစ်ကုန်ပြီ"

"ဘာလဲ နည်းလို့ လား"

"အဟင်း ဟင်း ဟင်း ကိုကိုက လူပုံကြည့်တော့ တည်တည်ကြီးနဲ့ နောက်တတ်သားပဲ၊ ကဲ ဝင် အိမ်ထဲကို"

မေသူမိုးလွင်က ဆက်နိုင်မော် အိမ်ထဲသို့ဝင်ရန်အတွက် လမ်းဖယ်ပေးလိုက်သည်။

ဆက်နိုင်မော်က ထမင်းစားပွဲပေါ်တွင် ချိုင့်ကလေးနှင့် လက်ထဲက မုန့်ထုပ်ကိုချကာ၊ မေသူ မိုးလွင် ရောက်လာလျှင် အဆင်သင့်စားဖို့ ပြင်ဆင်ထားလိုက်သည်။

"ကိုကိုရယ် ... အားနာစရာ ကောင်းလိုက်တာ မေသူ ပြင်မှာ ပေါ့"

"ကိုကိုက အားနာရမယ့် လူလားကွာ ကဲစား"

"ကိုကိုကောစားလေ ... မုန့်တွေက အများကြီးရယ်"

"ချစ်စားပါ၊ ကိုကိုထမင်းကြမ်းတွေ စားလာခဲ့ပြီးပြီ ... မနက်တိုင်း

Scanned by CamScanner

စားနေကြဆိုတော့ မစား ရရင် မနေနိုင်တော့ဘူးလေ"

"ဒါဖြင့် ကော်ဖီနည်းနည်းသောက်"

"ချစ်သောက်ပါကွာ"

"မရဘူး ... မရဘူး ... နည်းနည်းဖြစ်ဖြစ် သောက်ရမယ်"

မေသူမိုးလွင်က ကော်ဖီခွက်ကို ဆက်နိုင်မော်ဘက်သို့ တိုးရွှေ့ပေးလိုက်သည် ။

ဆက်နိုင်မော်သည် ကော်ဖီကို တစ်ကျိုက်နှစ်ကျိုက် မေသူမိုးလွင် ကျေနပ်အောင် သောက် လိုက်ရသည် ။

"ကိုကို"

"ဗျာ"

"ဒီနေ့ မေသူကို ဘယ်ခေါ်သွားမှာ လဲဟင်"

"အရေးကြီးဆုံး နေရာတစ်ခုကို အရင်ခေါ်သွားမယ်၊ ပြီးတော့ ရက္ခပေဒဥယျာဉ်၊ ဘုံကျောင်း နဲ့ ပွဲကောက်ရေတံခွန်တွေဆီကိုပေါ့"

"ဟာ ပျော်စရာ သိပ်ကောင်းမှာ ပဲ၊ မေသူတစ်ခါမှ အဲဒီနေရာတွေ မရောက်ဖူးသေးဘူး"

"စားစရာတွေဝယ်သွားပြီး ရေတံခွန်မှာ ပျော်ပွဲစားထွက်မယ်လေ"

"အို သိပ်ကောင်းတဲ့ အကြံဉာဏ်ပဲ ... ဒါဆိုမေသူ၊ ဓာတ်ဘူးရယ်၊ ရေဘူးရယ်၊ ပန်းကန်လေး ခွက်ကလေး နည်းနည်းပါးပါး ထည့်ယူလာမယ်"

"ယူခဲ့လေ ကိုကိုက တာလပတ် အခင်းတစ်ခုယူခဲ့မယ်၊ ကားပေါ်တောင် တင်ထားပြီးပြီ၊ ကဲ ချစ်စားပြီးရင် အဝတ်လဲပြီး အလှပြင်တော့၊

Scanned by CamScanner

ကိုကို ကားစက်သွားနှိုးပြီး ပြန်လာခဲ့မယ်"

"ဟုတ်ကဲ့ကိုကို"

ဆက်နိုင်မော်သည် မေသူမိုးလွင်၏ ဦးခေါင်းကလေးကို ချစ်စနိုးတစ်ချက်ပုတ်ခဲ့ပြီး ချယ်ရီ မြိုင်အိမ်ကလေးထဲမှ ထွက်ခွာသွားသည် ။

မေသူမိုးလွင်မှာ ရင်ဝယ် ကြည်နူးစိတ် သိမ့်သိမ့်တုန်၍ ကျန်ရစ်၏။

သူသည် မြန်မြန်ဆန်ဆန် စားသောက်လိုက်ပြီး၊ သဘောက်(စ်) ပါတိတ်အင်္ကျီ လုံချည်နှင့် ဝမ်းဆက်ဆင်တူ ဝတ်ဆင်လိုက်သည် ။

ဆံပင်ကို မြင့်မြင့်ကြီး သိမ်းချည်ပြီး၊ သိုးမွေးကွင်းကလေးစွပ်လိုက်သည် ။

နားတွင် ကျော်လှည်းဘီး နံကွင်း ကြီးကြီးကလေးကို ပန်ဆင်လိုက်သောအခါ၊ တစ်မျိုးကြည့် ကောင်းသော အသွင်သို့ပြောင်းသွားသည် ။

"ကိုကို့ချစ်က သိပ်လှတယ်"

ဆက်နိုင်မော်က ကားပေါ်ကဆင်းရင်း အသင့်စောင့်ဆိုင်းနေသော မေသူမိုးလွင်ကို ကြည် ကြည်ရွှင်ရွှင်ကြီး ကြည့်ကာ ပြောလိုက်သည် ။

မေသူမိုးလွင်က ရှက်ဝဲဝဲကလေးပြုံးပြီး ခေါင်းငုံ့သွား၏။

"ချစ် ယူစရာ ဒါအကုန်ပဲလား"

ဆက်နိုင်မော်က မေသူမိုးလွင်၏ နံဘေးတွင် ချထားသော ပလတ်စတစ်ခြင်းတောင်းကိုယူ ကာ ကားနောက်ခန်းထဲတွင် ထည့်လိုက်သည် ။

"လာ ချစ် သွားကြရအောင်"

ကား ရှေ့ခန်းတွင် မေသူမိုးလွင်က ဝင်ထိုင်လိုက်သည် ။

Scanned by CamScanner

ဆက်နိုင်မော်သည် ယာဉ်မောင်းနေရာတွင် ထိုင်ပြီး ကားစက်ကို နှိုးလိုက်သည် ။

"ကိုကို ကားမောင်းတတ်တာ ကြာပြီလား"

"ကြာပြီ ... ကျောင်းပိတ်လို့ ရက္ခမြိုင်ကို ပြန်လာတိုင်းအပိုဝင်ငွေရအောင် ချစ်မနေ့ကတွေ့ လိုက်တဲ့ ကျော့ရီရဲ့ ယောက်ျားကားကို ကိုကိုနေ့စားနဲ့ မောင်းတယ်လေ"

"ကိုကိုက ပိုက်ဆံရှာတတ်တာပဲ"

"ကိုယ့်ဒူးကိုယ်ချွန်ရမယ့် ဘဝမျိုးမှာ မရှာတတ်မဖွေတတ်ရင် ခက်သွားမှာ ပေါ့ အချစ်ရဲ့ "

"အင်း ... ဟုတ်ပါတယ်လေ"

"ချစ်ကော ကားမောင်းတာ ဝါသနာပါလား"

"အင်း ... "

"ဒါဆို ကိုကိုသင်ပေးမှာ ပေါ့"

"ဖြည်းဖြည်းပေါ့ ကိုကိုရယ်၊ ကိုကို့မှာ က ပျိုးပင်တွေမြေချဖို့ ကိစ္စကရှိနေသေးတယ် မှတ်လား"

"ဟုတ်တယ် ဒီအပင်တွေကို မြန်မြန်ကြီးပြီး မြန်မြန်သီးအောင် လုပ်ရမယ်၊ သီးနှံတွေထွက် ရင် ကိုကိုနဲ့ ချစ်နဲ့ မန္တလေးအထိ ကားကလေးနဲ့ ဆင်းရောင်းလို့ ရတယ်၊ သိပ်ပျော်စရာကောင်းမှာ ပဲ နော်"

"ဟုတ်တယ် ကိုကို"

အမြန်ဆုံး ဖြေလိုက်ရပေမယ့် ရင်ထဲတွင် တော့ နင့်ခနဲ ခံစားလိုက်ရသည် ။

Scanned by CamScanner

ဆက်နိုင်မော် တစ်ယောက်ကတော့ ရှေ့ရေးအတွက် အစီအစဉ်တွေဆွဲကာ မျှော်လင့်ချက်ကြီး တွေ ကြီးမားစွာထားရှိနေလေသည်မဟုတ်ပါလား။

စိတ်တွေ ဗယောက်ဗယက်ဖြစ်နေသဖြင့် ကားကလေးဘယ်ရောက်လို့ ရောက်မှန်းလည်း မသိ တော့ပါ။

ကားရပ်လိုက်တော့မှ ရွှေဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်ရှိနေမှန်း သိရတော့သည် ။

"လာ ... ချစ် ဆင်း"

သူ့ကိုစောင့်ခေါ်ပြီး မြတ်ရတနာ ရွှေဆိုင်ထဲသို့ ဆက်နိုင်မော် ဝင်ခဲ့သည် ။

"ဘာအလိုရှိပါသလဲရှင် ကြည့်ပါ ကြည့်ပါ"

ဆက်နိုင်မော်သည် မှန်ဗီရိုကလေးထဲတွင် ခင်းထားသော လက်ဝတ်လက်စား ရတနာတွေထဲ မှ အရည်အသွေးကောင်းလှသော ပုလဲတစ်လုံးလက်စွပ်ကလေးကို လက်ညှိုးထိုးပြလိုက်သည် ။

"အဲဒီလက်စွပ်ပြပါ"

ဆိုင်ရှင်အမျိုးသမီးကြီးက လက်စွပ်ကိုထုတ်ယူ၍ ဆက်နိုင်မော်အားပေးလိုက်သည် ။

ဆက်နိုင်မော်သည် မေသူမိုးလွင်ဘယ်လက်ကလေးကိုဆွဲယူပြီး လက်သူကြွယ်တွင် လက်စွပ် ကလေးကို စွပ်လိုက်သည် ။

မေသူမိုးလွင်၏ ပြည့်ပြည့်သွယ်သွယ် လက်သူကြွယ်လေးနှင့် ပုလဲလက်စွပ်ကလေးသည် လိုက်ဖက်လွန်းလှသည် ။

Scanned by CamScanner

"ကြည့်စမ်းအချစ် တိုင်းလုပ်ထားတဲ့ အတိုင်းပဲနော်၊ ချစ်နဲ့ သိပ်လိုက်တယ်"

"ဟုတ်ပ့ါကွယ် ကလေးမလေး လက်လှလှကလေးပေါ်မှ လက်စွပ်ကလေးက တအားကိုပေါ် တာပဲ"

"ဒီလက်စွပ်ကို ချစ်တစ်သက်လုံး မချွတ်ရဘူးနော်"

မေသူမိုးလွင်၏ လက်ကလေးပေါ်တွင် သူ့လက်ကလေးအုပ်မိုးကိုင်ထားပြီး ဆက်နိုင်မော်က ပြောလိုက်သည် ။

မေသူမိုးလွင်သည် သူ့မျက်နှာပေါ်တွင် အုပ်မိုးနေသော ဆက်နိုင်မော်၏ မျက်နှာကြီးကို မော့ ကြည့်ပြီး ဦးခေါင်းကလေးကို ဆတ်ခနဲညိတ်ပြလိုက်မိသည် ။

"ဝမ်းသာလိုက်တာချစ်ရယ် ဒီနေ့ဟာ ကိုကို့ဘဝမှာ အပျော်ဆုံးတစ်နေ့ပဲသိလား"

လှိုက်လှိုက်လှဲလှဲကြီး ပြောနေသော ဆက်နိုင်မော်၏ အသံသည် တုန်များ ပင်နေ၏။

"ချစ်အတွက် ဟို ပုလဲနားကပ်ကလေး ဝယ်ပေးချင်လိုက်တာ"

"တော်ပါပြီကိုကိုရယ်၊ နောက်များမှ ဝယ်တာပေ့ါ၊ ကိုကို့မှာ လုပ်ရမယ့် အလုပ်တွေ အများ ကြီး ရှိနေသေးတယ် မှတ်လား"

ဆက်နိုင်မော်သည် ရှိရှိသမျှ လက်ဝတ်လက်စားတွေကို ချစ်ရလွန်းသူကလေးမို့ ပုံအောပြီး ဝယ်ပေးလိုက်ချင်စိတ်များ မနည်းကြီး ထိန်းချုပ်ထားလိုက်ရသည် ။

ချစ်သူကလေးက လိမ္မာပါသည် ။

Scanned by CamScanner

သူ တိုင်းဆချင့်ချိန် သုံးစွဲနေရသည် ကို သိတတ်မှု ရှိလွန်းနေ၏။

ထို့ကြောင့်လည်း ... ဆက်နိုင်မော်၏ အချစ်သည် သူကလေးအပေါ်တွင် ပို၍ သာ တိုးလို့ နေ တော့သည် ။

ပုလဲလက်စွပ်ကလေး ဝယ်ပြီးနောက်တွင် ၊ ဆက်နိုင်မော်သည် မေသူမိုးလွင်ကို ရက္ခဗေဒ ဥယျာဉ်ဆီသို့ ခေါ်ဆောင်လာခဲ့သည် ။

သာယာအေးချမ်း၍ လှပနေသော ပန်းခြံကြီးထဲတွင် နှစ်ယောက်သား စိတ်အေးချမ်းမြေ့စွာ တစ်ဦးလက်ကိုတစ်ဦးဆွဲ လမ်းလျှောက်ခဲ့ကြသည် ။

ချစ်စကားလေးတွေပြော၍ မကုန်လည်း ရှိကြသည် ။

ထိုမှ တစ်ဆင့် ဘုံကျောင်းသို့လည်းကောင်း ... စားသောက်ဆိုင်ဆီသို့လည်းကောင်းသွားကာ၊ ကောင်းနိုးရာရာစားသောက်ဖွယ်ရာများ ဝယ်ခြမ်းပြီး၊ တစ်နေ့ကုန် အပန်းဖြေ အနားယူရန်အတွက် ပွဲကောက် ရေတံခွန်ဆီသို့ ထွက်ခဲ့ကြသည် ။

နေရာထိုင်ခင်း သီးသီးသန့်သန့်ကလေးတွင် ဆက်နိုင်မော်က ထည့်ယူလာသော တာလပတ် ကို ခင်းလိုက်သည် ။

မေသူမိုးလွင်က ပလတ်စတစ်ခြင်းတောင်းနှင့် ဝယ်ယူလာသော စားသောက်ဖွယ်ရာများကို ချထားလိုက်သည် ။

"လာ ... ထိုင် ... ချစ်"

"သိပ်ကို လှတာပဲနော်၊ အေးချမ်းလိုက်တာလဲ အရမ်းပဲ"

"ဟုတ်တယ်ချစ် ... ကိုကိုကတော့လေ စိတ်ညစ်ရင် ... တစ်နေကုန် ဒီမှာ လာအချိန်ဖြုန်း ဖြစ်တယ် ... ကျောင်းနေတုန်းက စာကျက်ရင်လဲ

Book Sharing

Scanned by CamScanner

ကိုကို ဟောဒီနေရာမှာ ပဲ လာကျက်လေ့ရှိတယ်"

"ရည်းစားလေး တစ်ယောက်နဲ့ ကော တွဲ လာလေ့ မရှိဘူးလား"

မေသူမိုးလွင်က ဆက်နိုင်မော်နှင့် နီးကပ်စွာ ထိုင်ချလိုက်ရင်း ပြုံးစိစိ ကလေးဖြင့် မေးလိုက် သည်။

"အဲဒီအလုပ်တော့ တစ်သက်လုံးမှာ ဒီနေ့တစ်နေ့ပဲ လုပ်ဖူးသေးတယ်"

"ဟွန်း ယုံရမှာ လားကိုကိုရာ ... ဒီအရွယ်မှ အမြီးမပေါက်တဲ့ မျောက် မရှိပါဘူးနော်"

"အမြီးပေါက်တာတွေ မပေါက်တာတွေ ကိုကို ဘာမှ မသိဘူး နားမလည်ဘူးချစ်၊ ကိုကို့ အတွက် တစ်သက်တာမှာ အချစ်ရဆုံးနဲ့ အတွယ်တာဆုံး မိန်းကလေးဆိုလို့ ချစ်တစ်ယောက်ပဲ ရှိဖူး တယ်၊ အချစ်ကိုတော့လေ ကိုကို စတွေ့တွေ့ချင်းပဲ၊ တအားကို ချစ်ခဲ့မိတာ၊ ချစ်မသိဘူးနော်၊ ချစ်ကို တွေ့ပြီးမှ ကိုကို ရူးမတတ် စိတ်ဒုက္ခရောက်ခဲ့ရတယ်"

"ဘာဖြစ်လို့ "

"စဉ်းစားကြည့်လေ ... တစ်ဖက်က ရက္ခမြိုင်ကြီးအတွက် စိတ်သောက အကြီးအကျယ် ရောက်ခဲ့ရတယ်၊ ဒီကြားထဲ မမျှော်လင့်ဘဲ ချစ်ကို တွေ့လာတော့ ရူးမတတ် ချစ်လာမိခဲ့တယ်၊ ကိုယ့် ဘဝကိုယ်တောင် ဘယ်လို ရပ်တည်ရမှန်း မသိနေတဲ့ အချိန်မှာ ကိုကို ချစ်ကို ဘယ်ချစ်ခွင့်ပန်နိုင်မှာ တဲ့ လဲ၊ ဝိပြင်တဲ့ အိမ်ထောင်တစ်ခုကို မထူထောင်နိုင်ဘဲ မိန်းကလေးတစ်ယောက်ရဲ့ မေတ္တာကို ကိုကို မတောင်းခံချင်ဘူးလေ ... "

"ကဲ ... ဆိုပါစို့ ... ခုလို မမျှော်လင့်ဘဲ ငွေတွေမရခဲ့ဘူးဆိုရင် ကိုကို ဘာလုပ်မလဲဟင်"

Scanned by CamScanner

"ရက္ခမြိုင်ကော၊ ချစ်ကိုကော ဆုံးရှုံးလိုက်ရတဲ့ ဒဏ်ကိုမခံနိုင်လို့ ကိုကို ရူးသွပ်သွားမယ်လို့ ထင်တယ်"

"ဩော် ... ကိုကိုရယ်"

မေသူမိုးလွင်က ချစ်သူကို သနား ကရုဏာစိတ်ဝင်ပြီး၊ သူ့ပခုံးတွင် ဦးခေါင်းကလေးကို မှေးမှီ ထားလိုက်သည် ။

"ချစ်"

"ဟွန့်"

"ကိုကို ချစ်နဲ့ အတူတူနေရမယ့်နေ့ကို စက္ကန့်မလပ် တွေးကြည့်နေမိတယ်ကွာ"

"နေရမှာ ပါ ကိုကိုရယ် ... မေသူ့ကို အချိန်နည်းနည်းကလေးသာ ပေးပါနော် ... နော် လို့ "

"ဟင် ... ချစ်ရယ် ... ဟုတ်ပါတယ်၊ မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်မှုတည် ဖို့ ဆိုတာ သိပ်ကို စဉ်းစားရမယ့် ကိစ္စပါ၊ အချိန်ယူတယ်ဆိုတာ သိပ်သဘာဝကျပါတယ်၊ ကိုကိုက သိပ်ဆန္ဒတွေ စောနေမိတယ်၊ ခွင့်လွှတ်ပါကွာနော်"

မေသူမိုးလွင်က ပြုံးပြုံးကလေး ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

တစ်ဦးကိုတစ်ဦး အကြင်နာစကားကလေးတွေ၊ ချစ်စကားကလေးတွေ သီကာဖွဲ့ကာ တစ်နေ ကုန် ပြောမကုန်နိုင်အောင် ရှိခဲ့ကြသည် ။

ချစ်သူနှစ်ဦးအတွက်တော့ အချိန်ကုန် မြန်လွန်းနေသည် ဟု ထင်ရပေ၏။

*****

Scanned by CamScanner

## သုံးဆယ့်သုံး။

နေစိုးသည် မေသူမိုးလွင်ကို မရလေလေ ရင်ထဲက အကျိတ်အခဲ ကြီးမားလေလေ ဖြစ်နေ သည်။

အချိန်ပြည့် သူသည် ဉာဏ်နီဉာဏ်နက်တွေသုံးကာ အကြံဉာဏ်လည်း ထုတ်နေသည်။

တစ်ချိန်တွင် တော့ နေခြည် ပေါ်လျော့သွားသော ဟာကွက်ကလေးကို နေစိုးက အမိအရ အသုံး ချလိုက်တော့သည်။

နေခြည် ရုံးအောက်သို့ ခေတ္တဆင်းသွားခိုက် သူသည် နေခြည်၏ ပိုက်ဆံအိတ်ထဲမှ ဒိုင်ယာရီ ကို ထုတ်ယူလိုက်သည်။

ဤသည် ကို ဒုမန်နေဂျာ ဦးလှခင်က အလုပ် ကုန်းလုပ်နေသဖြင့် မတွေ့လိုက်သော်လည်း၊ အကင်းပါး၍ မျက်စိရှင်သော ရုံးလုလင်ကလေး မောင်ဖေက တွေ့လိုက်သည်။

နေစိုးသည် သူ့စားပွဲဆီသို့ ပြန်လျှောက် လာပြီး စားပွဲကိုဖွင့်ကာ စာအုပ်ကလေးကို ထည့်၍ စာမျက်နှာများကို လျှင်မြန်စွာ ဖတ်ကြည့်နေ၏။

မန္တလေးတွင် ရှိသော ဦးစိန်ဖေဆိုသူထံသို့ ငွေနှစ်သိန်းလွှဲသောကိစ္စနှင့် နေ့ရက်အတိအကျကို လည်းကောင်း၊ ပြင်ဦးလွင်ရှိ ချယ်ရီမြိုင်ကို ဝယ်ယူသောကိစ္စကိုလည်းကောင်း၊ မေသူမိုးလွင်နှင့် ပတ်သက်၍ လုပ်ဆောင်ပေးရသည့် ကိစ္စအဝဝကိုလည်းကောင်း၊ တစ်ထိုင်တည်းနှင့် သိရှိ

Scanned by CamScanner

သွားပါ တော့သည် ။

"ဩော် ... လက်စသတ်တော့ မေသူနဲ့ နေခြည်က နှစ်ယောက်ပေါင်းပြီး ခြေပုန်းခုတ်နေကြ တာကိုး ... ဒီထဲမှာ နာမည်ပါတဲ့ ဆက်နိုင်မော်ဆိုတဲ့ ကောင် ရုက္ခမြိုင်ဟာ မေသူနဲ့ ပတ်သက်နေတာ အမှန်ပဲ ... အဟင်း ဟင်း ဟင်း ... နေစိုးအကြောင်း စသိကြသေးတာ ပေါ့ကွာ"

နေစိုးကတေးလိုက်ပြီး ... ထိုင်ရာမှ ထကာ နေခြည်၏ ပိုက်ဆံအိတ်ထဲသို့ ဒိုင်ယာရီကလေး ကို ပြန်ထည့်ထားလိုက်၏။

ရုံးလုလင်ကလေး မောင်ဖေက မသိချင်ယောင်နေလိုက်သည် ။

နေခြည်သည် သူဆိုလာသော သူငယ်ချင်းများကို လိုက်ပို့ပြီး ရုံးပေါ်သို့ ပြန်တက်လာသည့် အခါတွင် တော့ သူ့ကုလားထိုင်တွင် ကိုယ်ကို လျှော့ချပြီး သက်သောင့်သက်သာ ထိုင်နေသော နေစိုးက စကားစလာသည် ။

"နေခြည် ... မနက်ဖြန်ကစပြီး ငါ အလုပ်ငါးရက် မလာဘူးနော်"

"ဟင် ... ကိုစိုးက ဘယ်သွားမလို့ လဲ၊ ဒီမှာ မေသူလဲရှိတာ မဟုတ်ဘူး ၊ သူလာမှ သွားပါ လား"

နေခြည်က နေစိုး၏ စားပွဲဆီသို့ လျှောက်လာရင်း ပြောလိုက်သည် ။

"ဟာ သူက စိတ်ထင်တိုင်း သွားချင်ရာသွားနေတာ ဘယ်အချိန်ပြန်လာမယ်မှန်း မသိဘဲ၊ ငါက စောင့်နေရမှာ လား၊ ငါ့ကိစ္စကလဲ အရေးကြီးတာပဲ"

"ဟင် ... ကိုစိုးကလဲ ချက်ချင်းဖြုန်းစားကြီးပဲ အရေးကြီးတဲ့ ကိစ္စ ပေါ်လာတာပဲလား၊ ခုန ကတော့ ဘာမှ မပြောပါဘူး"

Scanned by CamScanner

"အို ... ဒါက ငါ့အကြောင်းနဲ့ ငါပါ ... ဒီမှာ ဦးလေးလှ ရှိနေတာပဲ ဘာပြဿနာမှ လဲရှိမှာ မဟုတ်ပါဘူး"

"အင်းလေ ဒီလောက်မှ အရေးကြီးနေလဲသွားပေါ့"

နေခြည်သည် သူနှင့်ဆက်၍ အငြင်းအခုံမပြုချင်သောကြောင့် မိမိ၏ စားပွဲဆီသို့ ပြန်လျှောက် ခဲ့သည် တွင်၊ ရင်ထဲ၌ ဒိန်းခနဲ ခုန်သွားသည် ။

သူ့ပိုက်ဆံအိတ် မူလနေရာတွင် မရှိဘဲ၊ နေရာရွှေ့နေသည် ။

နေခြည်က နေစိုးထံ ဖျတ်ခနဲ ကြည့်လိုက်သည်၊ နေစိုးသည် လေတချွန်ချွန်ဖြင့် သူ့စားပွဲပေါ် က ပစ္စည်းတွေကို သိမ်းဆည်းနေ၏။

နေခြည်က ရုံးလုလင်ကလေး မောင်ဖေထံသို့ လှမ်းကြည့်လိုက်သည် ။ မောင်ဖေ၏ မျက်နှာ ပေါ်တွင် တစ်စုံတစ်ခုကို သိရှိကြောင်း သိသာနေ၏။

နေခြည်သည် ရင်ထဲတွင် ထိန်းမရအောင် စိုးရိမ်ကြောင့်ကြမှုဖြစ်နေသဖြင့်၊ ရုံးလုလင်ကလေး မောင်ဖေကို ရုံးခန်းဝရန်တာဆီသို့ ခေါ်ထုတ် ခဲ့သည် ။

"မောင်ဖေ ... မင်း မမနေခြည်ရဲ့ ပိုက်ဆံအိတ်ကို နေရာရွှေ့သလား"

"ကျွန်တော် မရွှေ့ပါဘူး မမနေခြည် "

"ဒါဖြင့် မမစားပွဲနားကို ကိုစိုး သွားသလား"

ပြောရကောင်းနိုး မကောင်းနိုး မောင်ဖေက ချင့်ချိန်နေ၏။

"ပြောစမ်းပါ မောင်ဖေရယ်၊ မမနေခြည် စိတ်ပူလွန်းလို့ သူ မမပိုက်ဆံအိတ်ကို ဖွင့်တယ် မဟုတ်လားဟင်"

"ဟုတ်တယ် မမနေခြည်အထဲက စာအုပ်ကလေးကို

Scanned by CamScanner

ထုတ်ယူသွားပြီး သူ့စားပွဲမှာ သွားဖတ် တယ်"

"ဟင် ... လူယုတ်မာ စည်းကမ်းမရှိတဲ့ လူ"

နေခြည် ဒေါသတွေထွက်ကာ ဇွေ့ဇွေ့ခုန်သွားသည်။

"မမနေခြည်"

"အသာနေ မောင်ဖေ၊ ဒီကိစ္စကိုတော့ ရှင်းရမှာ ပဲ၊ မင်းသာ ရှောင်နေ "

နေခြည်သည် ဒေါသဖြစ်လွန်းသဖြင့် မိမိကိုယ်မိမိ ဘယ်လို ဘယ်ပုံ နေစိုး၏ စားပွဲဆီသို့ ရောက်သွားမှန်းပင် မသိတော့။

"ဒီမှာ ကိုစိုး"

"ဟ ... ဘာလဲ "

နေစိုးက သူ့စားပွဲကို ငုံ့၍ သော့ခတ်နေရာမှ နေခြည်၏ မျက်နှာကို ဆတ်ခနဲ မော့ကြည့်လိုက် သည်။

နီမြန်းနေသော မျက်နှာ။

မီးဝင်းဝင်းတောက်လုမတတ် ဖြစ်နေသော နေခြည်၏ မျက်လုံးများ ကို တွေ့ရပြီး သူ အံ့အား သင့်သွားသည်။

"ရှင် ... ရှင် ... အကျင့်ပုပ်လှချည်လားဟင်၊ သူများ ခွင့်ပြုချက်မပြု တဲ့ ကိစ္စကို လုပ်တယ် ဆိုတာ ယဉ်ကျေးတဲ့ လူ မဟုတ်ဘူး ရှင့်၊ ဘာကိစ္စ နေခြည့်ဒိုင်ယာရီကို ယူဖတ်ရတာလဲဟင်"

နေခြည်သည် ဒေါသထွက်လွန်း၍ အသံများ ပင် တုန်နေသည်။

ဒုမန်နေဂျာ ဦးလှခင်လည်း လက်ထဲတွင် ဘောလ်ပင်ကြီးကိုကိုင် ကာ နေခြည်နှင့် နေစိုးထံသို့ မျက်လုံးပြူးကြီးများ ဖြင့် အံ့အားသင့်ကာ

Scanned by CamScanner

ကြည့်နေ၏။

"ဟင်း ... ဟင်း ... ဟင်း ... ဟင်း"

နေစိုးက နေခြည်၏ မျက်နှာကိုကြည့်ကာ မခိုးမခန့်ရယ်ခြင်း ပြုံးခြင်းပြုလိုက်သည်။

"ရှင် ... ရှင် ဘယ်မှ မသွားရဘူး"

"မင်း ငါ့ကို တားပိုင်ခွင့် မရှိပါဘူးနေခြည်ရာ၊ မင်းနဲ့ ငါ မတော်တဆ ဖြစ်ခဲ့တဲ့ ကိစ္စအတွက်လဲ မင်း ငါ့ကို နဖားတပ်ချင်လို့ မရဘူးမှတ်"

"အို ... ရှင် ... ရှင် ဘာစကားတွေ ပြောနေတာလဲ"

ရှက်ရှာလွန်း၍ နေခြည်၏ အသားတွေ ဆတ်ဆတ်တုန်လာသည်။

မျက်ရည်တွေလဲ ပိုးပိုးပေါက်ပေါက် ကျလာနေသည်။

"မင်း သိပါတယ် နေခြည်၊ သူ့ကိုငါ တွေ့ရမှ ဖြစ်မယ်၊ သူ့အတွက် ငါ့ ရင်မှာ ဘယ်လောက် မီး တောက်နေတယ်ဆိုတာ ငါပဲသိတယ်"

"သူ ... သူ ကိုစိုးကို စိတ်မဝင်စားတာ ကိုစိုးသိရဲ့ သားနဲ့၊ သူ့ဆန္ဒရှိ တဲ့ အလျောက် လုပ်နေတာ ကို ကပျက်ယပျက် မလုပ်သင့်ဘူး ထင်ပါတယ်"

"ဒါက ငါ့ဆန္ဒပါ ငါသိတယ်နေခြည်၊ အဲဒါ နင်မြဲမြဲမှတ်ထား"

သူ ပြောချင်ရာပြောပြီး နေစိုးသည် ရုံးခန်းအတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားတော့သည်။

နေခြည်သည် တဆတ်ဆတ်တုန်နေသော လက်ကလေးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ သည်းထန်စွာ ငိုချလိုက်တော့သည်။

"တူ တူမကြီး ဘာတွေဖြစ်ကုန်ကြတာလဲကွယ်"

Scanned by CamScanner

နေခြည်၏ ပခုံးကလေးကို ကိုင်လှုပ်၍ ဦးလှခင် မေးလိုက်သည် ။

နေခြည်သည် စိတ်ထိခိုက်လှုပ်ရှားလွန်းလှသဖြင့် ရင်ထဲတွင် ဆို့ကျပ်နာကျင်ကာ လဲကျသွား တော့သည် ။

"နေခြည် နေခြည် နေခြည် တူမကြီး"

နေခြည်ကတော့ ဘာကိုမှ မကြားတော့ပြီ။

*****

Scanned by CamScanner

သုံးဆယ့်လေး။

မေသူမိုးလွင်သည် ဆက်နိုင်မော်နှင့်အတူ သီးပင်ကလေးများကို မြေတွင် ချရင်း တစ်သက်နှင့် တစ်ကိုယ်မခံစားရဘူးသော စိတ်ကြည်နူးမှုများကို ခံစား၍ နေရ၏။

မိမိချစ်သူနှင့်အတူ ယခုကဲ့သို့ အေးအတူပူအမျှ ရာသက်ပန်လုံး နေသွားချင်စိတ်များ လည်း တားဆီးမရအောင် ဖြစ်နေသည် ။

"ချစ် မောနေပြီလား"

"မမောပါဘူး"

"ပျော်လား"

"သိပ်ပျော်တာပဲ ကိုကို"

"တစ်သက်လုံး ဆိုးအတူ ကောင်းအတူ ကိုကိုနဲ့ လက်တွဲသွားနိုင်ပါ့မလား ဟင်"

ချွေးစို့နေသော မျက်နှာဝင်းဝင်းကလေးကို ပြုံးပြုံးကလေးထားကာ မေသူမိုးလွင်က ဦး ခေါင်းကလေးဆတ်ခနဲညိတ်ပြလိုက်သည် ။

"ဝမ်းသာလိုက်တာ ချစ်ရယ်၊ ကဲ ... ကဲ ချစ်လဲ မလုပ်ဖူးတဲ့ အလုပ်တွေ လုပ်ရတာပင်ပန်းလှ ပြီ အိမ်ပြန်ပြီး ရေမိုးချိုးတော့ ကိုကို ဒီအပင်ကလေးတွေကို လက်စသတ်ပြီးရင် ထမင်းစားဖို့ လာခေါ် မယ်၊ ကဲ ...

Scanned by CamScanner

ထကွာ၊ ချွေးအေးမိကုန်မယ်"

မေသူမိုးလွင်လည်း လက်ထဲက ခရင်းခွကလေးကိုချကာ မထချင်ထချင်ဖြင့် နေရာမှ ထလိုက် ရသည် ။

လက်တွေ စေးကပ်နေသော မြေကြီးများကို လက်ဝါးနှစ်ဖက်ပွတ်သပ်၍ သုတ်ရင်း မေသူမိုး လွင်သည် မလွယ်ပေါက်ကလေးမှ သူ့အိမ်ဘက်ဆီသို့ ပြန်လာခဲ့သည် ။

ဝတ်ထားသောဘလောက်(စ်)အင်္ကျီကလေး၏ ရှေ့ကြယ်သီးများကို ဆွဲတပ်ရင်း ဖြစ်ချင်ရာ ဖြစ် နောက်မှ ရှင်းမယ် ကိုကို့ကို ငါခွဲမနေနိုင်တော့ဘူး အမြန်ဆုံးလက်ထပ်တော့မယ် ဟု ဆုံးဖြတ် ချက်ချကာ အိပ်ခန်းထဲသို့ လှမ်းဝင်လိုက်သည့်အခါတွင် တော့ ...

"အို ... "

မေသူမိုးလွင်အတွက် စကြဝဠာကြီး ချာချာလည်သွားသကဲ့သို့ ဖြစ်သွား၏။

ကပျာကယာ သူ့အင်္ကျီရင်ဘတ်စကို လက်ဖြင့် ဆွဲစုရင်း ...

"ရှင် ... ရှင် ... ဒီမှာ ဘာလာလုပ်လုပ် ... "

"အဟင်း ဟင်း ဟင်း သိပ်လျှင်လှပြီထင်တဲ့ မိန်းကလေးတစ်ယောက်ကို လိုက်ဖမ်းဖို့ ရောက် လာတာလေ"

မခိုးမခန့်ပြုံးရယ်ရင်း နေစိုးသည် မေသူမိုးလွင်၏ ခုတင်ပေါ်တွင် ပိုင်စိုးပိုင်နင်း လှဲနေရာမှ ထထိုင်လိုက်သည် ။

"ရှင် ... လူပါးဝလှချည်လား၊ ခု အိမ်ခန်းထဲက ထွက်ပါ"

မေသူမိုးလွင်က ဟောက်ပစ်လိုက်သည် ။

Scanned by CamScanner

"သိပ် ဒေါသမကြီးပါနဲ့ လေ၊ မင်းကောင် ကိုယ့်ကိုမြင်သွားမှာ ကို မကြောက်ဘူးလား"

မေသူမိုးလွင်၏ ကိုယ်ကလေး ဆတ်ခနဲ တွန့်သွားသည်။

"အဟင်း ဟင်း ဟင်း မင်း မမြင်စေချင်ဘူး မှတ်လား အဟင်း မင်း တို့ နှစ်ယောက် သိပ်ပျော် နေကြတယ်နော်၊ မောင်တထမ်း မယ်တရွက် နဲ့ သိပ်ကြည့်လို့ ကောင်းပါတယ်၊ ဒါပေမဲ့ ဒီပွဲ ဆက်ကနေ တာကိုတော့ ကိုယ်မကြည့်နိုင်ဘူး မေသူ"

"ရှင် ... ရှင် ဘာယုတ်မာ မလို့ လဲဟင်"

"မင်း ... ငွေနှစ်သိန်း ဘာကိစ္စအတွက်နဲ့ လွှဲသွားတယ်ဆိုတာ၊ ကိုယ် သိပြီးပြီလေ၊ နေစိုးပဲ မည့်ပါဘူး မေသူရဲ့ မန္တလေးက ဝတ်လုံတော်ရ ဦးမြတ်မင်းခိုင်နဲ့ ကိုယ်တွေ့ပြီးပြီ၊ မင်းကောင် ဆက် နိုင်မော်ဆိုတဲ့ လူ ကလဲ ဘယ်လိုလူစားမျိုးဆိုတာ ကိုယ်သိသင့်သလောက် သိပြီးထားပြီ အဟင်း ဟင်း ဟင်း၊ မင်းဘယ်လိုဆုံးဖြတ်မလဲ မေသူ ကိုယ်ကတော့ လွ ယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့ လူ တစ်ယောက် မဟုတ်ဘူး နော်"

မေသူမိုးလွင်၏ ခေါင်းထဲတွင် မီးတောက်သွားသည်။

ဉာဏ်နီဉာဏ်နက်များ ၌ အတင့်ရဲသော နေစိုးနှင့် ဆက်နိုင်မော်သာ တွေ့သွားလျှင် ဘယ်လိုမှ ပြဿနာ ဖြေရှင်းလို့ ရတော့မည်မဟုတ်ကြော င်း ကောင်းကောင်း သိနေသည်။

"ရက္ခမြိုင်ကို မင်းပေးတဲ့ ပိုက်ဆံနဲ့ ဟိုကောင် ရွေးလိုက်တာနော်၊ အ ဟင်း ... မင်းနဲ့ သာ မတွေ့ရင် ဒီမောင် တော်တော်တန်ဖိုးကြီး ရက္ခမြိုင်ကြီးကို လက်လွှတ်ရမှာ အမှန်ပဲ"

"ကဲ ... ကိုစိုး ရှင့်ကို မေသူ တောင်းပန်ပါတယ်၊ ရှင်ပြန်ပါ ရှင်တွေ့ချ

Scanned by CamScanner

င်ရင် တစ်နေရာမှာ ချိန်း ပါ၊ မေသူ လာတွေ့ပါ့မယ်"

နေစိုးက သူ့ဦးခေါင်းကို လေးတွဲစွာယမ်းခါပြလိုက်သည်။

"ရှင် ... ရှင် ဘာလိုချင်သလဲပြော မေသူ ရှင် ကျေနပ်အောင် ပေးဖို့ အဆင်သင့်ပဲ ကိုကို့ကို ဘာမှ မထိခိုက်ရင် တော်ပြီ"

"ဟား ... ဟား ကိုကိုတဲ့ လား သိပ်ကြည်နူးစရာ ကောင်းတဲ့ အခေါ် အဝေါ်ပဲနော်"

"ရှင် အပိုတွေပြောပြီး ရှိမနေပါနဲ့ ကိုစိုး လိုရင်းကိုသာ မြန်မြန်ပြော ပါ"

"လိုရင်းက မင်း ရန်ကုန်ကို ခု ကိုယ်နဲ့ ပြန်လိုက်ခဲ့ဖို့ ကိစ္စပဲ မေသူ"

"ဟင် ... "

မေသူမိုးလွင်၏ မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားကြ တော့သည်။

"မင်း လိုက်မလား မလိုက်ဘူးလား တစ်ခွန်းတည်းပြော"

"မေ ... မေသူ ကိုကို့ကို သိပ်ချစ်တယ် ရှင် ... ရှင် ... အကျပ်မကိုင်ချ င်ပါနဲ့ ကိုစိုး"

"မင်းကြိုက်တဲ့ လမ်းရွေးလေ ဒီမောင်က မင်းတစ်ဖက်လှည့် ငွေပေး တဲ့ ကိစ္စ သိသွားစေချင် သလား၊ မင်း အသာတကြည် ရန်ကုန်လိုက်မ လား၊ စဉ်းစားပါ ကြပ်ကြပ်စဉ်းစားပါ သူက အခြေကျ ပြီး သူ့ဘဝရှေ့ ရေးအတွက် အားရနေပုံရတယ်၊ ဒါတွေကို မင်း ပျက်ပြားသွားစေချင်သ လား စဉ်းစား နော်၊ ကြပ်ကြပ်စဉ်းစား"

မေသူမိုးလွင်သည် နေစိုးလို လူယုတ်မာတစ်ယောက်က မွှေလိုက်လျှ

Scanned by CamScanner

င် ငြိမ်းချမ်းနေသော ဆက်နိုင်မော်၏ ဘဝ ကျွန်းထိုးမှောက်ခဲ့ ဖြစ်သွားတော့မည်ကို သိသည်။

စိတ်စက်ပြိုကွဲစွာဖြင့် မေသူမိုးလွင် သည်းထန်စွာငိုလိုက်သည်။

နေစိုးသည် ပြုံးရယ်နေသော မျက်နှာဖြင့် သေလုကြွေလုအောင် ငိုနေသော မေသူမိုးလွင်ကို အသည်းနှလုံးမရှိသည် ကဲ့သို့ ကြည့်နေ၏။

"ကဲပါလေ ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ အချိန်တွေကြာသွားရင် ဒီထက် ဝမ်းနည်း စရာတွေ ဖြစ်ကုန်မယ် မေသူ ကိုယ့်နောက်ကိုသာ ကြည်ကြည်သာသာ လိုက်ခဲ့ပါကွာနော်"

မေသူမိုးလွင်လည်း ဆက်နိုင်မော်၏ ဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးမှုနှင် မကြုံစေချင်ပါ လက်ရှိ သာယာနေသောဘဝတွင် ကတိသစ္စာမတည်ကြည်သော ချစ်သူတစ်ယောက်အဖြစ် သူတစ်ဦး တည်းသာ ဖဲ့ထွက်သွားခြင်းက တော်ပေဦးမည်ဟု ဆုံးဖြတ်ချက်ချပြီး ...။

"ကိုစိုး ... ရှင် သွားနှင့်ပါ ရှင့်ကို မေသူ ဘယ်မှာ ဆုံရမလဲသာ ပြောပါ၊ မေသူ ရန်ကုန် ပြန် လိုက်ခဲ့ပါမယ်"

"အဲသလို လိမ္မာစမ်းပါ မေသူရာ"

"ရှင် ... အပိုတွေပြောမနေနဲ့ မြန်မြန်သွား"

မေသူမိုးလွင်က တစ်ဖက်ခြံဆီသို့ လှမ်းကြည့်ပြီး စိုးရိမ်ကြီးစွာဖြင့် ပြောလိုက်သည်။

"မင်းကို အချိန်နာရီဝက်ပေးမယ် လမ်းဆုံအလွန့်ကလေးမှာ ကားအနက်ကလေးတစ်စီး ရပ် ထားတယ်၊ အဲဒီကို မင်း အမြန်ဆုံးလာပါ၊ ဒါပဲ"

"အို ... ရှင် ... ရှင် ... သိုသိုသိပ်သိပ် သွားပါ"

Scanned by CamScanner

"စိတ်ချစမ်းပါ မေသူရာ၊ ဒီလောက်တော့ ကိုယ်လဲ အကင်းပါးပါတယ် ပြောတဲ့ အတိုင်းသာ လာခဲ့နော်၊ ရောက်မလာရင်တော့ မင်းမောင်တော် တစ်ခါတည်း ကျွမ်းပစ်သွားအောင် ကိုယ် အစ တွေ ဆွဲထုတ်ပြလိုက်မှာ "

မေသူမိုးလွင်သည် နေစိုး၏ နောက်ကျောကို စက်ဆုပ်မုန်းတီးစွာကြည့်ရင်း ကျန်ရစ်ခဲ့တော့ သည်။

နေစိုး ခြံအပြင်သို့ ရောက်သွားတော့မှ တွေ့ရာ စာရွက်ကလေးတစ်ရွက်ပေါ်တွင် မေသူမိုးလွင် သည် စာတိုကလေးတစ်စောင်ကို အမြန်ရေးလိုက်သည်။

ထိုနောက်တွင် ကျောပိုးအိတ်ကလေးထဲသို့ အရေးကြီးသော ပစ္စည်းများကိုသာ ထိုးထည့်ပြီး အဝတ်အစားမျှပင်မလဲနိုင်တော့ဘဲ နေစိုး ပြောထားသည့် နေရာဆီသို့ လိုက်ခဲ့မိတော့သည်။

*****

Scanned by CamScanner

သုံးဆယ့်ငါး။

ဆက်နိုင်မော်သည် ပျိုးပင်များ မြေချခြင်းကို လက်စသိမ်းပြီးသည် နှင့်တစ်ပြိုင်နက် ကပျာကယာ ရေမိုးချိုးပြီး အဝတ်အစားများ လဲလှယ်လိုက်သည် ။ ပြီးလျှင် မှန်တင်ခုံရှေ့တွင် တင် ထားသော မေသူမိုးလွင်က သူ့အား ပေးသော လက်ဆောင် လက်ပတ်နာရီကို ဝတ်ဆင်ပြီး ချယ်ရီမြိုင် ဘက်ဆီသို့ မလွယ်ပေါက်ဆီမှ လျှင်မြန်စွာ ကူးခဲ့၏။

"ချစ်ရေ ... ချစ် မပြီးသေးဘူးလားကွာ ကိုကို လာလှပြီ"

အိမ်နောက်ဖေးတံခါးပွင့်နေသည် ။

အသံတွေက တိတ်ဆိတ်နေ၏။

သို့သော် ...

"ချစ် ... ဟိတ် ... ချစ်"

တစ်ခါခေါ်လည်း မထူး၊ နှစ်ခါခေါ်လည်း မထူးတော့ ဆက်နိုင်မော်သည် စိုးရိမ်ကြောင့်ကြ သွား၏။ သူသည် ခြေလှမ်းကျဲကြီးများ ဖြင့် အိမ်ရှေ့ခန်းများ တွင် နှံ့အောင် ရှာပြီးမှ အိမ်ခန်းဆီသို့ ဝင်ခဲ့သည် ။ သူ့ချစ်သူ မေသူမိုးလွင် ကိုယ်စားမှန်တင်ခုံကလေးပေါ်တွင် ပေါင်ဒါဘူးဖြင့် ဖိထားသော စာရွက်ကလေးကို တွေ့လိုက်ရသည် ။

အလောသုံးဆယ်ယူ၍ ဖတ်လိုက်သည် ။

Book Sharing

Scanned by CamScanner

ကိုကို

မေသူ မလွဲသာလွန်းလို့ ပြင်ဦးလွင်ကနေ အဝေးဆုံးတစ်နေရာကို ထွက်သွားရပါပြီ၊ လိုက် မရှာပါနဲ့ ကိုကိုရယ် ခွင့်လွှတ်ပါလို့ လဲ မေသူ မ တောင်းပန်ချင်ပါဘူး၊ မေသူ ကိုကို့ကို သိပ်ချစ်တယ် ကိုကို ဝတ်ပေးထား တဲ့ လက်စွပ်ကလေးကိုတော့ မေသူ အမြဲဝတ်ထားမှာ ပါ၊ ဒီဘဝမှာ မဆုံ ကြပေ မယ့် နောင်ဘဝဆိုတာရှိခဲ့ရင် ကိုကိုနဲ့ မေသူ ဆုံစည်းပါရစေ ကို ကိုရယ်နော်။

မေသူ

"တောက်"

ဆက်နိုင်မော်သည် ခံပြင်းလှဟန်ဖြင့် တက်တစ်ချက်ပြင်းစွာခေါက် လိုက်ပြီး၊ စာရွက်ကလေး ကို အကြောဖြိုင်ဖြိုင်ထအောင် ဆုပ်ကိုင်ထား လိုက်သည် ။

သူ့မျက်နှာကြီးသည် ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ခ က်ထန်မာကျောနေ၏။

မိန်းမတစ်ယောက် အရူးလုပ်ခြင်းကို ခံလိုက်ရလေခြင်းဟု ကိုယ့်ကို ယ်ကိုယ်လည်း ဒေါသ ထွက်မဆုံး ဖြစ်လာ၏။

ဆက်နိုင်မော်သည် ခံပြင်းစိတ်ကို မထိန်းနိုင်တော့ဘဲ သူ့ ရှေ့တွင် မြ င်မြင်သမျှ ပစ္စည်းတွေကို ပစ်ပေါက်၊ ကန်ကြောက်ပစ်နေ၏။ နောက်ဆုံး ကျတော့ သူ့လက်တွင် ပတ်ထားသော မေသူမိုးလွင်၏ လက်ဆောင် လ က်ပတ်နာရီကို ဒေါသတကြီးဖြုတ်ယူကာ အိမ်နံရံဆီသို့ ပစ်ပေါက်ပစ်လို က်သည် ။

"ကဲဟာ ... လှည့်စားတတ်တဲ့ မိန်းကလေးပစ္စည်းကို ငါ မမက်ဘူး"

Scanned by CamScanner

အပြစ်မဲ့သော နာရီကလေး စက်တခြား အိမ်တခြား ဖြစ်သွားတော့သည် ။

"ဖိုးဆက် ... ဟေး ... ဖိုးဆက် ... "

ဦးဝင်းသည် အမောတကောအသံဖြင့် ဆက်နိုင်မော်ကို ခေါ်ရင်း ... အိမ်ထဲသို့ ရောက်လာ၏။

"ဟကောင်ရ ... မင်းတို့ ဘာတွေဖြစ်ကုန်တာလဲ"

"မသိဘူးဗျာ ... မသိဘူး ... ကျုပ် အရူးလုပ်ခံလိုက်ရတာပဲ သိတယ် ... တောက်"

"အေး ... ငါလဲထင်တယ် တစ်ခုခုတော့ တစ်ခုခုပဲလို့ ကောင်မလေးကို ငါလှမ်းခေါ်တာ မကြားချင်ယောင်ဆောင်သွားတယ်၊ လမ်းဆုံကြတော့ ကားအနက်ရောင် တစ်စီးပေါ်တက်ပြီး လူ တစ်ယောက်နဲ့ ပါသွားတော့တာပါပဲ၊ ငါလဲ စက်ဘီးယူပြီး မင်းဆီ အပြေးလာတာ အိမ်မှာ မတွေ့ရလို့ ဒီကို ဆက်လိုက်တာကွ"

"အဲဒီလူကို ဦးလေးဝင်းတွေ့လိုက်သလား"

"သေသေချာချာတွေ့လိုက်တယ်၊ ပိန်ပိန်ပါးပါး အသားဖြူဖြူထဲက မင်းတို့ အရွယ် ယောကျ်ားတစ်ယောက်ပဲ ဖိုးဆက် "

"ဒီမိန်းမ နောက်ကြောင်းမရှင်းဘူး ထင်ပါတယ်ဗျာ"

နာကြည်းစွာဖြင့် ဆက်နိုင်မော်က ပြောလိုက်သည် ။

"အင်း မင်း ပြဿနာကလည်း မသေးပါလား ဖိုးဆက်ရာ"

"သူ့အကြောင်း မမေးပါနဲ့ မမေးပါနဲ့ ... သူ့အရုပ်တော်ပုံကြီး ပေါ်မှာ စိုးလို့ တားခဲ့တာပဲ ခုတော့ ဘာထူးလဲ အရုပ်တော်ပုံက ပေါ်လာတာပဲ၊

Scanned by CamScanner

ကျွန်တော် အရှုးအလုပ်ခံရတာကိုပဲ သိပ်ခံပြင်း တယ် ဦးလေးဝင်းရာ"

"ငါတူရယ် စိတ်ကိုဖြေပါ ဘာမှ လွန်လွန်ကျူးကျူးတွေ မဖြစ်ခင် ဇာတ်ရှုပ်ပေါ်သွားတာ မင်း ကံကောင်းတယ်လို့ ဦးလေးထင်တယ်၊ လောကမှာ မိန်းမမရှားပါဘူးကွာ၊ မင်းနဲ့ ထိုက်တန်မယ့် မိန်း ကလေးတစ်ယောက်ယောက်ကို တစ်နေ့နေ့တော့ တွေ့မှာ ပါ"

"တော်ပါပြီ ဦးလေးဝင်းရာ မ ဆိုရင် ကြောက်လွန်းလို့၊ တတ်နိုင်ရင် ကိုယ့်လက်မခြေမ တောင် ဖြတ်ပစ်လိုက်ချင်တယ်သိလား ... တောက်"

"ကဲဟာ ကဲဟ"

"ဒုန်း"

"ဒိုင်း"

"ဂျုံး"

"ခွမ်း"

တွေ့ရာမြင်ရာတွေ ကန်ကျောက်ထိုးနှက်ပြီး၊ အားမရသေးဟန်ဖြင့် လက်ရာပန်းချီကားချပ် ကြီးကို လက်သီးဖြင့် ဇွတ်ထိုးပစ်လိုက်သည် ။

"ဟာ ... ဖိုးဆက် ... ဖိုးဆက် ... မလုပ်နဲ့ လေဟ"

ပန်းချီကားချပ်ကြီး မှန်ကွဲကာ ပေါက်ကွဲထွက်သွားတော့သည် ။

ဆက်နိုင်မော်၏ လက်သီးတစ်လုံးတွင် လည်း မှန်ကွဲစတို့ ထိရှိမှုကြောင့် သွေးချင်းချင်းထိ၍ နေလေပြီ။

"ဖိုးဆက်ရယ် တယ်ခက်ပါလားကွာ၊ လာလာ အိမ်ပြန်ကြရအောင်"

ဦးလေးဝင်းက ဆက်နိုင်မော်ကို အတင်းဆွဲကာ မလွယ်ပေါက်မှ ရက္ခမြိုင်ဘက်ဆီသို့ ခေါ် ဆောင်လာခဲ့သည် ။

Scanned by CamScanner

ဆက်နိုင်မော်သည် သူ့ဦးခေါင်းက ဆံပင်များကို လက်ဆယ်ချောင်းဖြင့် ဆုပ်ဆွဲကာ ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပစ်ချ၍ ထိုင်လိုက်တော့သည်။

******

Scanned by CamScanner

## သုံးဆယ့်ခြောက်။

လေတွေမိုးတွေ ထန်နေသည်။

မိုးရေပေါက်သည် မေသူမိုးလွင်၏ မျက်ဝန်းနှစ်ဖက်မှ မျက်ရည်ပေါက်တို့ နှင့်အပြိုင် ကျ၍ နေ သည်။

အသည်းကွဲမလေးအတွက် မိုးမင်းကြီးကပါ မျက်ရည်ကျနေသလားဟု ထင်ရပေသည်။

"ကိုကိုရယ် မေသူ့အသည်းတွေ ကွဲအက်ကုန်ပါပြီရှင် ကိုကိုဟာ မေသူ့အတွက် အစားထိုး မရ နိုင်သူ တစ်ယောက်ပါ ..."

နေစိုးက မေသူမိုးလွင်ကို စောင်းငဲ့ကြည့်လိုက်ပြီး မျက်နှာကို ရှုပ်ဆိုးလောက်အောင် မဲ့ပစ် လိုက်သည်။

"ဒီလောက်တောင် ပူပန်မှု ဖြစ်နေစရာလဲ မလိုပါဘူး၊ ကိုယ့်ဘေးမှာ ခရီးသည် တွေ ရှိတာလဲ သတိထားဦး မေသူ"

မေသူမိုးလွင်သည် လက်ဖမိုးကလေးဖြင့် မျက်ရည်တွေကို သုတ်ချလိုက်ပြီး၊ လေယာဉ် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်သည်။

မိုးတွေ၊ တိမ်တွေ၊ လျှပ်နွယ်တွေ၊ လျှပ်ပန်းတွေက သူ့မြင်ကွင်းတွင် မင်းမူနေ၏။

ညောင်ဦးကို ကျော်လာသည့်အခါတွင် တော့၊ သာယာသော ရာသီဥ

Book Sharing

Scanned by CamScanner

တုကို တွေ့မြင်လာရသည်။

ရန်ကုန် မင်္ဂလာဒုံလေဆိပ်သို့ လေယာဉ်ဆိုက်ကပ်သည် အထိ ရာသီဥတုသည် အလွန်ကောင်း ၍ နေသည်။

လေဆိပ်မှ အငှားယာဉ်တစ်စီးဖြင့် နေစိုးနှင့်မေသူမိုးလွင်တို့ သည်၊ ဘောင်ဒရီလမ်းရှိ မေသူမိုး လွင်၏ အိမ်သို့ ရောက်ခဲ့ကြသည်။

မေသူမိုးလွင်ကို မြင်လိုက်ရလျှင် ကြီးတင်သည် အိမ်ထဲက ရေးကြီးသုတ်ပျာ ပြေးထွက်လာ သည်။

"အောင်မယ်လေး မေသူရယ် ... ဘယ်တွေ လျှောက်သွားနေတာလဲ ဒီမှာ နေခြည်တော်တော် ကလေးဖြစ်နေတယ်"

"ဟင် ... ဟုတ်လား ခု ခု သူ ဘယ်မှာ လဲ"

"ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာနမှာ ဒေါက်တာဝင်းဝင်းအေးလဲ ရှိနေတယ်"

"အို ... ဒါဆို အမြန်လိုက်သွားမှ ပဲ ဦးလေး ဦးလေးစံကော ကားအမြန်ထုတ်ခိုင်းပါ"

နောက်ဖေးတန်းလျားတွင် နေသော ဦးစံကြီးကို ကြီးတင်က ပြေးခေါ်ပေးလိုက်သည်။

"ဒုက္ခပါပဲ နေခြည်ဘယ်လိုဖြစ်နေတာလဲ"

နေခြည်အတွက် စိုးရိမ်စိတ်က သူခံစားနေရသော ဝေဒနာကို မေ့လျော့သွားစေ၏။

"ကိုယ်လဲလိုက်မယ်"

နေစိုးက ကားထုတ်လာသောအခါ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်

Scanned by CamScanner

။

"နေခြည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်အန္တရာယ်ကင်းကင်းနဲ့ ကင်းဝင်းပါစေ ဘုရား "

မေသူမိုးလွင်က ဆုတောင်းလိုက်သည် ။

"ဘယ်နေ့က ဆေးရုံတင်လိုက်တာလဲဟင် ဦးလေးစံ"

"မနက်ကပဲ တင်လိုက်တာ"

"ဒုက္ခပါပဲ ထင်တော့ ထင်သားပဲ သူ ကောင်းကောင်း မကျန်းမာဘူး ဆိုတာ ဒီလောက်ကြီး ဖြစ်မယ်လို့ သာ မထင်မိတာ ဆရာဝန်က ဘာပြောသလဲ ဟင် "

"စိုးရိမ်ရတယ်လို့ ပြောတာပဲ ဒါကြောင့် ကြီးတင်က ဟို ဆရာဝန်မလေး ဝင်းဝင်းအေးကို ဆေးရုံမှာ သွားအစောင့်ခိုင်းထားတာ သူ့မှာ အမျိုးအဆွေကလည်း ရန်ကုန်မှာ မရှိဘူး မှတ်လား"

"ဟုတ်တယ်၊ သိပ်အရေးကြီးရင်တော့ စစ်ကိုင်းက သူ့အမျိုးတွေကို ခေါ်ရမှာ ပဲ"

နေစိုးသည် စကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်နေ၏။

သို့သော် သူ့ရင်ထဲတွင် တော့ အပြင်းအထန် လှုပ်ရှားနေသည် ။

နေခြည်ခုလိုဖြစ်သွားရခြင်းမှာ သူ့ပယောဂကြောင့်ဟု သူ တပ်အပ် သိနေ၏။

ဆေးရုံကိုရောက်သည့်အခါတွင် နေခြည်ကို မျက်နှာချင်းမဆိုင်ဝံ့၍ သူက နောက်ချန်နေခဲ့ သည် ။

မေသူမိုးလွင်ကတော့ ဝပ်ထဲသို့ ပြေးဆင်းသွားသည် ။

Scanned by CamScanner

"ရှုတ်"

ဒေါက်တာမလေး ဝင်းဝင်းအေးက မေသူမိုးလွင်ကိုလှမ်းတားပြီး အပြင်သို့ ပြန်ခေါ်ထုတ်ခဲ့ သည် ။

နေခြည်ကိုဆေးသွင်းလျက် တန်းလန်းတွေ့မြင်နေရပေ၏။

"လာ ... အရေးကြီးတယ် မေသူ"

ဒေါက်တာဝင်းဝင်းအေးက နေစိုးနှင့်ဝေးရာနေရာဆီသို့ မေသူမိုးလွင်ကို ဆွဲခေါ်သွားပြီး တိုးတိုးကလေး အကြောင်းအရာတစ်ခုကို ပြောလိုက်သောအခါ မေသူမိုးလွင်၏ မျက်လုံးများ ပြူတ် ကျလုမတတ် ပြူးကျယ်သွားကြသည် ။

"ဟင် ... ဟုတ်လား ... အင်ဂျင်းနားလဲရတယ် ပြီးတော့ ပြီးတော့ နေခြည်မှာ အို ... ဘယ်သူနဲ့ လဲ ဘယ်သူနဲ့ လဲဟင်"

"အဲဒါ ခက်နေတာပေါ့မေသူ၊ အဲဒီအကြောင်းကိုမေးရင် သူတအားငိုတယ်။ မပြောနိုင်ဘူးလို့ ငြင်းတယ် သိပ်အတင်းမေးရင်လဲ သူ့နလုံးက စိုးရိမ်ရတဲ့ အခြေအနေ မဟုတ်လား"

"ဒုက္ခပဲ ... ဒုက္ခပဲ"

မေသူမိုးလွင် ခေါင်းနားပန်းကြီး၍ နေ၏။

နေခြည်အကြောင်း သူသိသည် ။

နေခြည်သည် ယောကျ်ားလေးနှင့်ကင်းသည် ။

ချစ်သူရည်စားလည်း ရှိသူမဟုတ် ...

သို့ပါရက်ခနဲ့ နေခြည်တွင် ဘယ်လို ကိုယ်ဝန်ရှိစပြုနေသတည်း။

"မင်းသူ့ကို ဘာမှ မမေးနဲ့ နော်၊ သူဘာသာသူ ဆန္ဒရှိလို့ ပြောရင်

Scanned by CamScanner

တော့ ပြောပါစေ၊ ကဲလာ ... သွားကြည့်ရအောင်"

နေစိုးသည် နေခြည်၏ ခုတင်ခြေရင်းတွင် တိတ်ဆိတ်စွာ ရောက်ရှိနေပြီး မမှိတ်မသုန်သော မျက်လုံးများ ဖြင့် စက္ကူဖြူတစ်ချပ်လိုဖြစ်နေသော နေခြည်၏ မျက်နှာကလေးကို စိုက်ကြည့်၍ နေ သည်။

နေခြည်က မျက်လုံးများမှိတ်ထားကာ အသက်ကို ပြင်းပြစွာ ရှူရှိုက်နေသည်။

ဝေဒနာပြင်းပြစွာ ခံစားနေရသော နေခြည်ကိုကြည့်ရင်း နေစိုး၏ ရင်ထဲတွင် မွန်းကြပ်ဆို့ နင့်၍ လာသည်။

မေသူမိုးလွင်သည် နေခြည်ကို သနားပြီး မျက်ရည်တွေဝဲနေ၏။

သူ ခုတင်နားရောက်ချိန်တွင် နေခြည်မျက်လုံးများကို ဖွင့်ကြည့်လာသည်။

"ဟင် ... မေ ... မေသူ"

နေခြည်၏ မျက်လုံးများ ဝိုင်းစက်လာသည်။

"နေခြည် ... နေခြည်ရယ်"

"မေသူ ပြန်ရောက်လာတယ်၊ ကိုစိုး ယုတ်မာလိုက်တာနော်"

"နေခြည် နေခြည် စိတ်အေးအေးထားပါ၊ နေကောင်းအောင်နေ တခြားအကြောင်းတွေ မေ့ထားလိုက်နေခြည် "

သူ့လက်ကလေးကိုဆုပ်ကိုင်၍ မေသူမိုးလွင်က အားပေးစကားပြောလိုက်သည်။

နေစိုးသည် နေခြည်သူ့ကို မတွေ့မိနောက်ဆုတ်၍ လျှောက်ကာ အပြင်သို့ ထွက်နေလိုက် သည်။

Scanned by CamScanner

သူ့အမှားသူ နေစိုးသည် ကောင်းကောင်း ကြီး သိမြင်နေပြီ ဖြစ်သည်။

"မသူရယ် နေခြည် နေ နေခြည် တားပါတယ်၊ သူ သူ လေ နေခြည့်ဒိုင်ယာရီကိုခိုးဖတ် ဖတ်ပြီး မသူ့နောက်လိုက်သွား သွားတာ"

"ဟုတ်ပါတယ် ဟုတ်ပါတယ် နေခြည်အပြစ်မဟုတ်ပါဘူး၊ မောနေပါမယ် နေခြည်ရယ် စကားမပြောပါနဲ့ "

"နေခြည် စိတ် စိတ်မကောင်းဘူး၊ ကို ကိုဆက်မော်ကော ဟင်"

မသူမိုးလွင်လည်း စိတ်ထိန်းထားသည့်ကြားက မျက်ရည်တွေတွေ ကျလာသည်။

"မနေခြည် စကားမပြောရဘူးလေ"

အစောင့်သူနာပြုဆရာမကြီးက နေခြည်ကို တားလိုက်စဉ် ဒေါက်တာဝင်းဝင်းအေးက မသူ မိုးလွင်ကို အပြင်သို့ဆွဲထုတ်ခေါ်ဆောင်လာခဲ့သည်။

"နေခြည် ခုလိုဖြစ်တာ မကျေနပ်ဘူး၊ မကျေနပ်ဘူး၊ ဒီ ကလေးရဲ့ အဖေကို မသူသိချင်တယ်၊ သိရမှ ဖြစ်မယ်၊ လူမဆန်တဲ့ တိရစ္ဆာန်ကောင်ကို နေခြည့်ကိုယ်စား မသူ ဆုံးမချင်တယ်၊ သိပ်ဆုံးမ ချင်တယ်၊ အဟင့် ဟင့် ဟင့်၊ သူ ဘာဖြစ်လို့ ဖုံးကွယ်နေချင်တာလဲမသိဘူး အဟင့် ဟင့် ဟင့်"

"မသူ မသူ စိတ်ထိန်းပါကွယ်"

အပြင်ဘက်တွင် နေသော နေစိုးသည် မသူမိုးလွင်၏ နှုတ်မှ ပေါက်ကွဲထွက်လာသော စကား များကိုကြားရလျှင် ကျင်စက်ဖြင့် အတို့ ခံရသကဲ့သို့ ထောင်းခနဲဖြစ်သွားပြီး မျက်လုံးများ ပြူးထွက် လာသည်။

Book Sharing

Scanned by CamScanner

"နေခြည် နေခြည် နေခြည်မှာ ကလေးရှိနေပြီ"

အမှူးလွန်သော ညတစ်ညဆီကို သူ ရုတ်ခြည်းအမှတ်ရလိုက်သည် ။

နေစိုးတစ်ယောက် ရုတ်တရက်မူးမိုက်ကာ လဲကျလုမတတ်ဖြစ်သွားတော့သည် ။

"ငါ ငါ တော်တော်အကျင့်ဆိုးတဲ့ ယောက်ျားတစ်ယောက်ပါလား၊ နေခြည်ဟာ ငါနဲ့ ကလွဲ လို့ ... "

ကိုယ့်ကိုယ်ကိုယ် သရုပ်ခွဲ၍ သိမြင်လာသော နေစိုးသည် သူ့ခြေထောက်များ သယ်ဆောင်ရာ နောက်သို့ လိုက်ပါသွားလျက်ရှိနေ၏။

"ဧည့်သည် မဝင်ပါနဲ့ တော့"

သူနာပြုဆရာမက နေစိုးကို နှင်လိုက်သည် ။

နေခြည်က ဖျော့ခနဲ မှိတ်ထားသော မျက်လုံးများကိုဖွင့်ကြည့်နေလိုက်သည် ။

"ကိုစိုး ရှင် ရှင် လူယုတ်မာ"

"နေခြည် ဟုတ်ပါတယ် နေခြည်ရယ်၊ ငါ့စကားကို ဆုံးအောင်နားထောင်၊ ငါ မကောင်းတဲ့ ကောင်တစ်ယောက်ပါ၊ ငါ ငါလေ နှင့်ကို တောင်းပန်ချင်လို့ ဝင်လာတာပါ၊ ငါမှားပါတယ်၊ ငါ ငါ မေသူ့ကို ကျေနပ်သည်အထိ တောင်းပန်ပါ့မယ်၊ နှင် နှင် အမြန်ဆုံး နေကောင်းအောင်နေပါနော်၊ နှင့် ကို စိတ်ဆင်းရဲအောင် ငါ လုပ်မိတာတွေအတွက် တောင်းပန်ပါတယ်၊ နှင် နှင်နေကောင်းရင်လေ နှင့် ကို ငါ ငါ လက်ထပ်မယ်၊ နှင် စိတ်အေးအေးထားပါ နေခြည်ရယ်နော် နော် နေခြည်"

"ဟင်"

Scanned by CamScanner

နေခြည်သည် နေစိုး၏ မျက်နှာကိုပြုံးဝိုင်းနေသော မျက်လုံးများ ဖြင့် မျက်တောင်မခတ် ကြည့် နေ၏။

နေစိုးက နေခြည်၏ လက်ကလေးတစ်ဘက်ကို သူ့လက်ဖြင့် အသာ ဖွဖွဆုပ်ကိုင်ကာ အားပေး လိုက်သည် ။

အပြင်ဘက်မှ ကြည့်ကာ အံ့အားသင့်နေကြသော ဒေါက်တာဝင်းဝင်းအေးနှင့် မေသူမိုးလွင်တို့ သည် အခြေအနေမှန်ကို သ ဘောပေါက်မိသွားကြသည် ။

"ဟော့ နေပစေ မေသူ မသွားနဲ့ "

ဝပ်ထဲသို့ ဝင်ဟန်ပြုလိုက်သော မေသူမိုးလွင်ကို ဒေါက်တာဝင်းဝင်း အေးက လှမ်းဆွဲထား လိုက်သည် ။

နေခြည်က တစ်စုံတစ်ခုပြောလိုက်သည် ။

နေစိုးသည် ဆိမန်းမန်းသလို တတွတ်တွတ်စကားတွေပြောပြီး နေခြည်၏ လက်ကလေးကို အသာဆွဲယူ နမ်းလိုက်သည် ကို တွေ့မြင်ရ သောအခါ ဒေါက်တာဝင်းဝင်းအေးနှင့် မေသူမိုးလွင်တို့ ၏ မျက်နှာပေါ် တွင် အပြုံးများ ဝေသွားကြတော့သည် ။

ရင်ထဲတွင် စိုးရိမ်ကြောင့်ကြစိတ်များ ဖြင့် လိပ်ခဲတင်းမာနေမှုများ ပြေပျောက်သွားလေပြီ မဟုတ်လား။

*****

Scanned by CamScanner

# သုံးဆယ့်ခုနစ်။

မိုးနှောင်းကာလတွင် ကြမ်းကြမ်းရမ်းရမ်း ကျလာသော လေနှင့်မိုးကို ဆက်နိုင်မော်သည် တွေတွေကြီး စိုက်၍ ကြည့်နေစဉ် တစ်ပင်တည်းချန်ထားခဲ့သော အိမ်နောက်ဖေးဘက်က ပင်အိုကြီး သည် ရုတ်တရက်လဲကျ၍ လာ၏။

"ဟင် ..."

"အပင်ကြီး တုံးလုံးလဲသွားလေပြီ"

ဆက်နိုင်မော်သည် နောက်ဖေးတံခါးကို ဖွင့်၍ ပြေးထွက် ကြည့်လိုက်သည် တွင် အိမ်နောက် ဖေးဆောင်ဘေးသို့ ထိုးကျလာသော သစ်ပင်ကြီး၏ ထပ်သစ်ခေါင်းထဲမှ နေ လေ မိုးဒဏ် နှစ်အဖန် ဖန် ခံထားရသော ငွေထုံးဘူးအလတ်တစ်လုံး မြေပြင်ပေါ်ပြုတ်ကျလာသည်ကို တွေ့လိုက်ရသည် ။

ထုံးဘူးကလေး သူသည် မိုးလေထဲတွင် ပြေးကောက်၍ ယူလိုက်သည် ။

"ဟင် ... ဒါ ... ဒါ ... ဘွားငွေရောင်ရဲ့ ထုံးဘူးလေး အို ဒါ ဘွားငွေရောင် ခဏ သိမ်း ခိုင်းထားတဲ့ ထုံးဘူးပဲ ငါ ... ငါမှတ်မိပြီ"

ဆက်နိုင်မော်သည် ထုံးဘူးကလေးကို ဆုပ်ကိုင်ရင်း မိုးလေထဲတွင် ထီးထီးကြီး ရပ်နေမိ၏။

Scanned by CamScanner

သူ့စိတ်ကတော့ သည် ဟိုလွန်ခဲ့သော နှစ်များ ၏ နေ့တစ်နေ့ဆီသို့ ရောက်ရှိသွားသည် ။

သည် နေ့တွင် မနက်မိုးလင်းသည် ဆိုကတည်းက ရုက္ခမြိုင်အိမ်ကြီးတွင် မီးလောင်မြိုက်ခြင်း ခံနေရသည် ကဲ့သို့ ပူလောင်ခြင်းပြင်းပြ၍ နေသည် ။

ဖေဖေကတော့ သားအမိနှစ်ယောက်၏ ရန်ပွဲကို မကြည့်လို မကြားလို၍ အိမ်က အစောကြီး ထွက်သွားသည် ။

"ဟဲ့ ငသော်ရဲ့ ငါ့ပစ္စည်းတွေက နင် တစ်ယောက်တည်း ပိုင်တာ မဟုတ်ဘူး ငါ့မှာ ငါ့သားကြီး နဲ့ ငါ့မြေးရှိနေသေးတယ်၊ နင့်လိုလူမိုက်မျိုးလက်ထဲမှာ ဒီပစ္စည်းတွေက ဘယ်လောက်ခံမှာ မို့လို့ လဲ သွား ငါ့အခန်းထဲကထွက်သွား နင့်ကို ငါ အသက်ရှင်နေသရွေ့တော့ ဘယ်တော့မှ ဘာပစ္စည်းမှ မပေးဘူးမှတ် အသုံးမကျတဲ့ ငမူးကောင် သွား အခု ငါ့အခန်းထဲက ထွက်သွား"

နံနက်မိုးလင်းသည် နှင့် တစ်ပြိုင်နက် အရက်နှင့် မျက်နှာသစ်ပလုတ်ကျင်းတတ်သော လေး လေးသော်သည် မအေကိုဒေါပွပြီး တွေ့တွေ့သမျှ ပစ္စည်းတွေကိုခြေဖြင့် ကန်ကျောက်ကာ ရုက္ခမြိုင်ထဲ မှ ဝုန်းဒိုင်းကျဲပြီး ထွက်ခွာသွားသည် ။

မိုးသည် စောစောက ဖွဲဖွဲကလေးရွာနေရာမှ တဖြည်းဖြည်းလေပါ ပါလာပြီး ထန်လာသည် ။

"ဟဲ့ ... ဖိုးဆက် ... ငါ့မြေး လာစမ်း"

အပြင်ဘက်မှ အဘွား၏ အခြေအနေကို ကွက်ကြည့်ကွက်ကြည့်လုပ်နေသော ဆက်နိုင်မော်ကို အဘွားငွေရောင်က လှမ်းခေါ်လိုက်သည် ။

Scanned by CamScanner

ဆက်နိုင်မော် ဘွားငွေရောင်ဆီသို့ ဝင်ခဲ့သည်။

"ဟို ငမိုက်ကော ထွက်သွားပြီလား"

"သွားပြီ ဘွားငွေရောင်"

"လာစမ်း ... ဒီလာစမ်း ... အဲဒီတံခါးပေါက်ပိတ်ခဲ့"

ဆက်နိုင်မော်သည် တံခါးကိုပိတ်ခဲ့ပြီး ဘွားငွေရောင်၏ အနီးသို့ ချဉ်းကပ်ခဲ့သည်။

ဘွားငွေရောင်သည် သူ့ခုတင်အောက်မှ အစုတ်အပြတ်တွေထည့်သော ဖာတောင်းကလေးကို ဆွဲ ထုတ်လိုက်ပြီး စုတ်ပြဲဟောင်းနွမ်း၍ ညစ်ထေးနေသော အထုတ်တစ်ခုကိုယူလိုက်သည်။

"ဟဲ့ဖိုးဆက် ဒီမယ် ... ဒီမယ် ... ဒီထုံးဘူးကို မင်းသိမ်းထားစမ်း၊ ဟို ငမူးကောင် လုံးလုံး မသိစေနဲ့ ဒီကောင်က ဒီထဲကစိန်တွေကိုမက်ပြီး ငါ့အသက်တောင် ရန်ရှာမယ့် ပုံဆိုက်နေတယ် ဒီဘူး ထဲမှာ ရှိတဲ့ စိန်တွေ သူ့လို ငမိုက်သားလက်ထဲ ဘွားငွေရောင် မထည့်နိုင်ဘူး၊ မင်းအဖေလာတော့ ပြောပြပြီး ဖွက်ထားကြားလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ဘွားငွေရောင်"

ဆက်နိုင်မော်သည် ထုံးဘူးကို ဘွားငွေရောင်လက်ထဲမှ ဆတ်ခနဲယူပြီး သူ့ဘောင်းဘီတို၏ ဘေးအိတ်ကလေးထဲသို့ ထည့်လိုက်သည်။

"သေသေချာချာသိမ်းနော်၊ အရေးကြီးတယ် တန်ဖိုးလဲသိပ်ရှိတယ်၊ ဘာ အကြောင်းကြောင့်ပဲ ဖြစ်ဖြစ် သူ့လက်ထဲ မပါစေနဲ့ ... "

"ဟုတ်ကဲ့ပါ ဘွားငွေရောင်"

Book Sharing

Scanned by CamScanner

"မှတ်မှတ်ရရ သိမ်းနော်"

"ဟုတ်ကဲ့"

"ကဲ ... သွား သွား ဟိုကောင်တကျော့ပြန်လာလို့ တွေ့သွားမှ ဖြင့် အခက်ပဲ"

ဆက်နိုင်မော်လည်း ဘွားငွေရောင်အခန်းထဲမှ ထွက်ခဲ့သည် ။

လေမိုးတို့ ရုတ်တရက် ရပ်တန့်သွားကြသည် ။

နောက်ဖေးဘက်ဆီမှ ငှက်တစ်ကောင်၏ စူးစူးရှရှအော်မြည်သံက ရက္ခမြိုင်ကို စိုးမိုးလာ သည် ။

ဆက်နိုင်မော်သည် နောက်ဖေးဘက်ဆီသို့ ပြေးထွက်ကြည့်လိုက်သည် တွင် ငှက်သိုက်တစ်ခု ပြုတ်ကျနေပြီး၊ ငှက်ကလေးတွေ တပြွပြွ အော်မြည်နေကြသည် ။ တစ်ကောင်က အသိုက်ထဲက ထွက် ကျနေသည် ။

အမိငှက်မလေးသည် ငှက်သားပေါက် ကလေးတွေဆီ ပျံလိုက်၊ သစ်ပင်ထိပ်ဖျားဆီ ပျံလိုက် နှင့် ကယ်ပါ၊ ယူပါ တစာစာအော်မြည်နေသည် ကဲ့သို့ သနားဖွယ်ရာမြင်နေသည် ။

သတ္တဝါကလေးများ အပေါ် ကြင်နာသနားစိတ်များ စွာရှိသော ဆက်နိုင်မော်သည် ငှက်ကလေး ကို ပြေးကောက်ပြီး အသိုက်ထဲ ထည့်ပေးလိုက်သည် ၊ ပြီးလျှင် ငှက်သိုက်ကိုယူကာ ရေညှိဖြင့် ချော ကျိုကျိုဖြစ်နေသော သစ်ပင်ကြီးကို ဖက်တွယ်၍ အပေါ်သို့ တက်ခဲ့ပါတော့သည် ။

အပင်ထိပ်သို့ရောက်လျှင် ပျက်စီးနေသော ငှက်သိုက်ကလေးကို ပြုပြင်ပြီး နေရာပြန်ချထား လိုက်သည် ။

Scanned by CamScanner

အမေငှက်မကြီးသည် ငှက်သိုက်ဆီသို့ မကြောက်မရွံ့ ပြေးဝင်လာသည်။

ဆက်နိုင်မော်သည် ငှက်သိုက်ချထားသော သစ်ခေါင်းကလေးကို ကြည့်ရင်းက အကြံတစ်ခု ခေါင်းထဲဝင် လာပြီး၊ သူ့ဘောင်းဘီအိတ်အတွင်းမှ ငွေထုံးဘူးကို ထုတ်ယူကာ ချထားလိုက်တော့ သည်။

"နောက်မှ အဖေပြန်လာရင် ပြောပြပြီး ယူပေးမယ်၊ ဒီနေရာမှာ ဘွားငွေရောင်ရဲ့ ပစ္စည်းတွေ လုံခြုံမယ်၊ သိပ်စိတ်ချရမယ် အဟင်း"

ကိုယ့်စိတ်ကူးကလေးနှင့် ကိုဆက်နိုင်မော်ကလေးသည် သဘောကျကာ ပြုံးရယ်ရင်း၊ သစ်ပင်ကြီးပေါ်က ဆင်းမည်ပြုစဉ် ... မီးဖိုဆောင်ထဲက ထွက်လာသော ဘွားငွေရောင်က သူ့ကို မြင် တွေ့သွားသည်။

"အောင်မလေးငဆက်ရဲ့ လိမ့်ကျပြီး သေတော့မှာ ပဲ၊ ဆင်းစမ်း၊ ခုဆင်းစမ်း မင်း တော်တော် မျောက်ကျတဲ့ ကောင်ပါလား ... "

ဘွားငွေရောင်က ရင်ဘတ်စည်တီး အော်ကြီးဟစ်ကျယ်လုပ်နေသဖြင့် ဆက်နိုင်မော်လေး လည်း တုန်တုန်ယင်ယင်ဖြင့် သစ်ပင်ကြီးပေါ်က ဆင်းလိုက်ရာ သတိလက်လွတ်တစ်ချက်ဖြစ်ပြီး၊ ပြုတ်ကျသွားတော့သည်။

"အောင်မလေး ငါ့မြေးကလေး သေပါပြီတော့"

ဘွားငွေရောင်၏ အထိတ်တလန့် အော်သံကို ဆက်နိုင်မော်သည် ၊ ဆုံးအောင်ပင် မကြား လိုက်ရပေ ...

ဆက်နိုင်မော် ခေါင်းကွဲပြီး သတိလစ်သွားသည်။

သွေးသံတရဲရဲကကြည့်ပြီး၊ အသက်ကြီးလွန်းနေပြီး လှုပ်လှုပ်သာရှိတော့သည့် ဘွားငွေရောင် သည် အကြောက်လွန်ကာ နေရာတွင် လဲကျ

Scanned by CamScanner

သေဆုံးသွားတော့သည် ။

ဆက်နိုင်သော် သတိရလာတော့ ဖြစ်ပျက်သမျှ အားလုံး သူဦးနှောက်ထဲတွင် ကွက်လပ်ဖြစ် နေ၏။

ဆက်နိုင်မော်သည် သူ့လက်ထဲက ထုံးဘူးကလေး၏ အဖုံးကို ဖွင့်ထုတ်လိုက်သည် ။

အတွင်းက ဖြာကျနေသော နေရောင်အောက်တွင် ပြိုးပြတ်သော အရောင်များ လျှံထွက်လာ သည် ။

ကြီးငယ်ရွယ်လတ် အဖိုးထိုက်တန်လှသော စိတ်အမြဲဖျား ...

"ဘွားငွေရောင်ရယ်"

ဆက်နိုင်မော်သည် ဘူးကလေးကိုကိုင်လျက်က ဒူးထောက်ထိုင်ကျသွားပြီး၊ သွားလေသူ ဘွားငွေရောင်ကို တမ်းတမ်းတတ တမိလိုက်မိ၏။ သူ့မျက်လုံးနှစ်ဖက်မှ မျက်ရည်များ လည်း သွယ်ကျ ၍ နေသည် ။

ဘွားငွေရောင်တို့ ၊ ဖေဖေတို့ ဦးလေးတို့ အားလုံးအတွက် သား သား အလှူဒါန ပြုပါ့မယ်ဗျာ ... ပြုပါ့မယ် ...

ဆက်နိုင်မော်သည် တစ်ယောက်တည်း စိန်တွေကိုကြည့်ကာ စကားတွေတတွတ်တွတ် ပြော နေပါတော့သည် ။

***

မှားမိခဲ့တာတွေ ဝန်ချ တောင်းပန်လာသဖြင့် မေသူမိုးလွင်သည် သဘောထားကြီးစွာဖြင့် နေစိုးကို ခွင့်လွှတ်လိုက်သည် ။

တစ်အူတုံဆင်း ညီအစ်မအရင်းကဲ့သို့ ချစ်ကြသော နေခြည်ကိုစွာအ

Scanned by CamScanner

တွက်လည်း စိတ်အေးသွား ရပြီ ဖြစ်သည် ။

မိမိအတွက်ကတော့ ...

အိမ်ရှေ့ကရမက်ပင်ကြီး၏ အောက်တွင် ထိုင်ကာ မေသူမိုးလွင်တစ်ယောက် နွမ်းခွေနွမ်းလျ စွာ ရှိနေသည် ။

တစ်ရက်နှစ်ရက်အတွင်း ဆွဲချလိုက်သည် ကဲ့သို့ သူ့မျက်နှာဖောင်းဖောင်းအိအိကလေး ကျ သွားသည် ။

ပြဿနာတွေအားလုံး ရှင်းသွားပြီဆိုပေမယ့်လည်း ချစ်သောကိုကို့ကို သူ ရင်မဆိုင်ဝံ့ပါ။

ကိုကိုစိတ်ဒုက္ခရောက်အောင် သူလုပ်ခဲ့သည် မှာ နှစ်ခါတိတိရှိနေပြီ ...

အဖြစ်မှန်တွေကို အမှန်အတိုင်း ဖွင့်ပြောလျှင် ကိုကို လက်ခံနိုင်မည်လား ...

ကိုကိုသည် လှည့်စားတတ်သူကို အလွန် မုန်းတီးတတ်သူတစ်ယောက် ...

ကိုကိုနှင့် သူ့ကိစ္စအတွက် ဘာလုပ်ရမှန်း အဖြေရှာမရဖြစ်ကာ မေသူမိုးလွင်တစ်ယောက် စိတ် သောကရောက်၍ နေရပေ၏။

သည် ကြားထဲ စက်ာပူမှ မစ္စတာဟူးထံမှ လက်ထပ်ခွင့်တောင်းစာကလည်း ရောက်လာပြန် သည် ။

ကိုကိုကလွဲ၍ မေသူ ဘယ်သူ့ကိုမှ မချစ်နိုင်ပါ။

ကိုကို့ကို ကိုယ်တိုင်တွေ့ပြီး ပြဿနာတွေကိုရှင်းပြဖို့ မနည်းကြိုးကြိုးစား အားယူနေမိ၏။

Scanned by CamScanner

"တီ ... တီ ... တီ ..."

အိမ်ခြံဝင်းထဲသို့ အငှားကားတစ်စီး ဝင်လာသည်။

ဟွန်းသံကြောင့် မေသူမိုးလွင်ထိုင်နေရာမှ ထကာ ကြည့်လိုက်သည်။

"ဟင် ..."

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း တစ်ပြိုင်နက် ခံစားရပြီး၊ ဒူးများ ညွတ်ခွေကျလုမတတ် ဖြစ် သွား၏။

ကားပေါ်မှ ဆင်းလာသူ နှစ်ယောက်အနက် တစ်ယောက်က ခြေလှမ်းအကျယ်ကြီးများ ဖြင့် သူ့ထံသို့ အလျင်အမြန် လျှောက်လာနေသည်။

သူ့မျက်နှာကြီးသည် ၊ တည်ကြည်လွန်းနေ၏။

"ကို ... ကိုကို"

"မင်း ... မင်း ငါ့ကို ဘာလှည့်စားဦးမလို့ လဲ၊ ရန်ကုန်အထိအောင် ခေါ်လိုက်တာလဲဟင်"

ကိုကို၏ ဒေါသတကြီး မေးသံသည် နားကွဲလုမတတ် ကျယ်လောင်နေ၏။

မေသူမိုးလွင် အံ့အားသင့်သွားသည်။

"ဟင် ... ဘာ ... ဘာပြော"

"ဘာ အူတူတူလုပ်နေတာလဲ မင်းတို့ ဆီက ရိုက်လိုက်တဲ့ သံကြိုးစာ ပါလာတယ်ကွ နားလည် လား"

မေသူမိုးလွင်က အိတ်ကပ်ထဲမှ ဆွဲထုတ်၍ ပြလာသော သံကြိုးစာကို

Book Sharing

Scanned by CamScanner

တုန်ယင်နေသောလက် ဖြင့် လှမ်းယူပြီး ဖတ်ကြည့်လိုက်သည်။

"ကိုဆက်နိုင်မော် ရန်ကုန်အိမ်အမှတ် (          )

ဘောင်ဒရီလမ်းကို အမြန်ဆုံး လိုက်လာပါ၊ ဒီ

ရောက်မှ ဖြစ်ပျက်သမျှ အားလုံး ရှင်းပြပါ

မည်။ မေသူ အသည်းအသန် ဖြစ်နေသည်။

အသက်မီရန် အမြန်လာပါ။"

နေခြည်၊ နေစိုး

"ဒီ ဒီသံကြိုးစာကို နေခြည်နဲ့ နေစိုး ရိုက်လိုက်တာ ဒီကိစ္စကို ဝင်မပါပါနဲ့ လို့ မေသူ သူတို့ ကို တားတဲ့ ကြားက ရိုက်လိုက်တာပဲ ... "

"ကလေးရယ် ဦးတို့ မှာ စိတ်ပူလိုက်ရတာ၊ ဘယ်လိုတွေလဲကွယ်၊ စဉ်းစားမရအောင် ဖြစ်နေ ပြီ"

ခရီးဆောင်အိတ်ကြီးတစ်လုံးဆွဲကာ အနီးသို့ ရောက်လာသော ဦးဝင်းက စိတ်ရှုပ်ထွေးဟန် ဖြင့် ဝင်ပြောလိုက်ပါသည်။

"လာပါဦးလေးရာ ရှုပ်ရှုပ်ယှက်ယှက် ဘာတွေမှန်းလဲ မသိဘူး ပြန်ကြတာပဲ ကောင်းပါ တယ်"

"နေ နေကြပါဦးကွယ် ကြီးတင် ရှင်းပြပါရစေ"

သူတို့ အနီးသို့ ရောက်လာသော ကြီးတင်က ဆက်နိုင်မော်ကို တားလိုက်သည်။

"ဒီသံကြိုးရိုက်တဲ့ ကိစ္စမှာ ကြီးတင်လဲ ပါပါတယ်၊ ရိုက်ရတဲ့ အကြောင်းကတော့၊ ဟောဒီတူမ လေး စိတ်ဆင်းရဲနေတာကို မကြည့်ရက်ကြလို့ပါဘဲ ... ငါ့တူရယ် မင်းကို ကြီးတင်ရဲ့ တူမလေးက တကယ်မြတ်နိုးတွ

Scanned by CamScanner

ယ်တာနေတာပါ၊ သူ့ရုပ်ကိုပဲကြည့်တော့၊ မင်းနဲ့ တကယ်သာ ကွေကွင်း ရရင် သူလဲ သက်ဆိုးရှည်မဲ့ပုံ မရပါဘူး ... လာပါကွယ် အိမ်ထဲကိုဝင်ပါ ... ကြီးတင် ဖြစ်ပျက်သမျှ ကိစ္စအဝဝကို ရှင်းပြပါရစေ"

"ဟုတ်တယ် ... ဖိုးဆက်၊ နားထောင်ရမယ့် ဝတ္တုရား တို့ မှာ ရှိတယ်၊ လာပါ ငါ့တူရာ"

ဦးလေးဝင်းက ရှုတည်တည်ကြီး မေသူမိုးလွင် ကြည့်နေသော ဆက်နိုင်မော်ကို အတင်းဆွဲ ခေါ်၍ သွားသည် ။

ကြီးကျယ် ခမ်းနားသောအိမ်၊ ထည်ဝါခံ့ညားသော အဆောင်အယောင် ပစ္စည်းတွေဖြင့် တန် ဆာဆင်ထားသောအိမ်ကိုကြည့်ပြီး ဦးဝင်းက အံ့သြနေသည် ။

ဆက်နိုင်မော်ကတော့ ဘာတွေဘယ်လို ဒေါသထွက်မှန်းမသိ ထွက်နေ၏။

မေသူမိုးလွင်သည် ဦးခေါင်းကလေးငုံ့ကာ သူတို့ နှင့် မလှမ်းမကမ်း ထိုင်ခုံတွင် ဝင်ထိုင်နေ လိုက်သည် ။

နေခြည်နှင့် နေစိုးတို့ က ဖြစ်ကြောင်းကုန်စင်ကို အစမှ အဆုံး ကြီးတင်ကို ရှင်းပြပြောဆိုထား သဖြင့် ကြီးတင်ကလဲ ယခုရောက်လာကြသော ဦးဝင်းနှင့် ဆက်နိုင်မော်ကို ဆက်လက်၍ ရှင်းပြကာ တောင်းပန်သမှုပြုလိုက်သည် ။

ကြီးတင်ရှင်းပြသည့် အကြောင်းအရာထဲတွင် ငွေနှစ်သိန်းကိစ္စက လုံးဝအစမဖော်ဘဲ ရှိနေ သည် ။

ဇာတ်ရည်လည်သွားသည့်အခါတွင် ဆက်နိုင်မော်၏ ဒေါသမုန်တိုင်းသည် လျော့ပြေ၍ သွား တော့သည် ။

Scanned by CamScanner

မေသူမိုးလွင်သည် မဝံ့မရဲသော မျက်လုံးကလေးများ ဖြင့် ဆက်နိုင်မော်ထံသို့ လှမ်းကြည့် လိုက်သည် ။

ဆက်နိုင်မော်သည် လျှင်မြန်စွာနေရာမှ ထပြီး မေသူမိုးလွင်ထံသို့ ရောက်ရှိသွားကာ ပခုံး ကလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ ထူမလိုက်သည် ။

"ချစ် ... ချစ်"

"ကိုကို ... "

"ချစ်ရယ် ... "

တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ ဖက်ထားလိုက်မိကြသည် ။

"အဟင့်၊ ဟင့် ... ဟင့်"

မေသူမိုးလွင်သည် ဆက်နိုင်မော်၏ ရင်ခွင်တွင် မျက်နှာကလေး သိုဝှက်ကာ တဟင့်ဟင့် ငိုပါ လေတော့သည် ။

"အို ... ဘာဖြစ်လို့ ငိုတာလဲချစ်ရယ်"

"ဝမ်း ... ဝမ်းသာလွန်းလို့ ပါ ကိုကို"

"အရူးမလေး ဝမ်းသာလို့ ငိုရသတဲ့ လား"

ချစ်သူကလေး၏ မျက်နှာကို ဆွဲမော့ယူကာ ဆက်နိုင်မော်က မျက်ရည်စများကို သုတ်ပေး လိုက်သည် ။

"ကိုကို"

"ဗျာဗျာ"

"မေသူကို စိတ်သိပ်ဆိုးသွားသလား ဟင်"

"ဆိုးတာပေါ့"

Scanned by CamScanner

"ဒါဖြင့် ဘာဖြစ်လို့ ရန်ကုန်ကို လိုက်လာသလဲ"

"ချစ်အတွက် စိုးရိမ်လို့ ပေါ့"

"ဟင် စိတ်ဆိုးတယ်လဲ ပြောသေးတယ်"

"စိတ်ဆိုးတာက ဆိုးတာပဲ၊ ရင်ပေါက်မတတ်ချစ်တာက ချစ်တာပဲ အဲဒီစိတ်ကြောင့် ပြေးလာ ရတာခင်ဗျ၊ ချစ် မရှိရင် ကိုကို မသက်မရှင်နိုင်ဘူးချစ် အဲဒါကို ချစ်ခေါင်းထဲမှာ မြဲမြဲမှတ်ထား"

မေသူမိုးလွင်က သဘောကျကာ အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်သည်။

ဆက်နိုင်မော်က မေသူမိုးလွင်၏ လက်ကလေးကို ဆွဲယူ၍ ကြည့်လိုက်သည်။

သူ ဝတ်ဆင်ပေးလိုက်သော ပုလဲလက်စွပ်ကလေးသည် မေသူမိုးလွင် လက်ချောင်းလှလှ ကလေးပေါ်တွင် နေရာယူလျက်စဲရှိနေသည်။

"ချစ်ရယ်"

မေသူမိုးလွင်၏ ကိုယ်လုံးကလေးကို သူ့ရင်ခွင်တွင် တင်းကျပ်စွာ ပြန်ဖက်ထားလိုက်သည်။

ချစ်သူနှစ်ဦးအပေါ် တိုက်ခတ်မှု ပြင်းထန်ခဲ့သော ဘဝမုန်တိုင်းသည် ယခုတော့ ရပ်စဲသွား လေပြီ။

ရှင်လန်းချမ်းမြေ့ပါစေ
ခိုင်မိမိဇင်

Scanned by CamScanner